


www.burmeseclassic.com
BURMESE CLASSIC .com
လုံးချင်းဝတ္ထုသစ်
မြူလဲသွယ်
ဆောင်းဥ
www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# မြပုလဲသွယ်

# ဆောင်းည

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| အဖုံးဒီဇိုင်း | - | Lလင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြဲ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဒေါ်ရွှေ (မြဲ - ၀၂၀၇၉) သုခပုံနှိပ်တိုက် အမှတ်(၁၄၈)၊ ၄၅-လမ်း(အထက်)၊ ဗိုလ်တထောင်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၄ ခုနှစ်၊ မတ်လ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

မြပုလဲသွယ်
ဆောင်းည / မြပုလဲသွယ်။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၄
၂၉၀ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ဆောင်းည


## အခန်း (၁)

အိမ်ထဲကို လှမ်းဝင်လိုက်သည်နှင့် မြင်လိုက်ရသည့် မြင်ကွင်း
ာ ဆောင်းရင်ကို ဖျင်းခနဲ ဖြစ်သွားစေသည်။

တစ်ချိန်လုံး ရှိရှိသမျှ ပစ္စည်းတွေ စုပြီး ဒီနေရာမှာ စုပုံရိုက်ချိုး
းသလားမသိ။ ဧည့်ခန်းတစ်ခုလုံး ရှုပ်ပျက်ဆင်းပျက် ပြန့်ကျဲနေ
ည့် ပစ္စည်းတွေက ဘာတစ်ခုမှ အကောင်းမကျန်။ အဆိုးဆုံးက
ာင်း တီးနေကြ ဂစ်တာလေးကို ဧည့်ခန်းအလယ်မှာ အပိုင်းပိုင်း
ပြတ်နေတာ မြင်ရတော့ မထိန်းနိုင်သည့် ဒေါသစိတ်က ဆောင်း
ာတ်ကို ဝုန်းခနဲ လာဆောင့်သည်။

အိမ်ထဲကို လှမ်းကြည့်လိုက်တော့ အခန်းထောင့် တစ်နေရာမှာ
မဖြစ်သည့် ပုံစံနှင့် ခပ်အေးအေးထိုင်နေသော အဖေ့ကို စီးကရက်
ာက်မပျက် တွေ့လိုက်ရတော့ ဆောင်းရင်ထဲက ဒေါသအစိုင်အခဲက
သွားသည်။

"အဖေ့"

ဆောင်း ခေါ်သံက ခပ်ဆတ်ဆတ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါသနှင့် တင်းမာနေသည့် မျက်နှာကလည်း ခပ်ထန်ထန် [illegible] ဒီလောက် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည့် ပစ္စည်းအကျိုးအပဲ့ ဖရိုဖရဲ [illegible] ကြားမှာထိုင်ရင်း ဆောင်းရှိရာသို့ လှမ်းကြည့်သည့် အဖေ့မျက်နှာက [illegible] ဘာတစ်ခုမှ မထူးခြား။ သူ့ကိုခေါ်၍ ဆောင်းမျက်နှာကို တစ်ချက် [illegible] လှမ်းကြည့်သည်ဆိုရုံပဲ ရှိသည်။

"ဒါတွေက ဘယ်လိုဖြစ်တာလဲ အဖေ"

"မင်းမြင်တဲ့ အတိုင်းပဲ"

"ကျစ်"

ဆောင်းအသံက ဒေါသနှင့် ဆူဝေနေသလောက် အဖေ့ထံ [illegible] တုံ့ပြန်လာသည့် လေသံက ရေခဲက အဘခေါ်ရအောင် အေးစက်စ [illegible] ဆိုတော့ ဆောင်းရင်ထဲ ပိုအခံရခက်သွားသည်။

ဒါ အဖေ့စတိုင်။

အဖေ့ပုံစံအစစ်ဆိုတော့ ဆောင်းလည်း မတတ်နိုင်။

ဘယ်တုန်းကမှ ဘယ်သူ့အပေါ်မှာမှ ပျာယာမခတ်တတ်သ [illegible] အဖေ့ပုံစံကို ဆောင်း အလွတ်ရပြီးသားဖြစ်ပေမယ့် ဒီတစ်ခါ အဖေ့ [illegible] အဖေ့အမူအယာကိုပဲ ဆောင်း စိတ်အပျက်ကြီးပျက်မိတာ ဝန်ခံသ [illegible]

"ခင်မျိုးမေ ထွက်သွားပြီ"

အဖေ့ထံမှ အေးစက်စက် ထွက်လာသော စကားသံက ဆော [illegible] သိချင်သောအဖြေထက် ပိုပြီး ပြည့်စုံထိရောက်သည်။ ခင်မျိုးမေဆို [illegible] တခြားမဟုတ်။ အဖေယူထားသည့် အဖေ့မိန်းမ။ ဆောင်း မိ [illegible] အခု သူထွက်သွားပြီဆိုတော့ ဆောင်းရင်ထဲ နည်းနည်းတော့ ပေ [illegible] သည်။





"အပြီးလား"

"ထင်ရတာပဲ"

အဖေ့အပြောက မရေရာ။

သောက်လက်စ စီးကရက်ကို ခုံစွန်းမှာ ဖိခြေပြီး နေရာက [illegible] ရပ်လိုက်တော့ အဖေ့ အရပ်မြင့်ကြီးက ဆောင်းကို မိုးသွားသည်။

တစ်ချိန်က လူချောလူလှအဖေက သူ့ခေတ်သူ့အခါမှာ ဖို့တိုင်း [illegible] ကြက်နှင်းဆီခိုင်အဖြစ် မိန်းကလေးတွေကြားမှာ နာမည်ကြီး ရေပန်း [illegible] ခဲ့သည့် လူတစ်ယောက်။ အခုချိန်ထိလည်း အဖေ့ရုပ်သွင်က [illegible] ကျိုးပီသစွာ တည်ကြည်ခန့်ညားချောမောနေဆဲဖြစ်ပေမယ့် အဖေ့ [illegible] နုမာရေးက သိပ်မကောင်း။

အိမ်စီးပွားရေးလုပ်ငန်းမှာ အဖေက ဦးဆောင်သူဖြစ်ပေမယ့် အဖေ့ [illegible] ကက ဟိုတုန်းကလို မကောင်းတော့သည်မှာ ကြာပါပြီ။ ရသမျှ [illegible] အကုန် ခင်မျိုးမေကိုပေးပေမယ့် ခင်မျိုးမေက မကျေနပ်။ လင် [illegible] နှစ်ယောက် ရန်ဖြစ်စကားများကြတိုင်း ခင်မျိုးမေက အိမ်စီးပွား [illegible] ကို အရင်လို မရှာဖွေနိုင်သော အဖေ့ကို ရန်လို အပြစ်ဖို့တတ် [illegible] အဖေကလည်း ခင်မျိုးမေ၏ မိန်းမ မပီသမှု၊ အိမ်ထောင် [illegible] သိမ်းတတ်မှုတွေ အပြန်အလှန် အပြစ်တင်ကြသည်။

ရန်ပွဲအဆုံးသတ်မှာ မိတ္တေးဖြစ်သူ အိမ်ပေါ်က ဆင်းသွားခြင်း၊ [illegible] တ် အဖေ အိမ်က ဆင်းသွားခြင်းနှင့် အဆုံးသတ်နေကြသော [illegible] အခုလို တစ်အိမ်လုံး ရှိရှိသမျှပစ္စည်းတွေ ရိုက်ချိုးဖျက်ဆီးသည် [illegible] တော့ တစ်ခါမှ မဖြစ်ဘူး။

"မင်းဂစ်တာကို အဖေ ပြန်ဝယ်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း ဘာမှ မပြောရသေး။

အဖေက ဆောင်းကိုဖြတ်ပြီး အိမ်ပေါ်က ဆင်းသွား၏။

"အဖေ့... နေဦး"

ဆောင်းခေါ်သံကြောင့် လှမ်းလက်စ ခြေအစုံကရပ်ပြီး အဖေက ဆောင်းဘက်ကို တစ်ချက်ငဲ့ကြည့်ပုံက ဘာလဲဆိုသည့်သဘော။ ဆောင် အဖေ့နားကို ခြေလှမ်းကျဲကြီးတွေနှင့် လျှောက်သွားပြီး အဖေ့ အင်္ကျီ အိတ်ထဲကို ငွေစက္ကူတစ်ထပ် လှမ်းထည့်ပေးလိုက်သည်။

အိမ်၏စီးပွားရေးကို အဖေ ဦးမဆောင်နိုင်တော့သည့် အချိ ကတည်းက အိမ်စီးပွားရေးကို အစစအရာရာ ဦးဆောင်သူအဖြ ဆောင်းတာဝန်ဖြစ်မှန်းမသိ ဖြစ်ခဲ့သည်။ မိသားစု စားဝတ်နေရေ အဖေ့ကျန်းမာရေးအတွက် ဆေးဖိုးဝါးခ စရိတ်အစ အားလုံး ဆော တာဝန်။

"အဖေ မိုးချုပ်မယ် ဆောင်း"

"ဟုတ်ကဲ့"

ဆောင်း ဒါပဲပြောလိုက်သည်။

စောစောကလို ဆောင်းရင်မှာ ဒေါသတွေ မရှိတော့။ ဒါ လည်း အဖေ့ကို သနားလို့ ဆောင်းရင်ထဲက တောက်လောင်နေသည် ဒေါသတွေကို ပြေငြိမ်းလျော့ပေါ့လိုက်ခြင်း ဖြစ်သည်။

မိထွေးတော် ခင်မျိုးမကြောင့် အဖေ စိတ်ဆင်းရဲနေချိန်မှ ဆောင်းကြောင့် အဖေ့ကို နောက်ထပ် စိတ်မဆင်းရဲစေချင်သည်က အဖေ့ အပေါ်ထားသည့် ဆောင်း၏ မေတ္တာစေတနာဖြစ်သည်။ အဖေ နေရာမှာ မိထွေးတော် ခင်မျိုးမေဆိုရင်တော့ ဒီနေရာမှာ ပွဲကြမ်းသွားနိုင်





မယ့် အခုဟာက အဖေဖြစ်နေတော့ ဆောင်းစိတ်ကို တစ်ဝက်မက လျှော့လိုက်ရ၏။

မွစာကြဲနေသည့် အိမ်ကိုကြည့်ပြီး အဖေထိုင်ခဲ့သည့်ခုံမှာ ဆောင်းကိုယ်ကို ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ တစ်နေကုန် ပင်ပန်းလာခဲ့သမျှ အခုတော့ ပိုပြီး အမောဆို့စရာ၊ အာရုံနောက်စရာမြင်ကွင်းကို ဆက်မကြည့်ချင်၍ မျက်လုံးအစုံကို မှိတ်ထားလိုက်သည်။

ငွေ...။

ပိုက်ဆံ...။

လောကကြီးမှာ ငွေဆိုသည့် ပိုက်ဆံက အရှာရခက်သလောက် သုံးတော့ဖြုန်းတော့လည်း ခဏလေးနဲ့ အကုန်လွယ်လွန်းလှသည်။ အဖေ့ကို ပေးလိုက်သည့်ငွေ စက္ကူတစ်ထပ်အပြင် သူ့အိတ်ကပ်ထဲမှာ ကျန်ခဲ့သည့်ငွေကို လက်နှင့် အသာဖိစမ်းရင်း ဆောင်း သက်ပြင်းချလိုက်သည်။

ကိုယ့်အားကိုယ်ကိုးစနစ်နဲ့ ဆယ်တန်းအောင်ခဲ့သည့် ဆောင်းဘဝက သူများတွေလို ပန်းခင်းသောလမ်းမဟုတ်ခဲ့။ ဆူးခင်းသောလမ်းမှာ ဆောင်းက ဘာတစ်ခုမှ အဖေ့ကို အပူမကပ်။ ကိုယ့်ဝင်ငွေကိုယ်ရှာပြီး ကိုယ့်ကျောင်းကိုယ်တက်ခဲ့သူ ဖြစ်သည်။

သူ ရှာဖွေလို့ရသည့် ပိုက်ဆံထဲက အဖေ့ကို တတ်နိုင်သမျှ ခွဲဝေပေးခဲ့ပေမယ့် အိမ်စီးပွားရေးက ထင်သလောက် အရာမရောက်။ စားနိုင်သောက်နိုင်ဘဝနှင့် ကြွေးကင်းကင်းနေရတာကိုပဲ မိထွေးက မကျေနပ်။ သူကိုယ်တိုင်လည်း ဘာတစ်ခုမှ အသုံးမကျသည့် မိန်းမက အဖေ့နဲ့ စယူကတည်းက ဘာအလုပ်မှမလုပ်။ ထမင်းဟင်းပင် မချက်

www.burmeseclassic.com



အောင် မချက်တတ်။ အိမ်ထောင် ထိန်းသိမ်းမှုအပိုင်းကြတော့လည်း ဘာတစ်ခုမှ နားမလည်။ ခင်မျိုးမေ သိတာ၊ နားလည်တာက- သူမ ကိုယ်သူမ ကောင်းကောင်း စားမည်။ ကောင်းကောင်း ဝတ်မည်။ သုံးမည်။ ဖြုန်းမည်။ အဖေ့နားကပ်ပြီး သူလိုချင်တာ မရရအောင် ချွဲမည်။ ဒါပဲ ဖြစ်သည်။

ဆောင်းက အဖေ့ကို စိတ်ချမ်းသာစေချင်သည်။

ပျော်စေချင်သည်။

ဒါကြောင့်လည်း ခင်မျိုးမေနှင့် အဖေတို့ကိစ္စမှာ ဘာတစ်ခုမှ ဝင်မစွက်ဖက်။ အဖေ စိတ်ချမ်းသာလျှင်ပြီးရော သဘောနှင့် မိထွေး ဖြစ်သူအပေါ် ဘာပြဿနာမှ မရှာခဲ့။ သူ့အပေါ် ပြဿနာရှာလို့လည်း မရ။

တစ်နေ့ကျန် အပြင်မှာ အလုပ်လုပ်နေသည့် ဆောင်းက မိုးစုန်း စုန်းချုပ်မှ အိပ်ပြန်ရောက်တတ်၍ ခင်မျိုးမေကိုယ်တိုင် ဆောင်းကို တွေ့ချင်၍ပင် မမြင်ရ။ တစ်အိမ်တည်း အတူနေပေမယ့် ခင်မျိုးမေ ကိုယ်တိုင် ဆောင်းကို မေ့နေတတ်သည်။

အခုတော့ ဘာက ဘယ်လိုဖြစ်ကြသည် မသိ။

တစ်အိမ်လုံး ရှိသမျှပစ္စည်းအားလုံး ရစရာမရှိအောင် ရိုက်ချိုး ဖျက်ဆီးခံလိုက်ရသလို ခင်မျိုးမေလည်း အိမ်ပေါ်က ဆင်းသွားသည်။

ရှုပ်ထွေးနေသည့် ပစ္စည်းပုံကြီးကို မျက်ခုံးတွန့်ကြည့်ရင်း ဆောင်း စိတ်ညစ်သွားသည်။ ဒါတွေ ရှင်းလင်းသွားပြီး သူ့နေရာသူဖြစ်သွား အောင် ဆောင်း မလုပ်တတ်။ အိမ်မှုကိစ္စဆိုတာ ဆောင်းအလုပ် မဟုတ်။ ဆောင်းအလုပ်က ငွေရှာဖို့ဆိုတာလောက်သာ မှတ်ထားသူမို့ အိမ်မှု





ကိစ္စ ဘာတစ်ခုမှ ဆောင်းမလုပ်တတ်တာ ဘာမှမဆန်း။ သားအဖ နှစ်ယောက်တည်းနေတုန်းက အဖေကပဲ အိမ်မှုကိစ္စအားလုံး လုပ်သွားပြီး ဆောင်းကို ဘာတစ်ခုမှ မခိုင်းခဲ့။ ထမင်းရေ့ရောက် စားခဲ့ရသည့် ဆောင်းအဖြစ်။ အဖေ့အချစ်တွေနှင့် လူလားမြောက် ကြီးပြင်းခဲ့ရသော ဆောင်းဖြစ်၍ အဖေ့ကို ဆောင်းချစ်သည်။ သနားသည်။

အပြင်က မော်မောနှင့် ပြန်လာပြီး ကိုယ့်အိပ်ခန်းလေးထဲကိုဝင်ပြီး စိတ်ရှိလက်ရှိ အနားယူလိုက်မည်ဆိုသော ဆောင်း၏စိတ်ကူးက လေနှင့် အတူ လွင့်ပြယ်သွားကာ ရှင်းမရအောင် ရှုပ်နေသည့် အမှိုက်ပုံကို ကြည့်ကာ ဦးခေါင်းက ဆံပင်တွေကို လက်ငါးချောင်းနှင့် ထိုးဖွရင်း ပါးစပ်က ပူးခနဲ့ လေပူတွေကို မှုတ်ထုတ်လိုက်သည်။

"ဆောင်းရေ"

အိမ်အပြင်က ဆောင်းအမည်ကို လှမ်းခေါ်လိုက်သည့် အသံ ကြောင့် စိတ်ညစ်နေသော ဆောင်းဦးခေါင်းမှာ ဆတ်ခနဲ ထောင်မတ် သွားကာ စိတ်ထဲကလည်း ကျိတ်ပြီး ဝမ်းသာသွားသည်။

ထိုအသံပိုင်ရှင်က တခြားသူမဟုတ်။

ဆောင်းသူငယ်ချင်း ဝေလအသံ။

"ဟိတ်ကောင်… ဆောင်း"

"အထဲမှာရှိတယ်၊ ဝင်ခဲ့"

ဆောင်းအသံအဆုံးမှာ လူရိပ်တစ်ရိပ် ဆောင်းမျက်စိရှေ့ ဖျတ်ခနဲ ရောက်လာပြီး အိမ်ပေါက်ဝမှာ ရပ်သွား၏။

"ဟ… ဒါတွေက ဘာဖြစ်တာလဲ"

"မြင်တဲ့အတိုင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



အံမယ်...

ဒီတစ်ခါ ဆောင်းလေသံက အဖေ့လေသံနဲ့ တစ်ထပ်တည်း ဖြစ်သွားပါလား။ ဝေလက ဆောင်းရှိရာ လှမ်းကြည့်ပြီး မျက်ခုံးတွန့်ကာ တစ်အိမ်လုံး လှည့်ပတ်အကဲခတ်သည်။

"ဦးလေးရော ဆောင်း"

"အပြင်သွားတယ်"

"ဒေါ်ခင်မျိုးမေရော"

"အိမ်ပေါ်က ဆင်းသွားပြီ"

ဝေလက တစ်အိမ်လုံး မွှစာကြဲနေသည့် အိမ်ထောင်ပရိဘောဂ ပစ္စည်း အကွဲအပြဲတွေ ပြန့်ကျဲနေတာကိုကြည့်ပြီး သူသိချင်တာကို အဖြေရှာသလို အမေးမှာ ဆောင်းအဖြေကြောင့် သူသိချင်တာ သိခွင့်ရသွားသလို ဦးခေါင်းကို တဆတ်ဆတ် ညိတ်သည်။

"ဒါကြောင့်ကိုး"

ဒီလောက်ဆို ဝေလအခြေအနေအားလုံးကို သဘောပေါက်သွားပြီးဟု သိလိုက်သည်။ ဝေလဆိုတာ ဆောင်းငယ်သူချင်းလည်းဖြစ်၊ ဆောင်းတို့မိသားစုအကြောင်း ဘာတစ်ခုမှမကျန် အူမချေးခါး အားလုံး သိထားသည့်သူဖြစ်သည့်အတိုင်း ပစ္စည်းအကျိုးအပဲ့တွေကို ကွင်းရှောင်ပြီးဆောင်းရှိရာ လျှောက်လာသည်။

"ကဲ... အခု ဘာလုပ်ကြမှာလဲ"

"ဒါတွေ ဆောင်းမှ မလုပ်တတ်တာ၊ မင်းက ဒါမျိုးတွေ လုပ်နေကြပဲ၊ ဒါတွေ မင်းဘာသာမင်း ကြည့်ရှင်းလိုက်တော့"

"အောင်မယ်... မင်းပဲ အပြောကောင်း၊ ငါ့ကိုများ မင်း အခိုင်း





အစေ မှတ်နေလား"

"မင်း မလုပ်ချင်လည်း ရတယ်၊ ဒီအတိုင်းပဲထားလိုက်"

ပြောပြီး ဆောင်း နေရာကထသွားတော့ ဝေလမျက်ခုံးတွန့်ပြီး ကျန်ခဲ့သည်။ ဒီပုံစံ ဒီစတိုင်တွေက သူနဲ့ဆောင်းကြားမှာ ဖြစ်ရိုးဖြစ်စဉ် ဖြစ်နေကြ ပုံစံတွေပါ။ ဆောင်းပုံစံက ငယ်ငယ်တတည်းက အခုချိန်ထိ ဘာမှမပြောင်းလဲ။

ငယ်ငယ်တုန်းကလည်း ဆောင်းကို သနားတာရော၊ ချစ်တာရော ပေါင်းပြီး ဆောင်းအလိုလိုက်။ ဆောင်းအကြိုက်ဆောင်ခဲ့သည်။ သော... အခုလို လူကြီးတွေဖြစ်ပြီး ကိုယ်စီ အရွယ်ရောက်လာကြပြန်တော့လည်း ဆောင်းဒုက္ခ၊ ဆောင်းအခက်အခဲတွေကို မကြည့်ရက်တာနှင့် ဝေလပဲ ဆောင်းပေးသမျှ ဒုက္ခအဝဝကို ရင်စည်းခံခဲ့သည်။

ညီအစ်ကို သုံးယောက်မှာ ဝေလက အကြီးဆုံးဆိုတော့ ကိုယ့်အောက် အငယ်တွေအပေါ်မှာ အစ်ကိုကြီးတစ်ယောက်အနေနဲ့ အစစ အရာရာ အနစ်နာခံလာခဲ့သူမို့ ဆောင်းသူ့အပေါ်မှာ အခုလို ဗိုလ်ကျ အနိုင်ယူတတ်သည့်အပေါ်မှာလည်း သူ့ဘက်က သဘောထားကြီးကြီးနှင့် ခွင့်လွှတ် အလိုလိုက်နိုင်သူဖြစ်ခဲ့သည်။

ဆောင်းမှာ အမေ မရှိ။

အဖေနှင့်သာ ကြီးပြင်းလူလားမြောက်ခဲ့ရသော ဆောင်းမှာ အားနည်းချက်တွေ ရှိနေခြင်းမှာ အပြစ်မဆိုသာ။ ဟိုတုန်းက ဝေလတို့ မိသားစုနှင့် ဆောင်းတို့သားအဖ ခြံချင်းကပ်လျက် အတူနေခဲ့ကြ၍ အမေက အစ ဘယ်လိုနေရာမှာပဲဖြစ်ဖြစ် ဆောင်းဘက်က အမြဲ ရပ်တည်ပေးတတ်၍ ဆောင်းကလည်း ဝေလအမေကို အချစ်ဆုံးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းအလို လိုက်-လိုက်ပါ သွားရယ်။

ဆောင်းလေးက သနားစရာပါကွယ်။

ဆောင်းခမျာ ဆိုးနွဲ့ရမယ့်သူဆိုလို့ အမေတို့မိသားစုပဲ ရှိရှာတာပါ ဆိုသည့် အမေ့စကားတွေအောက်မှာ ဝေလ ဆောင်းကို အရှုံးပေးခဲ့ရသည်မှာ ဟိုးအရင် ကလေးဘဝကတည်းက အခုချိန်ထိဖြစ်သည်။ ဝေလတို့အမေဘက်က အမွေရပြီး ဆောင်းတို့နှင့် တစ်လမ်းကျော်က အိမ်ကို ပြောင်းရွှေ့သွားရပေမယ့် ဆောင်းတို့သားအဖက အရင်အိမ်မှာပဲ ကျန်ခဲ့သည်။

ဆောင်းအဖေ နောက်အိမ်ထောင်ပြုတော့ ဆောင်းကို ဝေလတို့မိသားစု သနားကြပေမယ့် ဆောင်းက သူ့ပုံစံအတိုင်း။ ကျွတ်ဆတ်ဆတ်မာကျောကျော။ ထောင့်မကျိုးသည့် ပုံစံမပျက်။ သူ့မိထွေးကို သူ့အဖေ စိတ်ချမ်းသာရင် ပြီးရောပုံစံနှင့် လက်ခံကြိုဆိုပြီး သူတို့ အိမ်လေးအပေါ် တင်ထားခဲ့သည်။

စိတ်ညစ်တိုင်း ဝေလတို့အိမ်လာပြီး အမေ့ဆီလာပြီး ရင်ဖွင့်တတ်ပေမယ့် နောက်ပိုင်း ဆောင်း ရောက်မလာ၍ အမေက ဝေလကို လွှတ်ပြီး ဆောင်းကို အခေါ်လွှတ်ခြင်း ဖြစ်သည်။

ဒီရောက်တော့ ဆောင်းကို အခုပုံအတိုင်း တွေ့ရခြင်းဖြစ်သည်။ ဆောင်းနှုတ်က ထုတ်မပြောပေမယ့် ဆောင်းစိတ်ညစ်နေမှာကို ဝေလ သိသည့်အတွက် သူ့ကို ကျောခိုင်းပြီး အခန်းထောင့်တစ်နေရာမှာ သွားထိုင်နေသည့် ဆောင်းကိုယ်စား ဝေလပဲ တစ်အိမ်လုံး သန့်ရှင်းရေး လုပ်လိုက်ရသည်။

“ဗူး… မောလိုက်တာကွာ၊ ငါ့ကို ရေလေးဘာလေး ခပ်တိုက်





စမ်းပါဦး”

“လက်ပါတယ် မဟုတ်လား၊ ရေဆာရင် ကိုယ့်ဘာသာယူသောက်၊ ဒီလောက်လေး လုပ်ပေးတာနဲ့ပဲ မင်းကိုငါက ရေခပ်တိုက်နေရဦးမှာလား”

ပြောပုံက စီးစီးကျောကျော။

ဒီလောက်လေး လုပ်ပေးရုံနဲ့ဆိုတာကပါသေးသည်။ သူကဖြင့်ဘာတစ်ခုမှ ဝင်ကူလုပ်ပေးတာမရှိဘဲ သူ့အစား ဝင်လုပ်ပေးသည့် ဝေလကို ကျေးဇူးတင်ရမှန်းမသိ။ တစ်ခွန်းမခံ ပြန်ပြောနေပုံကြောင့် ဝေလမှာ မောမောနှင့် ဆောင်းကို နရင်းတီးပစ်ချင်စိတ်ပေါက်လာ၏။

“ဆောင်းနော်… ဆောင်း၊ မင်းဟာ ဆောင်းဖြစ်နေလို့ အခုလို ပြန်ပြောခွင့်ရနေတယ်လို့ မှတ်ထားလိုက်”

“မှတ်မထားတော့ ဘာဖြစ်လဲ”

“မင်းနော်… မင်း၊ အလုပ်လုပ်လို့ မောရတဲ့အထဲ ငါ့ကို ဒေါသဖြစ်အောင် လာဆွမနေနဲ့”

ဝေလ သူ့ဘာသာသူ ရေခဲသေတ္တာထဲက ရေပုလင်းကို ဆွဲယူမော့သောက်လိုက်သည့်အချိန်မှာ ဆောင်းက သူ့လက်က နာရီကို တစ်ချက်ငုံ့ကြည့်သည်။

“ပြီးရင် သွားကြမယ်”

“ဘယ်ကိုသွားမှာလဲ”

“ထမင်းသွားစားမှာ၊ ဗိုက်ဆာနေတာ ကြာလှပြီ”

“ရော့… ဒီမှာ သော့ခတ်ပြီးရင် ယုက်ခဲ့”

ဆောင်း လှမ်းပစ်ပေးလိုက်သော သော့ခလောက်ကို လှမ်းဖမ်း



www.burmeseclassic.com

www.burmeseclassic.com



ယူလိုက်ချိန်မှာ ဆောင်းက ဝေလကို တစ်ချက်လှည့်မကြည့်ဘဲ သူက အရင် အိမ်ပေါ်က ဆင်းသွား၍ ဝေလမှာ ဆောင်း၏လုပ်ပုံကို မကျေမနပ် အောင့်သီးအောင့်သက်နှင့် သူ့လက်ထဲရောက်လာသည့် သော့ ခလောက်နှင့် အိမ်တံခါးဝကို တအားဆောင့်ဆွဲပြီး ပိတ်လိုက်ခြင်းဖြင့် သူ့ဒေါသကို ဆောင်းသိအောင် ပြလိုက်ပေမယ့် ဆောင်းက ဂရုမစိုက်။

သူ့ရှေ့က ခပ်အေးအေးပုံစံနှင့် ဘောင်းဘီအိတ်ထဲ လက်နှိုက်ပြီး စတိုင်လ်အပြည့်နှင့် လျှောက်သွားနေပုံက ရှိုးလျှောက်သည့် မော်ဒယ် ထက်ပင် ပိုကြည့်လို့ကောင်းနေလိုက်သေးသည်။

ဆောင်းက ဤသို့ ကုသိုလ်ထူးကို ပိုင်ဆိုင်ထားသူဖြစ်သည့် အတိုင်း ဝေလတို့အိမ်ထဲ ဆောင်းလှမ်းဝင်လိုက်သည်နှင့် ဝေလ အမေ အပါအဝင် တစ်အိမ်လုံး ဆောင်းအမည်ကို ဝမ်းသာအားရခေါ်ရင်း ဆောင်းနားမှာ ပတ်ချာလည်ဝိုင်းလျက် ဝေလကိုပင် တစ်ချက် လှည့် ကြည့်မည့်သူမရှိဘဲ ဖြစ်သွားသည်။

ဆောင်း…

မင်းလောက် အချစ်ကံကောင်းတဲ့သူ ဒီကမ္ဘာမှာရှိရင် ငါ့ကို ပြစမ်းပါလို့ ပြောလိုက်ချင်တယ်ဟု ဝေလစိတ်ထဲ ဆောင်းမကြားအောင် ပြောရင်း သူ့မိသားစုအလယ်က ဆောင်း၏ အပြစ်ဆိုစရာမရှိအောင် ချောမောလှပသော မျက်နှာကိုကြည့်ကာ သက်ပြင်းကျိတ်ရှိုက်လိုက် သည်။



## အခန်း (၂)

"ဟိုတစ်ခါ အလုပ်ကရော ဆောင်း"

"မကြိုက်လို့ ထွက်လိုက်ပြီ"

ပီကေဝါးမပျက်။

အေးစက်စက် ပြန်ဖြေလိုက်သည့် ဆောင်းပုံစံက သက်တောင့် က်သာဖြစ်သည်။ ကြားထဲက ထောင့်မကျိုးသည့် ဆောင်းပုံစံကို ည့်ပြီး ဆောင်းကိုယ်စား ရင်လေးနေမိသူက ဝေလဖြစ်သည်။

ဆောင်းအတွက် အလုပ်ရှာပေးရသည့် တာဝန်က ဝေလတာဝန် ပေမယ့် ဆောင်းက ဘယ်အလုပ်မှာမှ နေရာမမြဲ။ အမြဲ သူ့သဘော သူ အလုပ်ကထွက်လာတတ်၍ ဆောင်းအကြိုက်နှင့် ကိုက်ညီမည့် ပ်ကို ကြာလေရှာမရလေဖြစ်ပေမယ့် ဆောင်းက ဘယ်တုန်းကမှ မပျက်။

"အလုပ်တွေပေါပါတယ်၊ ကိုယ်ကြိုက်တဲ့ အလုပ်မဟုတ်က ဆောင်းတို့က ဆောရီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းက ဤသို့ အမြဲ ကြွေးကြော်နေပေမယ့် ဆောင်းသွားသွားနောက် တကောက်ကောက်လိုက်သည့်လူက ဝေလချည်းဖြစ်နေတော့တော့သည်။ ဆလက ပြောသည့်အလုပ်ကို ဆောင်းက သဘောမကျသလို ဆောင်းပြောသည့် အလုပ်မျိုးကြပြန်တော့လည်း ဝေလက သဘောမကျဖြစ်နေရတာနှင့် တစ်လမ်းလုံး ဆောင်းနှင့်ဝေလ အဆင်မပြေဖြစ်နေဆဲ ဝေလကိုယ်တစ်ခြမ်းကို အနီးကပ် ပွတ်ဆွဲလိုက်သည့် ကားတစ်စီးကြောင့် ဝေလခြေထောက်မှာ ဒဏ်ရာခပ်ပြင်းပြင်း ရသွားသည်။

"ဝေလ"

"ဘေးမှာ… ကား"

"ကျွီး"

"ဟာ"

"အား"

ဆောင်းအချိန်မှီ ဝင်ဆွဲဖို့ ကြိုးစားပေမယ့် မမှီလိုက်တော့။ ဝေလကိုယ်ကြီး နာကျင်မှုအရှိန်၊ တွန်းတိုက်ခံလိုက်ရသည့် ဒဏ်ရာနှင့် ဆောင်းဘက်ကို လဲပြိုလာချိန်မှာ ဝေလကို ဝင်တိုက်သည့်ကား ကျွီးခနဲ ရပ်သွားပြီး ကားပေါ်က မိန်းကလေးတစ်ယောက် အပြေးဆင်းလာ၏။

"ဆောရီးနော်… ဝသန် အရမ်းအရေးကြီးလာလို့ပါရှင်၊ ဘာဖြစ်သွားလဲဟင်၊ ဝသန် ဘာလုပ်ပေးရမလဲ"

ကောင်မလေး ပျာပျာသလဲ တောင်းပန်စကားဆိုရင်း ဝေလနှင့် ဆောင်းမျက်နှာကို တစ်လှည့်စီကြည့်သည်။ အသက်က ဆောင်းတို့နှင့် မတိမ်းမယိမ်း သက်တူရွယ်တူလောက်ဖြစ်ပေမယ့် ခြေဖျားကနေ





ဆံဖျားအထိ လူကုံထံဆိုသည့် အသွေးအရောင် အသုံးအဆောင်တွေက ဖိတ်ဖိတ်လက်နေ၏။

မိုးပြာရောင် ဂျင်းဘောင်းဘီ။

အဖြူရောင်တီရှပ်တွဲဝတ်ထားပုံက လှပစမတ်ကျသလို ဖြောင့်စင်းမည်းနက်သည့် ဆံပင်လေးတွေ ဝဲခနဲ ခါသွားပုံက လူကို ငေးခနဲဖြစ်သွားစေလောက်အောင် ဆွဲဆောင်အားကောင်းသည်။

"ရတယ်… ဘာမှမဖြစ်ဘူး"

ဝေလထံမှ အားတုံ့အားနာထွက်လာသော အသံကြောင့် ဆောင်းမျက်နှာတင်းသွားပြီး ဝေလမျက်နှာကို စိုက်ကြည့်ပစ်သည်။

ဒါက ဘာအထာလဲ။

မိန်းကလေးချောချောလှလှမြင်တာနဲ့ ကိုယ့်မှာရထားတဲ့ဒဏ်ရာကို ဘာမှမဖြစ်သလို ဟန်ဆောင်ဖုံးကွယ်ပစ်စရာ လိုအပ်လို့လား။ ဝေလကို ဆောင်းမကြိုက်တာ အဲဒါတွေဖြစ်သည်။ စိတ်ထဲရှိတာကို ဘယ်တော့မှ မပြော။

ဘာပဲဖြစ်ဖြစ် သူ့ဘက်က အနစ်နာခံ။ အဆုံးရှုံးခံလိုက်တာတွေကိုချည်း မြင်တွေ့နေရတာကို ဆောင်း မုန်းသည်။

"တကယ် ဘာမှမဖြစ်ဘူးဆိုရင်လည်း…"

"ဖြစ်တယ်ကွ… ဖြစ်တယ်"

"ဒီမှာ… သူ့ခြေထောက်က ဒဏ်ရာကိုကြည့်"

"ဟိတ်ကောင်… ဆောင်း"

"အား… ကျွတ်… ကျွတ်"

ဘာမှမပြောတော့ဘူးလို့ ဆောင်း ငြိမ်နေပေမယ့် မရ။ ဝေလ



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေပုံကို ကြည့်မရတာ။ သူ ဝတ်ထားသည့် ပုဆိုးစကို ဆွဲလှန်ပြီး ကားနှင့်ဝင်တိုးမိ၍ စုတ်ပြတ်သွားသော ဒဏ်ရာကိုပြလိုက်တော့မှ ဝေလမျက်နှာ နာကျင်မှုနှင့် ရှုံ့မဲ့သွားပုံက လက်သီးနှင့်ထထိုးချင်စရာ ဖြစ်သည်။

"ဒဏ်ရာ တော်တော်ရသွားတာပဲ၊ ဝသန် စိတ်မကောင်းပါဘူး ရှင်၊ သွားရမည့်ကိစ္စကလည်း သိပ်အရေးကြီးနေလို့၊ ဟို… ဒီက အစ်ကိုတို့ စိတ်မဆိုးဘူးဆိုရင် ဝသန်ဘက်က အစ်ကိုတို့ကို ဆေးဖိုးဝါးခ လေးပေး…"

"ဘယ်လောက်ပေးပေး မကျေနပ်ဘူး"

"ရှင်"

မျက်နှာထားတည်တည်နှင့် ခပ်တင်းတင်း ဝင်ပြောလိုက်သော ဆောင်းကြောင့် ဝသန်ဆိုသည့် မိန်းမလှလေး မျက်နှာ ပျက်သွားကာ ဆောင်းမျက်နှာချောချောကို အလန့်တကြားလေး မော့ကြည့်သည်။

"ဝသန် တောင်းပန်ပါတယ်ရှင်၊ ဝသန့် အပြုအမူရိုင်းသလိုဖြစ်သွားရင် ခွင့်လွှတ်ပါ၊ အစ်ကိုတို့ကျေနပ်အောင် ဝသန် ဘာလုပ်ပေးရမလဲပြောပါ"

"အစ်ကိုတို့ ကျေနပ်တဲ့အထိ…"

"ဒါဆို မင်း ထိုင်ကန်တော့မလား"

"ရှင် မမိုက်ရိုင်းနဲ့နော်"

"တကယ် မိုက်ရိုင်းတာက မင်း၊ ကားမမောင်းတတ်ရင် မမောင်းနဲ့၊ ကားနဲ့ဝင်တိုက်ပြီး ပိုက်ဆံလျော်ကြေးပေးရုံနဲ့ ပြီးစတမ်း





ဆိုရင် မင်းကို ငါ့ကားနဲ့ ပြန်ဝင်တိုက်ပြီး ပိုက်ဆံပေးမယ်၊ မင်း ကျေနပ်လား"

"ဆောင်း"

ဝေလအသံက အားနာသံ။

တစ်ဖက် မိန်းကလေးက ဆောင်းကို ဒေါသလေးနှင့် ပြန်ကြည့်တာ မြင်လိုက်ရသည်။

"ဝသန့် အမှားကို ရှင်တို့ကို တောင်းပန်နေပြီပဲ၊ ဒါကိုမှ ရှင်တို့က မကျေနပ်ရင်…"

"ကျေနပ်ပါတယ်"

"ဟောဒီမှာ… ကြည့်"

"ဗြိ"

"ဟင်"

"အို"

ဆောင်းက လက်မြန်ခြေမြန်သမားပီပီ သူ့နားမှာရပ်ထားသည့် ဝသန်ဆိုသည့် ကောင်မလေး၏ မော်ဒယ်မြင့် ကားလှလှလေး၏ ဘော်ဒီကို သူ့လက်ထဲ ဘယ်အချိန်ကတည်းက ရှိနေမှန်းမသိသော သံမဏိစားသွားထက်ထက်နှင့် တအားဖိခြစ်ပြလိုက်၍ ဝေလနှင့် ဝသန်တို့ထံမှ ပြိုင်တူ အသံထွက်လာခြင်း ဖြစ်သည်။

သူတို့မျက်စိရှေ့မှာပင် ကောင်မလေးကားမှာ စားခြစ်ရာခပ်နက်နက်က အရုပ်ဆိုးစွာ ထင်ထင်ရှားရှားကြီး ပေါ်လာသည်။

"ကဲ… မင်းသွားလို့ရပြီ"

"ရှင်တို့… ရှင်တို့… အလကား အဆင့်အတန်း မရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတွေ"

"မင်းသိရင် ပြီးတာပဲ"

"ဆောင်း... တော်ပြီကွာ၊ မင်းကလည်း... ဟိုက စောင်းပ
နေတာဟာကို"

ဝေလအသံက စိတ်ပျက်လက်ပျက်။

ဆောင်းက သူတို့နားက ဝုန်းဒိုင်းကြဲပြီး မောင်းထွက်သွားသည့်
ကားလေးကိုကြည့်ပြီး သူ့လက်ထဲက စတီးခွက်လေးကို သွေးအေး
ပြန်ခေါက်သိမ်းလိုက်သည်။

"ဆောင်းကို ဒီလို လာကျောလို့မရဘူး ဝေလ၊ လောကကြီးမှ
ငွေရှိရင် ဘာမဆိုဖြစ်တယ်၊ ငါလုပ်ချင်ရာလုပ်မယ်ဆိုတဲ့လူတွေ
ပညာပေးတာ၊ ဆေးရီးဆိုတိုင်း မင်းက ကျေအေးနိုင်ပေမယ့် ဆော
ကိုတော့ လာမစမ်းနဲ့၊ မရဘူး"

"ခက်တဲ့ကောင်ပဲကွာ၊ မင်းကိုယ်မင်း ဘာထင်နေလဲ"

"လာ... သွားမယ်"

မည်းနက်သည့် ဆံပင်တိုလေးတွေ ထိုးထိုးထောင်ထောင်နှ
ဆောင်း၏ မထီမဲ့မြင်မျက်နှာကိုကြည့်ပြီး ဝေလမှာ သူ့ခြေထောက်
ဒဏ်ရာကို ဂရုမစိုက်ဘဲ ဆောင်းကို လူကြားထဲက ဆွဲထုတ်ပြီး တခြ
ဝေးရာဘက်ကို ဆွဲခေါ်သွားသည်။

ဒါတောင် ဆောင်းက ဝေလဆွဲခေါ်ရာကို ငြိမ်ငြိမ်မလိုက်။

"ယောက်ျားဆိုတာ သတ္တိရှိသင့်တဲ့နေရာ ရှိပေးရတယ် ဝေ
မင်း အခုလိုလုပ်နေပုံနဲ့ လူတွေက မင်းကို နိုင်စားသွားမယ်... နားလည်
လား"

"နိုင်ချင်တဲ့သူ နိုင်ပါစေကွာ၊ မင်းသာ နေရာတကာ ခြေမြန်
လက်မြန် လုပ်တတ်တဲ့အကျင့်ကို ဖျောက်စမ်းပါ၊ ဒီပုံနဲ့ တစ်နေ့
င်းဒုက္ခ ရောက်မယ်ကွ"

"ဘာဒုက္ခလဲ"

"ဆောင်းပါးကွ၊ ဆောင်းဆိုတဲ့ကောင်မှာ ဘာဒုက္ခမှ မရှိဘူး"

သတ္တိရှိရှိ လက်သီးလက်မောင်းတန်း၍ စိန်ခေါ်လိုက်သော
ဆောင်းကိုကြည့်ပြီး ဝေလ မျက်နှာက စိတ်ပျက်လက်ပျက်ဖြစ်သွားဟန်
ကို မဖုံးဖိနိုင်ဘဲ ဖြစ်သွားသည်။

"မင်းဒေါသတွေကို လျှော့ဦးဆောင်း၊ မင်းလုပ်ပုံနဲ့ တခြား
ကောင်တစ်ကောင်ဆို ရန်ဖြစ်တာကြာလှပြီ၊ တော်သေးတယ်၊ ကား
မောင်းတဲ့လူက ကောင်မလေးဖြစ်နေလို့"

"တော်စမ်းပါ၊ အဲဒီကောင်မလေး ချောတာလှတာကိုမြင်ပြီး
င်း ဘူးကျတာ ငါမသိဘူးထင်လို့လား"

"နှာဘူးကျတာ"

"ဘာ..."

ခြေထောက်ကဒဏ်ရာကို ဆေးထည့်ပတ်တီးစည်းနေရာက
ဆောင်းစကားကြောင့် ဒေါသ ထောင်းခနဲ ဖြစ်သွားကာ ဆောင်းကို
ိမ်းအကြည့်... ဆောင်းက မိုက်ကန်းကန်းမျက်နှာပေးနှင့် ဝေလ
က်နှာကို ခပ်တည်တည် ပြန်စူးစိုက်ကြည့်နေပုံက တော်ရုံလူ ဖျား
ောက်သည့် အနေအထား ဖြစ်သည်။

"ငါသာ မင်းနေရာမှာဆို ကိုယ့်ခြေထောက်မှာ ဒဏ်ရာရထား
ာသားနဲ့ ဘာမှမဖြစ်ဘူးလို့ မပြောဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းက သူပြောချင်တာပြောပြီး ဝေလနားကထ ထွက်သွား၍ ဝေလ ဘာပြန်ပြောရမှန်းမသိပဲ နေရာမှာ ကျန်ခဲ့သည်။

''အန်တီထွေး··· ဆောင်း ပြန်ပြီ''

''ဟဲ့··· ဒါက ဘယ်လဲ၊ ထမင်းစားပြီးမှပြန်၊ အန်တီထွေး ကိုယ်တိုင် ဆောင်းအကြိုက် ငါးရံ့အူဟင်း သေချာချက်ပေးထားတာ မစားဘဲနဲ့ မပြန်ရပါဘူး''

''သားကြီးနဲ့အတူ ထမင်းစား၊ အန်တီထွေးကိုယ်တိုင် ထမင်း ခူးပေးမယ်၊ လာ··· လာ''

အန်တီထွေးက ဆောင်းလက်ကို ဆွဲပြီး ထမင်းစားခန်းဘက် ခေါ်လာ၍ ဆောင်း ပါလာသည်။ အန်တီထွေးက အဖေ့သူငယ်ချင်း ဆောင်းကို သူ့သားတွေနဲ့အပြိုင် ထိန်းကျောင်းလာခဲ့ရ၍ ဆောင်း အပေါ်မှာ အချစ်ပိုတာ ဆောင်း သိသည်။

တခြား ဘယ်သူ့စကားကိုမှ ဆောင်းနားမထောင်ပေမယ့် ဝေလ အမေ အန်တီထွေးပြောလျှင် ဆောင်း နားထောင်တတ်တာကိုလည်း ဝေလ အမေက ချစ်သည်။ သဘောကျသည်။ သူ့သားတွေကို ဆုံးမ လျှင်ပင် ဆောင်းလိုသာ အမေ့စကား နားထောင်ရင် ဘယ်လောက် လိမ္မာလိုက်မလဲဆိုတာ အမြဲပါသည်။

ဝေလအောက် အငယ်နှစ်ယောက် ဆောင်းကို သဘောလည်းကျ ချစ်လည်း ချစ်ကြသည်။ သူတို့နဲ့ကြတော့ ဆောင်းက ဆရာကြီးဖြစ် သည်။ အထူးသဖြင့် ဆောင်းထံမှ ဂျစ်ကန်ကန်စတိုင်၊ မိုက်ကန်းကန်း လုပ်တတ်ပုံတွေကို ဝေလညီငယ်နှစ်ယောက်က သဘောကျ၊ လိုက် အတုယူကြခြင်းဖြစ်သည်။ ဝေလက ဒါကို မကြိုက်။ ညီတွေကလည်း





ဝေလစကားကို နားမထောင်။ ဆောင်းလုပ်သမျှ အထင်ကြီး၍ ဆောင်း ပြောသမျှ နားဝင်ကြ၍ ဝေလထံမှ ဆိုဆုံးမစကားမှန်သမျှ ဘာတစ် ခုမှ အရာမရောက်။

အမေကအစ ဆောင်းလူဆိုတော့ ဝေလပြောမရတာ သိပ်တော့ မထူးဆန်း။

''သားကြီးကလည်း··· ဆောင်းပြောလည်း ပြောလောက်တယ်၊ နေရာတကာ အားနာနေတာနဲ့၊ သနားနေတာနဲ့၊ ကိုယ်ပြောရမယ့်စကား မပြောရဘူး၊ အခုဥစ္စာက အသက်ကွဲ''

''အသက်အန္တရာယ် ကြုံလာရင် ဘယ်သူ့မှ ငဲ့ညှာနေစရာ မလိုဘူး၊ ကိုယ့်အပေါ် ငွေနဲ့ပိုင်းဖြတ် ဆက်ဆံတာမျိုးလုပ်လာရင် ငဲ့ခံမနေနဲ့''

''ဟာဗျာ··· အမေလုပ်တာနဲ့ ဆောင်းကို ပိုမြှောက်ပေးသလို ဖြစ်တော့မှာပဲ''

''အံမယ်··· ငါက ဘာကို ပိုမြှောက်ရမှာလဲ၊ မင်း ဘူးကျတာ သည့်ပြော''

ထမင်းအတူစားရင်း ဝေလနှင့်ဆောင်း ထမင်းပွဲမှာ စကားများ ကြပေမယ့် ထုံးစံအတိုင်း ဝေလက အလျှော့ပေးသမား ဖြစ်သည်။

''တော်ပြီ··· တော်ပြီ၊ ငါမင်းကို အရှုံးပေးပြီ၊ အဲဒီစကား မှာရပ်လိုက်တော့၊ မင်းပြောတဲ့ ဘူးဆိုတဲ့စကားကြီး ငါမခံနိုင်ဘူး''

''ဒါဆိုလည်း ပြီးရော''

ဆောင်းက အောင်နိုင်သူတစ်ယောက်အပြုံးနှင့် ဝေလမျက်နှာကို ကြည့်လိုက်တာ သိပေမယ့် ဝေလ မသိသလို ဟန်ဆောင်နေလိုက်၍



www.burmeseclassic.com

www.burmeseclassic.com



ရန်ပွဲက ထိုနေရာမှာ အဆုံးသတ်သွားသည်။

ဆောင်း…

မင်းတော့ကွာ။



## အခန်း (၃)

"ဝသန့် မှားတယ်ဆိုတာ ဝန်ခံပါတယ် အန်ကယ်ရယ်၊ အခု ဥစ္စာက ဝသန့် တောင်းပန်နေတဲ့ကြားက တမင်သက်သက် ဝသန့်ဘားကို ဓားနဲ့ ခြစ်သွားတာ"

ဝသန့်မျက်နှာလှလှ ဒေါသစိတ်နှင့် နီမြန်းနေသလို လှပသော မျက်နှာလေးမှာ သူမ ကားအသစ်စက်စက်လေးကိုမှ မညှာမတာ။ ဓားနှင့်ခြစ်သွားရက်သောလူကို မကျေနပ်စိတ်နှင့် တင်းမာနေသည်။ သူပုံချောချောနဲ့ အကျင့်စာရိတ္တက မလိုက်ဖက်လိုက်တာဟု တွေးရင်း ဒီလိုလူတွေနဲ့ သွားပတ်သက်မိသည့် သူမကိုယ်သူမ စိတ်ထဲ အပြစ်တင် နေမိသည်။

"လောကမှာ လူအမျိုးမျိုး စိတ်အထွေထွေ ရှိကြတာ ဝသန့်လည်း ကြားဖူးနေတာပဲ တူမကြီးရယ်၊ တချို့လူတွေက ငွေစကားပြောရင် မကြိုက်ဘူး၊ သူတို့မှာလည်း သူတို့အယူအဆနဲ့သူဆိုတော့ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သဘောထားနဲ့တစ်ယောက် မကိုက်ညီတဲ့အခါ ဒီလိုမျိုး ဖြစ်တတ်တာလေးတွေလည်း ရှိတတ်ပါတယ်''

''နောက် ကိုယ့်ဘက်က မမှားအောင် ဆင်ခြင်လိုက်ရင် သူတို့လိုလူတွေနဲ့လည်း ပတ်သက်စရာ မလိုတော့ဘူး''

''ဒါပေမယ့်...''

''တော်ပြီ၊ ဒီကိစ္စ ဒီမှာပဲ ထားလိုက်တော့ ဝသန်၊ စိတ်ထဲမှာ မထားနဲ့တော့''

အန်ကယ်သိဒ္ဓိက တရားသမားပီပီ တရားနဲ့ဖြေနိုင်းနေပေမယ့် ဝသန်စိတ်ထဲမှာ မကျေနပ်စိတ်က ပျောက်မသွား။ ဆောင်းဆိုသည့်လူကိုလည်း မမေ့။ သူမကို အားနာနေသည့် ကာယံရှင် ကိုလူချောနှင့် နှိုင်းယှဉ်ကြည့်မိလေ ဆောင်းဆိုသည့်လူကို ပိုဒေါသဖြစ်လေဖြစ်သည်။

ညီအစ်ကို မဟုတ်တာတော့ သေချာသည်။

နှစ်ယောက်စလုံး လူချောတွေပေမယ့် တစ်ယောက်နှင့် တစ်ယောက် ချောပုံခြင်းက မတူ။ ဒဏ်ရာရသွားသည့်လူက အသားလတ်လတ်၊ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်၊ အရပ်မြင့်မြင့်မားမား၊ ထွားထွား ကြိုင်းကြိုင်း အားကစားသမားတစ်ယောက် ပုံစံမျိုးဖြစ်သည်။ ဆောင်းဆိုသည့် လူကြတော့ နဖတ်ဝင်းစိုနေသည့် အသားက ယန်းရောင်လဲ့နေပြီး အရပ်မြင့်မြင့်၊ ကိုယ်ဟန်သွယ်သွယ်၊ မျက်ခုံးစိမ်းစိမ်းအောက် မျက်ဝန်းအစုံက ယောကျ်ားတန်မဲ့ မျက်တောင်ကော့ကြီးတွေနှင့် လှပဝိုင်းစက်နေပုံက မှတ်မှတ်ထင်ထင်။ ဘယ်လိုမှ မေ့မရ။

နှာတံက ဟိုတစ်ယောက်လောက် မြင့်မားထင်ရှားခြင်း မရှိပေမယ့် လှပဖြောင့်စင်းသော နှာတံအောက်မှာ နီမြန်းထူအမ်းသော နှုတ်ခမ်း





နှစ်လွှာ တင်းတင်းရင်းရင်းစေ့လျက်။ ဝသန်အပေါ်မှာ ရန်လိုသော အကြည့်၊ ရန်လိုသော အပြုအမူတွေနှင့် တည့်တည့်ထိအောင် ပညာပေးရာမှာ တော်တော် ရက်စက်သည့်လူဖြစ်သည်။

''တော်သေးတာပေါ့ကွယ်၊ ကိုယ့်ကို ရန်မပြုဘဲ ကားကို ခြစ်ပစ်လိုက်တာကို ကျေးဇူးတင်ရသေးတယ်''

လုပ်ပြီ။

အန်ကယ်သိဒ္ဓိကတော့...

ဘယ်တော့မှ သူများအပေါ် မကောင်းမမြင်။ ဘယ်လိုကိစ္စဖြစ်ဖြစ် အန်ကယ်သိဒ္ဓိနှုတ်ဖျားက တော်သေးတာပေါ့တို့၊ ကျေးဇူးတင်စရာတို့ ဆိုသည့်စကားတွေကို ဝသန်ကြားနေကြဖြစ်သည့်အတိုင်း ခုလည်း ထိုစကားပဲ ဝသန်ကြားရသည်။

''ဝသန် အခုလိုဖြစ်တာ စောမညသိရင် သူ့ညီမကို ကားမောင်းခွင့်ပေးတော့မှာ မဟုတ်ဘူး''

''ကိုကို သိအောင် အန်ကယ်က သွားမပြောနဲ့နော်၊ ဒါမျိုးကိစ္စဆိုတာ ပြောလို့ကောင်းတာ မဟုတ်ဘူး၊ ပြီးတော့ ကိုကို့စိတ်က တစ်မျိုး''

''သူသာ ကြမ်းချင်တိုင်းကြမ်း၊ ရမ်းချင်တိုင်းရမ်း နေတာ၊ သန့်ကိုကြတော့ ဟိုဟာ မလုပ်နဲ့၊ ဒီဟာ မလုပ်နဲ့ဆိုတာတွေ တားမြစ်ထားတာ တစ်ပုံကြီး''

''ဒါကတော့ စောမညက သူ့ညီမကို ချစ်တာကိုး၊ ပြီးတော့ သူချစ်သူကိုယ်တိုင်လည်း ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးထားတာဆိုတော့''



www.burmeseclassic.com

www.burmeseclassic.com



''ဝသန် သိပါတယ်၊ ဒါကြောင့် ဝသန့်ကိစ္စ ကိုကို့ကို အသိမပေးပါနဲ့လို့ အန်ကယ့်ကိုပြောတာ''

''အေးပါ၊ မပြောနဲ့ဆို မပြောဘူး၊ ညည်းလည်း နောက်ကို ကားမောင်းတာ ဆင်ခြင်''

''ဟုတ်ကဲ့ပါ၊ နောက်ထပ် ဒီလိုမဖြစ်စေရတော့ပါဘူး''

အန်ကယ်သိဒ္ဓိ ကျေနပ်အောင် ဝသန်ဘက်က ခပ်မြန်မြန် ကတိပေးလိုက်သည်။ ကိုကိုစောမညကိုတော့ ဝသန် ပိုကြောက်ရသည်။ ကိုကို စိတ်ဆိုးဒေါသဖြစ်လျှင် မလွယ်။ နေရာတကာ သူ့သဘောချည်းဖြစ်နေ၍ သူ့ကိုဘယ်သူမှ ဘာမှပိုမပြောရဲ။

ဝသန်တို့မှာ မိဘတွေ မရှိ။

မိဘတို့ကျန်ခဲ့သည့် စီးပွားကို စောမညက ဦးစီးလုပ်ကိုင်ခဲ့သည်။ လူငယ်ဆိုတော့ သတ္တိရှိသည်။ ဆုံးဖြတ်ရဲသည်။ စွန့်စားရဲသည်။ သူတို့မိဘတွေ လက်ထက်တုန်းကထက် စောမညလက်ထက်မှာ စီးပွားပိုဖြစ်သည်။ ပိုအောင်မြင်သည်။

စီးပွားရေးလောကမှာ စောမညကို စွန့်စားရဲသူအဖြစ် နာမည်ကြီးသလို လူပျိုလည်းဖြစ်၊ လူချောလူခန့် တစ်ယောက်လည်းဖြစ်၍ နာမည်ကြီးသည်။

စောမညကို လိုချင်သည့် သမီးရှင်တွေ ဝိုင်းဝိုင်းလည်နေပေမယ့် စောမညက ဘယ်သူ့ကိုမှ စိတ်မဝင်စား။ သူနှင့် လက်ထပ်မည့်ဆဲဆဲချစ်သူဟေမန် ကားအက်ဆီးဒင့်နှင့် ဆုံးပြီးနောက်မှာ စောမည ပုံစံကပိုပြီး အေးစက်သွားသည်။

ပိုပြီး စိတ်တို စိတ်ဆတ်လာသည်။





သူ့ကိုယ်သူလည်း ဖြစ်ချင်ရာဖြစ်ပုံစံနှင့် ပစ်ထား၍ မျက်နှာချောချောမှာ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတွေနှင့် လူကြမ်းကြီးဖြစ်မှန်းမသိ ဖြစ်နေသည်။ တချို့ မိန်းမတွေက စောမည၏ အခုစတိုင်ကို နှစ်မြိုက်ပိုသဘောကျနေကြ၍ စောမည ဖြစ်သလိုနေထိုင်ပုံကပဲ စတိုင်တစ်မျိုးအဖြစ် ကြဲဖန် နာမည်ကြီးရလေသူ။

ဟေမန် ဆုံးတာ သုံးနှစ်ပြည့်တော့မည်။

အခုချိန်ထိ ချစ်သူရည်းစားသစ် မထား။

စောမည သွားလေရာမှာ ဟေမန့်ဓာတ်ပုံလေး အမြဲပါနေတတ်သလို သူ့အိပ်ခန်း၊ သူ့ရုံးခန်းထဲမှာလည်း ဟေမန်ပုံက အခုထိ နေရာယူထားဆဲဖြစ်၍ ဝသန်အပါအဝင်အားလုံးက စောမည အခုလို ဖြစ်နေပုံကိုကြည့်ရင်း သနားလည်း သနားသည်။

ပြောင်းလဲပစ်လို့ရရင်လည်း စောမညဘဝကို ပြောင်းလဲပေးချင်နေကြသည်။ ဖြစ်နိုင်ရင် စောမညကို နောက်ထပ်ချစ်သူအသစ်၊ ဘဝသစ်၊ စိတ်သစ်လူသစ် ပျော်ရွှင်နေတာ မြင်ချင်တွေ့ချင်နေကြပေမယ့် စောမညက သူတို့ဖြစ်စေချင်တိုင်း ဘာတစ်ခုမှမဖြစ်။

စိတ်ညစ်လျှင် အရက်သောက်မည်။

ပြီးလျှင် ဟေမန့်ဓာတ်ပုံကို သူ့ရင်ဘတ်ပေါ်တင်ပြီး အိပ်မည်။ ပြီးတော့ ဟေမန် အခုလိုဖြစ်ရတာ သူ့ကြောင့်ဟု တတွတ်တွတ်ပြောပြီး တောင်းပန်မည်။

ကြေကွဲနာကျင်မည်။

ထိုအစွဲကို ဘယ်လိုဖျောက်ရမှန်း မသိ။

ဟေမန်ဆုံးသည့်နေ့က ဟေမန်ယူစီးသွားသည့်ကားက စောမန့်



www.burmeseclassic.com

www.burmeseclassic.com



ကား မဟုတ်။

စောမညကားဖြစ်နေခြင်းက သူ့ကို ဖြေဆေးမရှိ ဖြစ်စေခဲ့ဟန်တူသည်။ စောမညမှာ ကားသုံးစီး ရှိသည်။ တစ်စီးက ဝသန်စီးသည့်ကား။ ကျန်နှစ်စီးက စောမညစိတ်ကြိုက် စီးနေသည့်ကားဖြစ်ပြီး ထိုထဲက ကားတစ်စီး ဘရိတ်သိပ်မကောင်း၍ ပြန်ပြင်ရမည့်ကား ဖြစ်သည်။

ဖြစ်ချင်တော့ ဟောမန် စီးလာသည့် ကားက စောမညအိမ်ရောက်မှ ဘက်ထရီ ပျက်သွားသည်။ စက်နိုးမရ။ အိမ်မှာ အရေးတကြီး အိမ်ကကားကို အလွယ်စီးသွားဟု ပြောလိုက်သည်။

ဘယ်ကားစီးသွားဟု မပြောလိုက်ရ။

ကံဆိုးချင်တော့ ဟောမန်စီးသွားသည့်ကားက ဘရိတ်မကောင်း၍ ပြန်ပြင်ရမည့်ကား ဖြစ်နေသည်။ သူ သိလိုက်သည့်အချိန်မှာ အရာအားလုံး နောင်တတွေနှင့် နလန်မထူနိုင်အောင် ဖြစ်ကျန်ခဲ့သည်။

ဟောမန် မရှိတော့။

စောမညက သူ့ကြောင့်ဆိုသည့် ယူကျုံးမရစိတ်နှင့် အကြာကြီး ပေတောလေလွင့်ပစ်သည်။ ဖြစ်သလိုနေသည်။ ဖြစ်သလိုစား၊ ဖြစ်သလို သွားပေမယ့် တစ်ခုတော့ ချီးကျူးစရာကောင်းသည်က သူ့အလုပ်ကို အပျက်မခံခြင်း ဖြစ်သည်။

ကြောက်စရာအကောင်းဆုံး အခြေအနေမှာ စောမညက ဘယ်သူမှ မလုပ်ရဲသည့် စီးပွားရေးတွေ လုပ်သည်။ ဘယ်သူမှ မဆုံးဖြတ်ရဲတာတွေကို ဆုံးဖြတ်ပြီး အလုပ်တွေ နှစ်ဆ ပိုလုပ်ပစ်သည်။

ဘို့အတွက် အကျိုးအမြတ်က ကြောက်စရာကောင်းအောင်





သိန်းထောင်ပေါင်းများစွာ သောင်းချီ၍ အမြတ်ရနေပေမယ့် စောမညပျော်။

အချစ်ဆုံးချစ်သူကို သေမင်းလက်ထဲ ထိုးအပ်လိုက်ရပြီးနောက်မှာ စောမညဘဝက ဘာလုပ်လုပ် အဓိပ္ပာယ်မဲ့နေသလို ပျော်ရွှင်ခြင်းတွေ ဆိတ်သုဉ်းပျောက်ကွယ်နေသူအဖြစ် ဘယ်လိုခံစားချက်မှ သူ ခံစားနေရသည့် ဝေဒနာကို မကျော်လွှားနိုင်ပဲဖြစ်နေ၏။

အခုလည်း စီးပွားရေးကိစ္စနှင့် ခရီးထွက်နေသည်မှာ ပြန်မလာသေး။ ဦးသိဒ္ဓိက သူ့တူကို အမြန်ဆုံးအိမ်ထောင်ပြုဖို့ တိုက်တွန်းတိုင်း စောမညက ရယ်သံအက်အက်ကြီးနှင့် ရယ်မောပြီး စကားလမ်းကြောင်း ပြောင်းပစ်တတ်သည်။

ကြာတော့ ဦးသိဒ္ဓိလည်း စောမညကို လက်လျှော့ထားလိုက်သည်။ လောကကြီးက ကိုယ်ဖြစ်ချင်တိုင်း ဘာတစ်ခုမှ မဖြစ်။ သူဖြစ်ချင်တာတွေချည်း ဖြစ်တတ်သည့် သဘောကို နှလုံးသွင်းပြီး တရားနှင့် သူ့ကိုယ်သူ ဖြေသိမ့်သည်။

မောင်နှမနှစ်ယောက် တစ်သက်စာ စားမကုန်သည့် ငွေကြေးချမ်းသာမှုတွေ ရှိနေပေမယ့် လိုအပ်သည့် မိသားစုကမ္ဘာလေး မရှိတော့ အိမ်ကြီးက နန်းတော်ကြီးသဖွယ် ကြီးကျယ်ခမ်းနားပေမယ့် အမြဲလို ဆိတ်ဆိတ်ခြောက်သွေ့နေခြင်းက လွမ်းသူကို ပိုလွမ်းစေ၍ အထီးကျန်သူကို ပို၍ အထီးကျန်ဆန်စေဖို့ ဖြစ်နေ၏။

ဦးသိဒ္ဓိက ထိုသို့မဖြစ်စေချင်။ ဝသန်ကို ယောက်ျားပေးစားဖို့ ကြံစည်ပြန်တော့ ဝသန့်မှာက အခုချိန်ထိ ချစ်သူရည်းစား မရှိတော့ ပေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်ရာဖြစ်။

ဝသန်ကို ကြိုက်၍ လိုလားနှစ်သက်စွာ မိဘတွေကတစ်ဆ
လက်ထပ်ခွင့်တောင်းခံလာသည့် သတို့သားလောင်းတွေထဲက တ
ယောက်ယောက်နှင့် လက်ထပ်ပေးစားဖို့ ကြံပြန်တော့လည်း ဖွ
အတင်းအကျပ် မလုပ်ရက်။

"ဝသန်ချစ်တဲ့သူကို လက်ထပ်ချင်တယ် အန်ကယ် သိဒ္ဓိရယ်
ဝသန်တို့ဘဝမှာ ဘာတစ်ခုမှ မလိုတော့ဘူး၊ တကယ်လိုအပ်နေတာက
ဝသန်တို့နှလုံးသားနဲ့ တကယ်ရင်းပြီး ချစ်ရမယ့် အချစ်ပဲလိုတာပါ"

"ကိုကိုနဲ့ဝသန်တို့ နှလုံးသားကို တကယ်လှုပ်ခတ်နိုင်မယ့်
တကယ်ချစ်ရမယ့် ချစ်သူမျိုးသာ တွေ့ချင်ပါတယ်"

ဝသန်ပြောခဲ့သည့်စကားတွေက မှန်နေတော့ ဦးသိဒ္ဓိ ငြိမ်ငြိ
နားထောင်နေခဲ့ရသည်။ ဖူးစာဆိုတာ ဦးရာဆိုပေမယ့် တချို့ကိစ္စတွေက
လူက လုပ်ချင်တိုင်း လုပ်မရတာတွေလည်း ရှိသည်။

မကြာခင် စောမည ပြန်လာတော့မည်။

အသက်အရွယ်တွေလည်း မငယ်တော့။

ဝသန် အိမ်ထောင်ရေးအပိုင်းမှာ ဦးသိဒ္ဓိ ဘာမှမပြောချင်ပေမယ့်
သူ့တူ စောမည်ကိုတော့ သူ့မှာ ပြောစရာစကားတွေ ရင်နှင့်အပြည့်
ရှိနေပြီဆိုတာ ပြန်တွေးမိတိုင်း ဦးသိဒ္ဓိ သက်ပြင်းဟင်းခနဲမြည်အောင်
ချလိုက်သည်။



## အခန်း (၄)

မိုးက သည်းသည်းမည်းမည်း ရွာနေသည်။
တိုက်ဆိုင်တာက ဒီနေ့ဟေမန်ဆုံးတာ သုံးနှစ်မြောက်နေ့ဖြစ်
ည်။ ညက သူ ဟေမန့်ကို အိပ်မက်မက်သည်။ အိပ်မက်ထဲမှာ
မန် သူ့ဆီပြန်လာသည်တဲ့။
စောမည်ရင်ထဲ ပျော်နေသည့် စိတ်လေးက အိပ်မက်က လန့်
မှာ ဝမ်းနည်းကြေကွဲစရာကောင်းအောင် ပျောက်ဆုံးသွားပြီး မွှကြေ
သာ နှလုံးသားမှာ ဟေမန့်ပုံရိပ်တွေ လှိုက်ဟာနင့်စို့ကျန်ခဲ့သည်။
ဟေမန်ရယ်...
မင်းကို ရည်စူးပြီး ကိုယ်ဟေမန့်အတွက် ကောင်းမှုကုသိုလ်တွေ
ကြီး ပြုပေးနေပါတယ် အချစ်ရယ်။
ရောက်ရာဘုံဘဝ ကိုယ့်အချစ် သာစုခေါ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဟောမန့်ကို ကိုယ်ချစ်တယ်။

ဟောမန် ပြန်မလာနိုင်တော့မှန်း သိသိနဲ့ တစ်ခါတလေ ကိုယ့်ဆီကို ဟောမန်တစ်ယောက် အသွင်တစ်မျိုးနဲ့ပဲဖြစ်ဖြစ် ပြန်ရောက်လာစေချင်နေမိတာ ကိုယ့်အပြစ်များလား ဟောမန်ရယ်။

ကားတစ်စီးပေါ်က ဟောမန် ဆင်းလာမလား။

ဒါမှမဟုတ် လေယာဉ်ကွင်းမှာများ ဟောမန်ရောက်လာမလား ခါတိုင်းလို ကိုယ်ရှိတဲ့နေရာကိုရှာပြီး ကိုယ်ပျော်သွားအောင်၊ အံ့ဩသွားအောင် "ကိုရေ… ဟောမန်ဒီမှာ" လို့များ တစ်နေရာရာကနေ ကို့ကိုလှမ်းခေါ်လိုက်မလားလို့ ထင်နေမိတာ ကိုယ် ရူးနေလို့များလား ဟောမန်ရယ်။

ဟောမန့်ဓာတ်ပုံလေးကို သူဖွဖွ နမ်းလိုက်သည်။ တစ်ချိန်ချိန် ဟောမန် သူ့ဆီပြန်လာမည်လို့ ထင်နေမိသည်က သူ့စိတ်ကို လှည့်စားခြင်းတစ်မျိုးဟုသိပေမယ့် ထိုစိတ်ကို သူဖယ်ရှား၍ မရ။

စောမညနှလုံးသားထဲမှာ ဟောမန့်ပုံရိပ်တွေ လှည့်ပတ်စီးဆင်းနေသ၍ နောက်ထပ် အချစ်သစ်ရှာဖို့ဆိုတာ စောမညအိပ်မက်ထဲမှာ ပင်မရှိ။ မှန်ရှေ့မှာ ရပ်ပြီးစောမည သူ့ပုံရိပ်ကို ကြည့်လိုက်သည်။

မှန်ထဲမှ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတို့ ရေးရေးထင်နေသည့် တည်ကြည်ခန့်ညားသော ဥပမိရုပ်ပိုင်ရှင်လူချောတစ်ယောက်က စောမညကို ရယ်ပြုံးခြင်းကင်းဝေးသော မျက်ဝန်းအစုံဖြင့် ရီဝေဝေငေးကြည့်နေ၍ သူသက်ပြင်းရှိုက်လိုက်သည်။

ဟောမန်သာရှိလျှင် သူ့မျက်နှာပေါ်က အမွေးအမျှင်တွေကို ဘယ်လောက် မုန်းလိုက်ရှာမလဲ။ တစ်ခါတလေ အချိန်မအားလို့





မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတွေ မရိတ်သိမ်းဘဲ အလုပ်ဖိလုပ်ရင်း မေ့ထားမိခဲ့ရင် ဟောမန်က သူ့ကို သတိပေးတတ်သလို တစ်ခါတလေ သူအင်မတန်မုန်းသည့် ထိုအမွေးအမျှင်အတွက်နှင့် ချစ်သူရည်းစားနှစ်ယောက် ရန်ဖြစ်စိတ်ကောက်ပြီး တော်တော်နှင့် မခေါ်မပြောခဲ့တာတွေလည်း ရှိသည်။

သူမချစ်သူကို အမြဲတမ်း သန့်ရှင်းသပ်ရပ်စွာ ချောမောခန့်ညားနေတာကိုမှ သဘောကျနှစ်သက်တတ်သော ချစ်သူ၊ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတို့ ရိတ်သိမ်းပြီး စိမ်းဖန့်ဖန့်ဖြစ်နေသည့် သူ့မေးဖျားကို တိတ်တိတ်လေး ခိုးနမ်း၍ ရှက်စနိုး ရယ်မောနေတတ်သည့် ကလေးမ။

သူ အသည်းယားတိုင်း ဟောမန့်ကိုယ်လေးကို ရင်ခွင်ထဲ ထွေးပွေ့မွှေ့ရမ်းပြီး ချစ်အနမ်းတွေ ဟောမန့်မျက်နှာလှလှလေးထက် နေရာလပ်မကျန်အောင် ရွာချခဲ့တာတွေ ပြန်အမှတ်ရတော့ စောမညမျက်နှာမှာ အုံ့မှိုင်းခြင်းတွေ ဆွတ်ပျံ့ရီဝေသွား၏။

ဟောမန်ကိုလွမ်းတိုင်း အလုပ်တွေ ပိုလုပ်ဖြစ်သည်။

ခရီးတွေ ပိုထွက်ဖြစ်သည်။

ဘယ်နေရာရောက်ရောက် ဟောမန်က သူ့အာရုံထဲက ပျောက်မသွား။ သူ သွားလေရာတိုင်းမှာ ဟောမန်ရှိသည်။ အမြဲ အတူပါနေသည်။

အခု သူ ရန်ကုန်အိမ်ပြန်ရောက်တော့ ဟောမန်ကို သတိရစိတ်က ပိုဆိုးသည်။ ခါတိုင်းလို သူ့အာရုံကို အလုပ်ထဲမှာ စွဲနှစ်ထားချင်စိတ်လည်း မရှိ။ သူ့အလုပ်အားလုံးကို သူ့လူယုံ ဦးသစ်မော်နှင့် လွှဲထားသည့်အတွက် စောမညမှာ အလုပ်မရှိ။



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ် ဦးသိဒ္ဓိက သူ့ကို အိမ်ထောင်ပြုပါဟု အခုအခေါက်မှာ ပြင်းပြင်းထန်ထန် တိုက်တွန်းသည်။ ထို့အတွက် အကြောင်းပြချက်ကလည်း ခိုင်လုံသည်။ အန်ကယ်မှာ အချိန်မရွေး သေစေနိုင်သည့် သွေးကင်ဆာ ရှိနေသည်။ ဆေးကုသမှုခံယူနေသည်ဆိုပေမယ့် အခြေအနေမရှိ။ အတတ်နိုင်ဆုံး ကြိုးစားကြည့်ကြတာပေါ့ဆိုသည့် ဆရာဝန်ကြီးစကားကို နားမှာ ပြန်ကြားယောင်လာတော့ သူ ရင်မောသွားသည်။

အန်ကယ်သိဒ္ဓိက လူပျိုကြီး။

သူ့မှာ တွယ်တာစရာ စောမည၊ ၊ မောင်နှမပဲ ရှိသည်။ သူ မျက်စိမှိတ်ခင် သူ့ဆန္ဒက စောမည့ကို စိတ်ချသွားချင်သည်။ အတည်တကျ အိမ်ထောင်သည်ဘဝနှင့် စောမည့ကိုမြင်မှ မျက်စိမှိတ်နိုင်ပါမည်။ စိတ်ဖြောင့်နိုင်ပါမည်ဟု ဆိုလာတော့ စောမည ဘာလုပ်ရမှန်းမသိ။

အပ်ကြောင်းထပ်နေသည့် အကြောင်းအရာတွေကို အန်ကယ်ကို ထပ်မပြောချင်တော့။ သူ့ဘဝကြီးတစ်ခုလုံး အန်ကယ်က သူတို့မောင်နှမအတွက် မြှုပ်နှံပေးဆပ်ခဲ့ပြီးပြီဆိုတော့ အန်ကယ့်ဘဝက နောက်ဆုံးအချိန်တွေမှာ စောမည့အန်ကယ့်ကို နောက်ယပ်စိတ်မညစ်စေချင်တာနှင့် အန်ကယ်စိတ်ချမ်းသာအောင် အိမ်ထော ် အမြန်ဆုံးပြုပါမည်ဟု သဘောတူ ကတိပြုပေးခဲ့ရသည်။

သို့သော် အပြောမှအပြောဖြစ်၍ လက်တွေ့မှာ အချစ်မပါဘဲ အိမ်ထောင်တစ်ခု တည်ထောင်ဖို့ဆိုတာ မလွယ်။ ညီမလေးဝသန်ကို သူ့ကိုယ်စား အိမ်ထောင်ချပေးဖို့ စိတ်ကူးကြည့်သည်။

ဝသန်က သူ မချစ်မနှစ်သက်သူကို မယူလိုပါဆိုတာနှင့် ဝသန်





ကိုသနားပြီး သူ ဘာမှထပ်မပြောတော့။ ချစ်တတ်တဲ့နှလုံးသားစောမည့မှာရှိ၍ အချစ်အကြောင်း ကောင်းစွာနားလည်သည်။ ဝသန့်အပေါ် ကိုယ်ချင်းလည်း စာသည်။

စောမည့လိုအပ်သည့် သတို့သမီးလောင်းတွေက စောမည့နားမှာ ဝိုင်းဝိုင်းလည်နေပေမယ့် ဘယ်သူ့ကိုမှ စောမည စိတ်မဝင်စားတော့ခက်သည်။ သူ့ကမ်းလှမ်းချက်ကို ဝမ်းသာအားရ လက်ခံမည့်သူတွေချည်းဖြစ်နေပေမယ့် ထိုမိန်းကလေးတွေအားလုံး သူ့ဘဝနှင့် မည်သို့မျှ သက်ဆိုင်ပတ်သက်သူတွေမဟုတ်ဟု သူ့စိတ်က ထင်နေသည်။

"ကျွန်တော် အပြင်ခဏသွားလိုက်ဦးမယ် အန်ကယ်"

"မိုးရွာကြီးထဲသွားမှာဆိုတော့ ကားကို ဖြည်းဖြည်းမောင်းနော် လူလေး"

"ဟုတ်ကဲ့ပါ"

သူ့အတွက် စိုးရိမ်စိတ်ပူနေသည့် မျက်နှာကို မြင်နေရပေမယ့် မတတ်နိုင်။ ခရီးကရောက်တာ မကြာသေးပေမယ့် အိမ်ထဲမှာ အောင်းပြီး မနေနိုင်။ ဘယ်ကို သွားရမည်ရယ်လို့လည်း ဦးတည်ချက် မရှိ။

ၡလမ်းပိတ်နေသည့် ကားလမ်းတွေကို ရှောင်ကွင်းပြီး လူရှင်းကားရှင်းသည့်နေရာကို ရွေးပြီး သူ့ကားကို ဦးတည်ရာမဲ့ လျှောက်မောင်းနေမိ၏။

မိုးက သဲသဲမဲမဲ ရွာကောင်းနေဆဲ။ အန်ကယ်ဦးသိဒ္ဓိစကားကြောင့် ကားကို အရှိန်ဖြည်းဖြည်းလျှော့ချပြီး လမ်းတစ်ခုသို့ ညင်သာစွာ ချိုးအကွေ့ ··· ရိုပ်ခနဲ ပြေးဝင်လာသည့် လူတစ်ယောက်ကြောင့် သူ့ကား ဘရိတ်ကို တအား ဖိနင်းချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွီး"

"ကျွီး"

"ဒုန်း"

"ဟာ"

ကားကို အရှိန်ပြင်းပြင်း ပြေးလမ်းအတိုင်း လျှောပါပြီး ရပ်တန့်သွားသလို သူ့ကားရှေ့ရောက်လာသည့် သဏ္ဌာန်ကလည်း ပြေးလာသည့် အရှိန်မထိန်းနိုင်ဘဲ ရပ်ထားသည့် သူ့ကားကို အရှိန်နှင့် ပစ်ဝင်တိုက် ဆောင့်ပြီး လမ်းပေါ်လဲကျသွား၍ စောမညှ မျက်လုံးထဲပြာသွားကာ မိုးရေထဲ အပြေးအလွှား ဆင်းသွားသည်။

လူတစ်ယောက်...

မိုးသည်းထန်စွာရွာနေသော လမ်းပေါ်မှာ ပက်လက်လေး လဲနေသည်။ မျက်နှာကို သေချာစွာ မမြင်ရ။ မည်းနက်သော ဆံပင်တွေက ဖြူဖွေးနေသည့် မျက်နှာကို စိုကပ်ဖုံးအုပ်လျက်။

"ဟော့... ဟော့လူ"

သူ ပြေးသွားပြီး လဲနေသူကို မိုးရေထဲက ထူပွေ့ပြီး ထိုလူ့ကိုယ်တစ်ပိုင်းကို ဆွဲယူထူအမှာ မိုးရေထဲရပ်ပြီး သူတို့ကိုကြည့်နေသည့် လူတစ်စုထံ အကြည့်ရောက်သွားသည်။

"မင်းတို့ ဘယ်သူတွေလဲ"

စောမညှက ရန်လိုသည့် မျက်နှာထားသည့် လူစုကို လှမ်းမေးပေမယ့် ထိုလူစုက စောမညှ အမေးစကားကို တစ်ခုမှ မတုံ့ပြန်။ သူတို့အချင်းချင်း နားလည်သည့် အကြည့်တွေနှင့်ကြည့်ပြီး စောမညှ မျက်စိရှေ့က မိုးရေထဲတိုးဝင်၍ ကျောခိုင်းထွက်သွားကြသည်။





ဒီလူတွေ ဘယ်သူတွေလဲဆိုတာ စောမညှ မသိ။ မထိန်းနိုင်ဘဲ ပစ်လဲကျသွားသည့် လူနောက်ကို ထိုလူစု လိုက်လာခြင်း။ ရန်ပြုမူခြင်းဟု သဘောပေါက်လိုက်သည်။

သူ့ကားနှင့် ထိုလူစုလိုက်ခံရသည့်လူ ဝင်တိုက်ပြီး လမ်းပေါ်မှာ သတိလစ်သွားတာမြင်မှ အခြေအနေမဟန်၍ နောက်ကြောင်းပြန်လစ်သွားခြင်းဟု သိလိုက်သည်။

"ဟိတ်... ဒီမှာ"

"အာ... ချာတိတ်လေးပဲ"

မိုးရေထဲ သတိလစ်နေသည့် ချာတိတ်က မလှုပ်။ အလွန်ဆုံးရှိမှ အသက်က ဆယ့်ခွန်၊ ဆယ့်ရှစ်ထက်မပိုဟု တွေးရင်း မိုးရေထဲ သတိလစ်နေသည့် ကောင်လေးကို သူ့ကားနောက်ပေါ် ပေါ့ပါးစွာ ပွေ့ချီတင်လိုက်သည်။

ကိုယ့်ကြောင့်မဟုတ်ပေမယ့် သူက ကိုယ့်ကားကို ဝင်တိုးပြီး သူ့ဘာသာ သတိလစ်နေတော့ မိုးရေထဲ ပစ်ထားခဲ့၍ မဖြစ်။ နီးရာဆေးခန်းတစ်ခုကို ရှာဖွေပြီး အရောက်သွားဖို့ ဆုံးဖြတ်သည့်အတိုင်း ရောက ကားကို ခပ်ကြမ်းကြမ်းမောင်းထွက်ခဲ့သည်။

"မြတ်"ဆေးခန်း။

ဆေးခန်းရှေ့မှာ သူ့ကားရပ်လိုက်တော့ မိုးတိတ်စပြုနေပြီဖြစ်သည်။ ကားနောက်ခန်းထဲကလူကို ကြည့်ပြီး သူကားပေါ်က ခပ်သွက်သွက် ဆင်းလိုက်သည်။

မိုးရေစိုရွှဲနေသည့် ချာတိတ်ကို ဆွဲယူချီမပြီး ဆေးခန်းထဲအဝင်မှာ ဝန်နှင့် သူနာပြုဆရာမက စောမညှတို့နှစ်ယောက်ကို ထွေးဆန်း



www.burmeseclassic.com

www.burmeseclassic.com



လာသလိုကြည့်သည်။

"ဘာဖြစ်လာတာလဲ"

ဆရာဝန်က မေးခြင်း ဖြစ်သည်။

"ရပ်ထားတဲ့ ကျွန်တော့်ကားကို သူ့ဘာသာ မမြင်ဘဲ ဝင်တိုက်ပြီး သတိလစ်သွားလို့ပါ ဒေါက်တာ"

"ခုတင်ပေါ်လူနာကို ဖြည်းဖြည်းချပါ"

ဆရာဝန်က သူ့ကို မသင်္ကာသလို တစ်ချက်ကြည့်ပြီး လူမမာကို ပြန်ကြည့်သည်။

"စိတ်ချပါ၊ လူနာမှာ ဘာဒဏ်ရာမှ မရှိဘူးဆိုတာ ကျွန်တော် အာမခံပါတယ်၊ ရဲရဲသာ ကုပါ"

စောမည့ထံမှ အာမခံစကားကြောင့် ဆရာဝန်က လူနာမျက်နှာပေါ်က ဆံပင်တွေ အရင်ဖယ်ပြီး သတိလစ်သူ၏ မျက်နှာကို ကြည့်သည်။ သူ ကြည့်သလို စောမည လူနာမျက်နှာကို သေချာစေ့စေ့ အကြည့်မှာ သူ့ရင်ထဲ ဒိန်းခနဲ ဆောင့်ခုန်သွားသည်။

"ဟောမန်"

စောမည နှုတ်ဖျားက သူ့ချစ်သူအမည်အလိုလို ခုန်ထွက်သွားသလို သူ့အကြည့်ရူးရူးတွေကလည်း သတိလစ်နေသည့် မျက်နှာလှလေးကို စေ့စပ်သေချာစွာ ရူးစိုက်ကြည့်နေမိလျက်သား ဖြစ်သွားသည်။

ဘယ်လိုကြည့်ကြည့်။

ဘယ်လိုနေနေ။

သူ့မျက်စိရှေ့မှာ ရှိနေသူက ဟောမန်မှ ဟောမန်အစစ်။ ဘာ





တစ်ခုမှမလွဲ။ တစ်ခုပဲ ကွာသည်။ စောမည ဟောမန်က ပိုအသက်ကြီးသည်။ အခု သူ့မျက်စိရှေ့မှာ ရောက်နေသည့် ဟောမန်က အသက်ငယ်ငယ်၊ နုနုဖတ်ဖတ်လေး။ ပြီးတော့ သူ့ဟောမန်က မိန်းမ။

အခု စောမည မျက်စိရှေ့မှာ ရောက်နေသူက ယောကျ်ား။

"လူနာက ခင်ဗျား အသိလား"

"ဗျာ..."

"ခုနက ခင်ဗျား သူ့ကို ဟောမန်လို့ ခေါ်လိုက်သလားလို့"

"ဩော်... အင်း"

သူ ဘာပြောရမှန်း မသိ။

ဆရာဝန်အမေးကို ရောယောင်ခေါင်းညိတ်ရင်း သူ့မျက်လုံးအကြည့်က သတိလစ်နေသည့် ကောင်လေးမျက်နှာမှ တစ်ချက်မခွာ။ ဟောမန်ပေါက်စလေး စောမည့မျက်လုံးရှေ့ ရောက်နေတာကို မယုံနိုင်ဖြစ်နေသည်။

အိပ်မက် မက်နေခြင်းမဟုတ်သည်က သေချာသည်။

"ခင်ဗျားလူနာ ဘာမှမဖြစ်ဘူး၊ လန့်ပြီး ရှော့(ခ်)ရသွားတာ၊ အရေးကြီးတာက ခင်ဗျားတို့နှစ်ယောက်စလုံး ရေစိုအဝတ်တွေ အမြန်လဲပြီး နွေးနွေးထွေးထွေး နေဖို့ပဲ"

"ဆေးတစ်လုံး ကျွန်တော် ထိုးပေးလိုက်မယ်၊ အိမ်ရောက်ရင် လူမမာကို နွေးနွေးထွေးထွေး ထားပါ"

ဆရာဝန် နောက်ထပ် ဘာတွေပြောမှန်း မသိ။ ကားပေါ်တင်လာတာ အိမ်ကိုပြန်ရောက်တာအားလုံး စောမည့ကိုယ်တိုင် အိပ်မက်မက်နေသူတစ်ယောက်လို လှုပ်ရှားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



“သူက ဘယ်သူလဲ မောင်မည”

“ကျွန်တော် မသိဘူး အန်ကယ်”

“ဘယ်လိုကွဲ့”

“အခု အရေးကြီးတာက ကျွန်တော်တို့ နှစ်ယောက်စလုံး နွေးနွေးထွေးထွေး ရှိနေမဲ့ဖြစ်မယ်”

ဦးသိန္ဒိ စောမညကို ဘာမှထပ်မမေးတော့။ သူ့အိမ်အကူကို လှမ်းခေါ်ပြီး၊ စောမညအခန်းကို ချက်ချင်း ပြင်ဆင်ခိုင်းသံ ကြားနေရသည်။

အိမ်မှာ ဝသန် မရှိ။

ကျောင်းသွားနေသည်။

စောမည အိပ်ခန်းတံခါးကိုပိတ်ပြီး သူ့ကိုယ်ပေါ်က အဝတ်အစားတွေ အရင်မလဲနိုင်ဘဲ သတိလစ်နေသည့် ကောင်လေး ကိုယ်ပေါ်က အဝတ်တွေ အရင်လဲပေးဖို့ ကြိုးစားသည်။ ရေစိုနေသည့် ကောင်လေး ကိုယ်ပေါ်မှာ ဂျာကင်တစ်ထည်။ နောက် ရှပ်အင်္ကျီအကွက်ကို ကြယ်သီးဆွဲအဖွင့်…

“ဟာ…”

စောမည မျက်လုံးထဲ ပြာသွားသည်။

မြတ်စွာဘုရား…

သူထင်ထားသလို ဟောမန်အသေးစားလေးက ယောကျ်ားမဟုတ်။ နုနုငယ်ငယ် လှလှပပ မိန်းကလေးအစစ်ဖြစ်နေတာကို သူ ဘာသာမယုံ။

ဟောမန်…





ဟောမန်…

စောမညရင်ထဲ ဟောမန့်အမည်တွေ အထပ်ထပ်ပဲ့တင်ရိုက်သွားကာ လူကလည်း မလှုပ်မယှက်။ နေရာမှာ ငေးကြောင်ငိုင်တွေနေမိသည်။

ဟောမန်ပြန်လာပြီ။

သူ့ကို ဘယ်သူမှ မမေးဘဲ စောမညနှုတ်ဖျားက ဟောမန့်အမည် ထပ်ထွက်လာသည်။

“ဒေါ်ပု… ဒေါ်ပု”

“လာပါပြီ မောင်စောမည”

စောမညထံမှ ထိတ်ထိတ်ပျာပျာ အော်ဟစ်ခေါ်လိုက်သံကြောင့် ဒေါ်ပု စောမညအခန်းထဲ အပြေးရောက်လာ၏။

“သူ့ကို ကျွန်တော်အဝတ်တွေ လဲပေးလိုက်ပါ”

“ဟုတ်ကဲ့”

ဒေါ်ပု စောမည ခုတင်ပေါ်က ငြိမ်သက်နေသည့် ချာတိတ်မျက်နှာကို စေ့စေ့ကြည့်ပြီး နှုတ်မှ အလန့်တကြား စောမညအမည်ကို အော်လိုက်သည်။

“မောင်စောမည”

“ဘာလဲ ဒေါ်ပု”

“သူ… သူ့ကို သေချာကြည့်ပြီးပြီလားဟင်”

“ကြည့်ပြီးပါပြီ”

“ဟင်”

“ဒါ… ဒါဆို…”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ တိုက်တိုက်ဆိုင်ဆိုင် သူက ဟေမန်နဲ့တူတဲ့ မိန်းကလေးဖြစ်နေတယ်"

"အိုကွယ်"

စောမည နှုတ်ဖျားက ဟေမန့်အမည်ကို တမ်းတမ်းတတ ပြော လိုက်သံကို ကြားလိုက်ရတော့ ဒေါ်ပုကိုယ်တိုင် စောမည ကိုယ်စား စိတ်မကောင်း ဖြစ်သွားသည်။

"တူလိုက်တာကွယ်၊ ဒေါ်ပုဖြင့် ယုံတောင် မယုံနိုင်ဘူး"

"ကျွန်တော့်ဆီကို ဟေမန် ပြန်ရောက်လာပြီ ဒေါ်ပု"

လှိုက်လှဲယုံကြည်စွာ ပြောလိုက်သည့် စောမည အသံ။ စောမည ဟန်တွေက ဟိုတုန်းကပုံစံနှင့် မတူ။ ထူးခြားစွာ အရောင်ပြောင်းသွား တာကြည့်ပြီး ဒေါ်ပု ဘာမှပြန်မပြောနိုင်ဘဲ ဆွံ့အသူတစ်ယောက်လို ဖြစ်နေသည်။

"သူ့ကို အဝတ်လဲပေးပြီးရင် ကျွန်တော့်ကို လှမ်းခေါ်လိုက်ပါ"

"ကောင်းပါပြီကွယ်"

ဒေါ်ပုကိုထားပြီး သူ့အခန်းထဲက စောမည ထွက်ခဲ့သည်။ ဒီနေ့ ဖြစ်ပျက်နေပုံတွေက စောမည အတွက် အိပ်မက်ဆန်သည်။ အံ့သြဖွယ် ရာ ထူးခြားမှုတွေနှင့် ပြည့်နှက်တိုက်ဆိုင်နေခြင်းအပေါ် သူကိုယ်တိုင် အံ့သြနေသည်။ မိုးရေစိုစွတ်နေသည့် ပတ်ဝန်းကျင်ကို သူကြည့်လိုက် တော့ သူတွေ့မြင်နေသမျှ အရာရာတိုင်းက စောမည အတွက် အား ဆန်းသစ်သော အလှအပတွေနှင့် ထူးခြားဆန်းကြယ်နေ၏။

ဘယ်နေရာကိုကြည့်ကြည့် အားလုံး လှပစွာအသက်ဝင်နေ သည်။



မြူးကြွစွာ လှုပ်ခတ်နေ၏။

"မောင်စောမည"

ဒေါ်ပုအသံကြောင့် သူ အခန်းထဲ ပြန်ရောက်လာတော့ ပန်းနုရောင် ပနေသည့် မျက်နှာပိုင်ရှင်က သူ့ခုတင်ကြီးပေါ်မှာ နတ်သမီး ပါးနှယ် လှပစွာ အိပ်ပျော်လျက် သူ့ကို ကြိုဆိုသည်။

"ဒေါ်ပု သွားလို့ရပြီ"

စောမည အခန်းထဲက ဒေါ်ပုထွက်သွားသည်အထိ သူ မလှုပ်။ သော နုဖတ်သန့်စင်သော မျက်နှာလေးကို မျက်တောင်မခတ် နစ်နစ် သေချာစွာ ကြည့်သည်။

ဟေမန်ဟု သူထင်ထားသူက သေချာကြည့်တော့ ဟေမန် တ်။

သူမက ပိုပြီး လှလွန်းသည်။

နုလွန်းသည်။

ငယ်လွန်းသည်။

ဟေမန့်အလှထက် အဆပေါင်းများစွာ သာလွန်းသည့် အလှ ဖြစ်နေ၍ သူ့စိတ်တွေ ပိုလှုပ်ရှားလာသည်။

ခင်း ဘယ်သူလဲ မိန်းမလှလေးရယ်။

သူမ ဘယ်သူလဲဆိုတာ သိလိုစိတ်က စောမည ရင်ကို ပြင်း ရောက်ရှိလာသည်။ တစ်ပြိုင်နက်ထဲမှာ သူမ ဘယ်သူဖြစ်ဖြစ် ချစ်သူက သူမပဲဆိုတာ နှလုံးသားအသိနှင့် ပိုင်နိုင်သေချာ၍ သည်။

ဟေမန့်ကြောင့် သေဆုံးသွားခဲ့ရသည့် နှလုံးသားက ဟေမန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆင်တူသော မိန်းမလှလေးကြောင့် ပြန်လည်ရှင်သန်လာပုံက လှ သည်။ ဘယ်အချိန်အထိ မျက်နှာလှလှလေးကို ထိုင်ကြည့်နေမိသည် မသိ။

သူ့နား နီးကပ်စွာရပ်တန့်လာသည့် လူရိပ်ကိုမြင်မှ အသိတရာ တို့ သူ့ကိုယ်မှာ ပြန်ကပ်ငြိသည်။

"ရေစိုအဝတ်တွေ လဲလိုက်ပါဦး မောင်မည"

အန်ကယ်သိဒ္ဓိအသံက နူးညံ့ညင်သာစွာ ထွက်ပေါ်လာသည် ဦးသိဒ္ဓိအကြည့်တွေက စောမညလို အိပ်ပျော်နေသည့် မိန်းကလေး မှမခွာ။

"ဟောမန်နဲ့ မတွေ့ဘူးလား အန်ကယ်"

"သိပ်ကိုတူပါတယ် မောင်မည၊ သိပ်ကိုတူပါတယ်"

ဦးသိဒ္ဓိက ခေါင်းတညိတ်ညိတ်နှင့် စောမညအဆိုကို ထော ခံလိုက်တော့ သူ့မျက်နှာက ကျေနပ်ခြင်းပီတိက ဝင်းခနဲ ပြုံးပြ သွားသည်။

"ကျွန်တော်ဆီကို ဟောမန်ပြန်လာတာပဲ အန်ကယ်"

ယုံကြည်မှုတွေနှင့် လေးနက်နေသည့်အသံ။

ခံစားမှုတွေ ပျော်ဝင်သော မျက်ဝန်းအကြည့်။

ဦးသိဒ္ဓိ ဘာမှမပြောဘဲ ခေါင်းကိုသာ ညိတ်လိုက်သည်။

"မင်းအင်္ကျီတွေ အရင်လဲပါ၊ ပြီးမှ အန်ကယ်တို့ အေးအေးဆေး ဆေး စကားပြောကြရအောင်"

ဒီတစ်ခါတော့ စောမည မငြင်း။

သူ့ကိုယ်ပေါ်က ရေစိုအဝတ်တွေ လဲလှယ်ပြီး ဦးသိဒ္ဓိရှေ့ ရောက်လာတော့ သူ့ပုံစံက အပျော်မြစ်ထဲဆင်းလာရသူလို ပုံစံပြောင်း သွားသည်။

"ဒေါ်ပုပြောလို့ အန်ကယ်တက်လာတာ"

ဦးသိဒ္ဓိအသံက ခပ်တိုးတိုး။

"ကျွန်တော် သူ့ကိုလက်ထပ်မယ် အန်ကယ်"

စောမညလေသံက ပိုင်နိုင်စွာ ဆုံးဖြတ်ချက်ချထားပြီးသည့် အသံဖြစ်သလို ချောမောခန့်ညားသော သူ့မျက်နှာမှာလည်း နက်ရှိုင်း သော ခံစားချက်ကြောင့် အထူး တည်ငြိမ်နေတာ မြင်ရသည်။

"နောက်တော့မှ ဒီကိစ္စ ဆက်စဉ်းစားကြတာပေါ့ မောင်မည၊ ဒီကလေးမလေးကို..."

"အင်း... ဟင်း... ဟင်း"

"ဟော..ပြောရင်းဆိုရင်း သတိရလာပြီကွ"

အန်ကယ် ဦးသိဒ္ဓိစကားအဆုံးမှာ လှုပ်ရှားလူးလွန့်လာသည့် သွင်သဏ္ဍာန်လှလှကို စူးစိုက်ကြည့်ရင်း အလဲလဲအပြိုပြိုဖြစ်နေသည့် ခံနှံသံတွေ ထိန်းမနိုင်သိမ်းမရဖြစ်နေသူက စောမည။

မျက်ဝန်းလေးတွေ ဖြည်းဖြည်းချင်း လှုပ်လာပြီး ဖျတ်ခနဲ အဖွင့်မှာ စောမည နှလုံးသားတစ်ခုလုံး တားမနိုင်ဆီးမရ အရည်ပျော်စီးဆင်း သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

''ဟ… ဒါကဘာလဲ''

ရုတ်တရက် ကိုယ့်ကိုယ်ကို ဘာဖြစ်လို့ ဖြစ်နေမှန်းမသိ… နောက်မှ မော်ကြီးတို့ အုပ်စုနှင့် သူရန် ဖြစ်စကားများကြ။ ပစ္စည်းဈေး… ထုရိုက်ဖျက်ဆီးကြတာ ပြန်အမှတ်ရလာသည်။

ဆောင်းနှင့်အတူပါလာသည့် ပြေကျော်တို့အုပ်စု ဘယ်ရောက်… သွားမှန်း မသိ။ ပြေကျော် ပါးစပ်က ပြေး… ပြေးဆိုပြီး ခြေဦးတည့်… မိုးသည်းလေထန်ထဲ စွတ်အပြေးမှာ…

ကားတစ်စီးရှေ့ အရှိန်မထိန်းနိုင်ဘဲ ရောက်သွားတာ နောက်… မှတ်မိလိုက်သည်။

ကျန်တာ ဘာမှမမှတ်မိတော့။

သူ ပြန်သတိရလာချိန်မှာ ဆောင်းကို စိုးရိမ်နေသော မျက်… အစုံနှင့် ကြိုနေသည့် အသက်ကြီးကြီး လူကြီးတစ်ယောက်နှင့် အသ…





…ဆယ်ကျော်အရွယ် လူနှစ်ယောက်ကြား ဘွားခနဲ ကိုယ့်ကိုယ်ကို …တွေ့လိုက်ရတော့ ဆောင်း လန့်ပြီး အိပ်ရာထ ဝုန်းခနဲထမိလျက်သား …သွားသည်။

''ဟာ… အိပ်ရာကြီးပါလား''

ဆောင်းနှုတ်ဖျားက အလန့်တကြား ထွက်သွားပြီး သူမကိုယ် …လည်း ထိတ်လန့်ချောက်ချားစွာ ငုံ့ကြည့်လိုက်တော့ တစ်ကိုယ် …း ချာချာလည်ထွက်သွားသည်။

သူ့ကိုယ်ပေါ်မှာ သူ့အဝတ်အစားတွေ တစ်ခုမှ မရှိတော့ပါလား။

''ခင်ဗျား… ခင်ဗျားတို့ ဆောင်းကို ဘာလုပ်တာလဲ''

''လူယုတ်မာတွေ''

''ဟေး… မလုပ်နဲ့လေ''

အဘိုးကြီးထံမှ တားမြစ်သံက ဆောင်းနောက်မှာ ကျန်ခဲ့သည်။ …ကြောင်းသုံးပါးမရွေးသော ဆောင်းလက်သီးက ဘာအကာအကွယ် …ဘဲ ဆောင်းကို ကြောင်ကြည့်နေသည့် စောမညမျက်နှာကို ထိထိ …ပြီး ပြေးဝင်သွားပုံက မြန်သည်။

''ခွပ်''

''အား''

''ကဲကွာ… ကဲ… ကဲ''

''ဟဲ့… ကလေးမ… မလုပ်နဲ့၊ မှားမယ်''

…ဦးသိဒ္ဓိအသံက အလန့်တကြား။

အရှိန်ပြင်းစွာ သူ့ဆီ ပြေးဝင်လုံးထွေးပြီး စောမညမျက်နှာကို …မိုး အဆက်မပြတ် ရွာချလိုက်သူကြောင့် စောမည ခဏတော့



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ပြီး တတ်ထားပြီးသားဖြစ်သည့် သူ့ကိုယ်ခံပညာက ငြိမ်မ

ကျားသစ်မွေးလေးတစ်ကောင်လို မာန်ဖီပြီး ပြေးဝင်လာသည့် သ တိုက်ကွက်တွေကို အသာဖယ်ရှားရှောင်တိမ်းပြီးသား ဖြစ်သွားသည

"လူယုတ်မာတွေ"

"သေစမ်း"

"ဟိတ်... နေဦး၊ ကိုယ့် ရှင်းပြတာ အရင်နားထောင်ဦး"

"ကိုယ်တို့က မင်းထင်သလို လူယုတ်မာတွေ မဟုတ်ဘ လူကောင်းတွေပါ"

စောမညက ဒေါသလွှမ်းကဲနေသူထံမှ တိုက်ခိုက်မှုကို ပြေးလွှ ရှောင်ရင်း ပါးစပ်ကလည်း သူတို့ကို အထင်လွဲနေတာ ခပ်မြန်မြ ရှင်းပြလိုက်မှ တစ်ဖက်က မသက်အကြည့်စိမ်းတွေနှင့် တိုက်ခိုက် အသင့်အနေအထား ပုံစံအတိုင်း ငြိမ်သွားသည်။

"ခင်ဗျား ဘယ်သူလဲ"

"ကိုယ့်နာမည် စောမည၊ မင်း ဝင်တိုက်မိတာ ကိုယ့်ကား မိုးရေထဲမှာ သတိလစ်နေလို့ မင်းကို ကိုယ့်အိမ်ခေါ်လာတာ"

"ဒါ ကိုယ့်ဦးလေး ဦးသိဒ္ဓိ၊ မင်းကိုယ်ပေါ်က အဝတ် လဲပေးတာ ကိုယ်မဟုတ်ဘူး၊ ကိုယ့်အိမ်အလုပ်လုပ်တဲ့ ဒေါ်ပု၊ မင်း ရင် ကိုယ်ခေါ်ပေးမယ်"

"ဒေါ်ပု"

"လာပါပြီ မောင်စောမည"

ဖြေရှင်းချက်တွေ ဆက်တိုက် တစ်ခုပြီးတစ်ခု။ သူ့မျက် ရောက်လာသည့် ဒေါ်ပုဆိုသည့် အဘွားကြီးက တိုက်ခိုက်ရန် အ





နေအထားဖြစ်နေသည့် ဆောင်းကိုတစ်လှည့်၊ နှုတ်ခမ်းကွဲပြီး သွေး ထွက်နေပေမယ့် ဒေါသမျက်နှာ တစ်စက်မှမရှိသည့် စောမညကို လှည့်ကြည့်ပြီးမှ ဦးသိဒ္ဓိကို ပြန်ကြည့်သည်။

"သူ့အဝတ်တွေ ညည်းလဲပေးတဲ့အကြောင်း ဒီကလေးမကို ပြလိုက် မပု"

"ဘာကလေးမလဲဗျာ၊ စကားပြောတာ ကြည့်ပြော"

"ဟင်"

"အို"

ဒေါသထန်နေသည့် ဆောင်းလေးက မာသလို သူ့ကိုယ်သူ့ သက်လုံး ယောကျ်ားလေးအဖြစ် ခံယူထားသူကိုမှ ဘုမသိဘမသိ ကြီးတစ်ယောက်နှုတ်ဖျားက ကလေးမလေးဆိုသည့် စကား စိမ်း ာ ဆောင်းရင်ထဲ အရှိန်ပြင်းပြင်းလာထိပြီး အဆဲခံရတာထက် တစ်ရာနာခြင်းမျိုးဖြင့် ဆတ်ဆတ်ခါသွားသည်။

"နာမည်က... ဆောင်း"

"မိန်းမ မဟုတ်ဘူး၊ ယောကျ်ား"

"ဟေ..."

"အာ..."

စောမညအပါအဝင် အားလုံး ပါးစပ်ဟသွားကာ ဆောင်းဆိုသည့် လေးကို ကြည့်ပြီး ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။

"စကားပြောရင်း ဆောင်းနာမည်ကိုပဲခေါ်ပါ၊ တခြားနာမ်စား သုံးနဲ့၊ မကြိုက်ဘူး"

ဦးသိဒ္ဓိက ဘာမှမကြဲတတ်သလို အကူအညီ တောင်းဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တူတော်မောင်မျက်နှာကို တစ်ချက်လှမ်းကြည့်သည်။ စောမည ကိုယ်တိုင်လည်း လုံးဝ ထင်မှတ်မထားသည့် အရေးအခင်းကြောင့် ဆော[illegible] မျက်နှာလှလှလေးကို စိုက်ကြည့်ရင်း သူ့မျက်နှာမှာ ခံစားချက်[illegible] အမျိုးမျိုး ဖြစ်ထွန်းနေသည်။

သူတို့ထင်ထားသည်က တခြား။

ဖြစ်လာသည့် အခြေအနေက တလွဲဆိုပေမယ့် စောမည မျက်နှာ[illegible] ကျေနပ်နှစ်သိမ့်သော ခံစားချက်သစ်တစ်မျိုးနှင့် သူ့ရင်တွေ ထိန်း[illegible] သိမ်းမရ အခုန်မြန်နေသည်။

"မင်းနာမည်က ဆောင်းနော်"

"ဟုတ်တယ်"

ဆောင်းလေသံက ခပ်မာမာ။

မျက်နှာထားကလည်း ခပ်တင်းတင်း။

အကြောင်းမသိရင်တော့ ဆောင်းပုံစံက တကယ့်ယောက်ျားလေး[illegible] တစ်ယောက်လို ထင်နိုင်စရာရှိပေမယ့် စောမည့်အပါအဝင် အိမ်ရှိ[illegible] ကုန်အားလုံးက ဆောင်းကို မိန်းကလေးမှန်းသိထားတော့ ဘယ်သူ[illegible] ယောက်ျားလေးလို့ မမြင်။

အလွန်လှပပြီး ချစ်စရာကောင်းသော ယောက်ျားစိတ်ပေါက်[illegible]ပြီး သော မိန်းမလှလေးအဖြစ်သာ မြင်ကြပြီး သူတို့အားလုံးနှင့် အ[illegible] စိမ်းသက်နေသော ဆောင်းအပြုအမူက စောမည့်ရင်ခုန်သံတွေကို [illegible] ချက်တစ်မျိုးနှင့် ဆွဲယူသိမ်းညှို့ခံရသလို ဖြစ်နေ၏။

"ကိုယ် မင်းကို ဘာအကူအညီပေးရမလဲ ဆောင်း"

ထိုစကားကို စောမည့်ကိုယ်တိုင် သေချာစဉ်းစားရွေးချယ်[illegible] သတိထား ပြောရခြင်းဖြစ်ကြောင်းကို သူပဲ သိသည်။

ဆောင်းပုံစံက စကားအများမခံသည့်ပုံစံ။

သူမ သတ်မှတ်ပေးထားသည့် စကားလုံးထဲက ဆောင်းစိတ်[illegible]ကြိုက်ဖြစ်မည့် စကားကိုရွေးပြောရင်း လှပလွန်းသော ဆောင်းမျက်နှာ[illegible]လေးကို သတိလက်လွတ်ငေးမကြည့်ဖြစ်အောင် ကိုယ့်ကိုယ်ကို မနည်း[illegible]ထိန်းနေရသည်။

"အခု ဆောင်းရောက်နေတဲ့နေရာကို အရင်ပြော"

"ဒါ... ကိုယ့်အိမ်"

"အော်... ဟုတ်ပြီ"

"လမ်းက သံလွင်လမ်း၊ နေရာက ခြံအမှတ် (-)၊ စောဝသန့်ခြံ [illegible]ဆိုရပြီလား"

"ရပြီ"

"ဆောင်းအဝတ်တွေ ယူလာခဲ့ပေးပါ ဒေါ်ကြီး"

"အဝတ်တွေက လျှော်လိုက်ပြီကွဲ့"

ဆောင်းအသံက အမိန့်သံ။

သူ့နားမှာ ဘယ်သူတွေရှိရှိ မရှိရှိ ဂရုမစိုက်။ သူပြောချင်တာ [illegible] သူလုပ်စရာရှိတာလုပ်နေသူ တစ်ယောက်ပုံစံနှင့် သူ့မျက်စိ[illegible] လူတွေကို မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်သည်။

"အခု ဘယ်အချိန်ရှိပြီလဲ"

"ကိုးနာရီ"

"ဆောင်းပြန်မယ်၊ ဒီအဝတ်တွေ နောက်မှ ပြန်လာပေးရင်း [illegible]ဆောင်းအဝတ်တွေ ပြန်ယူမယ်၊ ဖြစ်မလား"



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းက စောမညမျက်နှာကို လှမ်းကြည့်ရင်း ခပ်ပြတ်ပြ
လေး မေးလာ၍ သူ ချက်ချင်းခေါင်းညိတ်လိုက်သည်။

“ဖြစ်တယ်”

“ခင်ဗျားကို ထိုးမိတာ ဆောရီး”

“ရပါတယ်”

“ဒါဆို ဆောင်းပြန်မယ်”

“ကိုယ် လိုက်ပို့ပေးမယ်”

“မလိုပါဘူး၊ ဆောင်းဘာသာ ပြန်မယ်၊ ဩော်… နေဦ
ခင်ဗျား ဆောင်းကို တွေ့တုန်းက ဆောင်းပိုက်ဆံအိတ်ကို တွေ့လား”

“မတွေ့ဘူး”

“အာ… သွားပါပြီ၊ အိတ်ထဲမှာ ဆောင်း ဖုန်း၊ မှတ်ပုံတင်တွေ
ကားလိုင်စင်တွေ အားလုံးပါသွားပြီကွာ”

“ကျစ်”

ဆောင်းထံမှ စိတ်ပျက်လက်ပျက် ညည်းညူသံ။ နောက် လှ
သည့် မျက်နှာလေး စိတ်ရှုပ်ထွေးဟန်ဖြင့် သူမ ဦးခေါင်းက ဆံ
တိုလေးတွေ ဝဲခနဲလွင့်သွားအောင် ခါလိုက်ပုံအစ စောမည အကြ
တွေက မျက်တောင်တစ်ချက်မခပ်။ ဆောင်းလှုပ်ရှားသမျှ မျက်
လက်လက်တွေနှင့် ချစ်စနိုးလိုက်ကြည့်နေတာကို ကာယံရှင် ဆောင်း
ဘာမှမသိ မမြင်ပေမယ့် စောမညကို မပြတ်အကဲခတ်နေသည့် ဒေါ်
ဦးသိဒ္ဓိက စောမညအကြည့်တွေက တစ်ဆင့် စောမည နှလုံးသားကို
ထွင်းဖောက်မြင်တွေ့နေကြသည်။

“ပြန်မယ်ဗျာ”





“ဆောင်းကို ကူညီပေးခဲ့တဲ့ ခင်ဗျားကို ကျေးဇူးတင်တယ်”

“ဒီက အန်ကယ်ကြီးနဲ့ အဒေါ်ကြီး… ဆောင်းသွားပြီ”

ဆောင်းက ရှေ့မှ ဦးဆောင်ထွက်သွား၍ ဆောင်းနောက်က
စောမည ပါလာသည်။ အိပ်ပျော်နေတုန်းက တစ်မျိုးလှပသော သူ့
ချစ်နတ်သမီးက အိပ်ရာကနိုးပြီး အသက်ဝင်လှုပ်ရှားလာတော့လည်း
ချစ်စရာကောင်းအောင် လှပနေပြန်သည်။

“ဒီဘက်ကို ဆောင်း”

ဆောင်းက လမ်းမှားပြီး တခြားဘက်ကို ကွေ့ချိုးလိုက်၍
စောမညက ဆောင်းကိုလှေကားရှိရာသို့ လမ်းအညွှန်မှာ ဆောင်းက
ခန်းခန်း အဆောင်ဆောင် များပြားလှသော အိမ်၏အပြင်အဆင်မှာ
က်စီလည် လမ်းမှားရသည့် သူ့အဖြစ်ကို ပခုံးတစ်ချက်တွန့်လိုက်၏။

ဒီအချိန်ဆို မော်ကြီးတို့ ဘယ်လိုဖြစ်နေပြီမသိ။

သူပျောက်နေတာနှင့် အားလုံး ခေါင်းတောက်နေကြမှာ သေချာ
ည်။

“ဆောင်း ဖိနပ်ရော”

“ဗျာ…”

“ဆောင်းစီးလာတဲ့ ဖိနပ်လေ”

“ဩော်… ဆောင်းမှာ ဖိနပ်ပါမလာဘူး”

“ဟာ…”

“သွားပါပြီကွာ၊ အခုဖိနပ်မပါဘဲ ဆောင်း ဘယ်လိုလုပ်ပြန်မှာ
ဖိနပ်ဝယ်ဖို့ ပိုက်ဆံအိတ်လည်း မရှိတော့ဘူး”

“ခင်ဗျားဖိနပ် ခဏငှားဗျာ”



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဖိနပ်"

"ဟုတ်တယ်"

စောမည မျက်ခုံးအစုံ အထက်သို့ဆက်ခနဲ ပင့်တက်သွားကာ ဆောင်းမျက်နှာလှလှလေးကို တစ်ချက်စိုက်ကြည့်လိုက်သည်။ နုနယ် ရှင်းသန့်သည့် ဆောင်းမျက်နှာမှာ ဘာအခြယ်အသမှ မရှိ။ ဘုရားပေ ထားသည့် သဘာဝအလှထဲမှာ ဆောင်းအလှက ထင်းလင်းစွာ ဝင်း လက်နေ၏။

"ဘာလဲ… ခင်ဗျားဖိနပ် ပေးမငှားချင်လို့လား"

ဆောင်းလေသံက စိတ်မရှည်သံ။

သူ့အမေးကို မဖြေဘဲ ငြိမ်နေသည့်လူကို ဆောင်းမကြည်သလို လေး မော့ကြည့်လိုက်တော့ ဆောင်းကိုကြည့်နေသော စောမည၏နှင့် အကြည့်ခြင်းဆုံသည်။

"မဟုတ်ပါဘူး။ ကိုယ့်ဖိနပ်နဲ့ ဆောင်းနဲ့ဖြစ်ပါမလားလို့ စဉ်းစား နေတာ"

သူပြောမှ ဆောင်း တစ်ချက်တွေသွားသည်။ စောမည်ဆိုသည် လူက ဆောင်းနဲ့ ယှဉ်ရပ်နေချိန်မှာတောင် အရပ်က အမြင့်ကြီး၊ ခန္ဓာကိုယ် အချိုးအစား ပိုင်ဆိုင်ထားသူ။ မျက်နှာမှာ အမွေးအမျှင်တွေ လူပုံချောပေမယ့် ဆောင်းကိုကြည့်နေသည့် သူ့အကြည့်တွေက စိမ်း သက်မနေပဲ လိုအပ်တာထက်ပိုပြီး နွေးထွေးနူးညံ့နေတာကို မကြိုက်

ဒါပေမယ့် သူက ဆောင်း ကျေးဇူးရှင်ဆိုတာနဲ့ မကြိုက်တာတွေ သဘောမကျတာတွေ မေ့ထားပြီး ဖိနပ်ကိစ္စ ပြန်ရောက်သွားသည်။

"ရတယ်… ဖြစ်တယ်"





"ခင်ဗျားဖိနပ်ကို ဆောင်းကို ငှားလိုက်"

"ဟိုမှာ… ကြိုက်တာယူ"

စောမည ညွှန်ပြသည့်နေရာကို ကြည့်လိုက်တော့ ဖိနပ်တွေ မှန်ဗီရိုကြီးတစ်ခုနဲ့အပြည့်။ လှပစွာ စီထားပုံက ဖိနပ်ဆိုင်တွေမှာ တွေ့ မြင်နေကျပုံစံအတိုင်း။ လှလှပပ။ စီရီခင်းကျင်းထားသည်။

ဖိနပ်အရုံပေါင်းများစွာ ဆောင်းမြင်ဖူးပြီးသား အဖိုးတန်ဖိနပ် တွေပါသလို ဆောင်းမသိ ဆောင်းမမြင်ဖူးသည့် ဖိနပ်ပုံစံအမျိုးအမျိုး တခမ်းတနား။ ပြတိုက်တစ်ခုလို အစီအရီ မီးရောင်အောက်မှာ လင်း တောက်နေသည်။

ဆောင်းလိုချင်သည့် ရိုးရိုးခြေညှပ်ဖိနပ် တစ်ရံမှမပါ။ အားလုံး တန်ဖိုးကြီးဖိနပ် အကောင်းစားတွေချည်းဖြစ်ပြီး ဖိနပ်ဆိုဒ်ကလည်း ဆောင်းခြေထောက်လေးနှင့် ဘယ်လိုမှ ဝတ်၍မတော်သော ဖိနပ်ဆိုဒ် ဖြစ်နေ၍ ဆောင်းနည်းနည်းတော့ စိတ်ရှုပ်သွားသည်။

"ဘယ်ဖိနပ်လိုချင်လဲ၊ ယူလေ"

"ခင်ဗျားမှာ ရိုးရိုးခြေညှပ်ဖိနပ် မရှိဘူးလား"

"ကိုယ့်မှာရှိတာ ဒါအကုန်ပဲ၊ ဒီဖိနပ်တွေထဲက ဆောင်းမကြိုက် ရင် ဟိုဘက်မှာ ညီမလေး ဖိနပ်တွေ ရှိတယ်၊ ကြည့်မလား"

"မကြည့်ဘူး"

မိန်းမဖိနပ်။

ညီမလေးဖိနပ်ဆိုတာနှင့် ဆောင်းမျက်နှာ အရောင်ပြောင်းသွား တာ စောမည သိသည်။

"ဒီဖိနပ် ယူမယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



''အိုခေ''

အလွန်အလိုလိုက်တတ်သော အစ်ကိုကြီးပုံစံနှင့် စောမညက ဆောင်း ညွှန်ပြသည့် ကုလားအုပ်သားရေနှင့် ချုပ်ထားသည့် အာရပ်ပြည်က သူဝယ်လာသည့်ဖိနပ်ကို သူကိုယ်တိုင်ယူပြီး ဆောင်း ခြေထောက်ရှေ့မှာ ချပေးလိုက်သည်။

ဖိနပ်က လှပစွာ ပုံစံထုတ်ပြီး ချုပ်ထားသည့် ကွင်းထိုးဖိနပ်ဖြစ်၍ သူဝယ်ထားသည်မှာ မကြာသေးချေ။ သွေးရောင်လွှမ်းနေသော ဆောင်း၏ ခြေထောက်လေးတွေမှာ ဘာအပြစ်အနာအဆာမှ မရှိ။ ပြည့်ပြည့်ဖောင်းဖောင်း ခြေချောင်းလှလှလေးတွေက စောမည ဖိနပ်က စီးလိုက်တော့ သူမခြေထောက်နောက်မှာ စောမညဖိနပ်က လက်နှစ်လုံးခန့် ပိုထွက်နေပုံက လူကြီးတစ်ယောက်ဖိနပ်ကို ကလေးတစ်ယောက်က စီးထားသည့် ချစ်စရာပုံဖြစ်နေသည်။

''ခင်ဗျားဖိနပ်က အကောင်းစားထင်တယ်''

''ထင်လို့ပါ၊ ဈေးသိပ်မကြီးပါဘူး''

''ဒါဆိုပြီးရော၊ မနက်ဖြန် ခင်ဗျားဖိနပ် လာပို့ပေးမယ်''

''မင်းသဘော''

''မပြီးသေးဘူးဗျ၊ ကားငှားစီးဖို့ ပိုက်ဆံငါးထောင်ခဏပေး''

''ကိုယ့်လိုက်ပို့ပေးလို့ရမလား''

''ရတယ်၊ မပို့နဲ့''

''ပိုက်ဆံပဲချေး''

''ခဏစောင့်''

''ကိုယ် အခုပြန်လာမယ်''





စောမညလက်ထဲမှာ ပိုက်ဆံအသင့် မရှိ။

ဆောင်းကိုထားပြီး သူ့အခန်းသူပြန် ပိုက်ဆံပြန်ယူပြီး ဆင်းလာတော့ ဆောင်းကို မတွေ့ရတော့ စောမညရင်ထဲ ဒိန်းခနဲဖြစ်သွားသည်။

''ဆောင်း...''

''ဆောင်း ဒီမှာ''

အပြင်ဘက်က ဆောင်းအသံလေးကြားမှ စောမညရင်ထဲက အလုံးကြီး ပြုတ်ကျသွားသည်။

''ဒီမှာ... ဆောင်း... ပိုက်ဆံ''

''သင့်ခ်ယူး''

စောမညပေးသည့်ပိုက်ဆံကို ဆွဲယူပြီး ဆောင်းက သူမကိုယ်ပေါ်မှာ ကို့ယို့ကားယားဝတ်ထားသည့် စောမညဂျာကင်အင်္ကျီထဲ ထည့်လိုက်သည်။

''ဆောင်း သွားပြီ''

နှုတ်ဆက်စကားအဆုံးမှာ ချာခနဲ လှည့်ထွက်သွားသည့် ဆောင်း ရိပ်လေးကို ကြည့်ရင်း စောမညရင်ထဲ ဆောင်းပျောက်သွားမှာ တွေးပြီး ကြောက်လာသည်။ အခုချိန်ထိ ဆောင်း ဘယ်မှာနေမှန်း သူမသိသလို ဆောင်းသူ့ဆီ တကယ်ပြန်လာမှာလား။ ပြန်မလာဘဲ ရှာလို့မရအောင် ပျောက်ဆုံးသွားမှာလားဆိုသည့် အတွေးနှင့် စောမည ရင်တွေ ပူလာသည်။

သူ ဘာမှစဉ်းစားမနေတော့။

ကားသော့ကိုဆွဲယူပြီး ဆောင်းနောက်ကို မောင်းလိုက်ခဲ့သည်။

''ဆောင်း...''



www.burmeseclassic.com

www.burmeseclassic.com



"ကျွီး"

"ခင်ဗျား ဘယ်သွားမလို့လဲ"

ဆောင်းက သူမနား ရပ်လာသည့်ကားနှင့် ကားပေါ်က သူ့အမည်ကို ခေါ်လိုက်သည့် စောမညကိုကြည့်ပြီး ပြန်မေးလိုက်ခြင်းဖြစ်သည်။

"ကိုယ် ကိစ္စရှိလို့ အပြင်သွားမှာ၊ လမ်းကြုံလို့ဆောင်းပါ၊ တစ်ခါတည်း လိုက်ခဲ့လို့ ပြောမလို့ပါ"

"လမ်းကြုံတာဆိုရင်တော့ လိုက်မယ်လေ၊ ခင်ဗျားက ဘယ်ကိုသွားမှာလဲ၊ ဆောင်းသွားမှာက ရန်ကင်းနော်"

"ကိုယ် သွားမှာလည်း ရန်ကင်းပဲ"

"အိုကေ... ဒါဆို ဆောင်းလိုက်ခဲ့မယ်"

သူ့ကားပေါ် လွယ်ကူချောမွေ့စွာ ဆောင်းရောက်လာအောင် ဆောင်းအကြိုက်လိုက်ပြောသော သူ့စကားမှန်သွား၍ စောမည ကျေနပ်သွားသည်။ ဆောင်းကားပေါ်ရောက်တာနှင့် သူ့ကားလီဗာကို တအားဖိနင်းလိုက်သည့်အတွက် စောမညကားလေးက အသွေးအရောင်စုံ စီးမျောနေသည့် ကားတန်းကြီးထဲ အပြေးလေး ဝင်ရောက်သွားသည်။



## အခန်း (၆)

"ဆောင်း စိတ်မဆိုးဘူးဆိုရင် ကိုယ်ဆောင်းကို တစ်ခုမေးလို့ ...လား"

"ခင်ဗျားက ဘာမေးမှာလဲ"

"မိုးရေထဲ ဆောင်းပြေးလာရတဲ့ အကြောင်း"

စောမည စကားအဆုံးမှာ ဆောင်းရင်ထဲက ဒေါသလှိုင်းက ...ခနဲ ပြန်ထလာသည်။ မော်ကြီးတို့ ညီအစ်ကိုနှစ်ယောက်က ဆောင်းအဖော်လိုက်ခဲ့ပါဆိုတာနှင့် ဆောင်းလိုက်သွားရာက အခုပြဿနာ ...လာရခြင်း ဖြစ်သည်။

ဝေလ မသိအောင် မော်ကြီးက ကျောင်းအားချိန်မှာ ကားပွဲစား...သည်။ သူတစ်ယောက်တည်းတော့ မဟုတ်။ ဆောင်းက ကြား... ကန့်လန့်ပါရခြင်းဖြစ်သည်။ ကားအကြောင်း ဆောင်း သိပ်...လည်ပေမယ့် ကားအကောင်းစား။ ပုံစံ ပုလှ ဆန်းဆန်းပြားပြား...တွေကိုတော့ စိတ်ဝင်စားသည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ဖြိုင်ကားကို ဆောင်း သဘောအကျဆုံးဖြစ်သည်။ မော်ကြီးက ပိုက်ဆံတတ်နိုင်သူမဟုတ်တော့ တခြားလူနဲ့တွဲပြီး အလုပ်လုပ်ရသည်။ ထိုလူစုက အခုမော်ကြီးတို့နှင့် ရန်ဖြစ်စကားများကြသည့် ကျော်ညစ်တို့လူစုနှင့် တွဲလုပ်ခြင်း ဖြစ်သည်။

ကျော်ညစ်ဆိုတာ သူ့နာမည် မဟုတ်။

နာမည်အရင်းက ကျော်ချစ်ဖြစ်ပေမယ့် နေရာတကာ သူများထက် တစ်ကွက်သာရမှ၊ ညစ်ရမှဆိုသည့် ကျော်ချစ်ကြောင့် ကားပွဲစားလောကမှာ ကျော်ချစ်ကနေ ကျော်ညစ်ဟု တွင်လာသူဖြစ်သည်။

မော်ကြီးတို့ အသင်ပွဲစားနှင့် ဝါရင့်ကျော်ညစ်တို့ အတူတွဲလုပ်တော့ ပြဿနာ မကြာခဏဖြစ်ကြ၊ ရန်ဖြစ်စကားများကြဖြစ်ပေမယ့် အတွဲတော့မပျက်။

မော်ကြီးကြောင့် ကားတစ်စီး အလုပ်ဖြစ်သွားတော့ ပွဲခခွဲကြ။ မော်ကြီးက ကျော်ညစ်လုပ်သလို သူ့အတွက် နည်းနည်းပိုယူတော့ ကျော်ညစ်က လက်မခံ။ ထုံးစံအတိုင်း ရန်ဖြစ်ကြ။ စကားများကြတော့ မမျှော်လင့်ဘဲ မော်ကြီးလက်ချက်နှင့် ကျော်ညစ်ကားမီးလုံး အက်သွားသည်။

မော်ကြီးက ကျေအေးအောင် ပိုက်ဆံပေးလျော်တာ ရှီးရှီးမယူ၊ မော်ကြီးကို ပယ်ပယ်နယ်နယ် ထအဆဲမှာ မော်ကြီးက ကျော်ညစ်ကို လက်သီးနဲ့ ထထိုးသည်။ သူတစ်ပြန်ကိုယ်တစ်ပြန် သတ်ကြရင်း မော်ကြီးနှင့်ဆောင်း လူကွဲသွားသည်။

မော်ကြီးက ပြေးဆို၍ ပြေးခဲ့ရသည်။ ဆောင်းအဖြစ်က အရှေ့ တောင်ဖျန်း မသိ၊ မြောက်မှန်း မသိ။ ကျော်ညစ်တို့လူစု နောက်ကလိုက်လာတာမြင်တော့ ဆောင်းလည်း ခြေဦးတည့်ရာ စွတ်ပြေးရင်း စောမည ကားနှင့် ဝင်တိုးမိခြင်း ဖြစ်သည်။



အခုတော့ ကျော်ညစ်တို့ကောင်းမှုကြောင့် ဆောင်းပိုင်ဆိုင်သမျှ ပစ္စည်းတွေလည်း ပျောက်။ ဆောင်း တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသူတွေလက်ထဲ ဆောင်းဘဝအမှန်လည်း ပေါ်နှင့်။ ဖြစ်ချင်တိုင်း ဖြစ်ကုန်တာ ပြန်တွေးမိတိုင်း ဆောင်း စိတ်မချမ်းသာ။

“ကိုယ့်မေးတာ လွန်သွားရင် ဆောရီး”

ဆောင်းထံမှ ဘာသံမှထွက်မလာ။

အကြာကြီး ငြိမ်သွား၍ စောမညက သူ့စကား ဆောင်း မကြိုက်ဘူးအထင်နှင့် အရင်ဆုံး တောင်းပန်လိုက်တော့ ဆောင်း မျက်ဝန်းကြည့်တွေက သူ့ထံ ဖျတ်ခနဲ ရောက်လာသည်။

“ခင်ဗျားမေးတာ မလွန်ပါဘူး၊ ဒီလိုပဲ ရန်ဖြစ်စကားများကြတာ”

“ဒါနဲ့ … နေပါဦး၊ ခင်ဗျားနာမည် ဘယ်သူ”

“စောမည”

“ဟုတ်ပြီ၊ ခင်ဗျားနာမည် စောမညနော်”

“အင်း”

သူ ခေါင်းညိတ်လိုက်တော့ ဆောင်း ပြောရမည့်စကားကို အပြေးအလွှား စဉ်းစားသည်။

ဒီလူက ဆောင်းဖုံးကွယ်ထားသည့် ဆောင်းဘဝမှန်ကို ဆောင်းနှင့် ဆိုင်ညာမဆိုင် ပထမဆုံး သိခွင့်ရသော သူစိမ်းယောက်ျားဖြစ်တာကို ဆောင်းရင်ထဲ အတော်အခံရခက်နေတာ ဆောင်းပဲ သိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းကိုယ်တိုင် သူမအာဝကို သူမ မေ့ထားသည့် ကိစ္စကြီး… ဒီလူ ဘာကြောင့် သိရတာလဲလို့ တွေးမိတိုင်းလည်း ဆောင်းကို… ဆောင်း မကျေနပ်။

ကျော်ညစ်တို့လူစုကို ဆောင်းစိတ်ထဲက သတ်ပစ်ချင်နေသည်… သင်းတို့ ညစ်ပတ်လို့၊ အကျင့်မကောင်းလို့ အခုလိုဖြစ်နေတာ။

"ဒီမှာဗျာ… ခင်ဗျားကို ဆောင်း ပြောစရာရှိတယ်"

"ပြောပါ"

တစ်ဖက်က ပြောပါဆိုတော့ ရုတ်တရက် ဆောင်းပြောရမ… စကားလုံးကို ရှာမတွေ့။ ဆောင်းပြောချင်နေတာ ဆောင်းဖြစ်စေ… နေတာက သူ့နားမှာ အတူရှိနေသည့် စောမညအပါအဝင် အား… မေ့ပစ်လိုက်စေချင်တာ ဖြစ်သည်။

ခက်နေတာက သူနဲ့ဆောင်းက အခုမှ သိကြတွေ့ကြရတဲ့… တွေဆိုတော့ ဆောင်းစိတ်ထဲရှိသည့်အတိုင်း ဘယ်လိုပြောရမှန်း … ဖြစ်နေ၏။

"ကိုယ့်ကို ဘာပြောမလို့လဲ ဆောင်း ပြောပါ"

"ဟိုဟာဗျာ၊ ဒီနေ့ဖြစ်တာတွေအားလုံး ခင်ဗျားဘဝမှာ တစ်… မဖြစ်ဖူးဘူး၊ မရှိဖူးဘူးလို့ သဘောထားလိုက်"

ဆောင်းစကားကို စောမည ရုတ်တရက် နားမလည်။ ဆော… ကလည်း ဒီထက်ပိုပြောပြီး ရှင်းပြမနေချင်။

"ဆောင်းပြောတာ ကိုယ် နားမလည်ဘူး"

"နားမလည်ရင်လည်း ထားလိုက်ဗျာ၊ ဘာမှမဟုတ်ဘူး"

ဆောင်းလေသံက ခပ်ဆတ်ဆတ်။





မကြည်မသာဟန်နှင့် ဒေါသဖြစ်နေပုံရသော ဆောင်းကိုတစ်ချက် …ကြည့်ရင်း စောမည သူမ ဆိုလိုရင်းကို စဉ်းစားသည်။

ချက်ချင်းပင် ဆောင်းဆိုလိုသည့် အဖြေကို ရှာတွေ့တော့ စောမည …ောင်းမျက်နှာလေးကို အလန့်တကြား လှမ်းကြည့်သည်။

ဆောင်းက သူမနှင့် စောမညတွေ့ခဲ့တာ၊ ဆုံခဲ့တာကိုမေ့လိုက် …ော့လို့ ပြောချင်တာလားဆိုသည့် အတွေးအောက်မှာ ဆောင်းပျောက် …းမှာ သူ ပိုကြောက်လာသည်။

"ဆောင်း"

"ရပြီ၊ ခင်ဗျားကားကို ဒီမှာပဲရပ်တော့"

"ကျိုး"

ဆောင်းအလိုကျ သူ့ကားကို လမ်းဘေးတစ်နေရာမှာ ထိုးရပ် …က်တော့ ကားပေါ်က ဆောင်း ဆင်းသွားတာကို မတားနိုင် မဆီးနိုင်ပဲ …တိုင်း လက်ပိုက်ကြည့်နေရသည်။

"ခင်ဗျား ဖုန်းနံပါတ်ပြော"

ဆောင်း ဘာလုပ်မလို့လဲဟု သူ မမေးရဲပါ။

သူမ သိချင်သည့် သူ့ဖုန်းနံပါတ်ကို ဆောင်းကျေနပ်အောင် …လိုက်ရ၏။

"ဆောင်း ဖုန်းဆက်လိုက်မယ်၊ အဲဒီကြမှ ခင်ဗျားဖိနပ်၊ အင်္ကျီနဲ့ …ပြန်ယူ"

"သွားပြီ"

ဆောင်းက စောမညကို လှည့်မကြည့်။

လူစုစုရောထွေးနေသော လူအုပ်ထဲ တိုးဝင်သွား၍ စောမည



www.burmeseclassic.com

www.burmeseclassic.com



သူ့ကားပေါ်က အပြေးဆင်းလိုက်ပေမယ့် အချိန်မမီတော့။ ဆောင်း
သူ့မျက်စိရှေ့မှာတင် လူတွေနှင့် ရောနှော ပျောက်ကွယ်သွားသည်
ဆောင်း။

စောမည့ရင်ထဲ ဆောင်းအမည်က ပဲ့တင်ထပ်သွားသည်
ဟေမန်နဲ့တူသော ဆောင်းဆိုသည့် မိန်းမလှလေးက အသိရခက်
မာန်မနကြီးသော၊ ယောကျ်ားတစ်ပိုင်းဖြစ်နေသော မိန်းမလှလေး
နေတာကို သူ မယုံနိုင်။

စောမည အိမ်ပြန်ရောက်တော့ ဝသန် ပြန်ရောက်နေသည်

"ဘယ်လိုလဲကိုကို၊ ဆောင်းဆိုတဲ့တစ်ယောက်က ဟေမ
ကော်တော်တူတာပဲဆို"

"ဆင်တာပါ၊ ဟေမန်ထက် ဆောင်းက အများကြီးပို
တယ်"

"သိပ်လည်း ချောတယ်ဆို"

ဒေါ်ပု ပြောထားပြီးဖြစ်၍ သူခေါင်းညိတ်လိုက်တော့ ဝသ
ရယ်သည်။

"ဝသန့်ကိုကိုကြီး ဒီတစ်ခါတော့ ရှာန်လျောသွားပြီမဟုတ်
ဒါပဲနော်... ယူစရာရှိတာ မြန်မြန်ယူပြီး ဝသန့်အတွက် တူ၊ တူမ
လေးတွေ အများကြီး မွေးပေးရမယ်... ဒါပဲ"

ဝသန်က ပျော်နေသည်။

စောမည အိမ်ထောင်မြန်မြန်ကျစေချင်သူတွေထဲမှာ ဝသန်
ထိပ်ဆုံးကပါနေတာ အစ်ကိုဖြစ်သူအိမ်ထောင်မပြုရင် သူမ
ထိုတာဝန်ဝတ္တရားဆိုတာကြီး လှည့်လာမှာ ကြောက်၍ပါ။





"သူ့အိမ်အထိ ပို့ခဲ့ရဲ့လား ကိုကို"

"နိုး"

"ကိုကိုကလဲ၊ ဘာလို့ဖွတ်အတင်းလိုက်မပို့ရတာလဲလို့၊ ဝသန်
ဆို ဖွတ်လိုက်ပို့မှာ"

ဆောင်းအကြောင်း သေချာမသိ၍ ပြောခြင်းဟုသဘောပိုက်ပြီး
န်ပြောသမျှ ငြိမ်နားထောင်နေလိုက်သည်။

"ကိုကို"

"ဟင်"

"ဒေါ်ပုပြောတော့ ကိုကို့ဆောင်းက ယောကျ်ားစိတ်ပေါက်
တာဆို"

"အင်း"

"အာ... ဒါဆို ဘယ်လိုလုပ်ပြီး ဆောင်းနဲ့ ကိုကိုလက်ထပ်မှာ
လဲ"

"ဒီလိုပဲ လက်ထပ်မှာပေါ့"

"ဟိုက ကိုကို့ကို ယူပါ့မလား"

"ယူမှာပေါ့"

"ဟွန်း... သေချာနေလိုက်တာ ဟိုက မိန်းမချင်းစိတ်ဝင်စားတဲ့
ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ"

ဝသန်ထံမှ စိုးရိမ်ကြောင့်ကြခြင်းက စောမည့ထံချက်ချင်း ကူး
လာသည်။

ဆောင်းဆိုတာ အဲဒီလိုလေးလား။

ဟင့်အင်း..။



www.burmeseclassic.com

www.burmeseclassic.com



သူတော့ မယုံပါ။

အခုလည်း သူ့လိုလူကို ပထုတ်ထားခဲ့သည့် ဆောင်းလိုမိန်းမ
လေးမှာ ချစ်တတ်တဲ့ နှလုံးသားတစ်ခု ရှိကိုရှိမှာပါ။

"ကိုကို အိပ်တော့မယ်"

"ဝွတ်နိုက်"

"ဝွတ်နိုက်"

ဝသန်ကို နှုတ်ဆက်ပြီး သူ့အခန်းထဲကို ဝင်လိုက်တော့ သူ့အိပ်
ပေါ်မှာ ဆောင်းကိုယ်ပေါ်က သူကိုယ်တိုင်ချွတ်ယူလိုက်သည့် ဂျာက
လေး ရောက်နေသည်။ နောက်ဂျာကင်ပေါ်မှာ ရှိနေတာ တစ်ခု
ယောကျ်ားကိုင် ပိုက်ဆံအိတ်မည်းလေးတစ်ခု။

စောမည ရင်ခုန်စိတ်လှုပ်ရှားစွာ ဆောင်းပိုက်ဆံအိတ်လေး
ဖွင့်လိုက်တော့ ဆောင်းမှတ်ပုံတင်နှင့် ဆောင်း ယာဉ်မောင်းလိုင်
ပိုက်ဆံနှစ်သောင်းနှင့် ငွေအကြွေတချို့ကို တွေ့ရသည်။ ဆောင်း
ဖုန်းကိုတော့ မတွေ့။

ဆောင်းက သူမပစ္စည်းတွေ ပျောက်သွားပြီဟု ထင်နေသည်
အခု စောမည လက်ထဲမှာ သူမပျောက်သွားပြီဟု ထင်နေသော သူ
ပိုက်ဆံအိတ်လေး ပြန်ရရင် ဆောင်း ဘယ်လောက်ပျော်လိုက်မလဲ

ဓာတ်ပုံထဲက ဆောင်းမျက်နှာလှလှလေးကို စိုက်ကြည့်ရ
စောမည ရင်တွေ ခုန်လာသည်။ သူ့အိမ်ကို သိမှာစိုး၍ သူ့
လမ်းပေါ်ထားပြီး ထွက်သွားသည့် ဆောင်း။ အခုတော့ သူမ မွေး
မွေးရက် မွေးလကအစ သူမ မိဘအမည်၊ သူမ အိမ်လိပ်စာအား
စောမည်လက်ထဲအရောက် ကံကြမ္မာက ပေးပို့လိုက်တာ ဘယ်လော





န်းကြယ်လဲ။

မနက်လင်းတာနှင့် ဆောင်းဆီ အရောက်သွားဖို့ ဆုံးဖြတ်ချက်နှင့်
အိပ်ရာပေါ် လှဲချလိုက်ချိန်။ စောမည ရင်တစ်ခုလုံး နွေးထွေးမှုတွေနှင့်
လှုပ်ရှားနေတာကို အံ့သြစိတ်နှင့် သဘောကျစွာ သူ ပြုံးလိုက်သည်။

အချစ်ဆိုတာ ဒါလား။

ပြန်လည်သက်ဝင် ရှင်သန်ခွင့်ပြုလိုက်သော ကံဇာတ်ဆရာကို
နေရာကနေ စောမည ကျေးဇူးစွာ ဂုဏ်ပြုဦးညွှတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

''ကံကောင်းလို့ပါလား ဆောင်းရာ၊ မင်း နောက်တစ်ခါ ဘယ်တော့မှ မော်ကြီးတို့နဲ့ မလိုက်နဲ့၊ မင်းသာ တစ်ခုခုဖြစ်ရင် ငါဖြင့် တွေးကို မတွေးရဲဘူး ဆောင်း''

''မတွေးရဲရင် မတွေးနဲ့၊ မင်းကို ဘယ်သူက ဆောင်းအကြောင်း တွေးခိုင်းနေလို့လဲ''

ဝေလ ရင်ပူပြီး သေမလောက်ဖြစ်နေတာကို ဆောင်းက ဂရုမစိုက်။ သူ့ကို အထပ်ထပ် တောင်းပန်နေသော ဝေလညီ မော်ကြီးနှင့် ကျော်ကြီးတို့ အရေးတယူ လုပ်နေယုံနှင့် မပြီး။ သူကပါ ရန်တွေ့ဖြစ်အောင် တွေ့လိုက်၍ ဆောင်းမျက်နှာကို မကျေမနပ် စိုက်ကြည့်ပစ်လိုက်သည်။

''မတွေးဘဲ မနေနိုင်လို့ပေါ့… သိပြီလား''

''ဟိုတ်ကောင်တွေ… ပြန်မယ် ထ၊ နောက်တစ်ခါ ဆောင်းကို





ပြီသာနာရှာလို့ကတော့ မင်းတို့နှစ်ယောက်စလုံး သေပြီသာမှတ်''

''ဆောင်း… ကျွန်တော်တို့ပြန်မယ်''

''တံခါးကို သေချာပိတ်နော် ဆောင်း''

''အေးပါ''

''ဂွတ်နိုက်''

ဝေလတို့ညီအစ်ကို ဆောင်းအိမ်က ပြန်တော့ အတော်မိုးချုပ်နေပြီဖြစ်သည်။ ဆောင်းကို မတွေ့တော့ အားလုံးပျာပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ ဝေလက သူ့ညီတွေကို လက်သီးနှင့်ထိုးမည် ကဲကဲလုပ်နေ၍ ဝေလ အမေ အန်တီထွေးက ဝင်ဆွဲရသည်။

ဆောင်းအဖေကိုလည်း ဒီအကြောင်း ဘယ်သူမှ မပြောရဲ။ ဆောင်း ကံကောင်းချင်တော့ အဖေက သူ့မိန်းမ ခင်မျိုးမေရှိရာကို ရောက်နေ၍ ဆောင်းဖြစ်တာတွေကို ဦးစွမ်းရည် မသိလိုက်ရ။ ဆောင်း တစ်ယောက်တည်းကျန်တော့မှ ဆောင်းအတွေးတွေက စောမည သည့်လူထံ ဖျတ်ခနဲ ရောက်သွားသည်။

ဒီလူ့ဖိနပ်နဲ့အင်္ကျီတွေကို ပြန်ပေးရဦးမည်ဆိုပေမယ့် ဘယ်အချိန် ပေးရမှန်း မသိသေး။ လက်ထဲမှာတော့ သူ့ဖုန်းနံပါတ်ရှိနေသည်။ နောက်ထပ် ထိုလူကို ထပ်မတွေ့ချင်တော့။ ဆောင်းဘဝမှန်ကို သိသည့် စောမည ဆိုသည့်လူကို ဆောင်းစိတ်ထဲ အလိုလို မုန်းမိသည်။

ပြီးတော့ သူ့အကြည့်၊ သူ့အပြော၊ သူ့ပုံစံတွေက ဆောင်းတွေ့သည့် တခြားယောကျ်ားတွေနှင့်မတူ။ တစ်မျိုးမူကွဲနေတာကိုလည်း သိလိုက်။ ဆောင်းကိုကြည့်သည့် သူ့အကြည့်တွေက ဘယ်လိုမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



အရင်ကတည်းက သူ့ပုံစံ ဒီလိုဆိုရင်တော့ ဆောင်းမသိ။ အခု သူ့ပုံစံက ဆောင်းကို မိန်းကလေးတစ်ယောက်လို သိပြီးချိန်မှာ ပြောင်းလဲသွား တာဆိုရင်တော့ ထိုလူကို ဆောင်း ခွင့်မလွှတ်ချင်။

တော်ပြီ… တော်ပြီ။

သူ့ပစ္စည်းတွေကို ဝေလနဲ့ပဲ ပေးခိုင်းလိုက်တော့မည်။ ထိုလူကြီး နှင့်ဆောင်း ထပ်မဆုံချင်တော့။ ပိုင်နိုင်စွာ ဆုံးဖြတ်ချက်ချပြီးမှ ဆောင် နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။

အိပ်ရာနိုးတော့ ဆောင်းဖျားနေတာ သိလိုက်သည်။ အိမ်မှ ရှိသည့် အဖျားဖြတ်ဆေးသောက်ပြီး ဝေလ ရုံးချိန်အမီသွားပြီး ဆောင် ပေးရမည့်ပစ္စည်း စုထုပ်ပြီး ဝေလကို သွားပေးသည်။

“ဒါက ဘာတွေလဲ ဆောင်း”

“ဟိုလူ့ပစ္စည်းတွေ”

“ဪ…”

ဝေလကို အကြောင်းစုံပြောပြထား၍ စောမညအကြောင်း ဝေ သိထားပြီးသားဖြစ်၍ ဆောင်းပြောသမျှ စကားနားထောင်ပြီး ခေါ် ညိတ်သည်။

“ဒီမှာ သူ့ဖုန်းနံပါတ်၊ ကိုယ့်ဘာသာ အဆင်ပြေသလို ကြည့် ပြောပြီး ဒါတွေပေးလိုက်၊ အဲ့ဒီလူနဲ့ ဆောင်း ထပ်မဆုံချင်တော့ဘူး”

“ဒီလောက်ဆို ငါသိပြီး အခု မင်းနေမကောင်းဘူးမဟုတ်လာ ကိုယ့်ဘာသာ အိမ်ပြန်ပြီး အနားယူ၊ ညနေရုံးဆင်းမှ မင်းအိမ်ကို ဝင်လာခဲ့မယ်”

“အန်တီထွေး… ဆောင်း သွားပြီ”





“ဟဲ့… နေမကောင်းဘူးဆို၊ ဒီမှာပဲ အန်တီထွေးနဲ့ နေပါလား”

“မနေတော့ဘူး အန်တီထွေး၊ အိမ်ပြန်ပြီး အိပ်လိုက်ရင် သက် သာသွားမှာပါ၊ ဆေးလည်း သောက်ပြီးပြီ အန်တီထွေး၊ ဆောင်းအတွက် စိတ်မပူနဲ့၊ သွားပြီ”

“ဆောင်းနဲ့တော့ သိပ်ခက်တာပဲ သားကြီးရယ်၊ မင်းလည်း သူ့ကို ဒီအတိုင်းပဲ ကြည့်နေသလား”

ဆောင်းထွက်သွားရာကြည့်ပြီး ဒေါ်ထွေးထွေးက သူ့သား လူရှိး သူ့အကြီးကို မကျေမနပ် ပြောလိုက်သည်။

“ကြည့်မနေလို့ ကျွန်တော်က သူ့ကို ဘာလုပ်ရမှာလဲ၊ အမေ့ ဆောင်းက တစ်ခုခုဆိုရင် ရိုက်မယ် နှက်မယ် ထိုးမယ် ကြိတ်မယ်ဆို ဘာချည်းပဲ”

“အေး… မင်းနေရာမှာ အမေသာဆို ဆောင်းဘာသာ ရိုက်ရိုက် ခွဲ ဘာဖြစ်ဖြစ်”

“ကျွန်တော်က ဘာလုပ်ရမလဲ”

သူ့အပေါ် မကျေမနပ်ဖြစ်နေသည့် အမေ့ကိုကြည့်ပြီး ရုံးသွားရန် င်နေသည့် ဝေလက နားမလည်သလို ပြန်အမေးမှာ ဒေါ်ထွေးထွေး သားကြီးကို စိတ်အပျက်ကြီး ပျက်သွားသည်။

“အဲဒါကြောင့် မင်းအခုထိ ချစ်သူရည်းစားမရ ဘာမရဖြစ်နေ လေ၊ မင်း ဆောင်းကို မချစ်ဘူးလား”

တည့်တည့်မေးမှ သိမည့်သားဆိုတော့ ဒေါ်ထွေးတည့်တည့်ပဲ သားကြီးကို မေးလိုက်သည်။

“ဟာဗျာ… အမေကလဲ၊ ဘာတွေလျှောက်မေးနေမှန်း မသိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရှုံးသွားတော့မယ်”

မျက်နှာညိုညိုနှင့် ယောကျ်ားဖြစ်ပြီး သူက ပြန်ရှက်နေသော သားကြီးကိုကြည့်ကာ ဒေါ်ထွေး သက်ပြင်းချလိုက်သည်။ ဆောင်းလေးကို သမီးလေးတစ်ယောက်လိုချစ်သော ဒေါ်ထွေးက ဆောင်းကို သူ့သားကြီး ဝေလနှင့် ဖြစ်စေချင်သည်။

ချွေးမလေးအဖြစ် သိမ်းပိုက်ထားချင်သည်။ ဝေလက သဘောကောင်းလွန်းအားကြီး၍ ဒေါ်ထွေးက သူ့သားကို ဘယ်သူနဲ့မှ သဘောမကျ။ ဆောင်းနှင့်ကြတော့ ကိုယ်ကလည်းချစ်ပြီးသားဆိုတော့ သားကို နိုင်ချင်သလောက်နိုင်။ သဘောတူသည်။

ဆောင်းက တခြားသူတွေအပေါ်မှာ မိုက်ပေမယ့် ဒေါ်ထွေးနှင့်ကြလိမ္မာသည်။ စကားနားထောင်သည်။ ဒီလိုလူမျိုးမှ ချွေးမ မတော်လျှင် ဘယ်သူ့ကို တော်ရမည်နည်း။

သားကြီးဝေလ အနေအထားကို ဒေါ်ထွေး၊ စိတ်ထဲ အားမရ ကိုယ်သားပဲ သိတာပေါ့။ ဝေလလောက် ဆောင်းကိုချစ်သည့်လူ ဘယ်မှာမှ မရှိ။ ဆောင်းတစ်ခုခုဖြစ်လျှင် ဝေလ ပြာနေသည်။ ဆောင်းကို ချစ်လျက်နှင့် အခုချိန်ထိ သူ့အချစ်တွေကို ဆောင်းကို ထုတ်မပြော။ ဆောင်းကို ကြောက်နေတာလည်း ပါမည်။ ဆောင်းကို အလိုလိုက်ချက်ကတော့ ကမ်းကုန်သည်။

ဆောင်းကလည်း ဝေလ သူ့ကို ချစ်မှန်းသိ၍ ဝေလအပေါ်မှာ တမင်ဆိုးသည်။ ဝေလကလည်း ဒါကိုပဲ ကျေနပ်နေတာလား မသိ။ နောက်တစ်ခါ သားကြီးဝေလကို အသိပေးပြီး သူကိုယ်တိုင် ဆောင်းကို သမီးအဖြစ် ပေးပါဆိုတာမျိုး ဆောင်းအဖေဆီမှာ တောင်းမည်ဟု





စဉ်းစားသည်။

ဝေလကတော့ သူ့အမေ ဒေါ်ထွေးနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ဆောင်းကို သူချစ်တာ မှန်သည်။ အခုမှ ချစ်တာလည်း မဟုတ်။ ဆောင်း ငယ်ငယ်လေးကတည်းက ညီမ မရှိ၍ ဆောင်းကို ညီမလေးလို ချစ်ခဲ့ရသည်။ ဆောင်း အရွယ်ရောက်လာတော့ သိပ်လှသည့် ဆောင်းကိုအရောင်ပြောင်းပြီး ချစ်သူတစ်ယောက်လို ချစ်လာခဲ့တာမှန်ပေမယ့် ဆောင်းဘဝလေးကို သူ့လိုလူတစ်ယောက်ဘဝထဲ ရက်ရက်စက်စက် ဆွဲမနစ်ရက်။

ဆောင်းနားမှာ သူ့ထက်သာသည့်လူတွေ အများကြီး။ ထိုလူတွေထဲက တစ်ယောက်ယောက်နှင့် အကြောင်းပါပြီး ဆောင်းဘဝလေး ကောင်းစားသွားတာ၊ ရွှေပုံစိန်ပုံမှာ ပျော်နေတာကိုပဲ မြင်ချင်တွေ့ချင်သည်။

နောက်တစ်ချက်က ဆောင်းစိတ်ကို ဝေလ သိသည်။ ဆောင်းက သူကိုယ့်သူ မိန်းမဘဝကို မေ့ထားသည်။ ယောကျ်ားဘဝအဖြစ် ခံယူပြီး သူ့ကိုယ်သူ တကယ့်ယောကျ်ားလေးတစ်ယောက်လို ပြုမူပြောဆိုနေထိုင်လာခဲ့သူ။ မိန်းမဆိုသည့် အပြုအမူ အပြောအဆိုမျိုးနှင့် သူမကို ဆက်ဆံပြောဆိုတာမျိုး ဆောင်းက အဆဲခံရတာထက် အဆတစ်ရာ နာသည်။

ဆောင်းကိုယ်တိုင်လည်း ထိုကိစ္စကို သူကိုယ်တိုင် ဝေလကို ပွင့်ပြောသည်။ ကောင်လေးတွေ မကြာခဏ ပြဿနာဖြစ်ကြ၊ ရိုက်ကြ၊ နှက်ကြသည့်အထဲမှာ ဆောင်းအကြောင်း သိနေသ ဘချို့က သိပ်လှသည့် ဆောင်းကို မထိတရိ ပြောကြဆိုကြ ရိတ်တိတိ စောင်းကြခိုက်ကြ

www.burmeseclassic.com



လုပ်တော့ ဆောင်းလက်က အကြောင်းသုံးပါး မရွေး။

ထိပ်ပေါက်ခေါင်းကွဲ ရုံးရောက်ဂါတ်ရောက်ဖြစ်ကြရတာလည်း အကြိမ် မရေတွက်နိုင်။

"မိန်းမဘဝဆိုတာ…"

"တော်စမ်းပါ၊ ဘာမိန်းမလဲ၊ ဆောင်းကို အဲဒီစကားပြောတာ နောက်ဆုံးဖြစ်ပစေဗျာ၊ နောက်ထပ်မကြားချင်ဘူး၊ နားခါးလွန်းလို့"

"ဆောင်းဆိုတာ ယောကျ်ားဟုတ်မှမဟုတ်တာ"

"ဝေလ… မင်းပါးစပ် ပိတ်ထားနော်"

"သဘောပြောတာ"

"ဘာသဘောမှ မပြောနဲ့၊ မင်းကိုယ်တိုင် ဆောင်းကို အဲဒီလို သဘောထားနေရင် အခုချိန်ကစပြီး ဆောင်းနားမလာနဲ့၊ ဝေလဆိုတာ ဆောင်းဘဝမှာ မရှိဘူးလို့ မှတ်ထားလိုက်"

ဆောင်းက ပြတ်သည်။

သူမချမှတ်ထားသည့် ဘောင်ထဲမှာ ဆောင်းကို မပြတ်နိုင်သည် ဝေလက ဆောင်းသဘောကျ၊ ဆောင်းစိတ်ကြိုက် ဖန်ဆင်းထားသည် ဘဝထဲမှာ ဆောင်းကိုချစ်စိတ်နှင့် စိတ်ရှည်သည်းခံ အလိုလိုက်ထား တာ ဘယ်လောက်ကြာပြီလဲ။

အမေက ဆောင်းကို ဝေလနှင့် ဖြစ်စေချင်တာ ဝေလ သိသည် ဆောင်းအကြောင်း အမေ မသိ။ ဆောင်းအကြောင်း သိနေသည် ဝေလက သူဆောင်းနားမှာ နေခွင့်ရတာကိုပဲ ကျေးဇူးတင်ရသည် ဆောင်းကိုသာ အမေမှပြောသလို ချစ်ကြောင်း ကြိုက်ကြောင်း သွားပြော လို့ကတော့ ဆောင်းဘဝထဲက ဝေလ ထာဝရထွက်သွားရမှာ ဝေလ





သိသည်။

ဆောင်းဆိုတာ အမေထင်သလို အချစ်ကိုစိတ်ဝင်စားတဲ့ ကောင်မလေး မဟုတ်။ အချစ်ကို နာကြည်းနေသည့် အမုန်းတွေနဲ့ ...စည်းထားသည့် မိန်းမလှလေးဖြစ်ကြောင်း ဝေလ အမေ့ကို ပြောပြ ...င်သည်။

ရယူပိုင်ဆိုင်ရမှ အချစ်မဟုတ်။

ကိုယ့်ချစ်သူ စိတ်ချမ်းသာ ပျော်ရွှင်မှုအတွက် ဖြည့်ဆီးပေးဆပ် ...ရတာကို ကျေနပ်ကြည်နူးနေတာလည်း အချစ်ပါပဲဆိုရင် ဝေလ ...ချစ်ကို အမေ နားလည်လက်ခံပါမည်လား။

လောလောဆယ် ဆောင်းခိုင်းလိုက်သည့်တာဝန် အရင်ကျေ ...အောင် လုပ်ရဦးမည်။ ရုံးချိန်စောသေး၍ ဆောင်းပေးထားသည့် ဖုန်း ...ါတ်ကို လှမ်းဆက်လိုက်တော့ ဖုန်းက စက်ပိတ်ထားသည်။ ဆောင်း ...းလိုက်သည့် အထုပ်ကြီးကိုင်ပြီး ရုံးတက်ဖို့ ထွက်ခဲ့သည်။

ဆောင်းက သူ့ကိုကယ်ခဲ့သည့် စောမညအကြောင်း ပြောပြခဲ့ ...မယ့် တစ်စုံတစ်ခုကိုတော့ ဝေလတို့ကို မပြောပဲချန်ထားခဲ့သည်။ ...တစ်စုံတစ်ခုဆိုသည်မှာ တခြားမဟုတ်။ စောမညတို့မိသားစု ဆောင်း ...ဝမှန်ကို သိသွားကြသည်ဆိုသည့်အကြောင်း မည်သူ့ကိုမှ အသိ ...ေး။ သူမဘာသာတစ်ယောက်တည်း ကျိတ်မှိတ်ခံစားရင်း လျှို့ဝှက် ...းခြင်း ဖြစ်သည်။

ဒီအကြောင်းတွေ ဝေလတို့ကို မသိစေချင်။

ထို့ကြောင့် မပြော။

ဆောင်း အင်မတန်မုန်းသော သူမဘဝ အစစ်အမှန်ကို တခြား



www.burmeseclassic.com

www.burmeseclassic.com



သူစိမ်းသိသွားခြင်းက ဆောင်းအတွက် သတ်သေပစ်ဖို့ ကောင်းသည် ဖြစ်ရပ်ပါ။

"တီ… တီ"

အိပ်ရာထက်မှာ ခွေနေရင်း သူ့ကိုယ်သူ မကျေမနပ်ဖြစ်နေသည် ဆောင်းမှာ သူ့အိမ်ရှေ့တည့်တည့်က ထွက်ပေါ်လာသော ကားဟွန်းသံ ကြောင့် အိပ်ရာက မထချင်ဘဲ ထလိုက်ရသည်။ ဆောင်းစိတ် ခင်မျိုးမေနှင့် အဖေတို့ ပြန်လာသည်ဟုထင်ပြီး အိမ်ရှေ့ကို လှမ်းကြည့် ဆောင်းတွေ့မြင်လိုက်ရသည့်လူကြောင့် ဆောင်းရင်ထဲ ဒိန်းခနဲဖြ သွားကာ လူလည်း စိတ်ပျက်လက်ပျက်နှင့် ငိုချင်စိတ် ပေါက်သွား သည်။

ဆောင်းအိမ်ရှေ့မှာ ကားအကောင်းစားကြီးနှင့် အခန့်သားရော နေသူက စောမည့်ဆိုသည့်လူ။ ဒီလူဘယ်လိုလုပ်ပြီး ဆောင်းအိမ် သိလာသည် မသိ။ နောက်ထပ် ပြန်မဆုံချင်လို့ဘဲ ဝေလကို သူ့ပစ္စည်း တွေ ပေးလိုက်ကာမှ စောမည့်ဆိုသည့်လူက ဆောင်းအိမ်ရှေ့အထိ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာ၍ ဆောင်းရင်ထဲက ဒေါသစိတ် ထောင်းခနဲ ထွက်လာသည်။

ဒါက ဘာအချိုးလဲ။

ဒီလူနဲ့ နောက် ဆုံစရာဘာအကြောင်းမှ မရှိဘဲနဲ့ ဆောင်း အိမ်အထိ ရောက်လာပုံက တဆိတ်လွန်လွန်းသည်။ ဆောင်းစိတ် ဝေလကို သတ်ပစ်ချင်နေသည်။

သူပဲ ဒီလူ့ကို ဆောင်းလိပ်စာ ပေးလိုက်တာနေမှာ။

ယောကျ်ားကြီးမှာ ဝေလလောက် အလိုက်ကမ်းဆိုးမသိတတ်





ရှိ။ အခြေအနေနှင့် အချိန်အခါကိုလည်း ဘယ်တော့မှ နားမလည်။ သူကဲခတ်ဆိုတာလည်း သူ့လောက်ညံ့သူ မတွေ့ဘူး။

စောမည့်ဆိုသည့်လူနဲ့ ထပ်မဆုံချင်၍ ဝေလကို လွှတ်လိုက်သည် သဘောပေါက်ဖို့ကောင်းသည်။

"တီ… တီ"

"ဆောင်း"

"ဆောင်းရှိလား"

ကားဟွန်းသံအဆုံးမှ ထွက်လာသည့်အသံက စောမည့်အသံ။

ဆောင်းအမည်ကို ခေါ်နေပုံက တရင်းတနှီး။

ဖြစ်ချင်ရာဖြစ်ကွာ။

ဒီလူကို ဆောင်းလုံးဝ တံခါးဖွင့်မပေး။

ခေါ်လို့မရလျှင် သူ့ဘာသာ ပြန်သွားလိမ့်မည်ဆိုသည့်အတွေးနဲ့ ပြီး အိပ်နေပေမယ့် ဆောင်းထင်သလိုဖြစ်မလာ။

"ဆောင်းရေ… ဆောင်း"

"တံခါးဖွင့်ပါဦး၊ ဦးကြီးတို့က ရပ်ကွက်ရုံးကပါ"

ဒီအသံက ရပ်ကွက်လူကြီး ဦးမြအသံ။

အိမ်ရှေ့ကို လှမ်းကြည့်လိုက်တော့ ဦးမြတစ်ယောက်တည်း ဟုတ်။ တခြားလူနှစ်ယောက်ပါလာတာကို တွေ့လိုက်ရသည်။ တွေ့ခြင်း မဟုတ်။ စောမည့်ဆိုသည့်လူနှင့် ဦးမြနောက်ကလူတွေ ပြောလျက် တွေ့ရခြင်း ဖြစ်သည်။

ဒီတစ်ခါ ဆောင်း ငြိမ်နေလို့မရတော့။

အခုမှ အိပ်ရာကနိုးသည့်ပုံစံနှင့် အိမ်တံခါးကို ဖွင့်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စလဲ ဦးလေးမြ"

"အေး… ပြောရမှာတော့ သတင်းကောင်း မဟုတ်ဘူး၊ မင်းအဖေ ကားမှောက်ပြီး ဆေးရုံရောက်နေတယ်ဆိုလို့ ဦးလေးတို့ လာအကြောင်းကြားတာ"

"ဗျာ…"

"အဖေ ဘာဖြစ်သွားသေးလဲ ဦးလေးမြ"

"ဒဏ်ရာပြင်းတယ် ပြောတာပဲ၊ ဦးတို့လည်း သေချာမသိဘူး"

"အခု အဖေ ဘယ်မှာလဲ"

"လှည်းကူးဆေးရုံမှာ"

နေရာမှာ ဝုန်းခနဲ ပစ်လဲချင်စိတ်ပေါက်သွားတာ မနည်း ထိန်းလိုက်ရသည်။ ဆောင်းလက်ထဲမှာ ပိုက်ဆံ တစ်ပြားမှမရှိ။ ပဲခူးထိသွားရအောင် ဆောင်းကိုယ်တိုင်လည်း နေမကောင်း။

ဒါပေမယ့် ဆေးရုံရောက်နေတာက အဖေဆိုတော့ ဆောင်းမသွားရင် သွားမည့်သူ မရှိ။

"ဆောင်း အခုပဲ လိုက်သွားမယ် ဦးလေးမြ"

"မင်းတစ်ယောက်တည်းလား"

"ကျွန်တော် လိုက်သွားမှာပါ"

ထိုစကားကို ဝင်ပြောသူက တခြားသူ မဟုတ်။

စောမညဆိုသည့်လူ။

"မင်းက ဘယ်သူလဲ"

ဦးမြက မေးခြင်းဖြစ်သည်။

တစ်ရပ်ကွက်တည်း ငယ်ငယ်ကတည်းက အတူနေလာကြ[သူ]





[သူ]များ တစ်ယောက်အကြောင်း တစ်ယောက်သိပေမယ့် စောမညလို [လူ]ကော်နှာစိမ်းကို ဦးမြမသိ။ ဆောင်းတို့အိမ်မှာ အဝင်အထွက်လည်း [မ]တွေ့။ အခုမှ မိုးပေါ်ကကျလာသလို ရောက်လာသည့် ဧည့်စိမ်းကို [ဦး]မြက အကဲခတ်ရင်း မေးခြင်းဖြစ်သည်။

ဒါကို ဆောင်းသိသလို စောမညလည်း သိသည်။

"ကျွန်တော်က ဆောင်းမိတ်ဆွေ စောမညပါ၊ သံလွင်လမ်းမှာ [နေ]ပါတယ်၊ ကျွန်တော့်ကားနဲ့ပဲ လှည်းကူးကို သွားကြမှာပါ"

"မဟုတ်ဘူး"

ဆောင်းက ထအော်ခြင်း ဖြစ်သည်။

ဆောင်း အော်သံကြောင့် ဦးမြနှင့် သူ့အဖော်တွေက ဆောင်း[မျ]က်နှာကို လှမ်းကြည့်သလို စောမညဆိုသည့် လူကလည်း ဆောင်းကို [လှ]မ်းကြည့်သည်။

"ဘာမဟုတ်တာလဲ ဆောင်း"

ဦးမြက ဝင်မေးခြင်း ဖြစ်သည်။

ဒီလိုဆိုတော့လည်း ဆောင်း ဘာဖြေရမှန်းမသိ။ တကယ်တမ်း[ဆော]င်း ပြောချင်တာက စောမညကားနှင့် ဆောင်းသွားမှာကို မဟုတ်[ဘူ]း မသွားဘူးလို့ ပြောချင်တာပါ။

အခုတော့ ဆိုလိုရင်း မရောက်။

အားလုံးအကြည့်တွေက ဆောင်းဆီမှာပဲ စုပြုံရောက်နေတာဆို[တေ]ာ့ သူ့မစိတ်ထဲ ပြောချင်နေသည့်စကားကို အသာလျှော့ချလိုက်ရ၏။

"ဟို… ဆောင်းအဖေ ဆေးရုံရောက်နေတယ်ဆိုတာ မဟုတ်[ဘူ]း မသွားဘူးလို့ ပြောချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်လို့ ရဲစခန်းက တာဝန်ရှိသူတွေက ဖုန်းလှမ်းဆက်တာ ဆေါ့ဗျာ။ ဆောင်းအဖေ ဦးရန်ရှင်းဆိုတာ ဒီရပ်ကွက်မှာ ဘယ်နှယောက် များရှိလို့တုန်း''

''ကဲ... ကဲ... သွားမှာသာသွား၊ လိုက်ပို့မယ့်ကားလည်း အသင့်ဆိုတော့ ဟိုရောက်မှ မဟုတ်လည်း ပြန်လာခဲ့ရုံရှိတာပဲ၊ အိမ်တံခါးပိတ်ပြီး သွားစရာရှိတာသာ သွားကြ''

''ဦးတို့လည်း ပြန်မယ်''

သူတို့ တာဝန်ကျေပြီဆိုတော့ ဦးမြတို့လူစုက ဆောင်းကို နှုတ်ဆက်ပြီး ပြန်သွားသည်။ လမ်းပေါ်မှာ ကျန်ခဲ့တာက ဆောင်းနဲ့ စောမည နှစ်ယောက်တည်း ဖြစ်သည်။

စောမည ဆိုသည့်လူက ဆောင်းကိုကြည့်နေသည်။ ဆောင်းက စောမည ဆိုသည့်လူကိုကြည့်ပြီး မျက်ခုံးတွန့်လိုက်သည်။

''ခင်ဗျားနဲ့ ဝေလ တွေ့ပြီးပြီလား''

''ဘယ်က ဝေလလဲ''

''ဆောင်း လွှတ်လိုက်တဲ့လူလေ၊ ခင်ဗျားကို သူလွှတ်လိုက်လို့ ဒီကိုရောက်လာတာ မဟုတ်လား''

''ဆောင်းပြောတဲ့လူကို ကိုယ်မသိဘူး၊ ကိုယ်နဲ့လည်း မတွေ့ဘူး။ ကိုယ့် ဒီကိုရောက်လာတာ ဒီအိတ်လေးကြောင့်''

''ဟာ... အဲဒါ ဆောင်းပိုက်ဆံအိတ်ပဲ''

ဒေါသဖြစ်နေတာတွေပျောက်ပြီး ဆောင်းရင်ထဲ လှစ်ခနဲ ပျော်သွားသည်။

''ခင်ဗျား ဘယ်လိုတွေ့တာလဲ''





''ဆောင်းအင်္ကျီအိတ်ထဲက''

''ကျေးဇူးပါပဲဗျာ၊ ဆောင်းအတွက် ဒါတွေက မရှိမဖြစ် လိုအပ်တဲ့ ပစ္စည်းတွေဗျာ၊ ပျောက်သွားပြီထင်နေတာ။ တော်သေးတယ်''

စောမည လှမ်းပေးသည့်အိတ်ကိုယူပြီး အိတ်ထဲကပစ္စည်းတွေကို ခပ်သွက်သွက် စစ်သည်။ အားလုံး ဆောင်းထားသည့်အတိုင်း လက်ရာမပျက် ပြန်ရ၍ ဆောင်း စိတ်ချမ်းသာသွားသည်။

''ခင်ဗျားက ဆောင်းအိမ်ကို ဒီထဲက လိပ်စာအတိုင်း ရောက်လာတာပေါ့... ဟုတ်လား''

''အင်း''

သူ့အိတ်ကိုပြန်ရ၍ ပျော်သွားသည့် ဆောင်းမျက်နှာလေးကိုကြည့်ပြီး စောမည ခေါင်းအညိတ်မှာ ချက်ချင်းညှိုးကျသွားသည့် ဆောင်းမျက်နှာလေးကြောင့် သူ သက်ပြင်းချလိုက်သည်။

ဆောင်းအဖေ ဆေးရုံရောက်နေခြင်းက ဆောင်းအတွက် ဘယ်လိုမှ စိတ်ချမ်းသာစရာ မရှိ။

''ကိုယ်တို့ သွားကြတော့မလား ဆောင်း''

စောမည လက်ကနာရီကို တစ်ချက်ငုံ့ကြည့်ရင်း ဆောင်းကိုမေးတော့ ဆောင်းက သူ့ကို အံ့ဩနားမလည်သလို ပြန်ကြည့်သည်။

''ခင်ဗျားက ဆောင်းကို တကယ်လိုက်ပို့မလို့လား''

''ဟုတ်တယ်''

''ဟာ... သွားရမယ့်ခရီးက အဝေးကြီးနော်၊ ပြီးတော့ အခုကိစ္စက ကျွန်းမာရေးကိစ္စ''

''အဲဒါကြောင့်ပဲ ဆောင်းကို ကိုယ်လိုက်ပို့မှာ''



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားမှာ တခြားအလုပ် မရှိဘူးလား"

"မရှိဘူး"

"ဒါဆို ခဏစောင့်၊ အိမ်ကို သော့ခတ်လိုက်ဦးမယ်"

ဆောင်းမှာ ငြင်းစရာ တခြားအကြောင်းပြချက်လည်း မရှိ။ ပို့မည်သူက အသင့်လိုက်ပို့ပါရစေဆိုတော့ ဆောင်းလည်း စောမညကား နှင့် လိုက်ခဲ့သည်။ လမ်းရောက်မှ ဆောင်း အဖျားက တရှိန်ရှိန် ထိုးတက်လာသည်။

"ဆောင်း"

"ဟင်"

"မင်းကို ကြည့်ရတာ ဖျားနေသလို"

"ဟုတ်တယ်"

"အား"

စောမည ဆောင်းအတွက် စိတ်ပူသွားသည်။

"ဆောင်း အိပ်ပြီးလိုက်ခဲ့မယ်၊ ဖြစ်မလား"

"ဖြစ်တယ်၊ ဆောင်းသာ အိပ်ပျော်အောင်အိပ်လိုက်"

"သင့်ခ်ယူး"

သူ့ကို ကျေးဇူးတင်စကားဆိုပြီး ဆောင်းထံမှ နောက်ထပ် ဘာသံမှ မကြားရတော့။ မျက်ဝန်းအစုံကို မှိတ်ပြီး အဖျားတက်နေသည့် ဆောင်းကိုကြည့်ပြီး စောမညရင်ထဲ မောသွားသည်။



## အခန်း (၈)

ဆေးရုံကိုရောက်တော့ လူမမာက ဦးမြပြောသလို ဆောင်းအဖေ တစ်ယောက်တည်း မဟုတ်။ မိထွေးဖြစ်သူ ခင်မျိုးမေကိုပါ ခုတင် ပေါ်မှာ ပက်လက်တွေ့လိုက်ရတော့ ဆောင်း စိတ်ပျက်သွားသည်။ ခင်မျိုးမေ ဒဏ်ရာက သိပ်မများပေမယ့် ဆောင်းအဖေဒဏ်ရာက တော်တော် ပြင်းထန်သည်။

ဆောင်း ရောက်သွားသည့်အချိန်အထိ ဆောင်းအဖေက သတိ မရသေး။ ခင်မျိုးမေက ဆောင်းကိုတွေ့တာနှင့် ငိုချလိုက်၍ ဆောင်း လန့်သွားသည်။

"ဘာဖြစ်လို့ ငိုတာလဲ၊ အဖေ့ အခြေအနေ ဆိုးလို့လား"

"မဟုတ်ပါဘူး ဆောင်းရယ်၊ ကံဆိုးလွန်းတဲ့ ကိုယ့်အဖြစ်ကို တွေးပြီး ဝမ်းနည်းလွန်းလို့ ငိုမိတာပါ၊ အန်တီတို့ကို ပစ်မသွားပါနဲ့ ဆောင်းရယ်၊ ခြေထောက်ကလည်း ကျိုးနေပြီး လူကလည်း ဘာမှမလုပ် တတ် မကိုင်တတ်လို့ပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



အခုမှ မျက်ရည်ခံထိုးပြီး သူ့ကိုသနားဖို့ တောင်းဆိုနေသော ဒေါ်ခင်မျိုးမေကို ဆောင်း စိတ်ပျက်စွာ ကြည့်လိုက်သည်။

''ဆောင်းအဖေ အခုလိုဖြစ်ရတာ ခင်ဗျားကြောင့်ဆိုတာရော သိရဲ့လား''

''သိပါတယ်ကွယ်၊ အန်တီသာ ဒီလိုစိတ်လိုက်မာန်ပါ ထွက်မလာခဲ့ရင် အခုလိုဖြစ်ကြမှာ မဟုတ်ပါဘူး၊ အခုတော့ အန်တီကြောင့် သူ အခုလိုဖြစ်ရတာပါ''

နောင်တဆိုတာ နောင်မှရတတ်ကြတာမျိုးမို့ မိထွေးဖြစ်သူကို ထိုထက်ပို၍ ဆောင်း အပြစ်မတင်လိုတော့ပါ။ အစကတည်းက လင်မယား တည့်တည့်ရှရှနေခဲ့ရင် ဘာပြဿနာမှ ဖြစ်စရာမရှိ။ အခုတော့ နှစ်ယောက်စလုံး ဆေးရုံပေါ်မှာဆိုတော့ ဆောင်း အာရုံနောက်သွားသည်။

ဆောင်းကိုယ်တိုင်လည်း နေမကောင်း။

ငွေရေးကြေးရေးကြတော့လည်း စောမညှ ပြန်ယူလာပေးသည့် ဆောင်းပိုက်ဆံအိတ်ထဲက ငွေနှစ်သောင်းအပြင် အပိုမရှိ။

''ရော့… ဆောင်း၊ ဒီဆေးသောက်လိုက်ဦး''

''ဘာဆေးတွေလဲ''

''အဖျားပြတ်ဆေး၊ ဒီမှာ ကော်ဖီနဲ့မုန့်စား၊ ပြီးမှဆေးသောက်''

စောမညှ သူ့ဘာသာတစ်ခါတည်း စီစဉ်ယူလာသည့် ကော်ဖီနှင့် မုန့်ကို လှမ်းပေးတော့ ဆောင်း မယူ။ စောမညှမျက်နှာကို နားမလည်နိုင်သလို တစ်ချက်လှမ်းကြည့်သည်။

''ခင်ဗျား မပြန်သေးဘူးလား''





''ဆောင်းရော''

''ဆောင်းနဲ့ ဘာဆိုင်လို့လဲ၊ ဒီမှာက လူမမာတွေနဲ့ ပြန်စရာရှိတာ ကိုယ့်ဘာသာပြန်ပါ''

ဒီလူကို ဆောင်းပြန်သွားလောက်ပြီလို့ ထင်နေတာပါ။ ဘာကိစ္စ အခုချိန်ထိ မပြန်သေးမှန်း ဆောင်းမသိ။ သူပြောမှ သူက ဆောင်း အပြန်ကို စောင့်နေမှန်း သိလိုက်သည်။

''ဆောင်းတစ်ယောက်တည်း လူမမာနှစ်ယောက်နဲ့ ဘယ်လို လုပ်မှာလဲ''

''အဲဒါက ဆောင်းအလုပ်ပါ။ ခင်ဗျားအလုပ် မဟုတ်ပါဘူး''

''ဆောင်းပြန်မှ ကိုယ်လည်း ပြန်မယ်''

''အာ… ဆောင်းနဲ့ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ''

ကိုယ့်အရှုပ် ကိုယ်မရှင်းနိုင်လို့ စိတ်ညစ်နေရသည့်အထဲ ဒီလူကလည်း တစ်မျိုးဟုတွေးကာ အခုချိန်ထိ ဆောင်းနားက မပြန်နိုင်သေးသော စောမညှမျက်နှာကို မသက်သာသလို ကြည့်လိုက်သည်။

ဒီလူမှာ ဘာအကြံတွေရှိနေလဲ။

ဆောင်းဆိုတာ မိန်းကလေးတစ်ယောက်မှန်း သိထားလို့များ ဒီလူ့ဘက်က မရိုးမသား ဘာအကြံအဖန်တွေ လုပ်နေတာလဲဆိုသည့် အသိနှင့် ဆောင်းအကြည့်တွေက စောမညှမျက်နှာကို မကြည်ပေါက်နှင့် ကြည့်လိုက်သည်။

''ဒီဆေးရုံမှာ တာဝန်ကျနေတဲ့ ဆရာဝန်တစ်ယောက်က ကိုယ့်သူငယ်ချင်း''

''အဲဒီတော့ ဘာဖြစ်လဲ''



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ရှိနေတော့ ဆောင်းအဖေနဲ့ အမေအတွက်··"

"မိထွေးပါ"

"ဆောရီး၊ ဆောင်းအဖေနဲ့ မိထွေးအတွက် လိုအပ်တဲ့ အကူအညီ ရနိုင်မယ်လေ၊ ဆောင်းအဖေ အခြေအနေအားလုံး ကိုယ့်သူငယ်ချင်းကို မေးလို့ရတယ်"

အင်း··· ဒီလိုဆိုတော့လည်း သိပ်မဆိုးပါလားဟု ဆောင်းစိတ်ထဲက တွေးလိုက်သည်။ ခက်နေတာက ဒီလူ ဘယ်သူမှန်း ဆောင်းသေချာမသိ။ သူ့ဆီက အကူအညီတွေ တစ်ခုပြီးတစ်ခု ယူနေရတာက ဆောင်းအတွက် သိပ်မကောင်းတာကိုတော့ ဆောင်းသိသည်။

ဆောင်းအတွေးထဲ ရုတ်တရက် ဝေလ ရောက်လာသည်။ ဆောင်းက အခုချက်ချင်း လှည်းကူးကို လိုက်ခဲ့ပါဟုဆိုက ဝေလ ဆောင်းထံ ရောက်လာမှာ သေချာသည်။ ကိစ္စက ထိုနေရာတင်မပြီး။ လူနာအခြေအနေက ဘယ်လိုမှန်းမသိရသေးသလို ဝေလမှာလည်း ရုံးတာဝန်ကို ပစ်ထား၍မဖြစ်။

ငွေကြေးအခြေအနေကအစ စိတ်ပျက်စရာ။

"ဟော··· ဟိုမှာ ကိုယ့်သူငယ်ချင်းလာနေပြီ"

ဆောင်း ဘာမှမပြောရသေးခင် စောမည သူငယ်ချင်းဆရာဝန်က ဆောင်းအဖေအခြေအနေကို အသေးစိတ် သေချာစစ်ဆေးသည်။

"လူနာအခြေအနေက အတိအကျ ပြောလို့မရသေးဘူးဆိုတော့ စောင့်ကြည့်နေရမှာပဲ၊ စိတ်ချရတဲ့ အနေအထားရောက်ပြီဆိုရင်တော့ ရန်ကုန်ဆေးရုံကြီးကို လွှဲပေးလို့ရမယ်"

"လူနာသတိရတဲ့အချိန်ကို အရင်ဆုံး စောင့်ကြည့်လိုက်ကြရ





အောင်"

"ဟုတ်ကဲ့ ဆရာ"

ဆောင်းက လူနာရှင်ဆိုတော့ ဆရာဝန်က ဆောင်းကိုကြည့်၍ ဦးတည်ပြောနေခြင်း ဖြစ်သည်။

"ခေါင်မျိုးမေ အခြေအနေကရော သီဟ"

"သူက အခြေအနေကောင်းပါတယ်၊ ကျိုးသွားတဲ့ခြေထောက် ပြန်ကောင်းလာအောင် စောင့်ရုံပဲ။ သူ့ကိုတော့ မင်းတို့ပြန်ရင် ခေါ်ချင်ရင် ခေါ်သွားလို့ရတယ်"

စောမညက သူ့သူငယ်ချင်း ဆရာဝန်စကားအဆုံးမှာ ဆောင်းမျက်နှာကို ဘယ်လိုလဲဆိုသည့် သဘောနှင့်တစ်ချက် လှမ်းကြည့်သည်။ ဆောင်းက မိထွေးအတွက် စိတ်မပူ။ ဆောင်းရင်ပူနေရတာက ဆောင်း အဖေဆိုတော့ သူတို့စကားကို စိတ်မဝင်စား။ အဖေသာ တစ်ခုခုဖြစ် သွားရင်ဆိုသည့်အတွေးနှင့် ရင်မောနေသည်။

"သင့်ခ်ယူး··· သီဟ"

"မင်းမပြန်ခင် ငါ့ဆီလာဦး စောမည"

"အေးပါ"

ဆရာဝန်သီဟဆိုသူက စောမညနှင့် ဆောင်းကိုတစ်လှည့်စီ ကြည့်ပြီး ဆောင်းတို့နားက ထွက်သွားသည်။ သူ့မျက်နှာမှာ ဆောင်းကို စိတ်ဝင်တစားရှိနေခြင်းကို မဖုံးကွယ်နိုင်မဖိနိုင်ဖြစ်နေ၏။ ဆောင်းကတော့ ကိုယ့်အပူ ကိုယ့်သောကနှင့် ဘာကိုမှ ဂရုမစိုက်မိ။ လူမမာနှင့် ဤဆေးရုံမှာ ဘယ်လို ဆက်စခန်းသွားရမှန်းမသိ ဖြစ်နေ၏။

"ဆောင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ဒီမှာ"

"ဘာလဲ"

စောမညသူ့လက်ထဲမှာ ရှိနေဆဲဖြစ်သည့် ကော်ဖီနှင့်မုန့်၊ ဆေးထုပ်တို့ကို ဆောင်းမြင်အောင် မြှောက်ပြတော့ ဆောင်းလှမ်းယူလိုက်သည်။

"စားစရာရှိတာစား၊ သောက်စရာရှိတာသောက် ပြီးမှ ကျန်တာ ဆက်စဉ်းစား ဟုတ်လား"

"ဘာမှ မစဉ်းစားနိုင်ပါဘူးဗျာ၊ ဒီမှာ ဆောင်း အသိမိတ်ဆွေလည်း တစ်ယောက်မှရှိတာ မဟုတ်ဘူး၊ စိတ်ညစ်တယ်ဗျာ"

"ကိုယ်ရှိနေတာပဲ"

"ခင်ဗျားက သူစိမ်းလေ"

"ဆောင်းမိတ်ဆွေပါ"

"အာ… ဘယ်တုန်းက ခင်ဗျားနဲ့ဆောင်း မိတ်ဆွေဖြစ်ဖူးလို့လဲ"

ဆောင်းထံမှ သဘောမကျသလိုလေးဆိုလိုက်တော့ စောမည သဲ့သဲ့ရယ်မိသည်။ ဒါကိုပဲ ဆောင်းက သူ့ကိုမသင်္ကာသလို ကြည့်သေးသည်။

"မိုးတွေသည်းနေတုန်းက ဆောင်းနဲ့ကိုယ် မိတ်ဆွေဖြစ်သွားတာ၊ အရင်က ဆောင်းနဲ့ကိုယ် မသိဘူး၊ အခုဆောင်းနဲ့ကိုယ် သိသွားပြီးဆိုတော့ မိတ်ဆွေတွေဖြစ်သွားပြီ မဟုတ်ဘူးလား"

"မဟုတ်သေးပါဘူးဗျာ"

"ဟုတ်လိုက်ပါကွာ၊ ကိုယ့်ကို ဆောင်း မခင်ချင်ဘူးလား"





"ဟင့်အင်း"

သူ့အမေးကို ဆောင်းချက်ချင်း ခေါင်းခါငြင်းလိုက်တော့ စောမညက ရယ်သည်။

"ခင်ဗျား ဘာရယ်တာလဲ"

"သြော်… ဆောင်း မခင်ချင်လောက်အောင် ကိုယ်က အရုပ်ဆိုး အကျည်းတန်နေတာလား"

"ခင်ဗျားကို ရုပ်ဆိုးတယ်လို့ ဘယ်သူက ပြောလို့လဲ"

"တကယ် ရုပ်မဆိုးဘူးလား"

"မသိဘူးဗျာ စိတ်ညစ်ပါတယ်ဆိုမှ အရေးထဲ ဘာတွေလာမေး နေမှန်း မသိဘူး"

ဆောင်း တကယ် စိတ်ညစ်နေတာကြည့်ပြီး စောမညရင်ထဲက ချစ်ခြင်းတို့ကို တိတ်တဆိတ် သိုဝှက်သိမ်းဆည်းလိုက်သည်။ အခုချိန်မှာ ဆောင်းအနား မားမားမတ်မတ် ရပ်ပေးနိုင်မည့်သူဆို၍ စောမည တစ်ယောက်တည်း ရှိသည်။

ဆောင်းဘဝအနေအထား။

ဆောင်း ရင်ဆိုင်ကြုံတွေ့နေရသလို ပြဿနာအားလုံး တစ်ခဏအတွင်း ခြုံငုံသဘောပေါက်ထားပြီးဖြစ်၍ ဆောင်း လိုအပ်တာမှန်သမျှ သူ့ဘက်က ဘာတစ်ခုမှ မကျန်အောင် လိုက်လျောဖြည့်ဆည်းပေးချင်နေသည့် စိတ်ဆန္ဒက စောမညရင်ဘတ်ကြီးနှင့် မဆန့်အောင် ပြည့်သိပ်နေသည်။

သူ့ဆန္ဒတွေကို ဆောင်း သိ၍မဖြစ်။

ဆောင်း မာနကြီးတာ၊ သူနဲ့ပတ်သက်ပြီး သီးသီးသန့်သန့်



www.burmeseclassic.com

www.burmeseclassic.com



နေချင်တာအားလုံး စောမည သိသည်။ သူ့ အကူအညီပေးပါရစေလို့ ဆောင်း မသိအောင် သူဖြစ်ချင်တာဖြစ်အောင်လုပ်ရန်မှတစ်ပါး တခြား မရှိ။ ဒါက စောမည အတွေးပါ။

ဆောင်းအတွေးကတော့ စောမည်ဆိုသည့်လူနှင့် မလိုအပ်ဘဲ တဖြည်းဖြည်း ပိုရင်းနှီးလာရတာကို မုန်းနေမိသည်။ ဆောင်းဘဝ အစစ်အမှန်ကို ဒီလူမသိလျှင် ဆောင်းလည်း စောမည်ဆိုသည့်လူကို တကယ့် ယောကျ်ားလေးတစ်ယောက်ပုံစံအပြည့်နဲ့ ပြန်ခင်ချစ်ခင်မိမှာပါ။ အခု သူ့ကို ဆောင်း မခင်ချင်တာ သူနဲ့မပတ်သက်ချင်တာ ဆောင်း ဖွင့်မပြောရဘဲ သူက ဆောင်းဆိုတာ ယောကျ်ားလေးအစစ်အမှန် မဟုတ်ဘဲ မိန်းကလေးတစ်ယောက်ဆိုတာ သိထားသူအဖြစ် ဆောင်း နား ရောက်နေရတာကို မကျေနပ်သလို သဘောလည်း မကျနိုင်ဖြစ် နေသည်။

"ဆောင်းဆိုတာရှိလား"

"ရှိတယ်"

"ဒီမှာ လူနာ သတိရလာပြီ"

"ဟုတ်ကဲ့… ဟုတ်ကဲ့၊ လာပါပြီ"

တာဝန်ကျဆရာမစကားအဆုံးမှာ အဖေ့ထံ ဆောင်း ရောက် သွားသည်။

"အဖေ"

"ဆောင်း"

"အားလုံးကို မှတ်မိတယ်နော်"

"အင်း"





"အဖေ ခေါင်းမူးသေးလား"

"ဟင့်အင်း"

ဒီလောက်ဆို အဖေ့အခြေအနေက မဆိုး။

ရုပ်ရှင်တွေထဲကလို အဖေများ အတိတ်မေ့သွားမလား ဆိုတာမျိုး တွေးပူစရာမလိုတော့။

"ခင်မျိုးမေရော"

"ဟိုဘက်အခန်းမှာ ခြေထောက်ကျိုးသွားတာကလွဲရင် အား လုံးကောင်းတယ်"

အဖေသိချင်သည့်အဖြေကို ဆောင်းဘက်က ပြည့်စုံအောင် ဖြေ ပေးလိုက်၍ ကျေနပ်သွားဟန်ဖြင့် ငြိမ်သွားသည်။

"ဟိုတစ်ယောက်က ဘယ်သူလဲ"

"ဗျာ"

"မင်းနားကကောင်ကို မေးတာ"

ဆောင်းလှည့်ကြည့်လိုက်တော့ ဆောင်းနားမှာ မားမားကြီး ရပ် နေသည့် စောမည်ကို တွေ့လိုက်ရ၍ ဘာပြန်ပြောရမှန်းမသိဖြစ်နေ ခိုက်မှာ စောမည်က သူ့ကိုယ်သူ အဖေနှင့် မိတ်ဆက်ပြီးသားဖြစ်နေ သည်။

"ကျွန်တော်က စောမည်ပါ၊ ဆောင်းမိတ်ဆွေပါ"

"အရင်က မင်းကို မမြင်ဖူးပါဘူး"

"ဆောင်းက အိမ်လာမလည်ရဘူးဆိုလို့ပါ"

စောမည အဖြေစကားကြောင့် ဆောင်းထံ ဖျတ်ခနဲရောက်လာ သည့် အဖေ့အကြည့်တွေထဲမှာ မေးခွန်းတွေ အများကြီးပါလာခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း သိသည်။

ဒီလူကလည်း အဖေ့ကို အမှန်အတိုင်းမပြောဘဲ ဘာတွေလျှောက်ပြောနေမှန်းမသိဟုတွေးရင်း အနားက စောမည့ကို ဒေါသဖြစ်နေသည်။

“ဆောင်းတို့ခင်တာ မကြာသေးလို့ပါ အဖေ”

ဆောင်းအဖြေက အမှန်တရားဖြစ်ပေမယ့် အဖေက ဆောင်းအဖြေကို မကြားသလိုလုပ်ပြီး စောမည့ကို လှမ်းကြည့်သည်။ ဆောင်းတို့သားအဖနှစ်ယောက်ကြားမှာ ဘာလျှို့ဝှက်မှုမှ မရှိ။ ဆောင်းမှာရှိသည့် မိတ်ဆွေအပေါင်းအသင်းအားလုံး အဖေ မသိသူမရှိသလို ဆောင်းဘော်ဒါတွေကလည်း အဖေ့ကို သိကြသူတွေချည်း ဖြစ်သည်။

စောမည့ဆိုသည့်လူက အဖေ့အတွက် အသစ်အဆန်းဖြစ်နေသလို သူပြောသည့်စကားကလည်း ဦးရန်ရှင်းနားထဲမှာ ထူးဆန်းနေ၏။

“ဆောင်းက အိမ်လာမလည်ရဘူးဆိုလို့ပါ” သတဲ့။

ဒါက ဘာလဲဆိုတာ ဦးရန်ရှင်းကိုယ်တိုင် ငယ်ရာက ကြီးလာတဲ့လူပဲ။

ဒီလောက်တော့ သဘောပေါက်ပါသည်။

နားလည်ပါသည်။

တစ်သက်လုံး ပွင့်လင်းခဲ့သည့် သူတို့သားအဖ နှစ်ယောက်ကြားမှာ လျှို့ဝှက်မှုတွေ ရှိလာပြီဆိုကတည်းက ဒါမရိုးသားမှုကလွဲပြီး တခြား ဘာမှမရှိ။

နောက်တစ်ခုက ဆောင်းကိုကြည့်သည့် စောမည့၏အကြည့်အပြောတွေက ယောကျ်ားချင်းဖြစ်၍ နားလည်သည်။

“မင်းက ဘာလုပ်လဲ”





“အဖေ့”

ဆောင်းက လူနာခုတင်ပေါ်က ပက်လက်အနေအထားနှင့် စောမည့ကို အင်တာဗျူးနေသည့် အဖေ့ကို လှမ်းတားလိုက်သည်။ သူ ဘာလုပ်လဲဆိုတာ ဆောင်းကိုယ်တိုင်လည်း မသိ။ သိစရာလည်း မလိုအပ်ဟုထင်သည်။

“ကျွန်တော် ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ပါတယ်ဦး”

“ဘာအလုပ်လဲ”

“မန်နေဂျာ”

စောမည့က သူ့ဘဝအမှန်ကို မပြော။ ပါးစပ်ထဲတွေ့ရာ ပြောလိုက်တော့ ဦးရန်ရှင်း မျက်စိမှိတ်၍ ပြန်ငြိမ်သွားသည်။ စောမည့ကတော့ သမီးရှင်ဖြစ်သော ဦးရန်ရှင်းသဘောကို စာနာနားလည်စိတ်နှင့် သူ့သမီးအတွက် စိတ်မချဖြစ်နေဟန်ကို သဘောပေါက်စွာ စိတ်ရှုပ်ထွေးသည့် အမူအယာနှင့် ငြိမ်နေသော ဆောင်းရှိရာကို တစ်ချက် လှမ်းကြည့်သည်။

ဆောင်းက သူ့ကို မကြည့်။

သူ့အဖေမျက်နှာကို စိုက်ကြည့်ပြီး တစ်စုံတစ်ခုကို အလေးအနက်တွေးစားနေဟန်ဖြင့် ငြိမ်နေသည်။ ဆောင်းအတွေးထဲ လူမမာနှစ်ယောက်နှင့်သူမ လျှောက်လှမ်းရမည့် ဘဝခရီးဖြစ်သည်။ လူမမာပြုစုမည့်သူ အသက်ရှင်နေရေးအတွက် ငွေရှာမည့်သူ ဆောင်းမှလွဲ၍ တခြားမရှိ။

လက်ရှိမှာ ဆောင်းကိုယ်တိုင်က အလုပ်လက်မဲ့ဆိုတော့ ပိုဆိုးသည်။ ဆောင်း ဒုက္ခကို ဘယ်သူ ကူညီကယ်တင်မည်နည်း။

“ဆောင်း”



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ… ဆရာဝန် လာနေပြီ"

ဒီတစ်ခါ ဆောင်းတို့နား ရောက်လာသည့် ဆရာဝန်က စောမည သူငယ်ချင်းဆိုသည့် ဆရာဝန် မဟုတ်တော့။ တခြားတစ်ယောက်ဖြစ်သည်။ လူနာမှတ်တမ်းကိုဖတ်ပြီး လူနာအခြေအနေကို သေချာစစ်ဆေးသည်။

"လူနာအခြေအနေက စိတ်ချရပါပြီ၊ အသက်အန္တရာယ် စိုးရိမ်စရာ မရှိတော့ပါဘူး။ လူနာကို ပြန်ခေါ်ချင်တယ်ဆိုရင် ခေါ်လို့ရပါပြီ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

ဆောင်းက ပြောခြင်း မဟုတ်ပါ။

ဆောင်းကိုယ်စား စောမည်က ပြောခြင်းဖြစ်သည်။ ပြောသည့်လူက လွယ်လွယ်လေး။ ခေါ်သွားနိုင်ပါပြီဆိုတာနှင့် ပြီးသွားပေမယ့် လူမမာနှစ်ယောက်ရဲ့ နောက်ဆက်တွဲပြဿနာက ဆောင်းကို မလှုပ်နိုင်အောင် တုပ်နှောင်ပြီးသားဖြစ်သွား၍ ဆောင်းတစ်ယောက် နေရာမရွေ့။

ကျောက်ရုပ်ချထားသလို ငူငူကြီး ရပ်ပြီး ရှိသမျှအကြံကုန်ပြီး သူ ဘာလုပ်နိုင်လဲဆိုတာ အပြေးအလွှား စဉ်းစားရသည်။ ကိစ္စက ထင်သလောက်မလွယ်။

"ကိုယ် အပြင်ခဏသွားဦးမယ် ဆောင်း"

ဆောင်း စိတ်ညစ်နေတုန်း စောမည်ဆိုသည့်လူက ဆောင်းကို ထားပြီး ထွက်သွားသည်။ ဒီတော့မှ သားအဖနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး လွတ်လွတ်လပ်လပ် စကားပြောခွင့်ရသွားသည်။





"အဖေ"

"မင်း ဘာမှမပြောနဲ့ ဆောင်း၊ အဖေခိုင်းတာပဲလုပ်၊ ခင်မျိုးမေ အဒေါ်ဆီကို ဖုန်းဆက်ပြီး သူ့တူမကို လာခေါ်ခိုင်းလိုက်"

"ဖြစ်ပါ့မလား"

"ဘာလို့မဖြစ်ရမှာလဲ၊ လူမမာက တစ်ယောက်တည်း မဟုတ်ဘူးကွ၊ နှစ်ယောက်၊ မင်းတစ်ယောက်နဲ့ ဘယ်လိုစခန်းသွားမှာလဲ"

"အခု ဖုန်းဆက်လိုက်၊ ကြာပါတယ်၊ ဘယ်မလဲ မင်းဖုန်း၊ အဖေ့ဘာသာ ဆက်လိုက်မယ်"

"ဖုန်းပျောက်သွားပြီ"

"ဘာရွ"

"ဖုန်းတစ်လုံးလုံး ပျောက်ရအောင် မင်းက ကလေးလား"

အဖေ ဒေါသထွက်သွားတာကို ဆောင်းသိပေမယ့် အသာငြိမ်နေလိုက်သည်။ မငြိမ်လို့လည်း မဖြစ်။ ဆောင်းဘာကြောင့် ဖုန်းပျောက်သွားရတာလဲဆိုတာ အဖေသိရင် ရောဂါပိုတက်သွားမှာ သေချာသည်။

"ဖုန်းကိစ္စက ထားလိုက်ပါ၊ ပြန်လျှောက်လို့ရပါတယ်၊ အဖေ့ခင်မျိုးမေအိမ်က ဖုန်းကိုသာပြော၊ ဆောင်းသွားဆက်လိုက်မယ်"

အဖေက ဖုန်းနံပါတ်တစ်ခု ရွတ်ပြသည်။ ဆောင်းလိုက်မှတ်ပြီး ဖုန်းဆက်ရန် ထွက်ခဲ့သည်။ ဆေးရုံအပြင်ဘက်မှာ စောမည်ဆိုသည့်လူကို မတွေ့။ သူ့ကားကြီး ရပ်ထားတာကြည့်ပြီး လမ်းဘေးမှ ဖုန်းဆိုင်ကပဲ ခင်မျိုးမေ အဒေါ်အိမ်ကို ဖုန်းလှမ်းဆက်သည်။

ဖုန်းလာကိုင်သူက အဘွားကြီးတစ်ယောက်။

"ဒေါ်ခင်မျိုးမေ ကားမှောက်ပြီး လှည်းကူးဆေးရုံ ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



လို့ပါ''

''ဟဲ့… ဘာတွေဖြစ်ကုန်တာလဲ၊ လူရော ဘာဖြစ်သွားသေးလဲ''

''ခြေထောက်ကျိုးသွားတာကလွဲရင် ကျန်တာအားလုံးကောင်းပါတယ်။ အခုဆေးရုံမှာ ရောက်နေလို့ လာခေါ်ပါ''

''နေစမ်းပါဦး၊ ငါတို့ကို လာခေါ်ပါဆိုတော့ သူ့ယောကျ်ားကရော''

''ဒဏ်ရာပြင်းလို့ အရေးပေါ်အခန်းမှာပါ''

''အလိုလေး… ကြားရတာ ရင်တုန်စရာပါလား၊ အေး… ငါတို့ အခုလာခဲ့မယ်လို့ ပြောလိုက်''

ဆောင်း လက်ထဲကဖုန်းကို အရင်ဦးအောင် ချလိုက်သည်။ တစ်ခုတော့ စိတ်အေးရပြီဟုတွေးပြီး ဆောင်းရင်ထဲ ဒေါခင်မျိုးမေကိစ္စ နည်းနည်းတော့ ပေါ့သွားသည်။

''ဆောင်း''

ခေါ်သံကြားလို့ လှည့်ကြည့်လိုက်တော့ စောမညဆိုသည့်လူ ဘယ်အချိန်က ဆောင်းနား ရောက်နေမှန်း မသိ။

''ကိုယ်ဗိုက်ဆာလို့ တစ်ခုခု သွားစားရအောင်''

''ခင်ဗျားဘာသာ သွားစားပါ၊ ဆောင်း ဗိုက်မဆာဘူး''

ခပ်ပြတ်ပြတ်လေး ငြင်းလိုက်မိပြီးမှ ဒီလူ့ကျေးဇူးတွေ ဆောင်းမှာ ရှိနေပါလားဟု ပြန်တွေးမိသွားကာ နည်းနည်း အားနာသွားသည်။

''ဗိုက်မဆာလည်း လိုက်ခဲ့ပါ၊ ကိုယ်တစ်ယောက်တည်း မသွားချင်လို့''





''အဝေးကြီးသွားလို့တော့ မဖြစ်ဘူးနော်''

''ကိုယ်သိပါတယ်၊ လာ… ကားပေါ်တက်''

သူ့ကားပေါ် မတက်ချင်ဘဲ တက်လိုက်ရသည်။

တစ်ချိန်လုံး ဆောင်းနောက်လှည့်နေတာနှင့် သူ ဘာမှမစားရသေးတာ ဆောင်း အခုမှ သတိရသည်။ စိတ်ထဲမှာလည်း သူ့ကားနှင့်လှည်းကူးရောက်အောင် အလကားစီးလာတာဆိုတော့ သူ့ထမင်းဖိုးရှင်းပေးသင့်ကြောင်း တွေးလာသည်။

တစ်ပြိုင်နက်ထဲမှာလည်း ရှိသမျှ ငွေလေး အကုန်သုံးပြီးရင် အဖေ့ကို အိမ်အရောက် ပြန်ခေါ်ရမည့်ခရီးစရိတ်အကြောင်း တွေးကာ ရင်လေးသွားသည်။

''စိတ်ညစ်နေလား ဆောင်း''

''ဆောင်းနေရာ ခင်ဗျား ဝင်ခံစားကြည့်ပါလား''

ဆောင်းအသံက စိတ်ရှုပ်သံ။

ပြောပြီးမှ စောမညဆိုသည့်လူကို အားနာသွားသည်။

တကယ်ဆို ဆောင်းကိစ္စက သူနဲ့ဆိုင်တာလည်း မဟုတ်။ ဆောင်းကို အကူအညီပေးနေသူကို ဒေါသထွက်မိတာ ဆောင်း အလွန်သာ။

''ဆောရီးဗျာ၊ ဆောင်း စိတ်ညစ်နေလို့''

''ကိုယ် နားလည်ပါတယ်၊ ဆောင်းရင်ထဲ ဘယ်လိုခံစားနေရဆိုတာလည်း ကိုယ်သိတယ်''

''ဆောင်းနားမှာ ကိုယ်ရှိတယ်၊ စိတ်မညစ်ပါနဲ့''

''ပြောပြန်ပြီ ဒီစကား''



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ၊ ဆောင်း မကြိုက်ဘူးလား"

"မကြိုက်ဘူး မပြောနဲ့"

"ဟောဗျာ… အဟွန်း… ဟွန်း"

ဒေါသဖြစ်နေသည့် ဆောင်းမျက်နှာလေးကို ကြည့်၍ သဘောကျစွာ ရယ်လိုက်သည်။

"ကိုယ်က ရိုးရိုးသားသား ပြောတာပါဗျာ"

"ဆန်းဆန်းပြောလို့ရော ရမလား၊ ဆောင်းအကြောင်းသိသွားမယ်"

"ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ"

ဆောင်းအလိုလိုက်ပြီး ပြောလိုက်ရပေမယ့် စောမည မျက်နှာပေါ်အပြုံးက လျော့မသွား။ သူ့စကားကြောင့် ဒေါသဖြစ်နေသည့် ဆောင်းမျက်နှာလှလှလေးကို မျက်လုံးလက်လက်တွေနှင့် စောမည တစ်ချက်နိုးကြည့်လိုက်တော့ ရင်ထဲနွေးသွားသည်။

"ရှေ့နားက ထမင်းဆိုင်မှာ ရပ်လိုက်မယ်၊ ရမလားဆောင်း"

"ခင်ဗျားဘာသာ ကြိုက်တာလုပ်"

"ကျိုး"

ရှေ့ဆက်ပြောရင် ဆောင်းဒေါသကို ပိုဆွပေးသလို ဖြစ်နေမှာစိုးတာနှင့် သန့်ရှင်းသပ်ရပ်သည့် ဆိုင်ရှေ့မှာ သူ့ကားကို ထိုးရပ်လိုက်သည်။ စောမည ကားပေါ်ကဆင်းတော့ ဆောင်းပါသူနဲ့အတူ လိုက်လာသည်။

"ဆောင်း… ဘာစားမလဲ၊ မှာလေ"

"ဘာမှမစားဘူး"





"အစာမရှိလို့ ဘယ်ဖြစ်မလဲ၊ မြူးစွယ်ဖြစ်ဖြစ်သောက်ထားမှဖြစ်မှာ၊ ဆောင်းကိုယ်တိုင် လဲသွားရင် လူမမာတွေကို ဘယ်သူတာဝန်ယူ ပြုစုမှာလဲ"

"ကိုယ်မှာလိုက်မယ်နော်"

မမှာနဲ့လို့ ဆောင်း ပြောမနေတော့ပါ။

သူပြောတာမှန်နေ၍ အသာငြိမ်နေလိုက်သည်။

စောမညက ဆောင်းအတွက် မြူးစွမ်တစ်ပွဲ၊ သူ့အတွက် ထမင်းဖြူနှင့် ဘဲပေါင်းနှင့် အသီးအရွက်တစ်ပွဲ မှာသည်။

"စားလေ ဆောင်း"

"ခင်ဗျားဘာသာ စားပါ"

ဆောင်းက စောမညယူပေးသော ဇွန်းကိုဆွဲယူလိုက်ပြီး မြူးစွမ်ပန်းကန်အား သူ့ဘက် ဆွဲယူလိုက်သည်။ ထို့နောက် ဘာစကားမှမပြောဖြစ်တော့။ တိတ်ဆိတ်စွာ ကိုယ်စီ စားသောက်နေကြသည်။

ဆောင်းမကြည့်ဘဲ မြင်နေရသည်က စောမည၏ လှုပ်ရှားမှုဖြစ်သည်။ ဇွန်း၊ ခက်ရင်းကိုင်ပုံက အထက်တန်းကျလှပသည်။ စားသောက်ပုံက သေသေသပ်သပ် လှလှပပ။ ဘာတစ်ခုမှ အဖိတ်အစင်အပေအရေ မရှိ။ ဆောင်းကမှ အစားအသောက်စားလျှင် အဖိတ်အစင်အပေအရေ ရှိသေးသည်။ အားမကျခံစိတ်နှင့် သူ့လိုပုံစံ အတုယူပြီးလိုက်စားသည်။

"နေဦး"

"ဘာလဲ"

ဆောင်း စားလက်စအားရပ်ပြီး စောမညကို ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စောမညက ဆောင်းမျက်နှာကိုကြည့်ပြီး သူ့နှုတ်ခမ်းကို လက်နှင့် ထောက်ပြသည်။

''ဒီမှာ ဆောင်းမျက်နှာမှာ ပေနေပြီ''

သူ့စကားကြောင့် ဆောင်းမျက်နှာ ရဲခနဲဖြစ်သွားသည်။ တစ်သျှူးကိုဆွဲယူပြီး ဆောင်းနှုတ်ခမ်းတစ်ဝိုက်ကို ပွတ်သုတ်လိုက်သည်။

''မဟုတ်ဘူး၊ ကိုယ်လုပ်ပေးမယ်''

ပြောတာကမှ နောက်ကျနေသေးသည်။ စောမညလက်တစ်ဖက်က ဆောင်း၏ပါးပြင်ကို အသာလာထိသည်။

''ရပြီ... ဒီမှာ''

ဆောင်းလှမ်းကြည့်လိုက်တော့ စောမညလက်ထဲမှာ တစ်သျှူးစလေးတစ်စ။ ဆောင်းမှာ စောမညကို စိတ်ဆိုးရအခက်၊ ဒေါသဖြစ်ရအခက်နှင့် စားလက်စတူကို လက်ထဲက ပစ်ချလိုက်သည်။

''တော်ပြီလား''

''အင်း''

''ကော်ဖီ သောက်ဦးမလား''

''မသောက်တော့ဘူး''

''ဒါဆို ကိုယ့်ကို ခဏစောင့်၊ ကိုယ် ကော်ဖီသောက်လိုက်ဦးမယ်''

ဆောင်းစိတ်ထဲက သူမတို့စားသည့် အစားအသောက်စာရင်းကို တွက်နေမိသည်။ ဒီလောက်တော့ ဆောင်းမှာ တာဝန်ရှိသည်။ စောမည ကော်ဖီသောက်ပြီးသည့်အချိန်ကို စောင့်ပြီးမှ စားပွဲထိုးလေးကို လှမ်းခေါ်လိုက်သည်။





''ဘယ်လောက်ကျလဲ''

''ရှစ်ထောင်''

''ဆောင်း ဘာလုပ်မလို့လဲ''

''ဒီလောက်တော့ ဆောင်း တတ်နိုင်ပါသေးတယ်''

ငွေထုတ်ရှင်းနေသည့် ဆောင်းကို စောမည ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။

ကားဆေးရောက်သည်အထိ မည်သူမျှ စကားမပြော။ ရုတ်တရက် စောမညဖုန်းမှ အသံမြည်လာသည်။

''ဟုတ်ပြီလေ၊ ကိုယ်တို့ အခုလာနေပြီ''

''ရတယ် နောက်က လိုက်သွားလိုက်မယ်''

''သင့်ခ်ယူး... သီဟ''

ဖုန်းကိုပိတ်ပြီး စောမညကား လာလမ်းအတိုင်း ဖြည်းဖြည်းချင်း မောင်းသွားသည်။ စောမညပြောနေသည့် စကားတွေကို နားမလည်ဘဲနှင့် သီဟဆိုတာ စောမည သူငယ်ချင်း ဒေါက်တာမှန်း သိလိုက်သည်။ ကားကို ဆေးရုံအတွင်းသို့ ချိုးကွေ့အဝင်မှာ ဒေါ်ခင်မျိုးမေအဒေါ်ကြီး စီးလာသည့်ကားကို တွေ့လိုက်ရသည်။ အဘွားကြီးက ဆောင်းကို မမြင်။ သူတို့ကားက ဆောင်းစီးလာသည့် စောမညကားကို ကျော်တက်သွားပြီး ဆေးရုံအဝင်ပေါက်မှာ ရပ်လိုက်သည်။

ဆောင်း ကြည့်နေဆဲမှာပင် ဒေါ်ခင်မျိုးမေ အဒေါ်ကြီးနှင့် အဖော်နှစ်ယောက် ဆေးရုံထဲ ဝင်သွားသည်။ စောမည ကားရပ်သည်နှင့် ဆောင်း ဆင်းပြီး ဆေးရုံထဲ ဝင်ခဲ့သည်။ အဖေ့ ခုတင်နားရောက်တော့ ဆောင်းအဖေကို မတွေ့ရတော့။ ရင်ထဲ ဒိန်းခနဲ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ… ဒီက လူနာရော"

အနားမှာရှိနေသည့် ဆရာမလေးကို ဆောင်း မေးလိုက်သည်။

"ခေါ်သွားပြီလေ"

"ဟင်"

"ဘယ်ကို ခေါ်သွားတာလဲ"

"ရန်ကုန်ဆေးရုံကြီးကိုလေ"

"ဗျာ…"

"သူ့ကို ဘယ်သူက ခေါ်နိုင်းလို့လဲ"

"ဦးရန်ရှင်းမိသားစုကလေ၊ ရှင်က သူနဲ့ ဘာတော်လဲ"

"သူက ဆောင်းအဖေ"

"ဆောင်း"

ဆောင်းလှည့်ကြည့်လိုက်တော့ စောမည။

"ကိုယ့်သူငယ်ချင်း သီဟာအကူအညီနဲ့ ဦးလေးကို ရန်ကုန်ဆေးရုံကြီးခေါ်သွားပြီဆောင်း"

"ဆောင်းလဲ ဘာမှမသိရပါလား"

"ဆောင်းသိရင် တားနေမှာစိုးလို့"

"လာ… ကိုယ်တို့ ဦးလေးကားနောက် လိုက်ကြမယ်"

"ခင်ဗျား သိလို့လား"

"သိတယ်"

စောမညကားနှင့် ဆေးရုံမှ ပြန်ထွက်ခဲ့သည်။ ဆောင်းစိတ်ထဲမှာတော့ ဘာကိုမှ နားမလည်နိုင်အောင် ဖြစ်နေသည်။

ကားမောင်းနေသည့် စောမညမျက်နှာကို ဆောင်းကြည့်လိုက်





သည်။

ဒီလူ ဆောင်းမသိအောင် ဘာတွေလုပ်နေတာလဲ။

"ကိုယ်က ဆောင်းကို ကူညီချင်လို့ပါ"

"ဆောင်းကိုတော့ ခင်ဗျား အသိပေးသင့်တယ်"

"ကိုယ့်ကို ဆောင်း စိတ်ဆိုးလား"

"စိတ်ဆိုးတယ်ဆိုတာ မိန်းမတွေအလုပ်ဗျ၊ ခင်ဗျားကို ဆောင်း စိတ်မဆိုးဘူး၊ ဒေါသဖြစ်နေတာ"

"ဟိုမှာ ဆေးရုံကား"

အနီရောင်မီးလေး လည်နေသော ဆေးရုံကားကို တွေ့လိုက်ရ၍ ဆောင်း ပါးစပ်ပိတ်သွားသည်။ အဖေ့အတွက် စိုးရိမ်စိတ်က ဆောင်းရင်းကို ဝင်ဆောင့်သည်။

"ဆေးရုံကားကို ရပ်နိုင်းလို့ရမလား"

"ရတယ်"

စောမညကား ဝေါခနဲ ပြေးထွက်သွားသည်။

ဖုန်းနံပါတ်တစ်ခုကို နှိပ်လိုက်သည်။

"ဟော့… သီဟ၊ ငါပါ"

"ဆေးရုံကား ခဏရပ်နိုင်းလိုက်ပေးပါဦး"

သိပ်မကြာလိုက်။

ရှေ့မှသွားနေသော ဆေးရုံကား ရပ်သွားသည်။

"ဦးစောမည… ခင်ဗျားကားကို ရပ်လိုက်၊ ဆောင်း ဟိုကားနဲ့ပဲ လိုက်သွားတော့မယ်"

"ဆောင်း"



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းက လှည့်မကြည့်တော့။ ရပ်ထားသည့် ဆေးရုံကားရှိရာ ပြေးထွက်သွားသည်။

''အဖေ… နေကောင်းတယ်နော်''

ဆောင်းအသံကြောင့် ဦးရန်ရှင်း မျက်လုံးဖွင့်ကြည့်သည်။ ဆောင်းကိုမြင်တော့ ခေါင်းညိတ်ပြသည်။

''အဖေ့အတွက် စိတ်မပူနဲ့၊ အဖေ ဘာမှမဖြစ်ဘူး''

''ဆောင်း အဖေ့နားမှာပဲ နေချင်တယ်''

''ကျွန်တော် ဦးလေးတို့ကားနောက်က လိုက်ခဲ့မယ်၊ ဦးလေးနဲ့ ဆောင်း ဘာမှအ ားမငယ်နဲ့''

''သင့်ခ်ယူး… ဦးစောမည''

ဆောင်းတို့ကားလေး ထွက်သွားသည်။ ဆောင်းတို့နောက်က လိုက်လာသည့် စောမည့ကားကိုကြည့်ပြီး ဘာမှန်းမသိသော ခံစားချက်ကြောင့် အကြည့်ကိုလွှဲပြီး အဖေ့မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။



## အခန်း (၉)

''မင်းတစ်ယောက်တည်း ထင်ရာလျှောက်လုပ်ပြီးမှ အခုလို လာပြောတော့ ငါက ဘာလုပ်ရမှာလဲ ဆောင်း''

''လုပ်ချင်တာသာလုပ် ဝေလ၊ မင်းကို ဖြစ်မျက်သမျှ အကုန်ပြောပြီးပြီ''

''မင်းပြောတဲ့အချိန်မှာ ဟိုလူက မင်းနားက မခွာတော့ဘူးကွ အခု ဘယ့်နှယ်လုပ်မလဲ''

ဘယ့်နှယ်မှ မလုပ်တတ်။

ဝေလက ဆောင်းကိုကြည့်ပြီး ဒေါသထွက်နေသည့်အတွက် ဆောင်းမှာ ဝေလကို ဒေါသမထွက်နိုင်။ ကိုယ့်ကိုယ်ကိုသာ ကျိတ်ပြီး ဒေါသဖြစ်နေသည်။ အဖေဆေးရုံတင်သည့်ကိစ္စအားလုံး အစအဆုံး ဦးဆောင်သွားသူက စောမည။

အခန်းရွေးတာကအစ၊ အထူးကုဆရာဝန်ကြီးတွေ အပ်တာအဆုံး ဆောင်း ဘာတစ်ခုမှ မလုပ်လိုက်ရ။ အားလုံး စောမည အစီအစဉ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြီးသွားသည်။ အဖေ့ကို အနီးကပ်ပြုစုမည့် စပယ်ရှယ် နာ့စ်မှက နေ့တစ်ယောက်၊ ညတစ်ယောက်။ ငွေဘယ်လောက် ကုန်လဲဆိုတာ ဆောင်း မတွေးရဲ။

အဖေက ဆောင်းမျက်နှာကို လှမ်းလှမ်းကြည့်သည်။ အဖေ့အကြည့်ကို ဆောင်း နားလည်ပေမယ့် ဆောင်းကြုံနေရသည့် ဆောင်း ဒုက္ခကို ဆေးရုံခုတင်ထက်က အဖေ့ကို ပြောမထွက်။ ဆောင်း လက်ထဲမှာ ပိုက်ဆံရှိရင် အဖေ့ကို အခုလိုပုံစံ အနေအထားအတိုင်း ဆေးပစ္စည်းအပြည့်အစုံ၊ လူနာစောင့်ရှောက်မည့်သူ အသင့်အနေအထား။ အခုပုံစံအတိုင်းပဲ လုပ်ပေးဖြစ်မှာပါ။

လောလောဆယ် ဆောင်းလက်ထဲမှာ ပိုက်ဆံတစ်ပြားမှ မရှိပေမယ့် စောမညဆိုသည့်လူကတော့ ငွေကို ငွေလို့မြင်ပုံမရ။ သူ့သဘောနဲ့သူ ဆောင်းအဖေကို အကောင်းဆုံး သမားတော်လက်ထဲအပ်ပြီး အကောင်းဆုံး အခန်းမှာထား အကောင်းဆုံး ဆေးဝါးတွေနှင့် ဆေးကုစေခဲ့ပါပြီ။

စောမညလုပ်သမျှ ဒုက္ခတနေရသူက ဆောင်း။

"ဦးစောမည"

"ကိုယ် သိတယ်ဆောင်း၊ ဒီဆေးရုံပိုင်ရှင်က ကိုယ့်သူငယ်ချင်း အဖေပိုင်တာ၊ ငွေရေးကြေးရေးကိစ္စအတွက် ဘာမှမပူနဲ့"

"ဘာလဲ၊ သူက သူငယ်ချင်းဆိုတာနဲ့ ဆေး အလကားကုပေးမှာလား"

"ဒါပေါ့"

"မဖြစ်နိုင်တာတွေ မပြောနဲ့ဗျာ"





ဆောင်း ရှုံ့ပြောနေတာကို သိရက်နဲ့ သူက အတည်ပေါက်ကြီး ပြန်ပြောတော့ ဆောင်းမျက်နှာမှာ ဒေါသရိပ်က ထင်းခနဲပေါ်လာသည်။

"ကိုယ် တကယ်ပြောနေတာ၊ သူနဲ့ကိုယ်က အချစ်ဆုံးသူငယ်ချင်းတွေ ဆောင်းမယုံရင် ကိုယ့်သူငယ်ချင်းနဲ့ မိတ်ဆက်ပေးမယ်"

"ခင်ဗျားသူငယ်ချင်းဆိုတာ ယုံပါတယ်၊ ဆောင်း အလကားကုပေးမယ်ဆိုတာကို မယုံတာ"

"ကိုယ်တစ်ယောက်လုံးရှိနေတာ ယုံပါ"

"တော်ဗျာ၊ ကလေးအထာတွေ လာလုပ်မနေနဲ့၊ ခင်ဗျား လုပ်ချင်ရာလုပ်နေတာ အရေးမကြီးဘူး၊ ခင်ဗျားကိုပေးဖို့ ဆောင်းလက်ထဲမှာ ပိုက်ဆံ မရှိဘူးဗျာ"

"အကြွေးမှတ်ထားလေ၊ နောက်မှပေးလည်း ရတယ်"

"လူတိုင်းအပေါ် ခင်ဗျားဒီလိုပဲ သဘောကောင်းနေတာပဲလား"

"မဟုတ်ဘူး ဆောင်းတစ်ယောက်တည်းကို"

ဆောင်းမျက်နှာကိုစိုက်ကြည့်ပြီး ဖြေလိုက်သည့် သူ့ထံမှ ဘာလိုလိုစကားကြောင့် ဆောင်းမျက်နှာ ဖြန်းခနဲ ပူနွေးသွားသည်။

"ဆောင်း"

"တော်ပြီဗျာ၊ ခင်ဗျား ဆောင်းကို ဘာမှမပြောနဲ့၊ ဆောင်းသွားတော့မယ်"

စောမညဆိုသည့်လူကို ဆောင်း ထိုထက်မက ပြောချင်ပေမယ့် ပြော၍ မထွက်။ ဆောင်းကိုကြည့်သည့် သူ့အကြည့်၊ သူ့အပြောတွေကို ဆောင်း မကြိုက်။ အရင်လိုအချိန်၊ အရင်လို အနေအထားနဲ့ ဒီလိုပုံစံမျိုး ဆောင်းကို လာချိုးလို့ကတော့ ဆောင်း ဘာကောင်လဲ



www.burmeseclassic.com

www.burmeseclassic.com



သိသွားအောင် အကြောင်းပြလိုက်မိမှာ ဖြစ်ပေမယ့် အဖေ့အသက်က သူ့လက်ထဲမှာလိုဖြစ်နေတော့ စိတ်ထဲကစကားတွေကို မျိုသိပ်လိုက်ရတာလည်း ရှိသည်။

ဒီလူနဲ့ ဆောင်း ကြာရှည်မဖြစ်တာ ဆောင်း သိသည်။

သိ၍လည်း ဝေလကိုဖြစ်ပျက်သမျှ တစ်လုံးမကျန် ဖွင့်ပြောပြီး ဆောင်း ဘာဆက်လုပ်ရမလဲဆိုတာ ရင်ဖွင့်အကူအညီတောင်းနေပေမယ့် ဝေလမှာ ဘာအကြံဉာဏ်မှမထွက်။ ဆောင်းပေးထားသည့် စောမည ဖိနပ်နှင့် အဝတ်ထုပ်ကြီးကို ဝေလက စောမည့ကို အခုမှ ပေးရသူ ဖြစ်သည်။

"ငါ့အထင်ပြောရရင် မင်းဒေါသမဖြစ်နဲ့နော် ဆောင်း"

ဝေလက ဆောင်းဒေါသကိုသိ၍ ကြိုတင်တောင်းပန်ရသေးသည်။ ဆောင်းဆိုသည့် သတ္တဝါလေးလွယ်တာ မဟုတ်။ သူ စိတ်မထင်ရင် မထင်သလို လုပ်တတ်ပုံက ကြောက်စရာကောင်းသည်။

"ပြောမှာသာ ပြောစမ်းပါ"

ဆောင်းအသံက စိတ်မရှည်သံ။

အခု ဖြစ်ပျက်နေတာတွေ တစ်ခုမှ ဆောင်းမကျေနပ်။

ဒေါသနှင့်ပေါက်ကွဲချင်ပေမယ့် ဆောင်းဒေါသကို ဘယ်သူ့ထံ ပစ်ချပေါက်ကွဲရမှန်းမသိ ဖြစ်နေ၏။

ဝေလက စူပုပ်မှုန်ကုပ်နေသည့် ဆောင်းမျက်နှာကို တစ်ချက် လှမ်းကြည့်သည်။ ရှေးဘဝ ဆုတောင်းကောင်းခဲ့သူဆိုတော့လည်း ဆောင်း မှုန်ကုပ်စူပုပ်နေပုံက စတိုင်တစ်မျိုးနှင့် ချစ်စရာကောင်းအောင် လှနေပြန်တော့လည်း ခက်သည်။





"ငါ့အထင်ပြောရရင် စောမည့ဆိုတဲ့လူက မင်းကိုချစ်နေပြီကွ"

"ဘာ"

"မင်း ဘာစကားပြောတာလဲ၊ သူက ငါ့ကိုချစ်ရအောင် ဆောင်းက..."

စကားက တစ်ဝက်တစ်ပျက်နှင့် ရပ်သွားသည်။ ဆောင်းပြောချင်တာက သူက ဆောင်းကိုချစ်ရအောင် ဆောင်းက မိန်းကလေးမို့လားလို့ မေးချင်တာပါ။ ဒါပေမယ့် ထိုစကားကို ရှေ့ဆက်၍ မဖြစ်။ ဆောင်းမိန်းကလေးဆိုတာ ဝေလ သိသလို စောမည့ဆိုသည့်လူလဲ သိထားပြီးသားဆိုတော့ ဆောင်းဘာမှမပြောနိုင်ဘဲ ပါးစပ် ပိတ်သွားသည်။

ဒါကို ဝေလလည်း သိသည်။

"အေးလေ... ငါကလည်း အဲဒါကိုပြောတာ၊ တချို့ကိစ္စတွေက သိသွားလို့ ဘာမှမဖြစ်တာရှိသလို သိသွားလို့ ပြောင်းလဲသွားတာတွေလည်း ရှိတယ်"

"တော်ပြီ မပြောနဲ့"

"မင်းဒေါသဖြစ်လည်း ငါမြင်နေရတာ ကြားနေရတာကိုတော့ ဆက်ပြောရမှာပဲ ဆောင်း၊ စောမည့ဆိုတဲ့လူရဲ့အကြည့်၊ အပြောတွေက ကာယကံရှင်မပြောနဲ့ ဘေးကလူတောင် သူမင်းကို ဘယ်လောက် ချစ်နေတယ်၊ ဘယ်လောက် မြတ်နိုးနေတယ်ဆိုတာ..."

"ဝေလ... မင်း တော်လို့ပြောနေတယ်"

"ငါက ပြောရုံပဲရှိတယ်၊ ဟိုကမှ မင်းကို..."

"ဟာကွ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ… ကဲ"

"ဝုန်း"

"ဒုန်း"

"ဟိတ်ကောင်… ဆောင်း"

အနားနံရံကို လက်သီးဆောင့်ထိုးလိုက်၍ ဝေလ လန့်သွားပြီး ဆောင်းကို လှမ်းဆွဲပေမယ့် မမီတော့။ ဖြိုတော့မလို ညိုနေသည့် ဆောင်းမျက်နှာလေးကို မြင်ရတော့ ဝေလ သက်ပြင်းရှိုက်လိုက်၏။

"နောက်တစ်ခါ အဲဒီလူအကြောင်း ဆောင်းကို မပြောနဲ့"

"အေးပါ… နောက်မပြောတော့ဘူး"

"လာ… မင်းလက်ဒဏ်ရာကို ဆေးထည့်ရအောင်"

ဆောင်းအကြောင်း သိထားပြီးသားဆိုတော့ ဆောင်းကိုချော့ပြီး ဆောင်းလက်မှာ ပေါက်ပြဲစုတ်ပြတ်သွားသည့် ဒဏ်ရာကို ဝေလ ကိုယ်တိုင် ဆေးထည့်ပေးတော့ ဆောင်း ငြိမ်နေသည်။

"အိမ်ကို ပေါင်လိုက် ဝေလ"

"ဘာလုပ်ဖို့တုန်း"

"ဟိုလူ့အကြွေးတွေ ဆပ်မလို့"

အပြောက လွယ်သည်။

အတိုးက ကြောက်စရာကောင်းသည်။ ငွေရင်း ပြန်မဆပ်နိုင်သည့်ကြားထဲ အတိုးပေါ် အတိုးထပ်ပြီး မဖြစ်စလောက်ငွေလေးနှင့် အကြွေးရှင်ကို အိမ်ထိုးအပ်လိုက်ကြရသူတွေ ကိုယ့်မျက်စိရှေ့မှာတင် ဖြစ်ပျက်နေတာ အများကြီးဖြစ်သည်။

ဆောင်းပြောသလို ဆောင်းအိမ်ကို ပေါင်ပြီး စောမညအကြွေးတွေ





ဆပ်လို့ရသည်။ လက်ရှိမှာ ဘာအလုပ်မှမရှိသော ဆောင်းမှာ ဝင်ငွေမရှိ ဘာမရှိနှင့် သူယူထားသည့်အကြွေးကို ဘယ်လိုဆပ်မည်နည်း။ ဒီကြားထဲ လူမမာအဖေအတွက် ဆေးဖိုးဝါးခ ကုန်စရာတွေက အများကြီးရှိသေးသည်။

"စိတ်လိုက်မာန်ပါ မလုပ်နဲ့ ဆောင်း၊ ကိစ္စတိုင်း ခေါင်းအေးအေးထားပြီး ဆုံးဖြတ်တာ အကောင်းဆုံးလို့ ငါထင်တယ်"

"ငါပြောတဲ့ စကားတွေ လွန်သွားရင် ဆောရီး၊ စောမညဆိုတဲ့ လူက လူကောင်းပါ၊ ငါတို့လုပ်မပေးနိုင်တာတွေ အားလုံးသူလုပ်ပေးသွားတာ ဘယ်လောက်ကျေးဇူးတင်စရာကောင်းလဲ"

ဝေလအသံက တွေးတွေးဆဆ။

အစောပိုင်းတုန်းကလို ဒေါသဆူဝေနေသော အသွင်မျိုး ဝေလမှာ မရှိတော့ ပြောသည့်စကားတွေကလည်း ငြိမ်းအေးလာသည်။ အစတုန်းကတော့ သူ မလုပ်ပေးနိုင်တာတွေကို စောမညဆိုသည့်လူက လုပ်ပေး၍ ဝေလရင်မှာ မခံချင်စိတ်နှင့် မနာလိုဖြစ်ခဲ့မိသည်။

သေချာပြန်စဉ်းစားကြည့်တော့လည်း ဝေလရင်ထဲ ဆောင်းအပေါ် ဘယ်လောက်ပဲချစ်ချစ်၊ စောမညဆိုသည့်လူလို ကိုယ့်ချစ်သူအတွက် လိုအပ်ဆန္ဒတွေ ဘာတစ်ခုမှပြည့်စုံအောင် ဖန်တီးပေးနိုင်သူ မဟုတ်။ ကိုယ်ရသည့် လစာကိုယ်သုံးပြီး အိမ်မိသားစုစားဝတ်နေရေးကို ပြန်လှည့်ကြည့်စရာမလိုတာကောင်းမှ ဆောင်း အခုဖြစ်နေချိန်မှာ ဝေလဘက်က သူစုထားသည့် ငွေတစ်သိန်း ဆောင်းလက်ထဲ ထည့်ပေးရဲတတ်နိုင်သည်။

စောမညလို ဆေးရုံစရိတ်၊ ဆေးဝါးစရိတ်၊ ဘာတစ်ခုမှ မစောင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သည့်လူ။

ဒီလိုလူက စောမညလို အစစအရာရာ ပြည့်စုံနေသူကို မနာလို ဝန်တိုဖြစ်မိသည်ဆိုတာက ရယ်စရာဖြစ်နေမှာ သူသိသည်။

"ဆောင်းကို ရိုးရိုးသားသား ကူညီတာလည်း ဖြစ်နိုင်ပါတယ်"

သူကိုယ်တိုင် မယုံကြည်သောစကားကို ဆောင်း ယုံအောင် ဘာကြောင့်ပြောလိုက်မိမှန်း ဝေလမသိ။ သူသိတာက သူ့ထက် အစစ အရာရာ သာလွန်သည့်လူလက် သူချစ်သည့်ဆောင်းကို မြတ်နိုးကြည် ဖြူစွာ လွှဲပြောင်းပေးအပ်ရုံမှတစ်ပါး၊ တခြားမရှိခြင်းဖြစ်သည်။

"ဘာပဲဖြစ်ဖြစ်ပါ၊ ဆောင်း သူ့ကိုမတွေ့ချင်တော့ဘူး"

"မဟုတ်သေးဘူးလေ ဆောင်း"

"ဆောင်းတို့သားအဖပေါ်မှာ သူဘယ်လောက်ကောင်းလဲဆိုတာ ထည့်စဉ်းစားဦးမှပေါ့"

သိပ်ကောင်းလွန်းလို့ ဆောင်း သူ့ကိုထပ်မတွေ့ချင်တော့တာပါ ဆိုသည့်စကားကို ဆောင်းရင်ထဲပဲ ပြောလိုက်သည်။

"ပြောရင်းဆိုရင်း ဟိုမှာ စောမညလာနေပြီ၊ မင်းဘက်က ဘာ တစ်ခုမှ အမူအယာမပျက်စေနဲ့နော်ဆောင်း"

ဝေလ ဘယ်လိုသတိပေးပေး ဟန်မဆောင်တတ်သည့် ဆောင်း မျက်နှာမှာ အလိုမကျစိတ်တွေနှင့် မှုန်တည်နေသည်။

"လက်က ဘာဖြစ်တာလဲ ဆောင်း"

"ကိုယ့်ကိုစိတ်ဆိုးနေတာလား"

စောမညက ဆောင်းနားရောက်တာနှင့် ဆောင်းမျက်နှာလေးကို သေချာစိုက်ကြည့်ပြီး နူးညံ့သိမ်မွေ့စွာ မေးလာတာကိုပဲ ဆောင်းစိတ်ကို





ပိုရှုပ်ထွေးစေဖို့ ဖြစ်လာ၏။

"ဘာမှမဆိုင်ဘူး"

ဆောင်းလေသံက ခပ်ပြတ်ပြတ်။

ကြားထဲက ဝေလက စောမည မျက်နှာချောချောကိုကြည့်ပြီး အားတုန့်အားနာ ပြုံးပြလိုက်ရသည်။

"အလုပ်မသွားဘူးလား ဝေလ"

"အခုပဲ သွားတော့မလို့ဗျာ၊ ဆောင်း ခိုင်းထားတာလေးတွေ ရှိလို့ သွားလိုက်ဦးမယ်"

ဝေလ သူတို့နားက ခပ်သွက်သွက် ထွက်ခဲ့သည်။ သူတို့နှစ်ယောက်ကြား ကြာကြာနေရင် ဟိုလူ့သနားရ ဒီလူ့အားနာရနှင့် ကြားထဲက ဝေလပဲ ဒုက္ခရောက်သည်။ ဆောင်း မိတ်ဆက်ပေးထား၍ ဝေလနှင့် စောမညတို့ တစ်ယောက်နှင့်တစ်ယောက် သိကျွမ်း ရင်းနှီး ပြီးသား ဖြစ်သည်။

စောမညက ဝေလကို တရင်းတနှီး ပေါင်းသလို ဝေလအိမ်ကိုပါ ရောက်အောင်လည်ပြီး သူဝယ်ခြမ်းလာသည့် လက်ဆောင်ပစ္စည်းတွေပါ ဝေလ အမေ ဒေါ်ထွေးထွေးကို ပေးသွားသေးသည်။

"ဆောင်းတော့ ကံကောင်းတာပဲကွယ်၊ ကောင်လေးက ဆောင်းကို တကယ်ချစ်တာ၊ အမေ့သားကြီးတော့ ကျွန်ရစ်ဖြစ်ပါပြီ"

ဆောင်းကံကောင်းခြင်းက ဝေလကံဆိုးခြင်းဖြစ်ခြင်းကို အမေက မသိသည်။

"သူ တကယ်ချစ်တဲ့သူနဲ့တွေ့ရင် ကျွန်တော် ကျေနပ်ပါတယ် အမေရာ၊ စောမညက ကျွန်တော့်ထက် ဆောင်းကို ပိုချစ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ အမေ့သားကြီး ကျေနပ်ရင် ပြီးတာပါပဲ"

သူ ဘာမှမပြော။

အမေ့နားက အသံတိတ်ရှောင်ထွက်သလို ဆောင်းနားကလည်း အလိုက်တသိ ရှောင်ထွက်ခဲ့သူဖြစ်သည်။ ဆောင်းက ဝေလ လုပ်သွားပုံကို မကျေနပ်ပေမယ့် တကယ်ရုံးသွားရမှာဆိုတော့ ဆောင်းနားမှာ နေဦးလို့ မတားနိုင်။

"ခင်ဗျားကို အိမ်မလာနဲ့လို့ ဆောင်း ပြောထားတယ် မဟုတ်လား"

"ဦးလေးက ဆောင်း မရောက်လာသေးဘူး၊ အိမ်ကိုသွားကြည့်လိုက်ပါဦးဆိုလို့"

စောမညက သူ့အကြောင်းပြချက်နဲ့သူ ဟုတ်နေပေမယ့် ဆောင်းအိမ်ကို ကားအကောင်းစားကြီးနဲ့ လူချောချောတစ်ယောက် ဝင်ထွက်နေတာ ရပ်ကွက်တစ်ရပ်ကွက်လုံး ပြောစရာဖြစ်နေတာက ခက်သည်။

ယေ်ယေ်ကတည်းက အတူနေလာသည့် လူတွေက ဆောင်းဆိုတာ မိန်းကလေးမှန်း အားလုံးသိထားတော့ ဆောင်းရှေ့မှာ ဘာမှ မပြောပေမယ့် ဆောင်းကွယ်ရာမှာ ပြောနေကြသည့် သတင်းစကားတွေ ဆောင်းထံ မရောက်ရောက်အောင် ယူလာသည့်လူတွေကြောင့် ပြန်ကြားနေရတာ နားနှင့်မဆန့်။

"ဆောင်းက ဘာဖြစ်လို့ ကိုယ့်ကို အိမ်မလာစေချင်ရတာလဲ"

စောမညက သူ့အသိချင်ဆုံးစကားကို မေးပေမယ့် ဆောင်းက မဖြေ။ ရေချိုးပြီးစအသွင်နှင့် ဘာတစ်ခုမှ လိမ်းခြယ်မထားဘဲ သဘာဝအတိုင်း လှနေသည့်ဆောင်းက စောမညရှေ့က ဖျတ်ခနဲ ထထွက်သွား





ကာ ဆေးရုံသွားဖို့ အဝတ်လဲပြီး ပြန်ထွက်လာသည်။

"သွားမယ်"

"အိမ်သော့ ကိုယ့်ကိုပေး၊ ကိုယ်ပိတ်လိုက်မယ်"

"အပိုတွေ လုပ်မနေစမ်းပါနဲ့ဗျာ၊ ဖယ်စမ်းပါ"

အိမ်ဘေးက ဒေါ်စီကြီးက ဆောင်းတို့နှစ်ယောက်ကိုကြည့်ပြီး အကဲခတ်နေတာ ဆောင်းမြင်ပေမယ့် စောမညကတော့ မမြင်။ ချစ်စနိုးအကြည့်တွေနှင့် ဆောင်းလုပ်သမျှ လိုက်ကြည့်ရင်း ပြုံးနေသည်။

"လူတစ်ကိုယ်လုံး ဒေါသချည်းပဲကွာ၊ တခြားလူတွေကိုလည်း ဒီလိုပဲ ပြောနေတာပဲလား"

"သိချင်ရင် ခင်ဗျားဘာသာ သွားမေး"

"ဝေလပုံစံကြည့်ရတာနဲ့တင် မေးနေစရာ မလိုတော့ပါဘူး၊ ဆောင်းအပေါ်မှာ ဝေလဆိုတဲ့လူက တော်တော်အလိုလိုက်တာပဲ"

"ဝေလက ဆောင်းသူငယ်ချင်း"

"ကိုယ့်လိုပေါ့"

"ဘယ်တုန်းက ဖြစ်သွားတာလဲ"

"အခုပဲ"

"ဟွန်း… ဆောင်းသူငယ်ချင်းဖြစ်ချင်ရင် စောင့်ဦး"

"ဘယ်လောက်စောင့်ရမှာလဲ"

"ဆယ်သက်"

"အဟွန်း… အဟွန်း… ဟွန်း"

ဆောင်း အရွဲ့တိုက်စကားကို စောမညက ချစ်စနိုးရယ်သည်။ ယောမန် မရှိတော့သည့် အချိန်ကတည်းက သူ့ဘဝထဲက အပျော်တွေ



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ပျောက်ဆုံးခဲ့ရပြီးနောက် စောမညဘဝမှာ အံ့ရယ်အပြုံးဆိုတော့ သူနဲ့ မဆိုင်သော စကားဖြစ်ခဲ့သည်။

အခုတော့ ဆောင်းကြောင့် သူ မကြာခဏ ရယ်ဖြစ်နေသည်။ ထိုရယ်မောခြင်းထဲမှာ ချစ်ခြင်း၊ မြတ်နိုးခြင်းတို့ ပျော်ဝင်စီးဆင်းလျှက်။ ဆောင်းက သူ့ဘဝကို အသစ်တစ်ဖန် ပြန်လည်မွေးဖွားလိုက်သော အချစ်နတ်သမီး ဖြစ်သည်။

"နောက် ဘယ်တော့မှ ဆောင်းအိမ်ကို မလာနဲ့"

"ဘာဖြစ်လို့လဲ"

"မလာနဲ့ဆို မလာနဲ့ဗျာ၊ အမေးအမြန်းကလည်း ထူလိုက်တာ"

စောမညာကား ဆောင်းအိမ်ရှေ့ကစ်အထွက်မှာ ဆောင်းတို့နှစ်ယောက်ကို သိသိသာသာရော၊ မသိမသာပါကြည့်နေကြသူများကြောင့် ဆောင်းအသံက မကျေမနပ် ခပ်ဆတ်ဆတ်ထွက်လာတာကို စောမည က သဘောမပေါက်။

လမ်းတစ်နေရာ ကားလမ်းပိတ်နေချိန်၊ စောမညနှင့် ဆောင်းမျက်နှာကိုကြည့်ပြီး အတင်းပြောသွားသည့် မိန်းမနှစ်ယောက်အသံကြားမှ ဆောင်းဘာဖြစ်လို့ သူ့အိမ်ကို မလာစေချင်သည်ဆိုတာ စောမည သဘောပေါက်သွားသည်။

"အဲဒီလူပေါ့၊ ဆောင်းနဲ့ယူမယ့်လူဆိုတာလေ၊ မျက်နှာမှာလည်း အမွေးအမှင်တွေနဲ့"

"ဟဲ့... သူက ယောကျ်ားစိတ်ပေါက်နေတာ မဟုတ်ဘူးလား"

"မိန်းမမို့လို့ ရည်းစားထားတာပေါ့၊ ယောကျ်ားစိတ်ပေါက်နေတဲ့သူက ရပ်ကွက်ထဲအထိ သူ့ရည်းစားကို ခေါ်လာပါ့မလား"





"သူ့လူက အချောစား၊ အတော်စားထဲကပါလား၊ ကားကြီးကလည်း ကောင်းလိုက်တာ"

"ခင်ဗျားကား မြန်မြန်ထွက်ဗျာ၊ ကြာရင် ဒီမိန်းမတွေနဲ့ လူသတ်မှု ဖြစ်တော့မယ်"

ကံကောင်းသဖြင့် ကားတန်းကြီးအထွက်မှာ ဆောင်းတို့ကားလည်း ထွက်ခွင့်ရသွားသည်။

"ဆောရီး... ကိုယ်ကြောင့် ဆောင်း အခုအပြောခံရတာ ကိုယ်မသိဘူး"

"အခုသိပြီ မဟုတ်လား၊ နောက်ဘယ်တော့မှ ဆောင်းဆီ မလာနဲ့"

ဆောင်းအသံထဲမှာ နာကြည်းခြင်းတွေနှင့် ပြည့်နေသည်။ ဘယ်တုန်းကမှ ဆောင်းဆိုတာ သူများအပြောအဆိုခံဘဝ မဟုတ်။ ကိုယ့်ဘဝကိုယ် အကောင်းတည်ဆောက်ကာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်လာခဲ့သူကိုမှ လူပြောစရာဖြစ်ရတာ ဘယ်လောက်ခံပြင်းစရာကောင်းလဲ။

"ခင်ဗျားကုန်ကျတဲ့ ပိုက်ဆံအားလုံး အတိအကျစာရင်းလုပ်ပေးပါ"

"ကိုယ်ဆောင်းကို ကူညီတာပါ"

"ခင်ဗျားအကူအညီတောင်းလို့ ဆောင်း သူများအပြောခံရတာ"

"ကိုယ့်ကုမ္ပဏီမှာ ဆောင်း အလုပ်လုပ်ပါလား"

"စကားလွှဲ မပုစ်နဲ့ဗျာ၊ ခင်ဗျားပိုက်ဆံအားလုံး ဆောင်း ပြန်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်အလုပ်လိုနေလို့ ကိုယ်ပြောနေတာကွ၊ မင်း မလုပ်ချင်လည်းနေ"

"မလုပ်ဘူးဗျာ၊ မလုပ်ဘူး ခင်ဗျားနဲ့ဆို ဘာအလုပ်မှကို တွဲမလုပ်ဘူး"

"ဒါဆိုပြီးရော၊ မင်းလိုချင်တဲ့စာရင်း ပို့ပေးမယ်"

မျက်နှာထားတင်းတင်းနှင့် ဆောင်းကို ဒေါသနှင့် တုံ့ပြန်လိုက်သည့် စောမည့ကြောင့် ဆောင်းရင်ထဲ လှိုက်ခနဲဖြစ်သွားသည်။ စတွေ့သည့်အချိန်ကတည်းက ဆောင်းမျက်နှာကို မျက်လုံးလက်လက်တွေနှင့် မျက်တောင်မခတ် စူးစိုက်ကြည့်ပြီး ဆောင်းဘာလုပ်လုပ် အမြဲပြုံးနေသည့်မျက်နှာ ဆောင်းပေါ် နူးညံ့ညင်သာမှုတွေသာ ပေးတတ်ခဲ့သည့် လူက အခုတော့ ဒေါသမျက်နှာနှင့် ဆောင်းကို တုံ့ပြန်လာတော့ ဆောင်း အံ့သြသွား၏။

"ခင်ဗျား ဆောင်းကို အော်စရာမလိုပါဘူး"

"မင်းကိုယ့်ကို ကြိုက်သလို အော်ငေါက်နေတာကြတော့ ထည့်မပြောတော့ဘူးလား"

ဆောင်းအကြည့်တွေက ဒေါသနှင့် စူးခနဲ လက်တောက်သွားကာ စောမည့မျက်နှာကို စိုက်ကြည့်ပစ်လိုက်သည်။

"ခင်ဗျားက အဲဒါကို မကျေနပ်လို့ ဆောင်းကို ပြန်ကလဲ့စားချေတာလား"

"ဟုတ်တယ်"

"ဟင်"

"ခင်ဗျား ကားကို အခုရပ်"





"ကျွိ"

ဆောင်းစကားအဆုံးမှာ စောမည့ကားက ကျွိခနဲ နေရာမှာ ထိုးရပ်သွားသည့်အတွက် သူ့ကားတံခါးကို ဝုန်းခနဲဆွဲဖွင့်ပြီး စောမည့ကားပေါ်က ဆောင်း ဆင်းလိုက်သည်။

"ဆောင်းဆီ ခင်ဗျား နောက် ဘယ်တော့မှမလာနဲ့"

"လာမှာပဲ"

"ဘာ..."

"ဝူး"

ဆောင်း ဘာမှမပြောရသေးခင် စောမည့ကားက ဆောင်းနားက ခပ်ကြမ်းကြမ်း မောင်းထွက်သွား၍ ဖြေသိမ့်မရသော ဒေါသတွေနှင့် ဆောင်းတစ်ယောက်တည်း လမ်းပေါ်မှာ ပေါက်ကွဲပြီး ကျန်ခဲ့သည်။

အလကားလူ။

မိန်းမတစ်ယောက်နဲ့ ဖက်ပြိုင်ရန်ဖြစ်ရအောင် ဒါယောက်ျားအလုပ်လား။

ဒေါသနှင့်တွေးမိတွေးရာတွေးပြီးမှ သူ့ကိုယ်သူ မိန်းမဆိုသည့် အသုံးအနှုန်းကို ပထမဆုံး ထည့်သုံးလိုက်ခြင်းဖြစ်သည့်အပေါ် ဆောင်း ဘာသာဆောင်း အသည်းဆတ်ဆတ်ခါ နာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

တစ်ရက်ကနေနှစ်ရက် ဖြစ်သွားသည်။

သုံးရက်မြောက်နေ့မှာ အဖေက ဆောင်းမျက်နှာကို သေချာကြည့်သည်။

"မောင်စောမညရော ဆောင်း"

"ဆောင်း မသိဘူး"

ဆောင်းအဖြေကြောင့် ဦးရန်ရှင်း မျက်ခုံးတွန့်သွားသည်။

"မင်းတို့ ရန်ဖြစ်ထားကြလား"

"နောက် သူ့အကြောင်း ဘယ်တော့မှ ဆောင်းကိုမမေးနဲ့ အဖေ၊ အစကတည်းက အဲဒီလူ ဆောင်းတို့ဘဝထဲမှာ ရှိခဲ့တာ မဟုတ်ဘူး"

"သူကူညီခဲ့တာတွေက အများကြီးကွ၊ မင်းကို ဘယ်သူက ဒီလိုကူညီဖူးလို့လဲ"

အဖေ့စကားမှန်ပေမယ့် ဆောင်းနဲ့ ရန်ဖြစ်စကားများပြီး ပျောက်ချင်းမလှ ပျောက်သွားသည့် စောမညဆိုသည့် လူအပေါ်မှာ ဆောင်း ဒေါသအရှိန်က မပြယ်သေး။





ယောကျ်ားကြီးဖြစ်ပြီး သူက ဆောင်းပြောတာကို စိတ်ဆိုး စိတ်ကောက်တာဆိုရင် ဆောင်းကလည်း ဂရုမစိုက်။

"သူ့ပိုက်ဆံ ဆောင်း ပြန်ဆပ်မယ်လို့ သူ့ကို ဆောင်းပြောပြီးသားပါ"

"ငွေကို ပြန်ဆပ်လို့ရတယ် ဆောင်း၊ သူ့ဘက်က အဖေတို့ကို ပေးခဲ့တဲ့စေတနာ၊ မေတ္တာတွေကို မင်း ဘာနဲ့ပြန်ဆပ်မှာလဲ"

အဖေ့စကားကို ဆောင်း ဘာတစ်ခွန်းမှ မတုန့်ပြန်တော့ အဖေက ဆောင်းကိုကြည့်ပြီး သက်ပြင်းချသည်။ ဆောင်းပုံစံက ဘာတစ်ခုမှ ထောင့်မကျိုး။ အချိုးမပြေတာ ဦးရန်ရှင်း သိသည်။ ရုပ်ကလေး မှန်နေအောင် ချောပေမယ့် ဆောင်းက သူ့ကိုယ်သူ ဘယ်တုန်းကမှ မိန်းကလေးတစ်ယောက်ဟု မခံယူ။

သူ့ဘဝကို ဆောင်းက ယောကျ်ားလေးတစ်ယောက်၏ အဆောင်အယောင်တွေထဲမှာ နှစ်မြုပ်ထားသူ ဦးရန်ရှင်းကိုယ်တိုင်ကလည်း ဒါကို သဘောကျလက်ခံသည်။ အားပေးတိုက်တွန်းသည်။ သူကိုယ်တိုင် ဆောင်းကို သမီးမိန်းကလေး မဖြစ်စေချင်ခဲ့။ သား ယောကျ်ားလေးဖြစ်စေချင်ခဲ့သည့်အတိုင်း ဆောင်းကို တကယ့် သားတစ်ယောက်လို ပြောဆို ဆက်ဆံခဲ့သည်။

ဆောင်းကိုယ်တိုင် ကာကွယ်နိုင်တာကို သဘောကျခဲ့သည်။

ဆောင်းအတွက် စိတ်မပူခဲ့။

အခုတော့ အရွယ်ရောက်လာသည်နှင့်အမျှ ဆောင်းအလှတရားတို့က ကောင်းကင်မှာသာသော လင်္ကာ မစင်းထင်ရှားဝင်းပစွာ ပေါ်ပေါက်လာခဲ့သလို ဆောင်းအလှကို သတိထားမိသူတွေက ဆောင်းထံမှ



www.burmeseclassic.com

www.burmeseclassic.com



ချစ်မေတ္တာကို တောင်းခံလိုကြသည်။ တောင်းခံခဲ့ကြသည်။

ဆောင်းထံမှ အချစ်ကို တောင်းခံကြသူတွေ အားလုံးဆောင်းထံမှ အချစ်ကိုမရ။ ဆောင်းလက်ချက်နှင့် ဒဏ်ရာရကြ၊ ကျိုးကြပဲ့ကြဖြစ်ကုန်သည်။ နောက်ပိုင်းဆောင်း၏ တင်းမာခက်ထန်သော သဘောထားကို သိသူတချို့က ဆောင်းနားကို မကပ်ကြတော့။ ဝေးဝေးက လျှောက်ပြန်သံပေး လုပ်ကြသည်။ ဒါလည်း မရ။

ဆောင်းက သူ့ကို ရန်စတော်ကားသူအဖြစ် သတ်မှတ်ပြီး ရန်မူဆင်နွှဲသည်။ ဒီကြားထဲက ဆောင်းအချစ်ကို လိုချင်သူတချို့က ဆောင်းကို မပြောရဲ၍ ဦးရန်ရှင်းကို သူတို့မိဘတွေကတစ်ဆင့် လက်ထပ်ဖို့ ကမ်းလှမ်းကြသည်။ ဆောင်း အကြောင်းသိနေသည့် ဦးရန်ရှင်းက ဘယ်သူ့ကိုမှ လက်မခံ။

ဆောင်းကိုသာရအောင် ပြောပါဆိုပြီး ပြန်လွှဲပေးလိုက်သည်။ အခု ဆောင်းနားကို စောမညဆိုသည့် လူငယ်လေး ရောက်နေသည်။ ရုပ်ရည်ချောမော၍ ယောကျ်ားပီသခန့်ညားသော စောမညကို မြင်မြင်ချင်း ဦးရန်ရှင်းစိတ်ထဲ ချက်ချင်းသဘောကျသွားသည်။

ဘယ်လိုလုပ်ပြီး ဆောင်းနားရောက်အောင် ချဉ်းကပ်နိုင်မှန်း မသိသော်လည်း စောမညမျက်နှာမှာ ဆောင်းကိုချစ်ခြင်း၊ မြတ်နိုးခြင်းတို့အပြင် ဆောင်း ဘာပြောပြော ဘာလုပ်လုပ် ချစ်စနိုးအကြည့်အပြောတွေနှင့် ရယ်မောနေနိုင်တာကိုလည်း ချီးကျူးသည်။

မေတ္တာစစ်ဆိုတာ စောမညထံမှ ချစ်ခြင်းကို ဆိုလိုရင်းဟု သိလိုက်သည်။ စောမညက ဆောင်းကို ဂရုစိုက်ပေမယ့် ဆောင်းက စောမညကို လုံးဝဂရု မစိုက်။ ဂျစ်ကန်ကန် မျက်နှာပေး၊ မာကျော





ကြွပ်ဆတ်သည့် အပြုအမူတွေအားလုံး သူ့ပုံစံအတိုင်း ဘာတစ်ခုမှ မပြောင်း။

သေခြင်းတရားနှင့် ရင်ဆိုင်တွေ့ပြီးနောက်မှာ ဦးရန်ရှင်းဘက်က သဘောထားတွေ ပြောင်းလာသည်။ အရင်က ဆောင်းကို အခုလိုပုံစံနဲ့ နေတာ ကြိုက်ပေမဲ့ အခု မကြိုက်တော့ဘူး။ သူ မျက်ကွယ်ပြုသွားလျှင် ဆောင်းတစ်ယောက်တည်း ကျန်ခဲ့မှာတွေးပြီး ပူလာသည်။

စိတ်ချရမည့်လူလက်ထဲ ဆောင်းကို အပ်သွားချင်သည်။ ဦးရန်ရှင်း လိုချင်သည့် အရည်အချင်းအားလုံး စောမညမှာ ရှိသည်။ ရုပ်ချောသည်၊ ငွေကြေးချမ်းသာပြည့်စုံသည်။ ဆောင်းကို ချစ်သည်။ သည်းခံနိုင်သည်။ ဒီလိုလူမျိုးလက်ထဲ ဆောင်းကိုမအပ်လျှင် တခြားသူလက်ထဲ ဆောင်းကို အပ်စရာမရှိတော့။

"ဆောင်း"

"ဗျာ"

"မင်းတို့အခြေအနေက ဘယ်လိုလဲ"

"အဖေမေးတာ ဆောင်း နားမလည်ဘူး"

တကယ်လည်း ဆောင်း နားမလည်။

ဘာကိုမေးမှန်းမသိ။

"မင်းနဲ့ စောမညကိုပြောတာ"

"သူနဲ့ဆောင်းက ဘာဆိုင်လို့လဲဗျာ"

အဖေ့စကားကြောင့် ဆောင်းမျက်နှာက တင်းမာသွားသည်။

ဘယ်တုန်းကမှ အဖေက ဒီလိုစကား မျိုး ဆောင်းနဲ့မပြောဘူး။ အခုမှ ထူးထူးခြားခြား ပြောလာတာကို ဆောင်းနားကို ဆောင်းမယုံ



www.burmeseclassic.com

www.burmeseclassic.com



ချင်။

"အခုထိ မင်းနဲ့သူက ဘာမှမှဟုတ်သေးဘူးလား"

"အဖေ့"

"မင်းကို အဲဒီကောင်လေးနဲ့ အဖေ သဘောတူတယ်ဆောင်း"

"ဟာဗျာ"

အဖေက ပြောလေဆိုးလေ။

"အရင်က မင်းကိုအဖေ ဘာမှမပြောခဲ့ဖူးဘူး ဆောင်း၊ ပြောစရာလည်း မလိုဘူးလို့ထင်ခဲ့တယ်၊ အခုလိုဖြစ်လိုက်တော့ အချိန်မရွေးသေနိုင်တဲ့ သဘောထားကို အဖေသိသွားပြီ"

"အခုလည်း စိတ်ချရပါတယ်ဗျာ၊ အဖေ စိတ်မချရအောင်ဆောင်း ဘာလုပ်နေလို့လဲ"

"ဘာမှမလုပ်လို့ လုပ်နိုင်းနေတာ"

"အဖေ"

"မင်းရည်းစားထားရမယ်၊ အိမ်ထောင်ပြုရမယ်၊အဖေပြောတာမင်းနားလည်လား ဆောင်း"

ဦးရန့်ရှင်းမျက်နှာက လေးနက်သလို ပြောနေသည့် စကားတွေကရင်ထဲက ဖြစ်ပေါ်လာသည့် ခံစားချက်တွေနှင့် နက်ရှိုင်းနေ၏။ စိတ်ထဲကလည်း ဆောင်းအမေကို သတိရသွားကာ နှလုံးသားတွေ နာကျင်သွားသည်။

ဆောင်းအမေသာရှိရင် အခု ဦးရန့်ရှင်းပြောရမယ့် စကားတွေကိုဆောင်းအမေက ဆောင်းကို သူကိုယ်တိုင် ပြောရမည့်စကားတွေပါ။ဆောင်းအမေ မရှိတော့ ဦးရန့်ရှင်းကပဲ ဆောင်းကို ဒီစကားတွေ ပြော





ရို့ဖြစ်လာသည်။

"လူဆိုတာ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ရတယ်ကွ"

ပြောလက်စနှင့်မထူး။

ဦးရန့်ရှင်း ဆက်ပြောလိုက်သည်။

"အဖေ… ဟိုမှာ ဆရာဝန်ကြီး လာနေပြီ"

ဦးရန့်ရှင်း လှမ်းကြည့်လိုက်တော့ ဆရာဝန်ကြီး အခန်းထဲ ဝင်လာတာ တွေ့လိုက်ရသည်။

"နေကောင်းတယ်နော် ဦးရန့်ရှင်း"

"ဟုတ်ကဲ့"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

ဆရာဝန်ကြီးနှင့်အဖွဲ့ ပြန်ထွက်သွားပြီး သိပ်မကြာ။

အကူသူနာပြုဆရာမနှစ်ယောက် ရောက်လာပြီး ပစ္စည်းတွေကိုသိမ်းဆည်းနေ၍ ဆောင်း အံ့သြသွားသည်။

"အခန်းခတွေ မရှင်းရသေးဘူး ဆရာမ"

"မနက်ကတည်းက ရှင်းပြီးသွားပါပြီ"

"ဘယ်သူ ရှင်းတာလဲ"

"ဦးစောမည ပါ၊ ဟော… ဟိုမှာ လာနေပြီ"

"ပစ္စည်းတွေ ကားပေါ်တင်ထားလိုက်တော့ မောင်သိန်း"

"ဟုတ်ကဲ့ ဆရာ"

စောမည နှင့် ပါလာသူက စောမည အမိန့်အတိုင်း သိမ်းပြီးသားပစ္စည်းတွေနှင့်အတူ ဆရာမနှစ်ယောက်နှင့်အတူ ဓာတ်လှေကားရှိရာထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းကတော့ နှစ်ရက်လုံးလုံး ပျောက်နေပြီးမှ ဆောင်းရှေ့ ပြန်ရောက်လာသည့် စောမညမျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး ချက်ချင်း အကြည့်ကို လွှဲပစ်လိုက်သည်။

"နေကောင်းတယ်နော်"

"ကောင်းပါတယ်"

"မောင်စောမည မလာလို့ ဆောင်းကို ဦး အခုပဲမေးနေတာ"

"အလုပ်ကိစ္စအရေးကြီးလို့ ကော့သောင်းကို ရုတ်တရက် ထွက်သွားလိုက်ရလို့ ဦးတို့ကိုတောင် နှုတ်မဆက်လိုက်ရဘူး"

"ကျွန်တော်တို့ သွားကြရအောင် ဦး"

"ကောင်းပြီ"

စကားကို စောမညကပဲ ဦးဆောင် ပြောသွားသည်။ ကြည်လင် ဝင်းပသွားသည့်အတွက် ရှေ့က အရင်ထွက်သွားသည်။

"ဩော်… ဒီမှာ ဆောင်း ဖုန်းပျောက်သွားတဲ့နံပါတ်ကို ကိုယ် ပြန်လျှောက်ပေးထားတယ်"

"ရော့"

ဆောင်းကို စောမညက သူ့လက်ထဲကဖုန်း လှမ်းပေးပေမယ့် ဆောင်းက သူပေးတာကို ချက်ချင်းမယူ။

"ဒီဟာမ်းဆက်က ဘယ်လောက်လဲ"

"တစ်သိန်း"

"ဆောင်းပေးရမည့် အကြွေးထဲ ထည့်မှတ်ထားပြီးသားနော်"

"ဒါဆိုလည်းပေး"

စောမညလက်ထဲကဖုန်းကို ဆတ်ခနဲ ဆွဲယူပြီး သူ့အဖေနောက်





လိုက်သွားသည့် ဆောင်းကိုကြည့်၍ စောမညမျက်နှာမှာ အပြုံးသဲ့သဲ့ တင်သွားသည်။

ဆောင်းကို ဘယ်လို ဆက်ဆံရမလဲဆိုတာ သူသိသွား၍ပါ။ အလွန်မာနကြီးသော ဆောင်း။ သိပ်လှသော ဆောင်းထံမှ အချစ်ကို ရယူနိုင်ရန် နည်းလမ်းတစ်ခုထဲနှင့် မရ။ ဆောင်းအလိုလိုက်ပြီး ဆောင်း အကြိုက်ဆောင်နေရလျှင် ဆောင်းက သူ့အပေါ် အမြဲဗိုလ်ကျအနိုင် ယူနေတာနှင့် မဖြစ်။

ဆောင်းကို တကယ်ချစ်လျှင် ဆောင်းအကြိုက်ကိုမလိုက်မှဖြစ် မည်။ ဆောင်းနှင့်အပြိုင် ဆိုးသင့်လျှင် ဆိုးရမည်။ မိုက်သင့်လျှင် မိုက်ရမည်။

ရူကာ အလုပ်ကိစ္စနှင့် တခြားတစ်မြို့တစ်ရွာကို ရောက်နေပေမယ့် စောမညစိတ်က ဆောင်းထံမှာ ကျန်ခဲ့သည်။ တစ်ချိန်လုံး ဆောင်းကို သတိရနေပေမယ့် ဖုန်းဆက်လို့ မရ။ ဆောင်း ဖုန်းပျောက်နေတာ သတိရပြီး ဝေလကို လိုအပ်တာမေးပြီး သူ့အစီအစဉ်နှင့်သူ ဆောင်း ဖုန်းကတ်ကို အသစ်ပြန်ထုတ်ပေးလိုက်သည်။

ဒါမှ ဆောင်းကို စောမည အချိန်မရွေး ဆက်သွယ်နိုင်မည်။ စောမည အကြံကို ဆောင်းက မသိ။ စောမညကို ပြန်ဆပ်ရမည့်ကြွေး အကြောင်း စဉ်းစားနေသည်။

"လာ… ဦးလေး၊ ဒီကားလေးပေါ်တက်ပါခင်ဗျာ"

စောမည ဒရိုင်ဘာက ပျာပျာသလဲ ဦးရန်ရှင်းကို ပြေးတွဲပြီး ကားပေါ်-တက်ခိုင်း၍ ဦးရန်ရှင်း တက်လိုက်သည်။

"ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



“ဩော်… မောင်ဝေလ၊ မင်းလည်း ရောက်နေတာကိုး”

“ဟုတ်တယ်၊ ဦးလေး ဆေးရုံက ဒီနေ့ဆင်းမယ်ဆိုတာ ကိုစောမည ကြိုပြောထားလို့ အိမ်မှာ အချေလည်း စောင့်နေတယ်”

ဆောင်း အံ့သြသွားသည်။

ဝေလပြောနေတာတွေ ဆောင်းဘာမှ မသိ။ စောမညကပဲ ဆောင်းတို့သားအဖကိစ္စကို အားလုံးစီစဉ်သွားတာ ထောင့်စေ့နေသည်။ သူတို့ စကားပြောနေတုန်း စောမည သူတို့နား ရောက်လာသည်။

“ကျွန်တော် မလိုက်ပို့တော့ဘူးနော် ဦး၊ ဦးတို့လိုအပ်တာအားလုံး ဒီက မောင်သိန်း လုပ်ပေးလိမ့်မယ်”

“ဝေလ… ဦးကို ခင်ဗျားလက်ထဲ အပ်လိုက်ပြီနော်”

“စိတ်ချပါဗျာ၊ ဦးကိုကျွန်တော် တာဝန်ယူပြီး ခေါ်သွားမှာပါ”

ဝေလက ရယ်ရယ်မောမော။

ဘယ်ထဲက စောမညဆိုသည့်လူနှင့် ဒီလောက်ခင်မင်သွားသည် မသိ။ ဆောင်းမျက်လုံးထဲ အုလိုက်မသိ ရယ်မောနေသည့် ဝေလကို ကြည့်ပြီး ဒေါသ ပိုဖြစ်လာသည်။

“ဆောင်း… ကာပေါ်တက်လေ”

“မတက်ဘူး”

“ခင်ဗျားနဲ့ ရှင်းစရာရှိတာ ရှင်းရဦးမယ်”

“ကိုယ်နဲ့”

“ဟုတ်တယ်”

စောမည ဝေလနှင့်ဦးရန်ရှင်း မျက်နှာကိုတစ်ချက် လှမ်းကြည့် သည်။





“အဖေ… ဆောင်း သူနဲ့ ငွေရေးကြေးရေးကိစ္စ ပြောစရာရှိလို့ ခဏနေမှ ပြန်ခဲ့မယ်၊ ဝေလ အဖေ့ကို ဆောင်းကိုယ်စား ဂရုစိုက်လိုက် နော်”

“စိတ်ချပါ”

“မောင်စောမည… ဦးတို့ သွားတော့မယ်”

“ဟုတ်ကဲ့ ဦး”

ဦးရန်ရှင်းတို့ကား ထွက်သွားတော့ စောမညနှင့်ဆောင်း နှစ် ယောက်တည်း ကျန်ခဲ့သည်။

“ဘယ်ကိုသွားချင်လဲ ဆောင်း”

“ဘယ်ကိုမှမသွားဘူး”

“အာ… ဒီနေရာမှာ စကားပြောလို့ ဘယ်ဖြစ်မလဲ”

“လာ… ကားပေါ်တက်၊ တစ်နေရာရာသွားပြီး စကားပြောရ အောင်”

မလိုက်ချင်ဘဲ စောမည ကားနဲ့ လိုက်ခဲ့ရသည်။

“ဘယ်မှာလဲ အကြွေးစာရင်း၊ ဆောင်းကိုပေး”

“ဖြည်းဖြည်းပေါ့၊ ဟိုရှေ့နားမှာ ဆိုင်လေးတစ်ဆိုင်ရှိတယ်၊ အဲဒီ ကြမှ ဆောင်းပြောချင်တာပြော… ဟုတ်လား”

“အခု ဒီမှာပြောတော့ ဘာဖြစ်လဲ”

“ကိုယ် ကားမောင်းတုန်း ဆောင်းအကြွေးစာရင်းကို ဘယ်လို ရှင်းပြရမှာလဲ၊ အလွတ်မရဘူးကွ”

သူ့စကားကို ဆောင်းမယုံ။

မေးသည့်လူက မေးနေပေမယ့် ဖြေသည့်လူက မဖြေတော့



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းလည်း မတတ်နိုင်။ သူပြောအည့်ဆိုင်ရောက်အောင် စိတ်ကို မနည်း ဆွဲဆန့်ထားလိုက်ရသည်။

"ကဲ... ရောက်ပြီ"

ခြံဝန်းကျယ်ကျယ်ထဲ ဝါးရုံပင်စိမ်းစိမ်းအုပ်အုပ်နှင့် ရေတံခွန် တစ်ခု ဖန်တီးထားပုံက လှသလိုမြင်ရသူဘဝင်ကိုလည်း အေးမြစေ သည်။

"လာ... ဒီမှာထိုင်"

လူရှင်းသည့် နေရာရွေးပြီး နှစ်ယောက်အတူ ထိုင်လိုက်ကြ သည်။

"ဆောင်းအကြိုက် ထောပတ်သီးဖျော်ရည်ပဲ မှာမယ်နော်"

ဆောင်း ဘာမှမပြောရသေးခင် စောမညက စားပွဲထိုးလေးကို ထောပတ်သီးဖျော်ရည်နှစ်ခွက် မှာလိုက်သည်။ ဆောင်းကတော့ သူ ဘယ်လိုလုပ်ပြီး ဆောင်းအကြိုက်ကို သိပါလိမ့်ဟု စဉ်းစားရင်း ဝေလ မျက်နှာကို ပြေးမြင်လိုက်မိသည်။

"ခင်ဗျားကို ဝေလပြောတာ မဟုတ်လား"

"သူက မပြောပါဘူး၊ ကိုယ်က သိချင်လို့ မေးတာ"

"စပ်စပ်စုစုဗျာ၊ ယောက်ျားဖြစ်ပြီး ဘာကိစ္စ ဆောင်းအကြောင်း လိုက်မေးနေရတာလဲ"

"သိချင်လို့"

"သိချင်ရအောင် ခင်ဗျားနဲ့ဆောင်း ဘာဆိုင်လို့လဲ"

"ဆိုင်တယ်လို့ ကိုယ်လည်း မပြောပါဘူး"

"ပြောလို့ရော ရမလား"





"ဘာလို့ ဒီလောက် ဒေါသကြီးနေရတာလဲကွာ"

"ရော့... ဒီမှာ အအေးသောက်"

ဆောင်းရှေ့ကို ထောပတ်သီးဖျော်ရည်ခွက် ချပေးပြီး သူ ကိုယ်တိုင်လည်း သောက်သည်။ ဆောင်း ဘာမှမပြောတော့။ စောမည လိုပဲ အအေးသောက်လိုက်မှ ရင်ထဲငြိမ်သွားသည်။

"ဟေ့... မောင်စောမည"

"ဟာ... အန်ကယ်သိဒ္ဓိ"

ဦးသိဒ္ဓိက သူ့တူစောမညကို တွေ့လိုက်ရ၍ အဖော်ဖြစ်သူနှင့် စကားပြောရင်း စောမညတို့ထံ လျှောက်လာ၍ ဦးလေးဖြစ်သူကို စောမည ထကြိုလိုက်သည်။

"မင်းနဲ့ မိတ်ဆက်ပေးမလို့၊ ဒါ... ဦးမြတ်သာလေ၊ မြတ်သာ ကုမ္ပဏီပိုင်ရှင် ဦးမြတ်သာ၊ ဒါကျုပ်တူ စောမည"

"ဟုတ်ကဲ့... တွေ့ရတာ ဝမ်းသာပါတယ် အန်ကယ်"

"အန်ကယ်လည်း ဝမ်းသာပါတယ်"

"ဧည့်သည်နဲ့ စကားပြောနေတာဆိုတော့ နောက်မှ အန်ကယ်တို့ ထပ်ဆုံကြရအောင်"

"ဧည့်သည် မဟုတ်ပါဘူး၊ သူက ကျွန်တော့် မိတ်ဆွေပါ၊ ဆောင်းတဲ့"

ဦးမြတ်သာက ဆောင်းကိုကြည့်ပြီး ပြောလိုက်၍ စောမညက ဦးမြတ်သာနှင့် ဆောင်းကို မိတ်ဆက်ပေးလိုက်သည်။

"မောင်စောမည မိတ်ဆွေဆိုတော့ အန်ကယ့်မိတ်ဆွေပေါ့၊ နောက်တွေ့ရင် အန်ကယ့်ကို ခေါ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဆောင်းအလိုက်သင့် ခေါင်းညိတ်လိုက်တော့ ဦးသိဒ္ဓိက ဆောင်းမျက်နှာကိုကြည့်ပြီး အံ့သြသွားသည်။

"မင်း… ဟိုကလေးမ… ဆောင်း မဟုတ်လား"

"ဟုတ်တယ် အန်ကယ်၊ ဆောင်းပါ"

စောမညက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

ဆောင်းကတော့ သူ့ကို ကလေးမဟု ဦးမြတ်သာရှေ့မှာ အပြော ခံလိုက်ရ၍ မျက်နှာတစ်ခုလုံး သွေးရောင်လွှမ်းသွားကာ နှုတ်ခမ်းကို တင်းတင်းစေ့ အံကြိတ်လိုက်သည်။

"သူဏာ မိန်းကလေးလား၊ ကျွန်တော်က ယောကျ်ားလေးလို့ ထင်နေတာ"

"ဆောင်း သွားတော့မယ် ဦးမည"

"ဆောင်း"

"ဟိတ်… နေဦး"

ဆောင်းက ဘယ်သူ့ကိုမှ မကြည့်။

သူ့အကြောင်းပြောနေသည့် လူတွေကြားက မပြေးရုံတမယ် ခြေလှမ်းတွေနှင့် ထွက်ခဲ့သည်။

ဘာမိန်းကလေးလဲ။

ဆောင်းရှေ့မှာ ဆောင်းအမုန်းဆုံးစကားတွေ ပြောနေတာ မနည်း သည်းခံလိုက်ရတာ ဆောင်းပဲ သိသည်။ အသက်ကြီးကြီး အတိုးကြီး တွေနေရာ တခြားသူဆိုရင် ဆောင်းလက်သီးစာ မိသွားတာကြာပြီ

"ဆောင်း"





"ကိုယ် တောင်းပန်ပါတယ်ကွာ၊ အန်ကယ်သိဒ္ဓိက အသက် ကြီးနေပြီဆိုတော့ ဆောင်းမကြိုက်တဲ့စကား ပြောမိတာ ခွင့်လွှတ်လိုက် ပါ"

စောမည ဆောင်းနောက် အပြေးလိုက်လာပြီး ဆောင်းကို တောင်းပန်ပေမယ့် ဆောင်းထံမှ ဘာသံမှမကြားရ။ ဆောင်းမျက်နှာကို ငုံ့ကြည့်လိုက်တော့ တင်းမာခက်ထန်မှုတွေနဲ့ ပြည့်နေသည့် ဒေါသ မျက်နှာကို မြင်လိုက်ရသည်။

"ဆောင်း"

"ခင်ဗျား ဘာမှမပြောနဲ့"

"နောက်တစ်ခါဆို ခင်ဗျားဦးလေးကို ဆောင်းသည်းခံမှာ မဟုတ် ဘူးဆိုတာ ခင်ဗျား ပြောထားပါ"

"ကောင်းပါပြီ ဆောင်းရယ်"

ဆောင်းအလိုကျ စောမည ခေါင်းညိတ်လိုက်ရပေမယ့် မိန်းမသား တစ်ယောက်ဖြစ်ရသည့်အပေါ်မှာ ဆောင်း ဘာကြောင့် ဤမျှ ခါးသီး နာကျင်နေခြင်းကို စောမည နားမလည်နိုင်ပါ။

မိခင်တစ်ယောက် ဖြစ်ခွင့်ရသည့်ဘဝကို ပိုင်ဆိုင်ရသည်မှာ ယောကျ်ားတစ်ယောက်လို မမြင့်မြတ်ပေမယ့် ဂုဏ်ယူစံပြုလိုက်သောဘဝ ဖြစ်ကြောင်းကို ဆောင်းနားလည်သဘောပေါက်အောင် ရှင်းပြချင်ပေမယ့် ဆောင်းနှင့် သူ့အနေအထားက ဤမျှ ကျွမ်းဝင်ရင်းနှီးမှု မရှိသေး။

"ဆောင်း ခင်ဗျားကို ပြန်ဆပ်ရမည့်အကြွေးစာရင်း ဘယ်မှာလဲ"

"အိမ်မှာ"

"ဘာဗျာ့"



www.burmeseclassic.com

www.burmeseclassic.com



စူးခနဲလက်သွားသော ဆောင်းအကြည့်ကို သူ မမြင်ဟန်ဆောင်နေလိုက်သည်။

"စာရင်းအတိအကျဆိုရင် အိမ်မှာ၊ ငွေဘယ်လောက်ဆပ်ရမလဲ သိချင်ရင် ကိုယ်ပြောမယ်"

"ပြော"

"အားလုံး သိန်း နှစ်ဆယ့်တစ်သိန်း"

"အား… အများကြီးပါလား"

ဒီလောက် ထင်မထား၍ ဆောင်း လန့်သွားသည်။

"အလကားစတာပါ၊ ဦးလေး ဆေးရုံတက်ခ၊ ဆောင်း ဖုန်းဝယ်ခအားလုံး ဆယ်သိန်း"

ဆယ်သိန်းဆိုတော့ ဆောင်းနည်းနည်း စိတ်သက်သာသွားသည်။

"ဆယ်သိန်းလောက်တော့ ဆောင်းတတ်နိုင်ပါတယ်၊ ဒါပေမယ့် ခင်ဗျားငွေကို တစ်ခါတည်း ပုံပေးနိုင်မှာတော့ မဟုတ်ဘူးနော်"

"ဆောင်း အလုပ်လုပ်သွားပြီး ရတဲ့လစာထဲက ခင်ဗျားအကြွေးကို ဖွဲ့ဆပ်သွားမှာ"

"ဆောင်း သဘောကျလုပ်ပါ၊ ကိုယ့်အတွက် အရေးမကြီးပါဘူး"

"သူ့အတွက် အရေးမကြီးတာ ဆောင်း သိပါသည်။

"ခင်ဗျား လိုက်မပို့နဲ့၊ ဆောင်းဘာသာပြန်မယ်"

"ဒါတော့ မဖြစ်ဘူးထင်တယ်၊ ဦးစိတ်ချအောင် ကိုယ်ကိုတိုင်ပဲလိုက်ပို့မယ်၊ ဟိုမှာ အန်ကယ်လာနေပြီ၊ ကားပေါ်တက်ဆောင်း"





အန်ကယ်သိဒ္ဓိနှင့် ထပ်မဆုံချင်၍ စောမညကားပေါ်တက်လိုက်သည့် ဆောင်းကိုကြည့်၍ သူပြုံးပြီး ကားကို နေရာက မောင်းထွက်လိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

''မင်းကောင်မလေးနဲ့ ဖြစ်ပါမလား စောမည''

''ဆောင်းက သူ့ကို ကောင်မလေးလို့ခေါ်တာ မကြိုက်ဘူး အန်ကယ်''

စောမညစကားကြောင့် ဦးသိဒ္ဓိ သက်ပြင်းချပြီး သူ့မျက်နှာကို စိတ်မသက်သာသလို လှမ်းကြည့်သည်။

''အဲဒါကြောင့် ခက်နေတာပေါ့ကွ၊ မိန်းမဟာ မိန်းမပဲဖြစ်ရမှာပေါ့၊ သူ့ကြမှ ဘယ့်နှယ် ယောကျ်ားတစ်ပိုင်းဖြစ်နေရတာလဲ''

''သူ့အဖေကိုယ်တိုင်က သူ့ကို ယောကျ်ားတစ်ယောက်လို ပုံသွင်းပေးခဲ့တာ အန်ကယ်''

ဝေလကတစ်ဆင့် သိခဲ့ရသည့် စကားအတိုင်း စောမည ပြန်ပြောတော့ ဦးသိဒ္ဓိက မျက်ခုံးတွန့်သည်။

''ဟောမန်က ဟောမန်ပဲ၊ တောမန်နဲ့တူတာတစ်ခုနဲ့ ဟောမန်အစစ် ပြန်ဖြစ်မလာနိုင်ဘူးဆိုတာ မင်းသေချာစဉ်းစားနော် စောမည''





''ကျွန်တော် စဉ်းစားပြီးပါပြီ၊ ကျွန်တော့်နှလုံးသားကို ပြန်အသက်သွင်းပေးနိုင်တဲ့သူက ဆောင်းတစ်ယောက်တည်း ရှိတယ်၊ ပြီးတော့ သူ့ကို ကျွန်တော် ချစ်တယ်''

သူ့ရင်ထဲကရှိသည့်အတိုင်း ပြောလိုက်ရ၍ စောမညမှာ နောင်တမရှိ။ သူ့ဘဝမှာ အားလုံး လိုတရပြည့်စုံပေမယ့် သူလိုချင်သည့် အချစ်မရှိတော့ စောမညဘဝကြီး အထီးကျန်ခြောက်သွေ့မှုတွေနှင့် အဓိပ္ပာယ်မဲ့ ဖြတ်သန်းခဲ့ရချိန်တွေကို ပြန်သတိရသည်။

ဟောမန့်ကို ချစ်သလို ဆောင်းကို သူချစ်သည်။

မြတ်နိုးသည်။

''မင်းအချစ်ကို ဟိုက လက်ခံပါ့မလား၊ အန်ကယ် အကဲခတ်မိသလောက်တော့ မင်းကောင်မလေးက မလွယ်ဘူးနော် စောမည''

''သူ့ကို ကောင်မလေးလို့ မခေါ်နဲ့ အန်ကယ်''

''ဟာ... ငါက သူ့ကိုကောင်မလေးမခေါ်လို့ ကောင်လေးလို့ ခေါ်ရမှာလား''

ဦးသိဒ္ဓိ ဒေါသထွက်သွားတာကြည့်ပြီး စောမည ရယ်လိုက်သည်။

''ဆောင်းလို့ ခေါ်ရင် ရပါပြီ''

''စကားပြောရတာတောင် အကန့်အသတ်နဲ့ပါလား''

''ဆောင်းက သူမိန်းမဘဝဖြစ်ရတာကို စိတ်နာနေတာ အန်ကယ်''

''ဒီလိုပုံနဲ့ မင်းကိုသူက ဘယ်လိုယူမှာတုန်း''

''နောက်တော့ ဖြည်းဖြည်းချင်း ဖြစ်လာမှာပါ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားနေပါတယ်''

ပြောသည့်လူက စိတ်ရှည်လက်ရှည်။

ကြားထဲက စောမညစကား နားထောင်နေရသည့် ဦးသိဒ္ဓိက သူ့တူလုပ်ပုံကို စိတ်မရှည်။ စောမညလိုချင်လျှင် ဆောင်းထက် အဆရာထောင်မက သာလွန်သည့် မိန်းကလေးတွေ ရနိုင်နေပါလျက် ဟေမန်နှင့်တူသည့် ဆောင်းမှဆောင်း ဖြစ်နေတာကို ဘယ်လိုပြောရမှန်းမသိ။

ဟိုက မိန်းကလေးပီပီသသဆိုလည်း ထားဦး။ အခုဟာက ဆောင်းဆိုသည့် သတ္တဝါလေးက ဟိုမကျ ဒီမကျ။

ပေါင်းရသင်းရခက်လှသော ဥကျကျဟာလေးဖြစ်နေတော့ လူကြီးပီပီ သဘောမတွေ့။

လူကြီးသူမဆိုပြီး ရှိသေရကောင်းမှန်း မသိ။

သူ့ကို ဦးသိဒ္ဓိက ကောင်မလေးခေါ်လိုက်မိတာနဲ့ပဲ ဦးမြတ်သာရှေ့မှာ ဝုန်းဒိုင်းကြဲပြီးထွက်သွား၍ ဦးသိဒ္ဓိ အရှက်ကွဲကျန်ခဲ့သည်။ ဒီကြားထဲ စောမညကပါ ထိုဖားတစ်ပိုင်း ငါးတစ်ပိုင်းကလေးနောက် အပြေးလိုက်သွား၍ ယဉ်ကျေးမှုမရှိသော ဆောင်းဆိုသည့် ဟာလေးကို ကြည့်မရဖြစ်မိသည်ကတစ်ပိုင်း၊ ကိုယ့်တူကိုယ်တိုင် သည်းသည်းလှုပ်ဖြစ်နေတာနှင့် ပိုဆိုးတော့မှာပဲဟု တွေးမိလျက်သား ဖြစ်နေသည်။

''ချစ်တာလည်း ချစ်တာပေါ့ စောမည၊ ဒါကိုအန်ကယ် အပြစ်မပြောပါဘူး၊ ဒီကြားထဲ ဦးမြတ်သာသမီးလေးနဲ့လည်း တွေ့ကြည့်စေချင်တယ်''

''အလုပ်သဘောအရဆိုရင်တော့ ဖြစ်ပါတယ်၊ ကျန်တာတော့





မမျှော်လင့်နဲ့တော့ အန်ကယ်''

စောမညက ဦးသိဒ္ဓိဆိုလိုရင်းကိုသိ၍ အခုကတည်းက တစ်ခါတည်း ပိတ်ပြောလိုက်သည်။ ဟေမန် မရှိတော့သည့်နောက် အန်ကယ် ဦးသိဒ္ဓိ အစီအစဉ်နှင့် ပုံစံမျိုးစုံ၊ အနေအထားစုံနှင့် မိန်းကလေးပေါင်းမြောက်များစွာကို လက်ခံတွေ့ဆုံခဲ့ပြီးဖြစ်၍ ဦးမြတ်သာ သမီးကိစ္စအပေါ်မှာ သူ့ဘက်က ဘယ်လိုပုံစံ၊ ဘယ်လိုအနေအထားဖြင့် လက်ခံတွေ့ဆုံတာကိုပါ သိစေလိုက်သည်။

''မင်းဘာသာ ဘယ်လိုပုံစံဖြစ်ဖြစ် အန်ကယ့်အနေနဲ့ ဦးမြတ်သာသမီးနဲ့ မင်းတွေ့ရင်ရပြီ''

''ဒါဆိုလည်း အန်ကယ် စီစဉ်လိုက်ပါ၊ လူချင်းတွေ့ရုံတော့ ရပါတယ်''

''မင်းကို သူနဲ့သဘောတူတာ စောမည''

''ဒါတော့ မဖြစ်ဘူး အန်ကယ်''

''မင်းအတွက် ငါတော့ ရင်လေးတယ် စောမည''

ဦးသိဒ္ဓိစကားကို စောမည ဘာမှမပြောဘဲ ပြုံးနေလိုက်သည်။ ဆောင်းဆိုတာ သူတို့ပတ်ဝန်းကျင်မှာ ဆိုရှယ်ကျကျ ကျင်လည်နေသူတွေလို မဟုတ်။ ချစ်သူရည်းစားကို အဝတ်လဲသလို ထည်လဲတွဲပြီးမှ ကိုယ်ကြိုက်သည့် ယောကျ်ားကိုရွေးပြီး ခေါင်းခေါက်ယူနေကြသူတွေနှင့် တခြားစီ။ အခုချိန်ထိ ဆောင်းမှာ ချစ်သူရည်းစား မရှိ။ အချစ်ဆိုသည့် စကားက ဆောင်းအတွက် ခါးသက်စေသောအရာဖြစ်သလို သူမပေါ် ရိုးမသား ဆက်ဆံလာသူတိုင်းကို ရန်သူအဖြစ်သာမြင်သော ဆောင်းက အချစ်ရေးမှာ အရိုင်းသက်သက် ပွင့်လန်းနေသော [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်သည့် ပန်းအလှလေးတစ်ပွင့်မျှသာ။

စောမညတို့လောကမှာ အချစ်သည် ငွေဖြစ်သည်။

ထို့အတူ ငွေကြေးချမ်းသာသူတစ်ယောက်မှာလည်း အချစ်ဖြစ်သည့် ချစ်ခြင်းမေတ္တာဆိုသည့်စကားက ငွေကြေးချမ်းသာပြည့်စုံမှုထက် ပိုပြီးအသုံးမဝင်။

အဲလိုလူတွေထဲမှာ ရှားရှားပါးပါး အချစ်ကိုကိုးကွယ်ကြသူတွေ ရှိပေမယ့် ရှားသည်။ ချစ်ခြင်းနှင့်လက်ထပ်ခြင်းကို ခွဲခြားပစ်သူတွေ အလယ်မှာ အချစ်စစ်တို့မှ လိုချင်သော တန်ဖိုးထားသော စောမညက လူထူးလူဆန်းဖြစ်နေသည်။

တချို့လူတွေက သူတို့ကိုယ်သူတို့ ဘာလိုချင်မှန်းမသိ။ စောမညကတော့ သူဘာလိုချင်လဲဆိုတာကို သိပြီး သူလိုချင်သည့်အရာကို ရအောင်ယူနိုင်သည့် သူလည်းဖြစ်သည်။ သူ့နားကို ဆောင်း ရောက်လာစေနိုင်မည့် နည်းလမ်းကောင်းတွေ သူ့မှာ အများကြီး ရှိသည်။

တစ်နည်းနှင့်မရလျှင် နောက်တစ်နည်း ထုတ်သုံးရန် အကြံဉာဏ်တွေလည်း အသင့်။ ဦးမြတ်သာသမီးနှင့် တွေ့ဆုံရမည့်ရက်နှင့် နေရာကို အန်ကယ်သိဒ္ဓိကတစ်ဆင့် အကြောင်းပြန်ခိုင်းလိုက်သည်။

ဒီကြားထဲ သူ့မှာ လုပ်စရာအလုပ်တွေ အများကြီး ရှိသည်။ ဆောင်းက သူ့အိမ်ကို မလာပါနဲ့ဆို၍ ဆောင်းအိမ်ကို စောမည မသွားပေမယ့် ဝေလအိမ်ကို နေ့တိုင်း ရောက်သည်။ သွားတိုင်းလည်း ဆောင်းအဖေ ဦးရန်ရှင်းအတွက် ဆေးဝါးဓာတ်ဆာ အာဟာရပစ္စည်း စုံပါသည်။

"ဒီပစ္စည်းတွေက ကျွန်တော်ကိုယ်တိုင် ပေးလို့မရလို့ အန်တီ





ထွေးနဲ့ ဝေလကပဲ ကူညီပေးပါ၊ ကျွန်တော်ပေးတာ ဆောင်းသိရင် ဘာတစ်ခုမှ လက်ခံမှာ မဟုတ်လို့ပါ"

စောမညကိုယ်တိုင် တောင်းပန်ထားတော့ ဝေလတို့သားအမိ မငြင်းနိုင်။ စောမညကို ကူညီပါမည်ဟု ကတိပေးလိုက်ရသည်။

ဆောင်းမှာ အလုပ်လက်မဲ့ဆိုတော့ ဝင်ငွေက မရှိ။ စောမည အကြွေးကို ဆပ်မည့် အစီအစဉ်ကို အခုချိန်ထိ အကောင်အထည် မဖော်နိုင်သေး၍ ဆောင်း စိတ်ညစ်တာလည်း သိသည်။

ဝေလ ညီနှစ်ယောက်ဖြစ်သော မော်ကြီးနှင့်ကျော်ကြီးကို စောမညက သူ့ကုမ္ပဏီမှာ အလုပ်ခန့်ထားလိုက်၍ ဒေါ်ထွေးက စောမညကို ကျေးဇူးတင်နေသည်။

"ကျွန်တော်တို့ နေ့တိုင်း ဒီပစ္စည်းတွေ ပေးနေတာ ဆောင်းက သုံးပါ့မလား အမေ"

"ဘယ်ယုံမှာလဲ သားကြီးရဲ့"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"နေပါဦးကွယ်၊ အမေကြံပါဦးမယ်"

အရေးဆို ဝေလက ဘာအကြံဉာဏ်မှ မထွက်။

သူသိတာက ဆောင်းဒီအကြောင်းတွေသိပြီး သူ့ကို ရန်လုပ်မှာကို သွားပြီး လန့်နေသည်။ နောက်ရက်တွေမှာ ဒေါ်ထွေး၏ အစီအစဉ်နှင့် ကျော်ကြီးကို စောမညဝယ်လာသည့် ဒရင်းဘတ်ကို ကျော်ကြီးက ဝယ်လာဟန်နှင့် ဆောင်းအိမ်ကို ကျော်ကြီး သွားပို့ပေးရသည်။

"ဒါက ဦးလေးအတွက် ကျွန်တော့် လုပ်အားခနဲ့ ကန်တော့တာ ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



"သာဓု… သာဓု… သာဓု"

ဦးရန်ရှင်းက ဒေါ်ထွေးပြောထား၍ စောမညာ ပစ္စည်းတွေမှန်း သိထားသည့်အတွက် ဆောင်းရှေ့မှာ ဒီလောက်ပဲ ပြောသည်။ စကား အပိုမပြော။ ဆောင်းကတော့ တန်ဖိုးကြီးသည့် ဒရင်းဘတ်ကိုကြည့်ပြီး ကျော်ကြီးကို စူးစမ်းသည့်မျက်ဝန်းတွေနှင့် ကြည့်သည်။

"မင်းလုပ်အားခက ဘယ်လောက်ရလို့လဲ ကျော်ကြီး"

"နှစ်သိန်း"

ကျော်ကြီးက ကျေနပ်သောအပြုံးနှင့် ဆောင်းမေးတာကို ခပ် သွက်သွက် ဖြေသည်။ စိတ်ထဲကတော့ သူ့ကို အလုပ်ပေးတာ စောမညာ ဆိုတာကို ဆောင်းသိအောင် ပြောချင်နေကာ မနည်းမျိုသိပ် ထားရ၏။

"မော်ကြီးကရော"

"သူက သုံးသိန်းဗျာ"

"တယ်ဟုတ်ပါလား၊ မင်းတို့ကုမ္ပဏီမှာ နောက်ထပ်လူလိုရင် ဆောင်းကို ခေါ်ဦး"

"အခုလုပ်မှာလား"

"ဟ… အခုရရင် အခုလုပ်မှာပေါ့"

ဆောင်းအသံက အားတက်သရော။

အလုပ်မြန်မြန်ရ၊ ဟိုလူ့အကြွေး မြန်မြန်ကျေဖို့ပဲ တွေးသည်။ တခြားဘာမှမတွေး။ ကျော်ကြီးကတော့ ဆောင်းမျက်နှာကိုကြည့်ပြီး ရင်ထဲ ယားကျိကျိဖြစ်နေသည်။ သူတို့အလုပ်ရှင်သူဌေးဆိုတာ တခြား မဟုတ်။ စောမညာဆိုတာ ဆောင်းသိရင် ဘာတွေဖြစ်ကုန်မလဲ သိချင်





နေ၏။

"တကယ်လုပ်မှ ပြောဗျာ၊ တော်ကြာ သူဌေးကို အလုပ် လုပ် မယ်ပြောပြီးမှ ဆောင်းက သဘောမကျလို့ ပြန်ထွက်သွားရင် ကျွန်တော် ပဲ မျက်နှာပျက်ရမှာ"

"မင်းအလုပ်က ဘာအလုပ်မို့လို့လဲ"

"သူဌေးရဲ့ စက္ကူထရီဗျာ"

"ဟာ… ဒါဆို လခကောင်းကောင်းရမယ် ထင်တယ်၊ လုပ် မယ်ကွာ၊ လုပ်မယ်"

"တကယ်နော်"

"နေဦး… မင်းတို့သူဌေးက သဘောရောကောင်းရဲ့လား"

"ဟာ… အဲဒါတော့ မပူနဲ့၊ ကျွန်တော်တို့ သူဌေးက ကမ္ဘာပေါ် မှာ သဘောအကောင်းဆုံးဗျာ"

"အိုကေ၊ မင်း အပြောကောင်းလို့ အလုပ်ကို လက်ခံလိုက်ပြီ၊ မင်းသူဌေးကိုသာ သူ့အတွက် စက္ကူထရီအသစ် ရောက်လာတော့မယ် ဆိုတဲ့အကြောင်း ပြောလိုက်တော့၊ လခတော့ များမှဖြစ်မှာနော်"

"မျှော်မှန်းလစာ ဘယ်လောက်လိုချင်တယ်ဆိုတာ သူဌေးနဲ့ တွေ့မှ ဆောင်းကိုယ်တိုင် ပြောဗျာ၊ ကျွန်တော့်တာဝန်က ဆောင်းကို သူဌေးနဲ့ တွေ့ပေးပြီးရင် ပြီးသွားပြီ"

ကျော်ကြီးစကားကို ဆောင်း လက်ခံလိုက်သည်။ သူဌေးနဲ့တွေ့ ပြီး စကားပြောကြည့်ရဦးမည်။ ဆောင်းလိုလူနဲ့ အလုပ်တွဲလုပ်လို့ရ သည့်လူဖြစ်ဖို့ အရေးကြီးသည်။ ပြီးမှ လခအကြောင်း စဉ်းစားမည်ဟု ဆုံးဖြတ်လိုက်ပြီး သူဌေးနှင့် လိုက်တွေ့ရန် ကျော်ကြီးနှင့်ချိန်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ချိန်းသည့်ရက်မှာ ကျော်ကြီးက ဆောင်းကို လာခေါ်သည်။ ဆောင်းက သူ့ပုံစံအတိုင်း ဆံပင်တိုစုတ်ဖွားစတိုင်နှင့် ပုံစံက ခပ်မိုက်မိုက်နှင့် ဖြူနုအုဖတ်နေအောင် ချောလှနေပေမယ့် မျက်နှာမှာ အပြုံးတစ်စ မရှိ။ သူ့အတွေးနှင့်သူငြိမ်ပြီး ပါလာသည်။ ဆောင်းကိုခေါ်လာသည့် ကျော်ကြီးမှာသာ စောမည့်နှင့် ဆောင်းတွေ့ရင်ဆိုသည့် အတွေးနှင့် ရင်တွေခုန်နေသည်။

"ဟိုအခန်းထဲမှာ သူဌေး ရှိတယ်ဗျာ့"

"လာ… ဆောင်းကို ကျွန်တော် လိုက်ပို့မယ်"

ရုံးခန်းထဲ ရောက်တော့ အခန်းထဲမှာ ဘယ်သူမှ မရှိ။ ဆောင်းက ကျော်ကြီးမျက်နှာကို ဘယ်လိုလဲဆိုသည့်သဘောနှင့် တစ်ချက် လှမ်းကြည့်သည်။ ကျော်ကြီးက ဆောင်းကို မကြည့်။ သူ့လက်က နာရီကို ငုံ့ကြည့်သည်။

"ခဏနော် ဆောင်း၊ ကျွန်တော် ဖုန်းလှမ်းဆက်ကြည့်လိုက်ဦးမယ်"

"ဟော့… မောင်ကျော်ကြီး"

"ဟာ… အန်ကယ်"

အခန်းတံခါးဖွင့်သံနှင့်အတူ ကျော်ကြီးအမည်ကို နှုတ်ဆက်လိုက်သူကြောင့် ဆောင်း အကြည့်တွေက အန်ကယ်ဆိုသူထံ ရောက်သွား၏။

"ဟင်… ဒါ ဦးစောမည့်ဦးလေး ဦးသိဒ္ဓိပါလား"

"ဆောင်း… ဒါ အန်ကယ်ဦးသိဒ္ဓိပါ၊ အန်ကယ်… ဒါဆောင်းပါ"





"အေး… ဟုတ်ပြီ၊ မင်းအလုပ် မင်းသွားတော့၊ ကျန်တာ အန်ကယ်တို့ဘာသာ စကားပြောကြည့်လိုက်မယ်"

"ဟုတ်ကဲ့ အန်ကယ်"

"ဆောင်း… ကျွန်တော်သွားပြီနော်"

ဆောင်းက အင်းမလှုပ် အဲမလှုပ်။

ကျော်ကြီး နှုတ်ဆက်ပြီး နေရာက ခပ်သွက်သွက် ထွက်သွားတာကြည့်ပြီး ဆောင်းအတွေးတွေ ချာချာလည်နေသည်။

"ထိုင်ပါ"

ဦးသိဒ္ဓိက ဆောင်းကိုထိုင်ဖို့ သူ့စားပွဲရှေ့ကခုံကို ညွှန်ပြသည်။ ဆောင်းကတော့ သူကြည့်မရသော ဦးသိဒ္ဓိလိုလူကြီးနှင့် အလုပ်တွဲလုပ်ရမှာကြည့်ပြီး စိတ်ညစ်နေသည်။

"အလုပ်ကတော့ သူဌေးရဲ့ ကိုယ်ရေးအရာရှိ စက္ကထရီအလုပ်ပဲ"

"လုပ်နိုင်မလုပ်နိုင်ဆိုတာ ဆုံးဖြတ်ပြီးပြီလား"

ဦးသိဒ္ဓိအကြည့်က ဆောင်းထံ ရောက်လာပေမယ့် ဆောင်း၏ အာသံမှ မကြားရ။ ဦးသိဒ္ဓိမျက်နှာကို မကြည့်ဘဲ တစ်ဖက် ခုံးစားဟန်ဖြင့် ငြိမ်နေ၍ ဦးသိဒ္ဓိတို့က စောမည့် အစီအစဉ်မှ ပါဝင်သွပ်ရှားကြရသူများ ဖြစ်သည်။

ငယ်ရွယ်နုနယ်လွန်းသော ဆောင်းပုံစံလေးက အရုပ်လေးတစ်ရုပ်ထားသလို ချစ်စရာကောင်းနေသည်။ မျက်တောင်ကော့ကြီးတွေ ခံထားသည့် မျက်ဝန်းအစုံက ဆောင်းဘာလုပ်လုပ် ဘာပြောပြော အပြစ်ဆိုရင် ပြောစရာမရှိအောင် ရှင်းသန့်ဖြူစင်နေပုံက တကယ့် ကလေးတစ်ယောက်ပုံစံ။ အပြစ်ကင်းစင်လွန်း၍ ဦးသိဒ္ဓိပင် ဆောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း ရှေ့ဆက်ပြီး မပြောရက်မဆိုရက် ဖြစ်နေ၏။

"အခြေခံ လစာအနေနဲ့ကတော့ လောလောဆယ် သုံးသိန်းက စမယ်၊ အခြေအနေကြည့်ပြီး အလုပ်တော်ရင်တော်သလို တိုးမြှင့်ခံစား ခွင့်ပေးမယ်၊ ငွေလိုရင် ကြိုထုတ်ပေးမယ်၊ စားစရိတ်ငြိမ်း၊ အဝတ်အစား စရိတ် ဘာတစ်ခုမှ ပူစရာမလိုဘူး၊ ကုမ္ပဏီကပဲ တာဝန်ယူတယ်"

ဦးသိဒ္ဓိစကားအဆုံးမှာ ဆောင်းက သူ့နားသူ မယုံနိုင်ဟန်ဖြင့် ဦးသိဒ္ဓိမျက်နှာကို မော့ကြည့်သည်။ လူကြီးက ဆောင်းကို မကြည့်။ စားပွဲပေါ် အထပ်လိုက်ရောက်နေသည့် စာရင်းစာအုပ်တွေ၊ ဖိုင်တွေကို တစ်ခုပြီးတစ်ခု စစ်ဆေးနေ၏။

"ကြိုပို့တာဝန်ကို ကုမ္ပဏီကားနဲ့ အဆင်ပြေအောင် စီစဉ်ပေး မယ်၊ ဒါဆိုဖြစ်မလား"

"ဟုတ်ကဲ့...၊ ဖြစ်ပါတယ်"

ဆောင်းထံမှ ပထမဆုံး ထွက်လာသောအသံဖြစ်၍ ဦးသိဒ္ဓိက ဆောင်းရှေ့ကို စာချုပ်တစ်ခု တွန်းပို့လိုက်သည်။

"သဘောတူရင် ဒီစာချုပ်မှာ လက်မှတ်ထိုး၊ အနည်းဆုံး ကုမ္ပဏီ မှာ ခြောက်လလုပ်ရမယ်၊ မလုပ်နိုင်ရင် ငွေပြန်လျော်ရမယ်"

ဆောင်းက သူ့ရှေ့ရောက်လာသည့် စာချုပ်ပါ အချက်အလက် တွေကို သေချာဖတ်သည်။ သူဌေးသွားရာနောက် လိုက်ရမည်တဲ့။ ရတယ်။

နောက်က ကွင်းစကွင်းပိတ်လုပ်ပြီး ဆောင်းက သူလိုချင်တာတွေ ထပ်ဖြည့်ရေးသည်။ ရုံးချိန်အတွင်းသာ သူဌေးသွားရာနောက် လိုက် ပါတာဝန်ထမ်းဆောင်မည်ဟု ရေးလိုက်သည်။ နောက်တစ်ချက်က





သူဌေးအတွက် ရုံးတာဝန်ဝတ္တရားများအပြင် လိုအပ်ပါက သူဌေး၏ ကိုယ်ရေးကိစ္စအချို့တွင် လိုက်ပါကူညီဆောင်ရွက်ပေးရမည်ဟု ရေး ထားသည်။ ထိုနေရာမှာ ဆောင်းက ထိုသို့ကူညီပေးရသည့်အတွက် အချိန်၊ နာရီ၊ စက္ကန့်အလိုက် အပိုငွေ ထပ်ဆောင်းပေးရမည်ဟု ဖြည့် ရေးသည်။

နံပါတ်သုံးအချက်ကတော့ ရုံးချိန်ပျက်ကွက်ခွင့် မရှိ။ ပျက်ကွက် ပါက လစာအတွင်းမှ ပျက်ကွက်သည့် ရက်အလိုက် အကျိုးခံစား ခွင့်ငွေကို ဖြတ်တောက်ခံရမည်ဟု ပါရှိသည်။ ဒါကိုတော့ ဆောင်း ဘက်က ဘာတစ်ခုမှ ကန့်ကွက်စရာမရှိ၍ ဤအလုပ်ကို လက်ခံ ကြောင်း ဆောင်း လက်မှတ်ထိုးလိုက်သည်။

"ရပြီ မနက်ဖြန်ကစပြီး အလုပ်စဆင်းပါ"

"ဟုတ်ကဲ့"

ဦးသိဒ္ဓိကို နှုတ်ဆက်ပြီး ရုံးခန်းထဲက ထွက်လာခဲ့ရပေမယ့် ဆောင်းစိတ်ထဲ ကိုယ့်ကိုယ်ကို ဒေါသဖြစ်နေသည်။ ဘာဖြစ်လို့ ဒီ အလုပ်ကို ဆောင်း လက်ခံလိုက်ရတာလဲ။

"အဆင်ပြေလား ဆောင်း"

"အင်း... ပြေပါတယ်"

အနားရောက်လာသည့် ကျော်ကြီးကိုကြည့်ပြီး ဆောင်း ဖြေသံ က သိပ်မကြည်လင်။ မျက်နှာကလည်း မှုန်နေ၍ ကျော်ကြီးက ဆောင်း အခြေအနေကိုကြည့်ပြီး ဆောင်းကို နှုတ်ဆက်ရာမှ နေရာက အသာ ထစ်ထွက်သွားသည်။

ဆောင်းမှာသာ ဒီအချိန် အိမ်ရောက်နေမည့် မိထွေး ဒေါ်ခင်မျိုးမြ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဖခင်ဖြစ်သူမျက်နှာကို မြင်ယောင်ရင်း သက်ပြင်းချလိုက်သည်။ ခြေထောက်ဒဏ်ရာ သက်သာပါသည်ဆိုသော စကားနှင့် သူအိမ်ပြန်လာတော့မည်ဆိုသည့်အကြောင်း အဖေ့ကို ဖုန်းဆက်သည်။ အဖေက ဘာမှမပြော။ နှစ်ကြိမ်၊ သုံးကြိမ် ဖုန်းဆက်လွန်းမကဆက်တော့ အဖေက မင်းသဘောဆိုပြီး ဖုန်းချသည်။ ဆောင်း မကျေနပ်ပေမယ့် ဒေါ်ခင်မျိုးမေဆိုတာ အဖေချစ်လို့ အဖေယူထားသည့် မိန်းမဆိုတော့ ဘာမှထပ်ပြောမနေတော့။

အဖေက ဒီနေ့ ခင်မျိုးမေ အိမ်ပြန်ရောက်မယ်ဆိုတာပြောပြီး သတင်းစာကြည့်မပျက်သလို ဆောင်းကလည်း ဘာမှမဖြစ်သည့် စတိုင်နှင့် ကျော်ကြီးနောက် လိုက်ခဲ့သည်။ အလုပ်တော့ရသည်။ လစာလည်းကောင်းသည်။ တခြားအခွင့်အရေးတွေလည်း သဘောကျပေမယ့် အလုပ်ရှင်က စောမညတို့ မိသားစုပိုင်ကုမ္ပဏီ ဖြစ်နေသည်။

အလုပ်လုပ်ရမှာက စောမည ဦးလေးနဲ့ဆိုပေမယ့် စောမညဆိုသည့် တူနဲ့လည်း ပတ်သက်နေသည်။ ဒီလူ ဆောင်းနဲ့တည့်တာလည်း မဟုတ်။ မကြာခဏ ရန်ဖြစ်စကားများနေကြသည်။ ပြဿနာက စောမည အကြည့်၊ အပြောတွေကို ဆောင်းမုန်းသည်။ ကြည့်မရ။ ဒီလူနဲ့ ဝေးဝေးနေချင်ပါသည်ဆိုမှ သူ့ကုမ္ပဏီမှာ အလုပ်လုပ်ဖို့ ဖြစ်လာသည့် ကံကြမ္မာက ဆောင်းကို စိတ်ညစ်ဖို့ ဖြစ်လာသည်။ သူ့အကြွေးလည်း အခုထိ မဆပ်ရသေး။ ဒီအလုပ်ရပြီဆိုတော့ စောမညအကြွေးတွေကို ဆောင်းလခထဲက ဆပ်ခွင့်ရတော့မည်။ အရေးကြီးတာက သူ့အကြွေး ကျေအောင်ဆပ်ဖို့ဖြစ်သည်။

တခြားကုမ္ပဏီမှာ အလုပ်ရှာပေမယ့် ဆောင်းလိုချင်သည့်





လစာနှင့် လုပ်ရမည့်အလုပ်၊ ခရီးစရိတ်၊ စားစရိတ်ပြန်နုတ်လိုက်တော့ အဆင်မပြေတာနှင့် မလုပ်ဖြစ်။

အို… သူနဲ့တွေ့တော့ ဘာဖြစ်လဲ။ ခပ်တည်တည်လုပ်နေလိုက်ယုံပေါ့။ ဒါအပြင်မရှိ။ ဦးသိဒ္ဓိကလည်း ဆောင်းအပေါ်မှာ သဘောကောင်းပြနေတာကိုလည်း အလွန်အလုပ်ရွေးသော ဆောင်းလိုလူကမှ ဒီအလုပ်မလုပ်လျှင် တခြားလည်း လုပ်စရာမရှိ။ စောမည ဆောင်းကို ပြဿနာလာရှာလို့ကတော့ ဆောင်းဆီက လက်သီးဆုတွေ့ပဲရမှာ သေချာသည်။ ဆောင်းဆိုတာ ဘယ်လိုလူစားမျိုးလဲဆိုတော့ စောမည ဆိုတဲ့လူသိရင် နောက်ဘယ်တော့မှ ဆောင်းကို စိတ်အနှောင့်အယှက်ဖြစ်စေမည့် စကားတွေ ပြောရဲတော့မှာ မဟုတ်ဘူးဆိုသည့် အတွေးနှင့် ဆောင်း ထောင့်ချိုးအကွယ်က လှမ်းအထွက်…

''ဘုတ်''

''အင့်''

''အာ… ဆောရီး''

လူတစ်ယောက်နှင့် ဆောင်း ဝင်တိုက်မိခြင်း ဖြစ်သည်။ ဆောင်းနှင့် ဝင်တိုက်မိသူကို ဆောင်းမော့ကြည့်လိုက်တော့ အသက်ငါးဆယ်ကျော်အရွယ်၊ ချောမောလှပသည့် အန်တီတစ်ယောက် ဖြစ်နေ၏။

''ဆောရီး… အန်တီ၊ ဆောင်း မမြင်လိုက်လို့ပါ''

''ရပါတယ် သားရယ်၊ အန်တီကိုယ်တိုင်လည်း အတွေးလွန်လာလို့ပါ''

မျက်နှာတွင် အေးငြိမ်းလှပစွာ ကျက်သရေရှိသူ။ စကား ပြောတော့လည်း နူးညံ့သိမ်မွေ့မှုတွေနှင့် ဆောင်းမျက်နှာကို ပြုံးကြည့်



www.burmeseclassic.com

www.burmeseclassic.com



မင်း တို့ဆိုတာသက်သက်ပြောပုံကလည်း ချစ်စရာဖြစ်၍ ဆောင်းရင်ထဲ ထိုအန်တီလှလှကို မြင်မြင်ခြင်း သဘောကျစိတ်နှင့် ချစ်သွားမိသည်။

"ဆောင်းကို ခွင့်ပြုပါ အန်တီ"

"ကောင်းပါပြီကွယ်"

ဆောင်းမျက်နှာလေးကို အကြည့်တစ်မျိုးနှင့် အံ့သြသလို စိတ်ဝင်စားသလို ကြည့်နေသည့် အန်တီကြီးကို နှုတ်ဆက်၍ ကျောခိုင်းလိုက်သည်။ ဆောင်း ဦးခေါင်းထဲမှာက စောမညနှင့် သူလုပ်ရမည့်အလုပ်အကြောင်းတွေးကာ အတွေးတွေ ချာချာလည်နေ၏။



# အခန်း (၁၂)

"ဘာမှ သိပ်တွေးမနေနဲ့ ဆောင်း၊ အလုပ်ကိုအလုပ်လို့ သဘောထားလိုက်ရင် ကျန်တာအားလုံး သူ့ဘာသာ အဆင်ပြေသွားလိမ့်မယ်၊ တခြားကုမ္ပဏီတွေလည်း ဆောင်းရောက်ဖူးတာပဲ၊ ကိုယ်လိုချင်တဲ့ပုံစံနဲ့ သူတို့ဘက်က ပေးနိုင်တဲ့ အလုပ်အနေအထားက လုံးဝတခြားစီချည်းဖြစ်နေတာဆိုတော့ ဒီအလုပ်က ဆောင်း လုပ်ချင်ဖြစ်ချင်တဲ့ပုံစံနဲ့ တစ်ထပ်တည်း မဟုတ်လား"

"အတွေးမလွဲနဲ့နော် ဆောင်း၊ နောက် ဒီလိုအလုပ်မျိုး ဆောင်းလုပ်ချင်ပါတယ်ဆိုလို့လည်း ရချင်မှရမှာ၊ အခုတောင် အိမ်ဘေးနားက မဝတ်ရည်က သူ့အတွက် ကျွန်တော့်ကို အလုပ်ရှာပေးပါဦး ဘာညာနဲ့ နှုတ် အပူကပ်နေတာဗျာ၊ ဆောင်းအလုပ်ထွက်ရင် ဆောင်းနေရာကို မဝတ်ရည် ချက်ချင်းဝင်လုပ်မှာ၊ အဲဒါယုံ"

ဝေလနှင့် ကျော်ကြီးစကားကြောင့် ဆောင်း နည်းနည်းတော့ တွေဝေသွားသည်။ ဝတ်ရည်ကို ဆောင်းသိသည်။ မိန်းမပီသသော



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည် သတင်းတွေဆိုလည်း ဝေလအမေ အန်တီထွေးပြောလွန်း၍ ဆောင်း နားနှင့်မဆန့်အောင် ကြားဖူးသည်။ ဆံပင်ရှည်ကြီးနှင့် ကန့်ကလျ ဝတ်ရည်ပုံစံက မြန်မာဆန်ဆန် ဝတ်စုံတွေနှင့် လိုက်ဖက်သူ အဖြစ် ယောက်ျားတိုင်းက ဝတ်ရည်ကို စိတ်ဝင်စားကြသည်။

ဝတ်ရည်မှာ အခုချိန်ထိ ချစ်သူရည်းစား မရှိ။ အနေအထိုင် ပိရိသေသပ်လွန်းသူဖြစ်၍ ဝတ်ရည်စိတ်ထဲ ဘာတွေဘယ်လိုရှိလဲဆိုတာ အလွယ်တကူ အကဲခတ်၍လည်း မရနိုင်။ ဝတ်ရည်က ဆောင်းလို ကိစ္စတစ်ခုကို ရှုးခနဲ ဒိုင်းခနဲပေါက်ကွဲလွယ်တတ်သူမဟုတ်။ ဆောင်း က စိတ်ဆိုးရင် ဆိုးသည့်အတိုင်း သူ့ရင်ထဲက ခံစားချက်ကို မထိန်း နိုင်ပေမယ့် ဝတ်ရည်က ဒေါသဖြစ်စရာရှိရင်တောင်မှ သူ့ရင်ထဲက ဒေါသကို အပြုံးဖြင့် ဖုံးကွယ်ရယ်မောတတ်သူမျိုး ဖြစ်သည်။

ဝတ်ရည်လှတာ အားလုံးသိသည်။

သို့သော် ဝတ်ရည်အလှက ပြင်ဆင်ခြယ်သထားမှ လှပသော အလှဖြစ်၍ ဆောင်းလို ဘာတစ်ခုမှ မပြင်ဆင်ပဲ သဘာဝအတိုင်းလှ သော အလှမျိုးနှင့်တော့ လာယှဉ်၍ မရ။ ဝတ်ရည် အဝင်အထွက် အသွားအလာအများဆုံးက ဝေလတို့အိမ် ဖြစ်သည်။

အိမ်ခြင်းကလည်း သိပ်မဝေး။

ဒီကြားထဲ ဝတ်ရည်က ဝေလကို တစ်ဖက်သတ် စိတ်ဝင်စား နေသည်။ ဝေလကတော့ ဝတ်ရည်ကို ဂရုမစိုက်။ စိတ်လည်း မဝင် စား။ ဝတ်ရည်ကတော့ ဆောင်းအမြင် အလိမ္မာအိမ်ပါ ချွေးမကောင်း ဖြစ်အောင် ဝေလအမေ အန်တီထွေးရှေ့မှာ ကြိုးစားပြနေသည်ဟု ထင် သည်။ ဝေလကလွဲပြီး ကျန်မိသားစုဝင်အားလုံးက ဝတ်ရည်ကို သဘော





ကျသည်။ ခင်လည်း ခင်ကြသည်။

ကျော်ကြီးတို့ မော်ကြီးတို့အစ ဆောင်းပြီးလျှင် သူတို့အချစ်ဆုံး က ဝတ်ရည်ပါဟု ထုတ်ဖော်ပြောကြ၍ ဆောင်းမှာ ဘယ်သူ့ကို မကျေနပ်မှန်း မသိ။ ဒေါသတွေ လိုမ့်ထွက်နေမိတာ ပြန်အမှတ်ရသည်။ အခု ဆောင်းအလုပ် မလုပ်လျှင် ဝတ်ရည်ရမည်ဆိုတော့ ဆောင်း သဘောမကျ။ ဝတ်ရည်အတွက် ဆောင်းနေရာကို ဖယ်မပေးချင်။

"စဉ်းစားမနေနဲ့ ဆောင်း၊ မင်းလိုကောင်နဲ့ မင်းလုပ်ရမယ့် အလုပ်အားလုံး သူ့နေရာနဲ့သူ အဆင်ပြေပြီးသား၊ ကိုယ့်အလုပ်ကိုသာ လုပ်စမ်းပါ၊ ကျန်တာတွေ မေ့ထားလိုက်"

ဝေလက ဆောင်းကို သူရထားသည့်အလုပ်က မထွက်စေချင်၍ တိုက်တိုက်တွန်းတွန်း ပြောသည်။ ဆောင်းကို တခြားနေရာမှာ အလုပ် လုပ်နေတာထက်စာလျှင် စောမညမျက်စိရှေ့မှောက်မှာ အလုပ်လုပ် နေတာ ပိုစိတ်ချသည်။ ပိုပြီး စိတ်သက်သာရာရသည်။ ဆောင်းကို အမှန်တကယ်ချစ်မြတ်နိုးနေသူကြောင့် ဆောင်းမှာ ဘယ်လိုအန္တရာယ်မှ မရှိနိုင်သလို ဘယ်လိုကိစ္စနှင့်မှလည်း ဒုက္ခရောက်စရာ မရှိ။

"မင်း အလုပ်သွားရင် ငါလိုက်ပို့မယ်"

"ရတယ်၊ မင်းအလုပ်မင်းသွားပါ၊ ဆောင်းလည်း ဆောင်းအလုပ် ဆောင်းလုပ်မယ်"

"ဒီလိုမှပေါ့"

ဆောင်းအလုပ် လုပ်မည်ဆို၍ ဝေလ ကျေနပ်သွားသည်။ ဆောင်းမှာသာ ကိုယ့်ကို ရည်းစားစကား ပြောထားသည့်လူနှင့် ရှေ့ ဆက်သွားရမည့်ခရီးကို စဉ်းစားနေမိသည်။ ဖြစ်လာမှတော့ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်။ ကိုယ့်ဘက်က ရှိးသားနေလျှင်ပြီးပြီ။ ကျန်တာတော့ အခြေအနေကြည့် ပြီး မီးစင်ကြည့်ကယ့်သာရှိသည်။

အလုပ်လုပ်မည်။

ပြီးတော့ သူ့အကြွေးဆပ်မည်။

ဒါဆိုပြီးပြီဟု သဘောထားက အလုပ်စလုပ်သည်။ အလုပ်ရှင် ဦးသိဒ္ဓိက သဘောမဆိုးပါ။ ဆောင်းကို စကားပြောတာကအစ အရင်လို မဟုတ်။ ကောင်လေးတစ်ယောက်လို ပြောဆိုဆက်ဆံ၍ ကျိတ် ကျေးဇူးတင်သည်။ အလုပ်ကလည်းဘာတစ်ခုမှ ပင်ပန်းခက်ခဲတာ မရှိတော့ အလုပ်လုပ်တာ စိတ်ထဲပေါ့ပါးပြီး သက်တောင့်သက်သာ ရှိသည်။ ဦးသိဒ္ဓိသွားရာနောက် လိုက်ရသည်။ လိုအပ်တာတွေ လုပ် ပေးရသည်။ အလုပ်ရှင်နှင့် အလုပ်သမားလို့ ခွဲခြားဆက်ဆံခြင်း မရှိ။ ဆောင်းကို ကိုယ့်တူ၊ ကိုယ့်သားလေးလိုသာ ပြောဆိုဆက်ဆံနေရာပေး ၍ ဦးသိဒ္ဓိကို အရင်လိုမမုန်းတော့။

အလုပ်ထဲမှာ နေပျော်လာသည်။

ဦးသိဒ္ဓိ ခိုင်းသည့်အလုပ်တွေရော၊ မခိုင်းသည့်အလုပ်တွေပါ ကူလုပ်ပေး၍ ဦးသိဒ္ဓိက ဆောင်းကိုကြည့်ပြီး ခေါင်းတညိတ်ညိတ် ပြုံးနေသည်။

ဖားတစ်ပိုင်း ငါးတစ်ပိုင်းသတ္တဝါလေးအဖြစ် ပေါင်းသင်းရခက် မည်ထင်ကာ ဦးသိဒ္ဓိ သဘောမကျခဲ့ပေမယ့် ဒီလိုကြဖြန်တော့လည်း ဆောင်းက မဆိုး။ သူ့အကြိုက်လိုက်ပေါင်းတော့ အားလုံးအဆင်ပြေ နေတာကြည့်ပြီး ဆောင်းကို ပိုနားလည်လာသည်။

စောမည က ဂျပန်ကို အလုပ်ကိစ္စနှင့်သွားနေ၍ လုပ်ငန်းခွင်ထဲ





ရောက်မလာသေး။ ဦးသိဒ္ဓိကိုတော့ ဆောင်းအခြေအနေ မကြာခဏ လှမ်းလှမ်းမေးသည်။ ဆောင်းအကြောင်းတွေ ဦးသိဒ္ဓိ ပြောပြသမျှ တစ်လုံးမကျန် သေချာနားထောင်ပြီး ဆောင်းလိမ္မာနေတာကို ကျေနပ် နေသည်။

ဂျပန်မှာ ဦးမြတ်သာတို့သားအဖနှင့် စောမည တွေ့သည်။ စီးပွားရေးလုပ်ငန်းသဘောထားခြင်း အတူတူဆိုတော့ ဦးမြတ်သာတို့ သားအဖနှင့် စောမည ဘယ်သွားသွား ဘယ်လာလာ ကိစ္စအတော်များ များ အတူတူသွားဖြစ် စားဖြစ် လည်ပတ်ဖြစ်သည်။ ဦးမြတ်သာက အစကတည်းက သူ့သမီးယမင်းမြတ်နှင့် စောမည်ကို သဘောတူ ထားသူဖြစ်၍ ကိစ္စတိုင်းမှာ စောမည်နှင့် ယမင်းမြတ် နှစ်ယောက်တည်း သွားဖြစ်အောင် ဖန်တီးပြီး သူက အကြောင်းပြချက်တစ်မျိုးမျိုးနှင့် လူစုခွဲနေရစ်ခဲ့တာ များသည်။

စောမည်ကို ယမင်းမြတ်ကိုယ်တိုင်ကလည်း သဘောကျနေ၍ စောမည ဘယ်သွားသွား သူက အမြဲလိုက်နေချင်သည်။ ယမင်းမြတ် က လှပါသည်။ စကားပြောလည်း ယဉ်ကျေးချိုသာသလို မိန်းမလည်း ပီသသည်။ ထမင်းဟင်းချက်ပြုတ်တာကအစ အိမ်မှုကိစ္စအဆုံး သူမ မသိတာဘာမှ မရှိ။ ဒီလောက် အလုပ်များ မအားလပ်သည့်ကြားက စောမည်ကို သူမလက်ရာ မြန်မာထမင်းဟင်း ချက်ပြုတ်ကျွေးဖြစ် အောင် ကျွေးလိုက်သေးသည်။

ဆောင်းနှင့်တော့ တခြားစီ ဖြစ်သည်။ ဖခင်ခြေရာကို နင်းနိုင် သူဖြစ်၍ ယမင်းမြတ်က စီးပွားရေးလောကမှာ ကျင်လည်လာသည်။ အရာရာကို ထိုးဖောက်မြင်နိုင်စွမ်းလည်း ရှိသည်။ လုပ်ရဲကိုင်ရဲ ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ရ၍ ယမင်းမြတ်၏ကုမ္ပဏီက အောင်မြင်သည်။ စောမည၌နှင့် နှစ်ဆောက်အတူ လက်တွဲလုပ်ရမည်ဆိုလျှင် ပြောစရာမရှိ။ လနှင့်နေ မြနှင့်ရွှေကဲ့သို့ လိုက်ဖက်ညီသော စုံတွဲတစ်တွဲဖြစ်မှာ သေချာပေမယ့် စောမညက ယမင်းမြတ်ဆိုသည့် မိန်းမလှကို စိတ်မဝင်စား။

သူ့အာရုံက ယမင်းမြတ်ထံမှာ မရှိ။

သူ့အပေါ် ဘယ်သောအခါမှ ကြည်သာခြင်း မရှိ။ အမြဲရန်လို နေတတ်သော ချစ်စရာအလှပိုင်ရှင် ဆောင်းထံမှာ သူ့အချစ်တွေ အားလုံး စုပုံရောက်ရှိနေ၏။ ယမင်းမြတ်က ဆောင်းထက် အသက် လည်းကြီးသည်။ အတွေ့အကြုံလည်း ရင့်ကျက်သည်။ ချစ်သူရည်းစား တွေလည်း အများကြီးရှိသည်။ ဆောင်းလို နုနယ်ငယ်ရွယ်သူ မဟုတ်။

ဆောင်းက ရိုးသားသန့်စင်သည်။

ဘယ်လို ကျားသတ္တဝါမှ သူ့အနား ကပ်ခွင့်မပြု။

အချစ်ရေးမှာ အစိမ်းသက်သက်ဖြစ်၍ အချစ်ဆိုသည့်အရာကို ရွံမုန်းခါးသက်နေသူ။ ငွေကို ငွေလိုမြင်သူတွေထဲမှာ ဆောင်းမပါ။ အချစ်သည် ဆောင်းအတွက် ငွေမဟုတ်သလို ငွေသည်လည်း ဆောင်း အတွက် အချစ်မဖြစ်။

စောမည လိုချင်တာလည်း ဒါဖြစ်သည်။

ယမင်းမြတ်အပါအဝင် စောမညတို့အသိုင်းအဝိုင်းမှာ အတွက် အချက်၊ အနိမ့်အမြင့်၊ ကိန်းဂဏာန်းပေါင်းစပ်မှုတွေက သိပ်များသည်။ အရေးမပါလှသည့် အချစ်ဆိုသည့်အရာကို ဘယ်သူမှ သိပ်စိတ်မဝင် စားကြ။ သူ့ရပိုင်ခွင့်၊ ကိုယ်ရပိုင်ခွင့်တွေကိုပဲ အပြန်အလှန် စိတ်ဝင် စားကြ တွက်ချက်တတ်ကြသည့် သူတွေပဲရှိသည်။





ဒီလိုပဲ လက်ထပ်ပြီးတော့လည်း ချစ်သွားကြတာပဲ ဆိုသည့် စကားက သူတို့လောကမှာ သုံးနှုန်းနေကြစကားဖြစ်သည်။ စောမည က ထိုသူတွေထဲမှာ မပါ။ ကိုယ်တကယ် မချစ်ပဲနှင့် ဘယ်သူ့ကိုမှ လက်ထပ်ရန် စိတ်မကူး။ အခုလို သူ့နှလုံးသားနှင့်ရင်းပြီး ချစ်ရမယ့် သူရှိနေတော့ ပိုဆိုးသည်။

ယမင်းမြတ်ကို သူ့အနား အကပ်မခံတော့။

ယမင်းမြတ်က လိုက်သူ။ စောမညက ပြေးသူဖြစ်သည်။ လူ့ စိတ်ဆိုတာကလည်း ဆန်းသည်။ ကိုယ့်ကိုသဲသဲလှုပ် စိတ်ဝင်စား သူတွေချည်း တွေ့နေရ၍လားမသိ။ ထိုလူမျိုးကို စိတ်မဝင်စား။ ကိုယ့် ကို ဥပေက္ခာပြု လျစ်လျူရှုထားပြီး စိတ်မဝင်စားသလို အရေးမစိုက် သလို နေပြတတ်သူကိုမှ ပိုပြီးစိတ်ဝင်စားတတ်ကြသည်။ ပိုပြီး လိုချင် တတ်ကြသည်။

ယခုကိစ္စမှာလည်း ထိုအတိုင်းဖြစ်သည်။ ယမင်းမြတ်က သူ့ကို လုံးဝစိတ်မဝင်စားသည့် ဂရုမစိုက်သည့် စောမညကို တခြားဘယ်သူ နှင့်မှ မတူသော စိတ်ဝင်စားမှုမျိုးနှင့် စိတ်ဝင်စားလာရုံမက ယောကျ်ား ပီသ၍ တည်ကြည်ခန့်ညားသော စောမညက သူ ဘယ်လိုအခွင့်အရေး ပေးပေး ဘာတစ်ခုမှ အခွင့်အရေးမယူဘဲ လူကြီးလူကောင်းတစ်ယောက် လို ဣန္ဒြေသိက္ခာအပြည့်နှင့် ပြောဆိုပြုမူဆက်ဆံသည့်အတွက် စောမည အပေါ် ပိုပြီးအထင်ကြီးစိတ်နှင့် လေးစားလာရာမှ စောမညကို သိုက်လှဲသော ချစ်ခြင်းနှစ်နှစ်ကာကာ ဖွဲ့လမ်းစိတ်ဖြစ်လာခြင်းဖြစ်သည်။

ဘယ်ယောကျ်ားကိုမှ စောမညလို သူမကို ဘာအခွင့်အရေးမှ မယူဘဲ မဆက်ဆံဘူးပါ။ ရသည့်အခွင့်အရေးကို အမိအရ အသုံးချ



www.burmeseclassic.com

www.burmeseclassic.com



တတ်ကြသည့် ယောကျ်ားတွေနဲ့ချည်း တွေ့လာရ၍လည်း စောမည အပေါ် အခုလိုအထင်ကြီးမိရာမှ ချစ်မိလာခြင်းဖြစ်သည်။ ယမင်းမြတ် စုံစမ်းသိရသလောက် စောမည့်မှာ အခုချိန်ထိ ချစ်သူရည်းစား မရှိသေး။ သူမဘက်က ကြိုးစားလျှင် စောမည့်အချစ်ကို ရနိုင်လိမ့်မည်ဟု စိတ်ချယုံကြည်နေ၏။

စောမည့်မှာ ဆောင်းရှိနေမှန်း မသိ။ သူမမှာရှိသမျှ မိန်းမတို့ မာယာကို အစွမ်းကုန်အသုံးချဖို့သာ ကြိုးစားနေသည်။ စောမည့်နှင့် အကျွမ်းတဝင်ဖြစ်အောင် တရင်းတနှီးဖြစ်အောင် ပူးပူးကပ်ကပ် နီးနီးစပ်စပ်နေသည်။ စောမည့်အကြိုက်တွေကို စုံစမ်းသည်။ ကိုယ်တိုင်လည်း လိုက်လုပ်ဖို့ ကြိုးစားသည်။ အချစ်သည် တစ်ခါတစ်ရံ လူကို ရူးစေသည်က အမှန်ဖြစ်သည်။

သို့ပေမဲ့ ဘာလုပ်လုပ် စောမည့်က စိတ်မဝင်စား။

သတိပင်မထားမိတော့ ယမင်းမြတ်ရင်ထဲ အခံရခက်ပြီး ကျန်ခဲ့သည်။ စိတ်ထဲကလည်း မခံချင်စိတ်လေး ဖြစ်လာသည်။ ယမင်းမြတ် အလှမှာ ယောကျ်ားတိုင်း ဒူးထောက်တတ်ကြသည်။ စောမည့်ဆိုသည့် ယောကျ်ားက ဘာသားနဲ့ထုထားတာလည်းဆိုသည့် အတွေးနှင့် မာနစိတ်လေးရန်းကြွလာတော့ ပိုဆိုးသည်။ သူမအပေါ်မှာ အလွန်အေးစက်သည့် အမူအယာနှင့် စိတ်မဝင်စားသလိုနေတတ်သော စောမည့် ရင်ကို လှုပ်ရှားသွားအောင် နည်းမျိုးစုံသုံးပြီး ကိုင်လှုပ်ပစ်ချင်လာသည်။

စိတ်ထဲမှာလည်း သံသယတစ်မျိုးဖြစ်လာ၏။ ယမင်းမြတ်စိတ်ထဲက သံသယ တခြားမဟုတ်။ မိန်းမတွေနှင့် ကင်းရှင်းပြတ်သားစွာ နေတတ်သော တချို့တချို့သော ယောကျ်ားတွေ နေထိုင်ပြုမူလေ့ရှိသည့်





အမူအကျင့်တစ်ခု စောမည့်မှာများ ရှိနေသလားဆိုသည့် အတွေးသံသယဖြစ်သည်။ ထိုအတွေးသံသယက ဉာဏ်မျှချောမောလှပသော တည်ငြိမ်ခန့်ညားသည့် ယောကျ်ားက မိန်းမကိစ္စ စိတ်မဝင်စားလျှင် သူ စိတ်ဝင်စားတာက ယောကျ်ားချင်းများ စိတ်ဝင်စားနေသည်လားဆိုသည့် သံသယအတွေး ဖြစ်သည်။

"စော"

"ပြော"

"မြတ်ကို ဘယ်လိုမြင်လဲ"

ယမင်းမြတ်အမေးကြောင့် စောမည့်က သူမကို မရယ်မပြုံး ခပ်တည်တည် လှမ်းကြည့်သည်။ အဖြူရောင်ဝတ်စုံနှင့် ယမင်းမြတ်က ဖွဲ့ဖွဲ့ကျနေသော နှင်းလွှာထုနှင့်အပြိုင် လှနေတာကြည့်ပြီး သူ သက်ပြင်းချလိုက်သည်။

"ကိုယ့်အမြင်ကို ပြောရမလား"

"အင်း"

ယမင်းမြတ်က စောမည့်မျက်နှာကို အလှဆုံးအပြုံးအတောက်ပညှိုးလဲ့ဆုံး အကြည့်နှင့် ခေါင်းညိတ်ပြပုံကအစ လှလှပပ။ စောမည နေရာမှာ တခြားတစ်ယောက်ဆိုရင်တော့ ယမင်းမြတ် အခုလို လှပနေပုံ၊ ချစ်စရာကြိုက်စရာကောင်းအောင် အခွင့်အရေးအမျိုးမျိုး ပေးနေပုံကြောင့် တစ်ယောက်နှင့်တစ်ယောက် မခွဲနိုင်မခွာရက်အောင် ငြိနေမှာ သေချာသည်။ အခုဟာက စောမည့်ကိုယ်တိုင်ဖြစ်နေ၍ ယမင်းမြတ် လှတာ၊ ချောတာကို စိတ်မဝင်စား။ သူမပေးသည့် အခွင့်အရေးတွေက သူ့လို လူ့အတွက် ဘာမှမထူးခြားပဲ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



စောမည့ကိုယ်တိုင် အာသဝေါကုန်ခမ်းနေသော ရဟန္တာဖြစ်နေ၍ မဟုတ်သလို ယမင်းမြတ်ကိုယ်တိုင်လည်း ညှံ့ဖျင်းအသုံးမကျ၍လည်း မဟုတ်ပါ။

"ကိုယ့်အမြင်ကို ပြောရရင် ယမင်းသိပ်လှနေတယ်"

"တကယ်"

"အင်း"

သူ ခေါင်းညိတ်လိုက်တော့ ယမင်းမြတ်က မြူးကြွလှပစွာ တခစ်ခစ်ရယ်ပြီး စောမည့မျက်နှာကို စိုက်ကြည့်သည်။

"ဒီလိုဆိုတော့လည်း စောက မိန်းမတစ်ယောက်ရဲ့ အလှအပကို ခံစားတတ်သားပဲ"

ယမင်းမြတ်အသံက ခနဲ့တဲ့တဲ့။

သူမလှနေတာသိရက်နဲ့ စိတ်မဝင်စားသလို ဂရုမစိုက်သလို လုပ်နေသည့် စောမည့ကို တမင် ကလိလိုက်မှန်းသိ၍ သူမစကားကို နားလည်စွာ စောမည့နှုတ်ခမ်းမှာ အပြုံးသဲ့သဲ့ဖြစ်သွားသည်။

"ကိုယ်မှ မဟုတ်ပါဘူး ယမင်းရယ်၊ လူသားတိုင်းခံစားတတ်တဲ့ နှလုံးသားရှိကြပါတယ်"

"စောကတော့ တခြားသူတွေနဲ့ မတူပါဘူး"

"ဟုတ်လား"

"ကိုယ်က ဘာဖြစ်နေလို့လဲ"

"မိန်းမတွေအပေါ် ဆက်ဆံပုံက တစ်မျိုးပဲ၊ တမင်ဂရုမစိုက်သလို နေပြတာလား၊ တကယ်ပဲ မိန်းမတွေကို စိတ်မဝင်စားတာလားဆိုတာ စောကိုယ်စော သိမှာပေါ့"





"ယမင်းထင်လို့ပါ"

"ကိုယ် မိန်းမတွေကို စိတ်ဝင်စားပါတယ်၊ ဂရုလည်း စိုက်တယ်၊ ကိုယ်တကယ်ချစ်ရမယ့် မိန်းမတစ်ယောက်အတွက်ဆို ပိုပြီးတောင် ဂရုစိုက်သေးတယ်"

စောမည့ စကားအဓိပ္ပာယ်က ဆောင်းကို ရည်ရွယ်ခြင်းဖြစ်သော်လည်း ယမင်းမြတ်မှာ ဒါကို မသိ။ စောမည့က မိန်းမတွေကို စိတ်ဝင်စားပါသည်။ ဂရုစိုက်ပါသည်ဆိုသည့် စကားအပေါ်မှာ အတော်လေး ကျေနပ်သွားသည်။ စောမည့၏ ချစ်ခြင်းမေတ္တာအပေါ် သူမမျှော်လင့်ချက်လေးလျှော့ချတော့မလို ဖြစ်လာရာက တစ်ဖန်ပြန်အားတက်လာကာ စောမည့မျက်နှာကို ချစ်ရည်ရွှန်းလက်သော မျက်ဝန်းအစုံဖြင့် ရူးစိုက်ကြည့်လိုက်သည်။

"စောချစ်သူ မိန်းကလေးက ဘယ်သူလဲ"

"နောက်တော့ သိရမှာပါ၊ ကြုံရင် ယမင်းနဲ့မိတ်ဆက်ပေးမယ်"

စောမည့စကားကြောင့် ယမင်းရင်ထဲ နင့်ခနဲ ဖြစ်သွားကာ မျှော်လင့်ချက်လေး ပြိုကွဲသွား၏။

"စောချစ်သူဖြစ်ရတဲ့ မိန်းကလေးက သိပ်ကံကောင်းသူဖြစ်မှာပါ"

"ကိုယ်လည်း ဒီလိုပဲထင်ပါတယ်"

စောမည့လို လူတစ်ယောက်၏ ချစ်ခင်မြတ်နိုးမှုကို ရရှိသော ဆောင်းအတွက် အချစ်ရေးကံကောင်းမှာ သေချာသည်။ မေတ္တာစစ်ဖြင့် ပေးအပ်သော ချစ်ခြင်းက ဆောင်းကို ပျော်ရွှင်စေလိမ့်မည်။

သူ ရန်ကုန်ကိုပြန်တော့ ယမင်းမြတ်လည်း အတူပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



စောမညက ဆောင်းမျက်နှာလှလှလေးကို တွေ့မြင်လိုစိတ်ပြင်းပြနေချိန်မှာ ယမင်းမြတ်ကလည်း စောမညထံမှ အချစ်နှင့် စောမညကို ဘယ်လိုနည်းသုံး၍ ရယူပိုင်ဆိုင်နိုင်မလဲဆိုတာ တွေးလာသည်။ လေဆိပ်မှာ စောမညနှင့် နှုတ်ဆက်လမ်းခွဲရချိန် ယမင်းမြတ်ရင်ထဲ ဘယ်တုန်းကမှ မဖြစ်ပေါ်ခဲ့ဘူးသော ခံစားချက်တစ်မျိုးနှင့် ဝမ်းနည်းကြေကွဲနေမိသည်။

ဘယ်မိန်းမကိုမှ ဂရုမစိုက်တတ်သော စောမညလိုယောကျ်ားကိုမှ ယမင်းမြတ်နှလုံးသားက လှိုက်လှဲမြတ်နိုးစိတ်နှင့် စွဲစွဲလမ်းလမ်း ချစ်မိသွား၍ ဖြစ်သည်။



အခန်း (၁၃)

"ဆောင်း"

"ဟင်… ဦးစောမည"

မမျှော်လင့်ဘဲ စောမညကို သူမနှင့် နီးကပ်စွာ တွေ့လိုက်ရသည့်အတွက် ဆောင်း လန့်သွားသလို မျက်နှာလည်း ပျက်သွားသည်။ ဆောင်းနှင့် ရန်ဖြစ်စကားများပြီးကတည်းက စောမညနှင့်ဆောင်း မတွေ့ဖြစ်ခဲ့။ အခုမှ ဆောင်းရှေ့ကို ဘွားခနဲ ရောက်လာ၍ ဆောင်း စိတ်ညစ်သွားသည်။ ဖြစ်နိုင်ရင် ဒီလူနဲ့ ဆောင်း မျက်နှာချင်းမဆိုင်ချင်။ ဒီလူနဲ့ ဝေးရာကို ထွက်ပြေးသွားချင်သည်။

သို့သော် ဆောင်း စိတ်ထင်တိုင်းလုပ်၍ မဖြစ်။ သူမ မျက်စိရှေ့တည့်တည့်မှာ မားမားကြီးရပ်နေသည့် စောမညမျက်နှာကို အလိုမကျသည့် ဒေါသစိတ်လေးဖြင့် မော့ကြည့်လိုက်သည်။

"ခင်ဗျား ဒီကို ဘာလာလုပ်တာလဲ"

"ဆောင်းဆီ လာတာ"

"ဘာဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို ဆောင်းဆီမလာနဲ့လို့ ပြောထားတယ်မဟုတ်လား"

ဆောင်းအသံက ဒေါသနှင့်မာဆတ်နေသည်။

စောမည့က ဆောင်းနှင့်ဆန့်ကျင်ဘက်။ နူးညံ့သိမ်မွေ့သော စကားသံ၊ ရွှန်းလဲ့သော မျက်ဝန်းအကြည့်တွေနှင့် မမြင်ရသည်မှာ ကြာပြီဖြစ်သော ဆောင်းမျက်နှာလှလှလေးကို ချစ်ခြင်း၊ မြတ်နိုးခြင်းတို့ဖြင့် လွှမ်းနေသော မျက်ဝန်းအစုံဖြင့် ရူးစိုက်ကြည့်ငေးရင်း ဆောင်းသူ့ကိုကြည့်ပြီး ဒေါသဖြစ်နေပုံလေးကို သဘောကျနေမိသည်။

"ကိုယ်ကလည်း ဆောင်းဆီလာမှာပဲလို့ ပြောထားတာ ဆောင်းမေ့သွားပြီလား"

"ခင်ဗျား ဆောင်းကိုပြဿနာ လာမရှာနဲ့နော်၊ ဆောင်းဘာသာ ဆောင်း အေးအေးနေချင်တယ်"

"ဆောင်းကို ကိုယ်က အပူတွေပေးနေလို့လား"

"တော်ပြီဗျာ၊ စကားတွေ အပိုထပ်မပြောနဲ့၊ လာရင်းကိစ္စ ဘာလဲဆိုတာပြောပြီး ဆောင်း အိမ်ရှေ့က အခုပြန်"

အိမ်ထဲမှာ အဖေ ရှိသည်။

မိထွေးတော် ခင်မျိုးမေ ရှိသည်။ စောမည့ကို မြင်တွေ့ပြီး ပြောစရာစကားမပွရှိလာမှာကို ဆောင်း မကြိုက်။ အဖေက ဆောင်းကို စောမည့နှင့် သဘောတူကြောင်း သားအဖချင်း ပွင့်ပွင့်လင်းလင်း ပြောထားတော့ ပိုဆိုးသည်။ စောမည့အခုလို ဆောင်းအိမ်ရှေ့ ရောက်နေတာသိရင် ဆောင်းကို ဘာတွေ ထပ်နှားချစည်းရုံးဦးမည် မသိ။

"ကိုယ်နဲ့ ခဏဖြစ်ဖြစ် ဆောင်းလိုက်ခဲ့ပါလား၊ တစ်နေရာမှာ





စကားပြောရအောင်"

"ဘာကိစ္စ ခင်ဗျားနောက် ဆောင်းက လိုက်ရမှာလဲ"

"ကိုယ့်မှာ ဆောင်းကို ပြောစရာစကားတွေက အများကြီးကွ"

"ခင်ဗျားပြောတိုင်း ဆောင်းက နားထောင်ရမှာလား"

"ထောင်သင့်ရင် ထောင်ရမှာပေ့ါ၊ ကိုယ်နဲ့ဆောင်း နှစ်ယောက်တည်း ပြောရမယ့်စကားတွေကို တခြားလူတွေရှေ့မှာ ကိုယ်မပြောချင်ဘူး"

"မပြောချင်လည်း မပြောနဲ့ဗျာ"

"ဆောင်းကတော့ သွားပြီ"

"ဆောင်း"

စောမည့ခေါ်ပေမယ့် ဆောင်းက လှည့်မကြည့်။

စောမည့ကို ကျောခိုင်းပြီး နေရာက ချာခနဲလှည့်ထွက်သွား၍ မနက်ခင်းနဲ့အပြိုင် လှချင်တိုင်းလှနေသော ဆောင်းကိုကြည့်ကာ စောမည့ ပြုံးလိုက်သည်။ ထို့နောက်အားနှင့် ဆောင်းနောက်ကို လိုက်ခဲ့သည်။

"ဆောင်း"

ဆောင်းအမည်ကို ခေါ်ပေမယ့် ဆောင်းက ဂရုမစိုက်။ သူလို လူတစ်ယောက်ကို အခုလိုပုံစံနှင့် ဆက်ဆံရဲသည့် မိန်းကလေးမှာ စောမည့ဘဝမှာ ဆောင်းတစ်ယောက်တည်း ရှိသည်။ ဆောင်းက တခြား မိန်းကလေးတွေလို မဟုတ်တော့ သူဘာကြီးဖြစ်နေဖြစ်နေ ဂရုစိုက် နေမှာမဟုတ်တာကိုလည်း စောမည့ သိသည်။

သူ သဘောကျတာလည်း ဒါဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေတွေဂုဏ်တွေမက်ပြီး သူ့နား နည်းအမျိုးမျိုးသုံးရောက်လာသည့် မိန်းမတွေကို စောမည ကြည့်မရခဲ့သမျှ အခုတော့ စောမည ဝင့်လည်ရမည့်အလှည့် ဖြစ်သည်။ ကားနှင့် ဆောင်းနောက်ကို လိုက်နေသူနှင့် ထိုကားကို ဂရုမစိုက်ဘဲ သွားနေသည့် ဆောင်းတို့ကို ပတ်ဝန်းကျင်က သိသိသာသာရော၊ မသိမသာပါ ဝိုင်းကြည့်လာတော့ ဆောင်းမျက်နှာ နီရဲခက်ထန်လာသည်။

ဒီလူလုပ်နေပုံနဲ့ ဆောင်းပဲ အရှက်ရတော့မည်။

"ဟိတ်… ဆောင်း"

ဒီတစ်ခါ ဆောင်းကို လှမ်းခေါ်သည့်သူက စောမည မဟုတ်။ ဝေလဖြစ်နေ၍ သူ့နားရောက်လာသည့် ဝေလကိုကြည့်ပြီး ဆောင်း ခြေအစုံကို ရပ်လိုက်သည်။ ဆောင်းရပ်သည်နှင့် စောမညကလည်း သူ့ကားကို ဆောင်းနားမှာ ကျွီးခနဲ ကပ်ရပ်လိုက်၍ ဆောင်းရင်ထဲ ဒေါသမုန်တိုင်း ထန်နေသည်။

"ခင်ဗျား ဘာလုပ်နေတာလဲ ဦးစောမည၊ ဆောင်းကို လူအထင်သေးအောင် လုပ်ပြနေတာလား"

"ကိုယ်က ဆောင်းကို လူအထင်ကြီးစေချင်တာပါ"

"ခင်ဗျား ဘယ်လိုလူလဲ"

"ဆောင်း… ဒေါသကိုထိန်းလေ၊ ဟိုမှာ မင်းတို့ကို လူတွေ ဝိုင်းကြည့်နေတာမြင်လား"

ဝေလက အခြေအနေကို ဝင်ထိန်းသည်။

"ကိုစောမည ဆောင်းဆီကို လာတာလား"

ကားပေါ်က ဆင်းလာသည့်စောမညကို ဝေလက နှုတ်ဆက်





သည်။

"ဟုတ်တယ်ဗျာ၊ ကိုဝေလရော ဘယ်လဲ"

စောမညက ဟန်မပျက် ပြန်နှုတ်ဆက်သည်။

"ကျွန်တော် ရုံးသွားတော့မလို့ပါ"

"လမ်းကြုံသားပဲ၊ ကျွန်တော်ကားနဲ့ လိုက်ခဲ့ပါလားဗျာ၊ ခင်ဗျား ရုံးအထိ လိုက်ပို့ပေးမယ်"

"ကောင်းသားပဲ"

"ဆောင်းလည်း ရုံးသွားမှာမဟုတ်လား၊ ကားပေါ်တက်လေ"

ဒီတစ်ခါတော့ စောမညက ခေါ်ခြင်း မဟုတ်ပါ။ ဝေလက ဦးဆောင်ခေါ်ခြင်းဖြစ်၍ ဆောင်းမျက်လုံးတွေ လက်ခနဲဖြစ်သွားကာ ဝေလမျက်နှာကို စူးခနဲစိုက်ကြည့်သည်။

"မင်းဘာသာ လိုက်ချင်လိုက်သွား ဝေလ၊ ဆောင်းကို လာမခေါ်နဲ့"

"မင်း ဒီထက်ပိုပြီး အရှက်ကွဲချင်လို့လား ဆောင်း၊ ဟိုရှေ့က ဆိုင်မှာ ဒေါ်အေးမတို့အဖွဲ့ တို့ကို ကြည့်နေတာမြင်လား၊ ဒီမိန်းမပါးစပ်ကြီးက ဘယ်လောက်ကြောက်စရာကောင်းလဲဆိုတာ သိရက်သားနဲ့"

"လာ… ငါနဲ့အတူ ဣန္ဒြေမပျက် ကိုစောမညကားပေါ်တက်လိုက်၊ ဒါဆို မင်းကို ရစရာမရှိအောင် ပြောကြမယ့် ပါးစပ်ပေါက်တွေ သူ့အလိုလို ပိတ်သွားလိမ့်မယ်"

"ဆောင်း မလိုက်ဘူး ဝေလ"

"လာစမ်းပါ၊ နောက်မှာ ငါ့ကို မင်းကျေးဇူးတင်နေရမယ် ကားပေါ်တက်"



www.burmeseclassic.com

www.burmeseclassic.com



"ဝေလ... မင်း"

ဆောင်းစကားကို ဝေလက ဂရုမစိုက်။ ပြောပြောဆိုဆို တွန်းတွန်းတိုက်တိုက်နှင့် ဆောင်းကိုယ်လေးကို စောမညကားပေါ် တက်ခိုင်းနေ၍ ဆောင်းလည်း ငြင်းမရ ပြောမရသည့်အတူ ဝေလနှင့် စောမည ကားပေါ် မရောက်ချင်ဘဲ ရောက်သွားသည်။

"သင့်ခ်ယူး... ဝေလ"

"ရပါတယ်ဗျာ၊ ကျွန်တော်တို့က မိတ်ဆွေတွေပဲ၊ ကူညီသင့်တာ ကူညီရမှာပေါ့"

"ဘာပြောတယ်"

"မင်းက ဆောင်းကို ကူညီသလိုလိုနဲ့ ဒီလူကိုကူညီတာပေါ့ ဟုတ်လားဝေလ"

"နေဦး၊ ငါ ရှင်းပြမယ်"

"ဘာမှ ရှင်းမပြနဲ့၊ မင်းလည်း အလိုတူ အလိုပါပဲ၊ ဒီမှာ ခင်ဗျားကားကို အခုရပ်ဗျာ၊ ပြောမရရင် ကားပေါ်က ခုန်ဆင်းလိုက်မယ် ဘာမှတ်နေလဲ"

ဆောင်းက ဖွတ်တရွတ်သမားပီပီ ကားကိုဖွတ်ရပ်ခိုင်းနေပေမယ့် စောမည သူ့ကားကို မရပ်။ ဒေါသဖြစ်နေသည့် ဆောင်းကိုနောက် ကြည့်မှန်ထဲက ခိုးကြည့်ရင်း ဆောင်းနှင့်သူ့ကြားက ပြဿနာကို ဘယ်လိုဖြေရှင်းရမှန်း မသိဖြစ်နေသည်။

"ကားကို ရပ်လို့ပြောနေတာ မကြားဘူးလား"

"ဆောင်း... မင်း ဒီလိုဖွတ်မပြောနဲ့နော်၊ ကိုစောမညကို ဘယ်လောက် အားနာဖို့ကောင်းလဲ"





"အံမာ၊ ဆောင်းက ဘာကိုအားနာရမှာလဲ၊ အားနာရအောင် သူက ဆောင်းအဘလား"

"မဟုတ်ဘူး၊ ဆောင်းချစ်သူ"

"အာ.."

"ဟာ.."

"ကိုယ် ဆောင်းကိုချစ်တယ်"

"အာ... ခင်ဗျားပါးစပ်ကြီးကို ပိတ်ထားစမ်းပါ"

ဝေလတို့ စကားစစ်ပွဲကြားကို စောမညက ဝင်ပြောလိုက်၍ ဝေလ မျက်နှာ ရှက်အမ်းအမ်းကြီးဖြစ်သွားသလို ဆောင်း မျက်နှာလေးမှာလည်း ဝေလ ရှေ့ထားပြီး အရှက်မရှိ ပြောချလိုက်သော စောမည စကားကြောင့် မျက်နှာလေးနီရဲပြီး တစ်ကိုယ်လုံး ထူထူပူပူကြီး ဖြစ်သွားသည်။

"ကိုယ့်ကို တစ်မျိုးမထင်နဲ့နော် ဝေလ၊ ကိုယ်ဆောင်းကို တကယ့်မေတ္တာအစစ်နဲ့ မြတ်မြတ်နိုးနိုးချစ်နေတာ ဆောင်းသူငယ်ချင်း ဖြစ်တဲ့ ဝေလကိုလည်း သိစေချင်လို့ပါ"

"ကိုယ် ဆောင်းကို ချစ်တယ် ဝေလ"

"ခင်ဗျားပါးစပ်ကြီးကို ပိတ်ထားနော် ဦးစောမည"

"ကိုယ်အမှန်တွေ ပြောနေတာ ဆောင်း၊ ကိုယ်ဆောင်းကို ချစ်တယ်၊ ဆောင်း ခွင့်ပြုရင် ဆောင်းကို လူကြီးစုံရာနဲ့ တောင်းရမ်း လက်ထပ်ယူမယ်"

"တော်တော့လို့ဆိုနေ၊ ခင်ဗျားနော်"

"ကိုယ် ဆောင်းကို ဘယ်လောက်ချစ်လဲဆိုတာ ဝေလတို့



www.burmeseclassic.com

www.burmeseclassic.com



သိစေချင်လို့''

''ကျွန်တော် သိပါတယ် ကိုစောမည''

''မင်းက ဘာသိတာလဲ ဝေလ''

''ဟ… ကိုစောမညက ဆောင်းဆိုတဲ့မင်းကို တကယ့်မေတ္တာစစ်နဲ့ ချစ်တာကို သိတယ်လို့ ပြောတာကွ''

''အဲဒီလောက် သိနေရင် သူ့နောက်ကို မင်းလိုက်သွား ဝေလ''

''အေး… သူခေါ်ရင် ငါလိုက်သွားတာ ကြာလှပြီ၊ ကိုစောမညက ငါ့ကို မခေါ်ဘူး၊ သူခေါ်ချင်တာ မင်းကို''

''ဟာ… ဝေလ''

''မင်းကပါ ဆောင်းကို ဒီလိုစကားတွေ ပြောစရာလား''

''ကဲကွာ''

''ကဲ… ကဲ''

''အမယ်လေးဗျာ၊ လုပ်ပါဦး ကိုစောမည၊ ဒီမှာ ဆောင်း ကျွန်တော့်ကို နှိပ်စက်နေတယ်''

ကားနောက်ခန်းထဲမှာ အတူထိုင်နေရာက ဆောင်း ဆက်သည်းမခံနိုင်တော့ဘဲ ဝေလ လက်မောင်းရင်းကို လက်သီးနှင့် အဆက်မပြတ် ထိုးကြိတ်လိုက်၍ ဝေလမှာ ဆောင်း လက်သီးဒဏ်ကို လက်နှစ်ဖက်ကာရင်း တကယ်နာတာလည်းမဟုတ်ဘဲနှင့် စောမည အမည်ကို တအားအော်လိုက်မှ ဆောင်း ပို၍ ဒေါသဖြစ်သွားသည်။

''ဆောင်း… မလုပ်နဲ့လေ''

''လုပ်တယ်ဗျာ၊ လုပ်တယ်၊ ခင်ဗျား ဘာမှဝင်ပြောစရာမလိုဘူး''





''ကဲ… ကဲ''

''ကိုစောမည လုပ်ပါဦးဗျာ''

''ဆောင်း''

စောမညက ဆောင်းအမည်ကို ခေါ်လိုက်ခြင်း ဖြစ်သည်။ ဆောင်းက ဂရုမစိုက်။ စောမညကို ကြည့်မရအောင် မုန်းနေမိသလို ဝေလကိုလည်း ဟိုလူ့ဘက် ပါရပါ့မလားဟု စိတ်ဆိုးဒေါသဖြစ်လျက် သတ်ပစ်ချင်နေသည်။

''ကျီး''

နောက်ဆုံး လူရှင်းသည့်နေရာမှာ စောမည သူ့ကားကို ထိုးရပ်လိုက်သည်။

''တော်ပြီဆောင်း၊ ဝေလကို နောက်ထပ် ဘာမှထပ်မလုပ်နဲ့တော့''

''ကြည့်ပါဦး ကိုစောမညရယ်၊ ကျွန်တော့်နှုတ်ခမ်းပေါက်ပြီး သွေးတွေ ထွက်ကုန်ပြီ''

''နောက်ဆို သေအောင်ကို သတ်ပစ်မှာ''

စောမညကို သွားတိုင်တည်နေ၍ ဆောင်းက ဝေလကို အမြင်ကပ်ကပ်နှင့် ဝင်ပြောလိုက်သည်။

''တွေ့လား… ကိုစောမည၊ ဆောင်းဆိုတဲ့သတ္တဝါက သွေးဆိုးပါတယ်ဗျာ၊ သူ့လက်ချက်နဲ့ ဒီလောက်ဒဏ်ရာရတာကို သနားရမှန်းမသိဘူး''

ဝေလအသံကို ညောင်နာနာ။

သွေးစွန်းပေနေသည့် သူ့နှုတ်ခမ်းကို အမေ ထည့်ပေးလိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်ပဝါနှင့်သုတ်ရင်း ဒေါသမျက်နှာနှင့် တင်းမာနီရဲနေသော ဆောင်းမျက်နှာလှလှလေးကို တစ်ချက်လှမ်းကြည့်သည်။

ဆောင်းက သူ့ကို မကြည့်။

"ဆောင်းကိုယ်စား ကိုယ်ကပဲ ဝေလကို တောင်းပန်ပါတယ်"

"ရပါတယ်ဗျာ"

ဆောင်းက သူမရှေ့က ယောကျ်ားနှစ်ယောက်စလုံးကို မကြည့်။ ဒေါသဖြစ်လွန်း၍ ကားတံခါးကို ဝုန်းခနဲဆွဲဖွင့်ပြီး စောမညကားပေါ်က ဆင်းသည်။

"ဆောင်း"

စောမညက လှမ်းခေါ်ရင်း ဆောင်းနောက်ကို လိုက်သွားသည်။

"ဆောင်း··· နေဦးလေ"

"ခင်ဗျား ဆောင်းနောက်ကို လိုက်မလာနဲ့နော်"

ဆောင်းက နေရာမှာရပ်ပြီး စောမညကို ဒေါသနှင့်ရန်တွေ့သည်။ သူ့ကြောင့် ဝေလကိုလက်သီးနှင့် ထိုးမိတာ မဟုတ်လား။ တကယ်ဆို ဝေလမှာ ဘာအပြစ်မှရှိတာ မဟုတ်။ ဆောင်းကိုကူညီရင်း စောမညကြောင့် အခုလို အနာတရဖြစ်ရတာဖြစ်သည့်အတွက် စောမညကို ပိုမုန်းမိသည်။

"ကိုယ့်ကို ဆောင်း လက်ထပ်ပါ"

"ဘာပြောတယ်"

"ဆောင်းအချစ်ကို ရဖို့ဆိုရင် ကိုယ်ဘာကိုမှ ဂရုမစိုက်ဘူးလို့ ပြောတာ၊ ကိုယ့်ကို ဆောင်းလက်ထပ်ပါ"

"ကိုယ် ဆောင်းကို သိပ်ချစ်နေပြီ"





"သိပ်ချစ်နေရင် လဲသေလိုက်"

"ခင်ဗျားကို ဆောင်းဘယ်တော့မှ ဘယ်တော့မှ လက်မထပ်ဘူး၊ အိပ်မက်တွေ လာမက်မနေနဲ့"

ဒေါသနှင့် ဆောင်းပြောလိုက်သည့် စကားကိုသူက နာကျင်ဟန်မပြ။ ဆောင်းမျက်နှာကို မျက်တောင်မခပ် ရူးစိုက်ကြည့်ရင်း သူပြောချင်တာကိုပဲ ဆက်ပြောသည်။

"ကိုယ်ပြောတဲ့စကား ဆောင်းနားမထောင်ရင် တခြားနည်းကို ကိုယ်သုံးသင့်သုံးရမှာပဲ"

"ဘာလဲ၊ ဆောင်း အဖေဆီကို သွားပြောမလို့လား"

"မဟုတ်ဘူး၊ ဆောင်းကို ခိုးပြေးမလို့"

"သေလိုက်"

"ဆောင်း"

ဆောင်းက စောမညကို တစ်ချက်လှည့်မကြည့်ဘဲ သူမနားဆိုးရပ်လာသည့် ဘတ်စ်ကားပေါ် အမြန်အလွှားတက်သွား၍ ကားလည်း ထွက်သွားသည်။ စောမညမှာသာ ဆောင်းလုပ်သွားပုံကို အသည်းယားစိတ်၊ ချစ်မြတ်နိုးစိတ်နှင့် ဆောင်းစီးသွားသည့် ဘတ်စ်ကားကြီးကိုကြည့်ကာ ချစ်မြတ်နိုးစွာ ပြုံးလိုက်သည်။

"ကိုစောမည"

"ဩော်··· ဝေလ"

သူ လှည့်ကြည့်လိုက်တော့ ဝေလက စောမည မျက်နှာကို ငေးကြည့်နေတာ မြင်လိုက်ရ၍ သူ ရှက်အမ်းအမ်း ပြုံးဖြစ်သွားသည်။

"ဆောင်းက တကယ်ဆိုးတယ်ဗျာ၊ ကိုယ့်အချစ်ကို လုံးဝသိ



www.burmeseclassic.com

www.burmeseclassic.com



အမှတ်မပြုဘူး''

အနားရောက်နေသည့် ဝေလကိုတိုင်တည်သလို စောမညပြော လိုက်တော့ ဝေလက ပြုံးသည်။

''ဒီကိစ္စမှာ ဆောင်းကိုချည်း အပြစ်တင်လို့ မရဘူး ကိုစောမည၊ အချစ်ရေးဆိုတာ ဆောင်းဘဝနဲ့ ဘယ်လိုမှ မသက်ဆိုင်တဲ့ အကြောင်း အရာလို့ ဆောင်းက ထင်နေတာ၊ တကယ်လည်း ဆောင်းဘဝ သိပ်ကို ရိုးသား အပြစ်ကင်းစင်တဲ့သူပါဗျာ၊ သူ့ဘဝမှာ သူ့ရယ် သူ့အဖေရယ်၊ ကျွန်တော်တို့မိသားစုရယ်ပဲရှိတာ''

''ဆောင်းမှာ တခြားချစ်မယ့် သူစိမ်းမရှိဘူး၊ ရှိလည်း သူလက် မခံနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဆောင်းက သူ့ကိုယ်သူ တကယ့် ယောကျ်ားလေးတစ်ယောက်လို ခံယူထားတာ''

''ဒါပေမယ့် ဆောင်းက ယောကျ်ားလေးမှမဟုတ်ပဲဗျာ၊ သူဖြစ် စေချင်သလို ဘယ်ဖြစ်ပါ့မလဲ၊ ဆောင်းဆိုတာ သိပ်ကိုလှတဲ့ မိန်းကလေး တစ်ယောက်ပါ''

ထိုစကားကို စောမညက ဝေလကို ပြောလိုက်ခြင်း ဖြစ်သည်။ ဝေလကလည်း စောမညပြောစကားကို လက်ခံပါသည်။ သူကိုယ်တိုင် ဆောင်းဆိုသည့် မိန်းမလှလေးကို မပြောရက် မဆိုရက်။ သူ့ဘဝထဲ ဆွဲမခေါ်ရက်အောင် နှလုံးသားနဲ့ရင်းပြီး လိုက်လိုက်လှဲလှဲ ချစ်မြတ်နိုး ခဲ့ရသေးတာပဲ။

သိပ်လှသည့်ဆောင်းကို စောမညလို လူတစ်ယောက်က တား မနိုင်ဆီးမရ အချစ်တွေနဲ့ သူ့ဂုဏ်သိက္ခာ မငဲ့ကွက်မထောက်ထားနိုင် အောင် ဆောင်းအချစ်ကို ရယူဖို့ ကြိုးစားနေတာကိုတော့ ဝေလ





ဆင်ကြီးစိတ်နှင့် လေးစားအားကျမိသည်။

မေတ္တာစစ်ဆိုတာ ဒါပဲမဟုတ်လား။

ချစ်ခြင်းမှာ အနိုင်အရှုံးမရှိသလို ကိုယ့်ချစ်သူအတွက် ဘာကိုပဲ ဆပ်ရ ပေးဆပ်ရ။ အမြဲကျေနပ်နေတတ်ကြသည်။

''ဝေလ''

''ဗျာ''

''ဆောင်းအချစ်ကို ရမယ်ဆို ကိုယ်ဘာပဲလုပ်ရလုပ်ရလို့ ဆုံး ်ထားပြီပြီ၊ ကိုယ်ဆောင်းကို အဲဒီလောက်ချစ်နေမိတာ ကိုယ့်ကိုယ် သည်း အံ့သြတယ်''

''ချစ်မိပြီဆိုရင် ဒီလိုချည်းပါပဲဗျာ''

ဝေလအသံက နူးညံ့မှုတွေနှင့် တိုးတိတ်ညင်သာသလို ဆောင်း ကြောင်းပြောနေသည့် သူ့မျက်နှာကလည်း စောမည ခံစားချက်ကို ားလည်ဟန်ဖြင့် သိမ်မွေ့လေးနက်စွာ ပြုံးနေသည်။

''ခင်ဗျားလည်း ချစ်ဖူးတယ်ထင်တယ် ဝေလ''

''လူပဲဗျာ၊ အချစ်နဲ့ ဘယ်ကင်းပါ့မလဲ''

ပြုံးနေသည့် ဝေလမျက်နှာကို စောမည သေချာကြည့်လိုက် ဘယ်လိုကြည့်ကြည့်၊ ဝေလဆိုတာလည်း လူချောတစ်ယောက် သူသိသည်။ နောက်တစ်ခုက ဝေလပုံစံက ရိုးသားမှုတွေနှင့် စ်လိုဖွယ် ရာဖြစ်၍ ဝေလကို စောမည ခင်မင်မိခြင်းဖြစ်သည်။ ထဲမှာ ဝေလကအကြီးဆုံးဖြစ်၍လားမသိ။ သူ့ပုံစံက အလိုလို အစ်ကိုကြီးတစ်ယောက်တွင် ရှိနေတတ်သော စိတ်သဘောထား မှုနှင့် စွန့်လွှတ်အနစ်နာခံခြင်း၊ စိတ်ရှည်သည်းခံနိုင်ခြင်းတို့ကို

www.burmeseclassic.com



အထင်းသားတွေ့နေရသည်။ အထူးသဖြင့် ဆောင်းနှင့်ပတ်သက်ပြီး ဆောင်းဆိုးသမျှ ဝေလ အလိုလိုက်နိုင်ခြင်း ဖြစ်သည်။

ဒါ ဘာကြောင့်လဲ။

ဆောင်းအလှကို ခေတ္တခဏ မြင်တွေ့ရသည့် စောမညလို ရွ တစ်ယောက်တောင် ဆောင်းကို အရှုးအမူး စွဲလမ်းချစ်မြတ်နိုးခဲ့မိသေး လျှင် တစ်ချိန်လုံး အတူအနီးကပ်ဆောင်းနားမှာ နေခွင့်ရသော ဝေလယ့် ယောက်ျားပျိုတစ်ယောက်ကရော။ သိပ်လှသည့် ဆောင်းကို နည်းနည်း လေးမှ မချစ်မိဘူးလား။ စိတ်မဝင်စားမိဘူးလား။

"ခင်ဗျားချစ်သူ ဘယ်သူလဲလို့ မေးရင် ရိုင်းရာကျမလား ဝေလ"

"ခင်မင်ရင်းနှီးလို့ မေးတာပဲဗျာ၊ ရိုင်းတယ်လို့ ကျွန်တော် မယူဆပါဘူး၊ ဒါပေမယ့် ကျွန်တော့်ချစ်သူမိန်းကလေးက အခုမရှိတော့ ပါဘူးဗျာ၊ တခြားသူတစ်ယောက် ရင်ခွင်မှာ ပျော်နေပါပြီ"

"ဆောရီးဗျာ၊ ကိုယ် အဲဒါတွေ မသိဘူး"

စောမညစကားကြောင့် ဝေလ ပြုံးလိုက်သည်။

"ဘဝဆိုတာ ဒီလိုပဲ၊ ကိုယ်ဖြစ်ချင်တာ ဘယ်ဖြစ်ပါ့မလဲ ကျွန်တော် နားလည်ပါတယ်၊ ချစ်တိုင်းလည်း ညားချင်မှ ညားကြ တာမျိုးဆိုတာ"

"ကိုယ်ကတော့ ချစ်ပြီဆိုရင် ပိုင်ဆိုင်ရမှ အချစ်လို့ထင်တယ် ကိုယ်ချစ်တဲ့သူကို ကိုယ်ရအောင်ယူမှာပဲ"

"တစ်ယောက်တစ်မျိုးစီပေါ့ဗျာ၊ လူချင်းမတူသလို အတွေး အခေါ် အယူအဆတွေလည်း ဘယ်တူပါ့မလဲ"





"ကျွန်တော် သွားလိုက်ဦးမယ် ကိုစောမည၊ နောက်မှ ပြန်ဆုံ ကြတာပေါ့ဗျာ"

"ကိုယ်လိုက်ပို့မယ် ဝေလ"

"ရပါတယ်ဗျာ၊ လိုက်မပို့ပါနဲ့၊ ကျွန်တော့်မှာ တခြားဝင်စရာ လေးလည်း ရှိလို့ပါ"

"သွားပြီ၊ ကိုစောမည"

"ကောင်းပါပြီဗျာ"

ဝေလက သူတို့နားထိုးရပ်လာသည့် ဘတ်စ်ကားပေါ် လွယ်ကူ ပေါ့ပါးစွာတက်သွား၍ စောမညမှာ ဆောင်းအကြောင်းတွေးရင်း ရင် မောစွာ နေရာမှာရပ်လျက် ထွက်သွားသည့် ဘတ်စ်ကားကြီးကို ငေး ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

လမ်းပေါ်မှာ ဆောင်းတစ်ယောက်တည်း ဟိုဘက်လျှောက်လိုက် ဒီဘက်လျှောက်လိုက်နှင့် ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေသည်။ ဆောင်းအလုပ်ရှင်သူဌေး နေမကောင်းဘူးဆိုတာ ဆောင်းသိပေမယ့် ဒီလောက်ကြီး ဖြစ်နေလိမ့်မည်ဟု ထင်မထား။ အလုပ်ရှင် ဦးသို့ အလုပ်မလာနိုင်တော့ သူရဲ့ကိုယ်စား အလုပ်ဝင်လုပ်သူက တခြားတော့ မဟုတ်ဘဲ စောမညဖြစ်နေ၍ ဆောင်းမှာ အလုပ်ဆက်လုပ်ရမှာခက် အလုပ်ထွက်ရမှာခက်နှင့် ရုံးထဲပြန်မသွားနိုင်ဖြစ်ပြီး ပလက်ဖောင်းပေါ် မှာ တစ်ယောက်တည်း ကြံရာမရဖြစ်နေခြင်း ဖြစ်သည်။

"ကျစ်"

လောကကြီးက ဘာလဲကွ။

အလုပ်တစ်ခု အဆင်ပြေမည်ကြံကာရှိသေး။ နောက်ပြဿနာ ဆောင်းထံကိုမှ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာကို ဆောင်း မကျေနပ်။ ကိုယ့်ကို ရည်းစားစကားပြောထားသည့်လူနှင့် ဘယ်လို အလုပ်တွဲလုပ်ရမလဲဆိုတာကို ဆောင်း မစဉ်းစားတတ်။ သူ





ယောကျ်ားလည်းဖြစ်။ အလုပ်ရှင်လည်းဖြစ်ဆိုတော့ ဆောင်းအပေါ်မှာ မျက်နှာထားတည်တည်နှင့် ဘာမှမဖြစ်သည့်ဟန် နေပြနိုင်ပေမယ့် ဆောင်းက သူ့လို မနေနိုင်။

ဆောင်းကို မျက်လုံးလက်လက်တွေနဲ့ ရူးခနဲ စိုက်ခနဲ အကြည့် ခံရတိုင်း စောမညကို သတ်ပစ်ချင်သည်။ ရုံးခန်းထဲမှာ ရှိတာဆိုလို သူနဲ့ဆောင်း နှစ်ယောက်တည်း။ မကြည့်ချင်ဘူးဆိုလည်း မရ။ မတွေ့ ချင်ဘူးဆိုလည်း မဖြစ်။ စိတ်ညစ်ညစ်နဲ့ သူ့အကြည့်တွေကို ဘာမှ မဖြစ်သလို ဟန်ဆောင်နေပေမယ့် ဆောင်းရင်ထဲမှာတော့ ကိုယ့်အဖြစ် ကိုယ်ဒေါသတွေ လှိမ့်ထွက်နေတာနှင့်ပဲ လုပ်သမျှ၊ ကိုင်သမျှ အလွဲလွဲ အချော်ချော် အမှားအယွင်းတွေ ဖြစ်နေတာကိုလည်း မုန်းသည်။

"တော်ပြီဗျာ"

ဖြစ်ချင်ရာဖြစ် ဒီအလုပ် ဆက်မလုပ်နိုင်တော့ဘူး။ အလုပ်က ထွက်မယ်။

တိကျခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် ဒီကနေအထွက် ခေါင်း မော့ပြီး စောမညရှိနေသည့် ကုမ္ပဏီကိုအဝင် ကုမ္ပဏီထဲမှ ထွက်လာ သော စောမညနှင့် မျက်နှာချင်းဆိုင် ဆုံတွေ့လိုက်ရသည်။

"မင်းဘယ်တွေလျှောက်သွားနေတာလဲ၊ ဆောင်း ရော့ ဒီအိတ် ယူပြီး နောက်ကလိုက်ခဲ့"

ပြောပြောဆိုဆိုနှင့် စောမညက ဆောင်းလက်ထဲကို အိတ်အမည်း တစ်လုံး လာထည့်ပေးပြီး တခြားတစ်ယောက်နှင့် စကားပြောမပျက် ရှေ့ကို ဆက်လျှောက်သွားနေ၍ ဆောင်းမှာ သူပြောမည့်စကားကို ပြောခွင့်မရဘဲ စောမညပေးထားသည့် အိတ်အမည်းတစ်လုံးကို



www.burmeseclassic.com

www.burmeseclassic.com



လက်မှဆွဲ၍ သူသွားရာနောက်သို့ လိုက်ခဲ့ရသည်။

ဒီပုဂ္ဂိုလ်တွေက ကုမ္ပဏီအတွက် အရေးကြီးသည့်ပုဂ္ဂိုလ်တွေမှန်း ဦးသိဒ္ဓိနှင့်အတူ အလုပ်လုပ်ထဲက သိခွင့်ရခဲ့သည်။ သတ္တုတွင်းလုပ်ငန်းအတွက် စာချုပ်ချုပ်ကြရန် နှစ်ဦးနှစ်ဘက် ညှိနှိုင်းတိုင်ပင် ဆွေးနွေးနေချိန်မှာ ဦးသိဒ္ဓိ ဆေးရုံတက်လိုက်ရ၍ ထိုတာဝန်ကို စောမညက လွှဲပြောင်းယူလိုက်ပြီး ကုမ္ပဏီကြီးတစ်ခုလုံးကို ဦးသိဒ္ဓိ ကိုယ်စားတာဝန်ယူလာရခြင်း ဖြစ်သည်။ အခုချိန်ထိ စောမညနှင့်ဆောင်းကြားမှာ ကိုယ်ရေးကိုယ်တာကိစ္စအကြောင်း ဘာတစ်ခုမှ ပြောဆိုဆွေးနွေးရခြင်း မရှိသေး။ စောမည အလုပ်ရှုပ်နေသဖြင့် တစ်နေ့တစ်နေ့ ကုမ္ပဏီကို စောစောရောက်လာသည်။ ပြည်တွင်းပြည်ပက ဧည့်သည်များကြောင့် ဆောင်းကိုယ်တိုင်လည်း အလုပ်မအား။

တစ်ဖက်ကုမ္ပဏီ၏ ပြုလုပ်ပိုင်ခွင့်။ ဆောင်းတို့ကုမ္ပဏီနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအနေအထား တွေ့ဆုံရမည့်အချိန်နာရီ။ စောမည တက်ရမည့် အစည်းအဝေး သွားရောက်ရမည့်နေရာ၊ အချိန်၊ နေရာ အတိအကျကို အသေးစိတ် လိုက်ပြန်စီစဉ်ဆောင်ရွက်ပေးနေရသည်။

ဒီကြားထဲ စောမည ကုမ္ပဏီကို ရောက်လာသည့်အချိန်ကစပြီး ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်းထွက်နေသည့် မိန်းမအစုတ်တွေကြောင့် ဆောင်းနှင့် စောမညကြားမှာ မကြာခဏ စကားများကြ၊ ပြဿနာတက်ရသည်။

"ကိုယ်ပြောထားတဲ့ကြားက ဘာကိစ္စနဲ့ ကိုယ်နေတဲ့အခန်းထဲကို မိန်းမဧည့်သည်တွေ အဝင်အထွက် လုပ်ခိုင်းနေရတာလဲ"





"ခင်ဗျားမရှိဘူး… မအားဘူးလို့ ဆောင်းပြောတာပဲ၊ သူတို့ကိုက ဆောင်း ဘာပြောပြော ဂရုမစိုက်တဲ့ ခင်ဗျားအခန်းထဲ ဝင်လာတာ ဆောင်းက ဘာလုပ်ရမှာလဲ"

"မောင်းထုတ်သင့်ရင် မောင်းထုတ်ရမှာပေါ့ ဆောင်း၊ မင်း ဒီလောက်မှ မင်းနားမလည်ဘူးလား"

"ဖယားရှုပ်တုန်းက ရှုပ်ထားပြီး အခုမှ ဆောင်းက ဘာကိစ္စ ခင်ဗျားကြားထဲက အရှုပ်ထုတ်တွေကို မောင်းထုတ်ရမှာလဲ။ ဆောင်းအလုပ်ထဲမှာ ခင်ဗျားနဲ့ မိန်းမတွေကိစ္စမပါဘူး၊ မကျေနပ်ရင် ဆောင်းကို အလုပ်က ဖြုတ်လိုက် ဒါပဲ"

စောမည ဘာမှမပြောခင် ဆောင်းက အရင်ဦးအောင် သူ့ရုံးခန်းထဲက ထွက်လာခဲ့သည်။ နောက်ပိုင်းမှာလည်း စောမညဆီလာသည့် ဧည့်သည်မိန်းကလေး ရောက်လာတာနှင့် ဆောင်းက ချက်ချင်းထိုနေရာက ရှောင်ထွက်သွားသည်။ စောမည လိုက်ခေါ်လည်း ပြန်လှည့်မကြည့်။ လာသမျှ မိန်းကလေးအားလုံးက အလုပ်ကိစ္စနှင့်လာတာက နည်းနည်း စောမညနှင့် လာပတ်သက်ချင်ကြတာတွေချည်းပဲဖြစ်၍ ဆောင်းကလည်း သူတို့နားမှာ မနေ။

အဆိုးဆုံးက ယမင်းမြတ်ဆိုသည့် ဧည့်သည်မိန်းမလေးနှင့် သတိုးရွက်ဆိုသည့်မိန်းမ ဖြစ်သည်။ စောမည ဘယ်လိုခွာချ၍မှလည်း မရ။ တခြားမိန်းမနှစ်ယောက် သုံးယောက်လည်း ရှိသေးသည်။ အားလုံးက ရုပ်ရည်တွေလှသလို ယောကျ်ားတစ်ယောက်ရွေးဖို့အရေး အပြိုင်မိန်းမနောက်ပိုးလုပ်ကြရမှာလည်း ပြိုင်စံရှားသည်။

သူတို့အချင်းချင်းလည်း မတည့်ကြ။ တစ်ယောက်နှင့်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်မတည့်ပေမယ့် ထိုနေရာမှာ ပြန်ဆုံကြသည်။ သူတို့အားလုံးက ဆောင်းကို ယောက်ျားအစစ်ထင်ပြီး စောမညအကြောင်း မေးကြ မြန်းကြသည် စပ်စုကြသည်။ ရုပ်ရည်ချောမောလှပသော ကောင်လေးချော ချောဖြစ်သည့် စောမညအပြင် ဆောင်းကို စိတ်ဝင်စားကြတာလည်း ရှိသေးသည်။

ဆောင်းက စောမညနားမှာ အနီးကပ်ဆုံးနေရသည်သူဆိုတော့ သူတို့လူဖြစ်အောင် ဆောင်းကို အလိုက်ပေါင်းထားချင်ကြတာလည်း ပါသည်။ သူတို့လာတိုင်း ဆောင်းအတွက် စားစရာ၊ အသုံးအဆောင် အဖိုးတန်တွေ ယူလာကြပေမယ့် ဆောင်းက ဘယ်သူ့ပစ္စည်းမှ လက်မခံ။ ဘယ်ချိန်မှလည်း အရောတဝင်မနေ။ ကြာတော့ မမတွေက ဆောင်းကို တူလုပ်၍ ပေါင်းမရမှန်းသိတော့မှ ဘာမှ ယူမလာကြတော့။ ဆောင်းကို ဘေးရှိတ်ပြီး သူတို့သဘောနှင့်သူတို့ စောမညရုံးခန်းကို ဝင်ချင်သည့်အချိန်ဝင် ထွက်ချင်သည့်အချိန်ထွက် လုပ်ချင်တိုင်းလုပ်ကြသည့်အတွက် စောမည ရုံးကိစ္စပြီးတာနှင့် ရုံးမှာမနေဘဲ အပြင်မှာ အချိန်ဖြုန်းသူ ဖြစ်လာသည်။

စောမည အပြင်သွားတိုင်း လိုက်ရသူက ဆောင်းဖြစ်နေ၍ စောမညကို ဆောင်းက မကျေနပ်။ ယောက်ျားဖြစ်ပြီး မိန်းမတွေကို ကြောက်ပြီး ရှောင်ပုန်းနေစရာ မလို။ ကိုယ်ဘက်ကမှန်လျှင် အခုကိစ္စ ပြတ်သားစွာ ရှင်းရဲရမည်ဟု ယုံကြည်သည်။ သို့သော်ကိစ္စက ဆောင်း ဖြစ်ချင်တိုင်း မဖြစ်။

ကြာတော့ စောမညနှင့် ရှင်းမရအောင်ရှုပ်နေသော မိန်းမတွေကို ကြည့်ပြီး ဆောင်း စိတ်ရှုပ်လာသည်။ စောမညကိုလည်း စိတ်ပျက်





သည်။ ထို့ကြောင့် ဆောင်းအလုပ်ထွက်ဖို့ ဆုံးဖြတ်လိုက်သည်။ စောမညက ဒါတွေကို မသိ။

အလုပ်ကိစ္စနှင့်ပတ်သက်ပြီး ရုံးသွားရမည့်နေရာတွေကို အခြားနေရာတွေနှင့် အတူသွားသည်ထိ ခွေးနွေးတိုင်ပင်၍ ညှိနှိုင်းဆောင်ရွက်သည်။ အလုပ်သွားသည့်နေရာတိုင်း ဆောင်းပါသည်။ ညှိသည်တွေ ပြန်သွားပြီးမှ စောမညစိတ်ထဲ ပေါ့ပါးသွားသည်။

"ခင်ဗျားကို ဆောင်း ပြောစရာရှိတယ်"

"ပြောလေ… ဆောင်းက ဘာပြောမလို့လဲ"

"ဆောင်း အလုပ်ကထွက်ပြီ"

"ဘာ…"

"ခင်ဗျားနဲ့ဆောင်း အလုပ်ဆက်မလုပ်နိုင်တော့ဘူး၊ အလုပ်က ထွက်လိုက်ပြီလို့ ပြောတာ"

"လျော်ကြေးကိစ္စကရော တစ်ခါတည်းပေးမှာလား အကြွေးစာရင်းထဲ ထည့်မှတ်ရမှာလား"

စောမညစကားကြားမှ အလုပ်ထွက်ရင် လျော်ကြေး လစာပေးရမည်ဆိုသည့်စကားကို ဆောင်း သတိမေ့သွားသည်။ စောမည မျက်နှာကို မကျေနပ်ဒေါသဖြစ်၍ စိုက်ကြည့်လိုက်သည်။ အဲဒါ ခင်ဗျား အကြံ မဟုတ်လား။

"ကိုယ် ဘာမှမကြံပါဘူး၊ ဆောင်းအလုပ်ကို လက်ခံတုန်းက ကိုယ် မရှိဘူးနော်၊ အန်ကယ်သိဒ္ဓိနဲ့ ဆောင်းတို့သဘောတူပြီး လုပ်ခဲ့ကြတဲ့အလုပ် ကိုယ်နဲ့ ဘာမှမဆိုင်ဘူး"

သူပြောတာမှန်ပေမယ့် ဆောင်းစိတ်ထဲ စောမညဆိုသည့် လူကို



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်။ သူ့ကိုပေးစရာ လျော်ကြေးလည်း မရှိ။ စောမည အကြွေးကိုပင် ဘယ်လိုဆပ်ရမှန်းမသိဖြစ်နေ၍ နောက်ထပ် ငွေအကြောင်း လာပြောတော့ ဆောင်း ပိုပြီးစိတ်ရှုပ်သွားကာ စောမညမျက်နှာကို ဒေါသနှင့် လှမ်းကြည့်လိုက်သည်။ ဆောင်းကို တန်ပြန်ကြည့်နေသည့် စောမညပုံစံက ရွှန်းလဲ့လဲ့မျက်လုံးတွေနဲ့ ရင်းနှီးနွေးထွေးနေတာကြည့်ပြီး ဆောင်း ခေါင်းထဲ အကြံတစ်ခု ဖျတ်ခနဲ ဝင်လာသည်။

"ခင်ဗျားက ဆောင်းနဲ့ အန်ကယ်သိဒ္ဓိဆီမှာထားတဲ့ စာချုပ်ကို ဖတ်ပြီးပြီဆိုပါတော့"

"အင်း"

"ဒါဆို ခင်ဗျားဖတ်တဲ့ စာချုပ်ထဲမှာ ဆောင်း ဘာတွေဖြည့်စွက်ရေးထားလဲဆိုတာလည်း ခင်ဗျားတွေ့ပြီးသားနေမှာပါ။ ဒီတော့ ခင်ဗျား ဆောင်းကို အချိန်ပိုကြေးပေးရမယ်။ ငွေစာရင်း ပြန်တွက်လိုက်ဦးမယ်"

"ဘာငွေစာရင်းလဲ မင်းကို ကိုယ်ဘယ်တုန်းက အချိန်ပိုဆင်းခိုင်းလို့လဲ"

"သိချင်ရင် ခင်ဗျားစာချုပ်ထဲ ပြန်ဖတ်ကြည့်လိုက်၊ အလုပ်ချိန်က မနက်ကိုးနာရီကနေ ညနေငါးနာရီအထိပဲ ကျန်တဲ့အချိန်တွေက ခင်ဗျား သွားရာ ဆောင်း လျှောက်လိုက်နေရတာ အချိန်ပိုဆင်းရတာနဲ့ အတူတူပဲဆိုတော့… နေဦး၊ ခင်ဗျားဦးလေး ဆေးရုံ စတက်တဲ့နေ့က စပြီး ခင်ဗျားနောက် လျှောက်လိုက်နေရတာ စုစုပေါင်း ဆောင်း ရမည့်ငွေက ဘယ်လောက်ပါလိမ့်…"

စောမည မျက်ခုံးအစုံမြင့်တက်သွားပြီး သူမျက်စိရှေ့မှာ အတည်ပေါက်နှင့် သူရရမည့်ငွေကို အတိအကျ တွက်နေသည့် ဆောင်းမျက်နှာ





လှလှလေးကို ချစ်မြတ်နိုးစိတ်ဖြင့် အသည်းယားစွာ စိုက်ကြည့်နေမိသည်။ ကြာလျှင် ခက်တော့မည်။

ဆောင်းကို သိပ်ချစ်လွန်းလို့ သူ့ရင်ထဲက အချစ်တွေ နောက်တစ်ကြိမ် ဖွင့်အံပေါက်ကွဲမသွားအောင် စောမညဘက်က ကျိတ်မှိတ်မျိုသိပ်နေရတာ တခြား ဘယ်သူ့မှမသိပေမယ့် သူသိသည့် သူ့အချစ်ကို ဆောင်း လက်မခံသေး။ ဆောင်း လက်ခံလာအောင် သူ့ဘက်က ကြိုးစားခွင့်ရှိပေမယ့် ဆောင်းနှင့်စောမညကြားက အခြေအနေကြောင့် စောမည စိတ်ရှိတိုင်း ဘာတစ်ခုမှ မလုပ်နိုင်။ သူ့နားမှာ အတူရှိနေတာကိုပဲ ကျေနပ်နှစ်သိမ့်နေရသည်။

သူ့ဘက်က ဆောင်းအချစ်ကို ရယူပိုင်ဆိုင်ချင်ကြောင်း ဖွင့်ပြောလိုက်တာနှင့် ဆောင်းက သူနှင့်ဝေးရာကို ထွက်ပြေးသွားတော့သည်။ ဒီလိုမျိုးအဖြစ်မခံနိုင်။ ဆောင်းကို သူ့အနားမှာပဲ ရှိနေစေချင်သည်။ မျက်စိအောက်က အပျောက်မခံနိုင်။ ဆောင်းသာ သူ့အချစ်ကို လက်ခံလျှင် အမြန်ဆုံး ရယူပိုင်ဆိုင်ချင်သည်။ ဒါစောမညဆန္ဒဖြစ်ပေမယ့် ဆောင်းအနေနဲ့ကြတော့ စောမညအချစ်ကို လုံးဝစိတ်မဝင်စားသူ ဖြစ်နေတာခက်သည်။

ဆောင်း စိတ်ဝင်စားတာက သူမိသားစုနှင့် သူမရှေ့ဆက်ရမည့် အနာဂတ်ခရီးဖြစ်သည်။ သူစိမ်းယောကျ်ားတစ်ယောက်ရဲ့ အချစ်ဆိုတာ ဆောင်းဘဝနှင့် လုံးဝ မသက်ဆိုင်သည့်အရာအဖြစ် သတ်မှတ်ထားသည်။

"ဒီမှာ… ခင်ဗျားပေးရမယ့် ငွေစာရင်း"

စောမညလက်ထဲ ဆောင်းပြသည့် စာရင်းစာရွက်လေးရောက်

www.burmeseclassic.com



လာသည်။ စုစုပေါင်း သူ ဆောင်းကိုပေးရမည့်ငွေက တစ်သိန်းတိတိ။

"မများဘူးလား"

သူ ဆောင်းကိုခေါ်၍ ပြောလိုက်သည်။

"မများဘူး… ဒါတောင် ခင်ဗျားကို အားနာလို့ လျှော့ပေးထားတာ"

ဆောင်းက သူ့ကို အားနာလို့ဆိုပါလား။ ဆောင်းက စောမညကို အားမနာလျှင် နောက်ထက် ငွေဘယ်လောက် စာရင်းထပ်ရေးပေးမည် မသိ။

"ငွေကို အခုပေးရမှာလား"

"ဆောင်း ခင်ဗျားကိုပေးရမယ့် စာရင်းထဲက အကြွေးတစ်သိန်း ထည့်နုတ်လိုက်ရင် ဆောင်း ခင်ဗျားကို ပေးရမယ့်ငွေက ကိုးသိန်းဖြစ်သွားပြီ"

"အိုကေ… မင်းပြောသလိုပဲ ကိုယ်မှတ်ထားလိုက်မယ်"

"သင့်ခ်ယူး"

"အလုပ်ကိစ္စတွေပြီးပြီဆိုတော့ ဆောင်း ပြန်တော့မယ်"

"နေဦး… ကိုယ်တခြားသွားစရာရှိသေးတယ်၊ မင်းလိုက်ပို့ရင် အချိန်ပိုကြေးထပ်ရမယ် ဘယ်နှယ့်လဲ"

စောမညစကားကြောင့် ဆောင်း တစ်ချက်တွေဝေသွားသည်။ စိတ်ထဲက စောမညအကြွေးကို မြန်မြန်အကျေဆပ်ချင်နေသည်။ သူ့အကြွေးကျေလျှင် ဒီလူနှင့် ဆက်အလုပ်လုပ်စရာမလိုတော့ဟုလည်း ဆုံးဖြတ်ထားသည်။ လက်က နာရီကို တစ်ချက်ငုံ့ကြည့်လိုက်တော့ အချိန်စောသေး၍ အချိန်ပိုကြေးလည်း ထပ်ရမည်၊ မဆိုးဟု စဉ်းစား





လိုက်သည်။

မနက်ဖြန် အန်တီထွေးမွေးနေ့ဆိုတော့ ဆောင်း လက်ဆောင်ပေးချင်သည်။ လောလောဆယ် ဆောင်းလက်ထဲမှာ ငွေမရှိ၊ စောမညဆီက ငွေရလျှင် အန်တီထွေးအတွက် လက်ဆောင်ဝယ်ပေးမည်။ အန်တီထွေးလည်း ပျော်၊ ဆောင်းလည်းပျော် ဘယ်လောက်ပျော်စရာကောင်းသိုက်လဲ။

"ခင်ဗျားက ဘယ်ကိုသွားမှာလဲ"

"သူငယ်ချင်းတစ်ယောက်ရဲ့ ညစ်ခံပွဲကို"

"အာ… ဒီပုံနဲ့ ညစ်ခံပွဲသွားလို့ ဖြစ်မလားဗျာ"

"ဖြစ်အောင်လုပ်ရင် ဖြစ်ပါတယ်၊ မင်းလိုက်မှာလား မလိုက်ဘူးလား… ဒါပဲပြော"

"လိုက်မယ်ဗျာ၊ ဒါပေမယ့် ခင်ဗျားသိထားရမှာက တစ်ခုတော့ရှိတယ်နော်။ ခင်ဗျားကားပေါ် ဆောင်းရောက်တာနဲ့ အချိန်ပိုကြေးခ မှတ်မှာ အဲဒါ ခင်ဗျားသဘောတူမှ ဆောင်းကိုခေါ်"

"ရတယ်၊ သဘောတူတယ်"

"ဒါဆိုပြီးရော"

"ဩော်… နေဦး မင်းယူမယ့် အချိန်ပိုကြေးက ဘယ်လောက်လည်း"

"တစ်နာရီ ငါးထောင်"

"များတယ်"

"လေးထောင်ဗျာ"

"ဒါလည်း များသေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီဗျာ... တစ်နာရီလေးတောင်ပဲ၊ ငါးပြားမှမလျော့ဘူး ဈေးများတယ်ထင်ရင် တခြားတစ်ယောက်ခေါ်သွား"

"ဖြစ်မလားကွ၊ အလုပ်သဘောအရသွားနေရတာ ကိုယ်က မင်းနဲ့မသွားလို့ ဘယ်သူနဲ့ သွားရမှာလဲ"

"ခင်ဗျားကို ကြိုက်နေတဲ့မိန်းမတွေ ရှိသားပဲ၊ သူတို့နဲ့ သွားပေါ့"

ဆောင်း စကားပြောလိုက်ချိန်မှာ ဆောင်းမျက်နှာလေးကို စောမညှ စိုက်ကြည့်လိုက်သည်။ ဆောင်းပြောမည်ဆိုလည်း ပြောချင်စရာ။ ဆောင်းအချစ်ကိုမရလို့ ကိုယ့်ဘာသာစိတ်ညစ်ပြီး ဘာလုပ်ရမှန်းမသိဖြစ်နေသော စောမညှထံ စောမညှနှင့် စောမညှ၏ ချမ်းသာကြွယ်ဝမှုကို သိမ်းပိုက်ရယူချင်သည့် မိန်းမတွေက အကြောင်းပြချက်အမျိုးမျိုးနှင့် တစ်ယောက်နှင့်တစ်ယောက် အပြိုင်အဆိုင် စောမညှထံ အဝင်အထွက်လုပ်ချင်တိုင်း လုပ်နေကြ၍ အာရုံနောက်နေရသည်။

မလာစေချင်လို့ နည်းပေါင်းစုံနှင့် သုံး၍လည်း မရ။ ကိုယ်ဖြစ်ချင်တာ မဖြစ်။ ကိုယ်မဖြစ်ချင်တာ ဖြစ်တတ်သည်။ လောကသဘာဝကိုပဲ စောမညှ လှောင်ပြောင်ရယ်မိသည်ကလည်း အကြိမ်ကြိမ် အဆိုးထဲက အကောင်းကိုရွေးထုတ်ရလျှင် စောမညှ ဘယ်လိုစွဲကြောင်း၊ ဆောင်းမျက်စိနှင့် တပ်အပ်တွေ့ရတာတစ်မျိုး ကျေနပ်စရာပါလားဟု တွေးကြည့်သည်။ စောမညှကို ထိုမိန်းမတွေနဲ့ တွေ့မြင်ပြီး ဆောင်းစိတ်ထဲ မနာလိုသဝန်တိုတာတွေ ဖြစ်လာပါစေဟု ဆုတောင်းပေမယ့် စောမညှဆုတောင်းက မပြည့်။

မိန်းမညှော်သည်တစ်ယောက်ရောက်တာနှင့် သူ့ကို ရှာမတွေ့တော့။ သူ့နားက ပျောက်ခြင်းမလှ ပျောက်သွားပြီး သဲ့ကို ဖြစ်ချင်ရာဖြစ်ဆိုပြီးထား၍ သူမက စိတ်ချလက်ချ အိပ်နေလိုက်သေးသည်။ ဆောင်းမျက်နှာလေးကို မတွေ့ရမနေနိုင်သည့် စောမညှကပဲ သူ့နားက ပျောက်သွားသည့် ဆောင်းကိုလိုက်ရှာပြီး ပြန်ခေါ်ရသည်ကလည်း အကြိမ်ကြိမ်။

သူခေါ်ရာတွင် အိပ်ချင်မူးတူးနှင့် ပြန်လိုက်လာသည့် ဆောင်းက စောမညှနှင့် တခြားမိန်းမ အတူတွဲ၍ တွေ့ရသည့်အတွက် မနာလိုသဝန်တိုစိတ်ဖြစ်ဖို့ဝေးစွ။ တခြားမိန်းမတစ်ယောက်ကိုပင် စောမညှ မသိအောင် သူ့သဘောနဲ့သူ ဖုန်းဆက်ခေါ်ပေးလိုက်သေးသည်။ ဆောင်းက ထိုသို့သော ဆောင်းဖြစ်၍ စောမညှကပဲ အရှုံးပေးရသည်။

အခုလည်း ဆောင်းမျက်နှာက ခပ်တည်တည်နဲ့ဆိုတော့ ဆောင်းအလိုကို စောမညှကပဲ လိုက်သည်။ ဆောင်းက ကားပေါ်ရောက်တော့မှ အချိန်မှတ်သည်။ ဆောင်းကိုကြည့်ပြီး ချစ်စိတ်နှင့် သူမတစ်ကိုယ်လုံးသိမ်းကျုံးပွေ့ဖက်ပြီး မျက်နှာလှလှလေးထက် ချစ်အနမ်းတွေ စိတ်ရှိလက်ရှိရွာချ ဖြစ်ချစ်စိတ်ကို မနည်းထိန်းနေရသည်။ ဆောင်း မသိအောင် ဆောင်းအဖေဆီမှာ သမီးတောင်းပြီးပါပြီ။ ဦးရန်ရှင်းက စောမညှနှင့် ဆောင်းကို သဘောတူသည်။ လက်ခံသည်။ ငြင်းစရာ မရှိ။

တစ်ခုပဲ ပြောသည်။ အခုကိစ္စက ဦးရန်ရှင်းသဘောတစ်ခုတည်းနှင့် မပြီး။ ဆောင်းသဘောက အဓိက ဖြစ်သည်။ ဆောင်း ကျေနပ်လက်ခံလာအောင် အရင်ကြိုးစားပါ။ ဆောင်းက စောမညှအချစ်ကို လက်ခံလျှင် သူ့ဘက်က ဘာမှပြောစရာမရှိဆိုတာနှင့် စောမညှလည်း ယောက္ခမလောင်းကြီးကို ကျေးဇူးအထပ်ထပ်တင်ပြီး ပြန်ခဲ့ရသည်။







www.burmeseclassic.com

www.burmeseclassic.com



စောမညကိုယ်တိုင်လည်း ဆောင်းထံမှအချစ်ကို ရယူပိုင်ဆိုင်ချင် သော်လည်း ဆောင်းဆန္ဒမပါဘဲ ဆောင်းကို ရယူသိမ်းပိုက်ခဲ့ခြင်း မရှိ။ စောမည လိုချင်သည်မှာ ဆောင်းအချစ်ဖြစ်ပြီး ဆောင်းထံမှ အမုန်း မဟုတ်။ မချစ်တတ်သည့် ဆောင်းနှလုံးသားကို ချစ်တတ်အောင် သင်ပေးရမည့် တာဝန်က စောမညတာဝန် ဖြစ်သည်။

"ကျွီး"

ဆိုင်တစ်ဆိုင်ရှေ့မှာ စောမည ကားကိုရပ်တော့ ဆောင်းက စောမည မျက်နှာကို တစ်ချက်လှမ်းကြည့်သည်။ ဘာလဲဆိုသည့်သဘော။ ဆိုင်က စားသောက်ဆိုင်မဟုတ်။ အဝတ်ဆိုင်ဖြစ်နေသည့်အတွက်ပါ။

"ကဲ… ဆင်း"

"ဆောင်းရောလား"

"အင်း"

စောမညခေါင်းညိတ်ပြီး ကားပေါ်ကဆင်းသွားနှင့်ပြီဆိုတော့ ဆောင်းလည်း ငြိမ်နေလို့မရသည့်အတူ သူ့နောက်က လိုက်ခဲ့ရသည်။ ဆိုင်ကြီးက နာမည်ကြီးဆိုင်ဖြစ်သလို ဈေးကလည်း ကြီးသည်။ စောမညကို ဆိုင်မန်နေဂျာကိုယ်တိုင် ဆီးကြိုနှုတ်ဆက်ပြီး စောမည လိုချင်သည့် ပစ္စည်းတွေကို ဆိုင်အနှံ့လိုက်ပြသည်။ ဆောင်းက စောမည သွားရာ နောက်လိုက်ပြီး သူနှင့်အတူ ဆိုင်မန်နေဂျာပြသမျှ လိုက်ကြည့်သည်။

စောမည ကြိုက်တာတွေ ဆောင်း လိုက်ကြိုက်မိတာရှိသလို စောမည ကြိုက်တာတွေကိုပဲ ဆောင်းမကြိုက်တာတွေကိုလည်း ဆောင်း





မကြိုက်။ ကြည့်မရတာတွေလည်း ပါသည်။

"မင်း ဒီဝတ်စုံဝတ်ကြည့်စမ်း"

"အာ… ဒါတွေ ဆောင်း မဝတ်ချင်ဘူး"

"ကိုယ်ကြည့်ချင်လို့ကွ၊ မင်းကိုပြောတာ မဟုတ်ဘူး။ ဒီဖက်ရှင်ကို မင်းပေါ်မှာဝတ်လိုက်ရင် ဘယ်လိုဖြစ်သွားမလဲ သိချင်တာ"

"ဒါဆိုလည်း တခြားတစ်ယောက်ကို ဝတ်ပြခိုင်းဗျာ"

"မင်းကို ဝတ်ခိုင်းနေတာကွ၊ ဒါအလုပ်သဘော၊ မင်းကို အချိန်ပိုကြေးပေးပြီး ခေါ်ထားတာ၊ ဒီလောက်လေးမှ အားမကိုးရရင် ဘာလုပ်မှာလဲ"

အချိန်ပိုကြေးဆိုသည့် အသံကြောင့် ဆောင်းဘက်က နည်းနည်းတော့ လျှော့ရသွားသည်။ ဟုတ်သားပဲ။ ဒီလူနောက် ဆောင်းလိုက်လာတာ အလကားမဟုတ်။ အချိန်စက္ကန့်တိုင်း ဆောင်းကိုပေးရမည့် ငွေပမာဏက ရှိသေးသည်ဆိုတော့ စောမညပြောသည့် စကားက သိပ်တော့မလွန်။

"ပေးဗျာ၊ အလုပ်သဘောအရ ဝတ်ဆိုလည်း ဝတ်ရမယ်"

"သူ့အတွက် ဒီဝတ်စုံတွေ ပို့ပေးလိုက်ပါ"

"ဟုတ်ကဲ့ရှင့်"

"လာပါ… အစ်ကို… ဒီဘက်ကို ကြွပါ"

ဆိုင်က ဝန်ထမ်းကောင်မလေးက ဆောင်းကို တကယ့်ယောကျ်ားလေးအစစ်ဟုထင်ပြီး စောမညညွှန်ပြသည့် အင်္ကျီဘောင်းဘီတွေ တစ်ထပ်ကြီးဆွဲပြီး ဆောင်းကို အဝတ်လဲခန်းရှိရာ ဦးဆောင်ခေါ်သွားသည်။ ဝတ်စုံတွေက အားလုံး အဖိုးတန်၊ ဈေးကြီးသည့် ပစ္စည်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဝတ်လိုက်သည့် သူ၏ခန္ဓာကိုယ်ပေါ်မှာ ခန့်ညားလှပသော အသွင်ကိုဆောင်လျက် ပို၍ကြွရွ အသက်ဝင်သွားသည်။ တစ်ခုတော့ စောမညကို ဆောင်းစိတ်ထဲက ကျိတ်ကျေးဇူးတင်မိသည်။ ဆောင်းကို သူဝတ်ခိုင်းသည့်အင်္ကျီ၊ ဘောင်းဘီအရှည်၊ ဖိနပ်တွေ ယောကျ်ား လေး အသုံးအဆောင်ပစ္စည်းတွေဖြစ်နေ၍ ဆောင်းအတွက် ဘာအခက် အခဲမှ မရှိ။ လွယ်ကူချောမောစွာ စိတ်သက်သောင့်သက်သာ ဝတ်ခွင့် ရသောကြောင့် ဖြစ်သည်။

"ကဲ… ကြည့်၊ ဘယ်လိုလဲ"

ပထမဆုံး ဝတ်စုံပြည့်နှင့် စောမညရှေ့ရောက်လာသည့် ဆောင်း ကို စောမည ဆက်လက် စူးစိုက်ကြည့်လိုက်ပြီးမှ စိတ်မဝင်စားသည့် ဟန်ဖြင့် ဆောင်းကို နောက်တစ်စုံဟု ပြောလိုက်သည်။

"ဒါကရော"

နောက်ဝတ်စုံနှင့် သူ့ရှေ့ ဆောင်းရောက်လာပြန်သည်။

"သိပ်တော့မဆိုးဘူး၊ ဒါပေမယ့် အကောင်းဆုံး မဖြစ်ဘူး"

နောက်တစ်စုံ ဝတ်ခိုင်းသည်။

တစ်စုံပြီးတစ်စုံ ဆောင်းဝတ်ကြည့်ပြီးမှ ပြဿနာက အားလုံး ဝတ်စုံငါးစုံ ဖြစ်နေပြီ။ ဆက်လက်၍ နောက်ဝတ်စုံကိုဝတ်ပြီး ဆောင်းနှင့် လိုက်ဖက်လှပသည့် ဝတ်စုံဖြစ်နေတာကို စောမညစိတ်ထဲက သိလိုက် သည်။ အပြင်မှာတော့ သူ့ရင်ထဲက အချစ်တွေကို အတတ်နိုင်ဆုံး ဖုံးဖိထားပြီး မျက်နှာထားကို တစ်မျိုးပြောင်းထားသည်။

"ဒီနှစ်စုံယူမယ်… ပြော်… နေဦး၊ မင်းကိုယ်ပေါ်က ဝတ်စုံကို မချွတ်နဲ့တော့…"





"အဲဒီဝတ်စုံနဲ့ ညနေခံပွဲကို သွားရမှာ"

"ရော့… ဒီမှာ… ကားသော့… ကားထဲက သွားစောင့်… ကိုယ်လာခဲ့မယ်"

စောမည ပစ်ပေးလိုက်သော ကားသော့ကိုဖမ်းယူပြီး သူ့အလိုကြ ကားထဲက သွားစောင့်နေလျက် ဆောင်းစိတ်ထဲက စောမညဆိုသည့် လူကို သိပ်မကျေနပ်လှပေမယ့် အခြေအနေနဲ့ အချိန်အခါအရ ဆောင်း စိတ်ထဲက မကျေနပ်တာတွေကို ထုတ်ဖော်မပြောနိုင်၍ အသာငြိမ်နေ လိုက်ရသည်။ ကားထဲမှာ ဆောင်းတစ်ယောက်တည်းရှိနေ၍ ဆောင်း ကိုယ်ပေါ်က အသစ်စက်စက် ရှပ်အင်္ကျီလက်ရှည် ပန်းရောင်ဖျော့ဖျော့ လေးနှင့် ဖိနပ်ခပ်ညိုညို၊ ဘောင်းဘီရှည်အသစ်ကို ငုံ့ကြည့်နေမိ သည်။

ဈေးကြီးလွန်း၍ စိတ်ကူးပင် မယဉ်ခဲ့ဖူးသော အဖိုးတန်ဝတ်စုံက ဆောင်းကိုယ်ပေါ်မှာ လှလှပပနေရာ ယူထားတာကြည့်ပြီး ဆောင်း မျက်ခုံးလေး တွန့်လိုက်သည်။ ,ဒီဝတ်စုံနဲ့ ညနေခံပွဲကို ဆောင်းပါ အတူလိုက်ရမှာဆိုတော့ ဒီဝတ်စုံက ဆောင်းအတွက် အပိုင်ပေးတာလား။ ခဏ ငှားဝတ်တာလား၊ ဘာလား မသိ။ ဆောင်းကတော့ သူ့ကိုယ်ပေါ် က ဝတ်စုံကို မချွတ်ချင်တော့သလို နောက်ထပ်ဝတ်စုံသစ်ကိုလည်း သဘောကျနေသည်။

ဆောင်းကို မင်းဒါတွေအပိုင်ယူလိုက်ဆိုရင် ဆောင်း ဘယ်လို လုပ်ရမလဲဟု တွေးကြည့်ပြီးနောက် အလုပ်သဘောအရဆိုလျှင်တော့ သူပေးတာ ဆောင်း ယူရုံသာရှိသည်။ တခြားမရှိ။ စောမညနောက် လိုက်ဖို့ ဆောင်းမှာ အဖိုးတန်ဝတ်စုံကောင်း မရှိ။ ရှိတာလေးနဲ့ ကြိုးသလို



www.burmeseclassic.com

www.burmeseclassic.com



ဝတ်နေရပေမယ့် ဆောင်းဝတ်စုံတွေက ဈေးကြီးကြီးထဲက မဟုတ်။ စောမညနောက်လိုက်သည့် ဆောင်းကို ခပ်ညံ့ညံ့ အဝတ်အစားတွေနှင့် ပွဲလည်မတင့်၍ ဝယ်ပေးမှန်း ဆောင်းသိသည်။

"ရော့… ဒီမှာ မင်းဝတ်စုံ"

ဘုတ်ခနဲ ဆောင်းကိုယ် ပေါ်ရောက်လာသည့် အဝတ်အစားကို ဆောင်းကြည့်နေတုန်း စောမညက သူ့ကားကို အရှိန်ပြင်းပြင်း မောင်းထွက်သည်။ ဆောင်းက သူ့ကိုယ်ပေါ်က ဝတ်စုံနှင့် သူကလက်ထဲက အဝတ်ထုပ်ကိုကြည့်ပြီး စောမညကို ပြန်ကြည့်သည်။

"ဒါတွေက ဘာတွေလဲဗျာ…"

"မင်းဝတ်ရမှာလေ"

"ဝတ်တာက ဟုတ်ပါပြီ၊ အပြီးပေးတာလား၊ ခဏပေးတာလား ဆိုတာ အရင်ပြောဦး…"

"မင်းဝတ်ပြီးသားကို ဘယ်သူက ဝတ်မှာလဲ.."

"ဒါဆိုလည်း ပြီးရော"

နှစ်စုံလုံး သူ့နာမည်ဆိုတော့ စိတ်ထဲ ပေါ့ပါးသွားသည်။ ရောင်စုံမီးတွေ လင်းလက်နေသည့် ခြံဝန်းကြီးရှေ့မှာ ကားတွေပြည့်နေ၍ စောမည ရပ်ရမည့် ကားနေရာကို မနည်းရှာရသည်။ ပွဲကိုလာသူတွေ အားလုံး စိန်တွေတဖျက်ဖျက်လက်နေပုံက မီးရောင်များနဲ့ အပြိုင်ဖြစ်နေသည်။ ရေမွှေးရနံ့တွေ ထုံအီနေသလို သူ့ထက်ငါ ပြင်ဆင်ဝတ်စားထားပုံက ဖက်ရှင်ပွဲတစ်ခုကြည့်နေရတာနှင့် တူသည်။

အစားအသောက်တွေက ပွဲတိုင်းအလျှံပယ် ကျွေးမွေးဧည့်ခံနေ၍ မက ယောက်ျားမိန်းမတိုင်းလိုလို ဖန်ခွက်လှလှလေးတွေကို ကိုင်ပြီး





အလှမပျက်၊ စကားပြောမပျက်၊ ရယ်ရယ်မောမော သောက်ပွဲလည်းပါသည်။ ဤဝန်းကျင်က ဆောင်းအတွက် အသစ်အဆန်းဖြစ်သည်။ ဒီပုံစံ၊ ဒီလိုအခမ်းအနားကို ရုပ်ရှင်တွေထဲမှာသာ မြင်ဖူးသည်။ အပြင်မှာ ဆောင်းကိုယ်တိုင်လက်တွေ့ ပါဝင်ဆင်နွှဲရသည်က ဒါပထမဆုံးဖြစ်သည်။

အဲသွေးအရောင်စုံလူတွေနှင့် ရောနှောသွားတာနှင့်တစ်ပြိုင်နက် ဆောင်းကိုယ်ဆောင်း စောမညနှင့်လူစုမကွဲအောင် မနည်းသတိထားနေရသည်။ သို့သော် လူတွေအများကြီးထဲ စောမည ပျောက်မသွားအောင် လိုက်ကြည့်နေရတာ ရေရှည်မှာ သိပ်တော့မလွယ်။ အပေါင်းအသင်း သူငယ်ချင်းတွေဆုံနေသည်ဆိုတော့ စောမညကိုယ်တိုင်လည်း ဆောင်းကို ဂရုမစိုက်နိုင်တော့ဘူး။ ဟိုလူနှင့်မိတ်ဆက်ရ၊ ဒီလူနှင့် စကားပြောရနှင့် ဆောင်းကို လူတွေကြားထဲ မကြာခဏ လှမ်းလှမ်းကြည့်လိုက်သေးတယ်။ နောက်တော့ လူတွေ ပိုများလာသလို သူ့နားမှာရှိနေသော ဆောင်းကိုလည်း ရှာမတွေ့ဘဲ ပျောက်သွားသည်။

ဆောင်းအတွက် ရင်ပူပြီး စောမည လိုက်ရှာကြည့်တော့ လူနှင့်ရှုပ်ထွေးပြီး ကောင်မလေးချောချောလေးတွေ ဝိုင်းဝိုင်းလည်နေသည့် ဆောင်းကို ချစ်စရာကောင်လေးအသွင်နှင့် မိန်းမလှလေးတွေအလည်မှာ တွေ့လိုက်ရသည်။ အားလုံး ရယ်ရယ်မောမော၊ ဘာစကားတွေပြောပြီး သဘောကျနေလည်း မသိ။ ပွဲကို ဦးဆောင်ပြောနေသူက ခေတ်၏ သမီးပျိုအလည်မှာ ရဲတင်းသော ဝတ်စားဆင်ယင်မှု ဒီဇိုင်းအပြည့်နှင့် ဦးခေါင်းတစ်ခုလုံး ဆံပင်ရွှေဝါဖြင့် လက်လက်ခါနေသော မိန်းကလေး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ပုံစံက ဆန်းသလို ဝတ်ထားသည့်ဒီဇိုင်းကလည်း သိပ်ကြား ထဲက တွေ့မြင်နေကြ ဂြိုဟ်သားဝတ်စုံနှင့်တူသည့် ဆေးဆိုးပန်းရိုက် မျက်နှာများ အလယ်မှာ ဘာတစ်ခုမှ အပြင်အဆင် အခြယ်အသ မပါသော ဆောင်းမျက်နှာလေးက ပကတိ နုဖတ်သန့်စင်ထားသလို သဘာဝအတိုင်း ဘာတစ်ခုမှ အပြစ်ပြောစရာမရှိအောင် လှချင်တိုင်း လှနေ၏။ ရယ်မောလိုက်တိုင်း ပန်းသွေးရောင်ကြွရွနေသော ဆောင်း အရယ်မျက်နှာလေးကို ချစ်မြတ်နိုးစွာ စူးစိုက်ကြည့်နေဆဲ စောမည့နားကို လှပသည့် ပုံရိပ်တစ်ခု နီးကပ်စွာ ရောက်လာသည်။

"စော"

"သြော်… ယမင်း"

သူလှည့်ကြည့်လိုက်တော့ လှပစွာပြုံးနေသည့် ယမင်းမြတ်ကို တွေ့လိုက်ရသည်။

"စောကို ယမင်းကြည့်နေတာကြာပြီ၊ ဘယ်သူ့ကို စိတ်ဝင်စားပြီး ကြည့်နေတာလဲဟင်… ဟန်နီကိုလား"

"ဟန်နီဆိုတာ ဘယ်သူလဲ"

စောမည့ တစ်ခါမှ မကြားဘူးသည့် နာမည်အသစ်ကြောင့် မျက်ခုံးထူတွေ ပင့်ခနဲဖြစ်သွားတာကို ကြည့်ပြီး ယမင်းက လှလှပ လေး ရယ်သည်။

"ဟန်နီကို စော တကယ်မသိဘူးဆိုရင်တော့ ခေတ်နောက်ကျ သွားပြီ"

"ဟုတ်လား၊ ကိုယ် အဲဒီလိုဖြစ်သွားပြီလား"

စောမည့မျက်နှာမှာ ယမင်းမြတ်စကားကြောင့် အပြုံးသဲ့သဲ့ပေါ်





လာသည်။ ဟန်နီဆိုတာကို သူ တကယ်မသိ။ ယမင်းမြတ်လို ခေတ် ကို အမီမလိုက်နိုင်ဘဲ ပြတ်ကျန်ခဲ့သည်ဆိုတာ ဖြစ်နိုင်သည်။ ဒါမှမဟုတ် သူ့မှာ ဆောင်းဆိုသည့် ချစ်ရမည့်သူရှိသည့်အတွက် ဆောင်းမှတစ်ပါး တခြား ဘယ်သူ့ကိုမှ စိတ်မဝင်စားတော့တာလည်း ဖြစ်သည်။

"ဟန်နီဆိုတာ ဦးဝဏ္ဏရဲ့ ရှုမငြီးတဲ့တစ်ဦးတည်းသော ရွှေမင်း သမီးလေးပါတဲ့ရှင်… ဟိုတစ်လောက နိုက်ကလပ်တစ်ခုမှာ သောင်း ကျန်းလို့ သူ့အဖေကြီး တော်တော်ခေါင်းစားသွားသေးတယ်"

"ဟုတ်လား၊ ယမင်းပြောတဲ့တစ်ယောက်ကို ကိုယ်မသိဘူး"

"ဟိုတစ်ယောက်လေ… စော စက္ကူထေရီနားမှာ အနက်ရောင် ဝတ်စုံနဲ့ဝတ်ထားတာ ဟန်နီပေါ့"

"ကြည့်ရတာ စောကောင်လေးနဲ့ ချစ်တမ်းကစားချင်နေတဲ့ပုံပဲ စောကောင်လေးကလည်း လူချောလေးဆိုတော့လေ…"

ပြောပြီး ယမင်းမြတ်က ရယ်သည်။

စောမည့ကတော့ ဆောင်းနားက ခပ်ကဲကဲကောင်မလေးကို ကြည့်ရင်း ယမင်းမြတ်စကားကို သဘောကျသလို ပြုံးနေသည်။ ဆောင်းကို ဟန်နီဆိုသည့် ချာတိတ်မလေး ချစ်တမ်းကစားလျှင် ဒီတစ်ခါ လှလှပပကြီး ရှုံးနိမ့်သွားမည့်သူက ဆောင်း မဟုတ်။ ဟန်နီ ဆိုသည့် ကလေးမပဲ ဖြစ်မှာကိုသိ၍ ဖြစ်သည်။

"လာ… စော ယမင်းတို့ တစ်ပွဲလောက် ကလိုက်ကြ ရအောင်"

ဖိတ်ခေါ်သည့်သူက ပါးစပ်ကတင် ဖိတ်ခေါ်ခြင်း မဟုတ်။ စောမည့လက်ကို ပိုင်နိုင်စွာ ဆွဲယူသွား၍ အငြင်းရခက်၍ အငြင်းမပွား



www.burmeseclassic.com

www.burmeseclassic.com



ယမင်းမြတ်ခေါ်ရာ လိုက်ခဲ့ရသည်။ စိတ်ထဲမှာတော့ ဆောင်းကို စိတ်မချ။

ဟန်နီဆိုသည့်ကလေးမ တစ်ခွက်ပြီးတစ်ခွက် သောက်နေတာကို မြင်ပြီး ဆောင်းအတွက် စိတ်ပူသွားသည်။



## အခန်း (၁၅)

ပွဲက လွတ်လပ်မှုအပြည့်။ သူငယ်ချင်းတွေချည်း ဆုံသည့်ပွဲဖြစ်၍ အားလုံး ပျော်နေကြသည်။ တချို့က ထိန်းထိန်းသိမ်းသိမ်း ပျော်သည်။ တချို့ကြတော့ သောက်ထားသည့်အရှိန်နှင့် မထိန်းနိုင် မသိမ်းနိုင်။ စိတ်လွတ် ကိုယ်လွတ်။ စောမည့ကိုယ်တိုင် ရီဝေဝေဖြစ်ပေမယ့် ယမင်းမြတ်လို အမူးလွန်ပြီး စိတ်လွတ်ကိုယ်လွတ်ဖြစ်နေသူမဟုတ်။ သူ့ကိုယ်သူ ထိန်းနိုင်သည်။

ယမင်းမြတ်ကတော့ သူတားနေသည့်ကြားက တစ်ခွက်ပြီး တစ်ခွက် သောက်သည်။ ပြီးတော့ စောမည့နှင့် တွဲကလိုသည်ထက်ပိုပြီး တွဲကတယ်။ သူ့ရင်ခွင်ထဲ ရောက်နေသူကို ဘယ်လိုမှ ခွာထုတ်လို့ မရ။

"ပျော်လို့ပါ စောရယ်၊ ယမင်းကို ခပ်တင်းတင်းလေး ဖက်ထားစမ်းပါ၊ စောရင်ခွင်ထဲမှာပဲ ယမင်း နေချင်တယ်"

ယမင်းမြတ်က ပြောလည်းပြော စောမည့ရင်ခွင်ထဲ သူမ ဘာစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးတီးဝင်ပြီး စောမညကိုယ်ကြီးကို သူမ လက်အစုံနှင့် ခပ်တင်းတင်း တွယ်ဖက်ထားတော့ စောမည ခေါင်းတော်တော် စားသွားသည်။ ကိုယ်က ယောကျ်ားလေး နစ်နာစရာ မရှိတာမှန်ပေမယ့် ယမင်းမြတ် အလိုကိုလိုက်ပြီးနေရသည့် အခွင့်အရေးယူမည့် ယောကျ်ားမဟုတ်တော့ ခက်သည်။ ယမင်းမြတ်ဘက်က ဘယ်လို အခွင့်အရေးပေးပေး စောမည ကိုယ်တိုင် အလိုမရှိ။ သူမှာ နှလုံးသားတစ်ခုလုံး စိုးပိုင်ထားသည့် ချစ်ရမည့်သူ ရှိသည်။ ဆောင်းကလွဲပြီး တခြား ဘယ်သူ့ကိုမှ စိတ်မဝင်စား။

"စော"

"မြတ်ကို ဘာလို့ပြန်မချစ်နိုင်ရတာလဲ စောရယ်"

"ယမင်း သိပ်မူးနေပြီ"

"ဟင့်အင်း… မြတ်မမူးဘူး၊ ဘာမှလည်း မဖြစ်ဘူး၊ စောရင်ခွင်ထဲမှာ နေရတာကို ယမင်း ပျော်နေတာ"

"မဟုတ်ဘူးလေ ကိုယ်ပြောတာက… ယမင်းတစ်နေရာမှာ အေးအေးဆေးဆေး အနားယူလိုက်ရင် ကောင်းမယ်"

"ဟင့်အင်း… မြတ် စောနဲ့ပဲနေမယ်၊ စောမပါဘဲ ဘယ်ကိုမှ မသွားဘူး၊ စောလည်း မြတ်နားမှာဘဲ နေရမယ်"

"သိပ်ပျော်တာပဲ စောရယ်"

"ခစ်… ခစ်"

"စောလည်း ပျော်တယ်မဟုတ်လားဟင်"

"မြတ်မေးတာ ဖြေပါဦးစောရယ်… မြတ်နဲ့နေရတာ ပျော်ရဲ့လားလို့"





"ခစ်… ခစ်"

"သတိထားလေ ယမင်းမြတ်"

ယမင်းမြတ်က စောမညကိုယ်ကြီးကို အတင်းတွယ်ဖက်ထား၍ ကြာတော့ စောမည စိတ်ရှုပ်လာသည်။ လူတွေအလယ်မှာ သူ့ကို သတိထားမိသူတွေ ရှိသလို၊ တချို့က ကိုယ့်အာရုံနဲ့ကိုယ် ပတ်ဝန်းကျင်ကို မေ့နေသူတွေလည်း ပါသည်။ ယမင်းမြတ်က စောမည ဘာပြောပြော နားဝင်ပုံမရ။ သူမပြောချင်တာပြောပြီး တစ်ခစ်ခစ် ရယ်နေသည်။ စောမညကို အတင်းဖက်သည်။ မူးနေတုန်း သူ့ကို ဘာလုပ်လို့ လုပ်မိနေမှန်း သိပုံမရ။ ယမင်းမြတ် မထိန်းနိုင် မသိမ်းနိုင်ဖြစ်နေတာကို စောမညက သတိနှင့်ထိန်းရင်း ယမင်းမြတ်ကို မှောင်ရိပ် ခပ်ကျကျ လူရှင်းသည့်ဘက်သို့ မသိမသာ ဆွဲခေါ်လာပြီး သူ့ကိုယ်ကြီးကို မလွှတ်တမ်းဖက်ထားသည့် ယမင်းမြတ်လက်တွေကို အမှောင်ထဲတွင် ဘယ်သူမှ မရိပ်မိအောင် မသိမသာ ဖြုတ်ခွာချဖို့ ကြိုးစားပေမယ့် ယမင်းမြတ်က မလွှတ်။

"ကိုယ့်ကို လွှတ်ပါဦးယမင်း။ ဒီမှာ ကိုယ် အသက်ရှူ ကျပ်နေပြီ"

"အမယ်လေး… စောမညဖြစ်နေလိုက်တာ၊ မြတ်ဖက်လို့ အသက်ရှူကျပ်နေရင် မြတ်ကို ပြန်ဖက်ထားလေ၊ မြတ်ကတော့ စောကို ဖက်ထားတာ အသက်ရှူမကျပ်ပါဘူး"

"ခစ်…. ခစ်"

"ချစ်တယ် စောရယ်"

"စောကို မြတ်သိပ်ချစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အာ…"

"ဟိတ်… မလုပ်နဲ့လေ"

အဖြစ်က ပြောင်းပြန်။ ယမင်းမြတ်က စောမညှ ဘာပြောပြော ဂရုမစိုက်။ အလွန်မိုက်ရူးရဲဆန်လှသော အပြုအမူနှင့် သူမကိုယ်သူမ မထိန်းနိုင်ဘဲ စောမညှ နှုတ်ခမ်းအစုံကို သူမနှုတ်ခမ်းလေးနှင့် အသာလေးထိကပ် နမ်းရှိုက်ခံလိုက်ရ၍ စောမညှ တစ်ကိုယ်လုံး ထူပူသွားကာ အနီးပတ်ဝန်းကျင်ကို အလန့်တကြား ကြည့်မိလျက်သား ဖြစ်သွားသည်။

"မြတ်ကို ပြန်ချစ်ပါလား စောရယ်"

"ချစ်မယ် မဟုတ်လားဟင်"

ယမင်းမြတ်ပုံစံက ရီဝေဝေ။

သူမကိုယ်သူမ ဘာလုပ်လို့ လုပ်မိမှန်းသိပုံလည်း မရ။ ယမင်းမြတ်ကိုယ်လေးကို စောမညှ အသာလေးထိန်းယူရင်း လူချင်းခွာလိုက်သည်။

"စော"

"ဆောရီး… ယမင်း၊ ကိုယ့်မှာ ချစ်သူရှိတယ်"

"ချစ်သူ… ဟုတ်လား"

"ခစ်…. ခစ်"

"မြတ်ကို စောညာနေတာ သိပါတယ်ကွယ်။ စောမှာ ချစ်သူ မရှိပါဘူး"

"မြတ်ကို လိမ်လို့မရဘူးသိလား"

"ယမင်းကို ကိုယ်လိမ်နေတာ မဟုတ်ဘူး။ ယမင်း ကိုယ့်မှာ တကယ်ချစ်သူရှိနေတာ၊ ကိုယ့်ချစ်သူကလွဲပြီး တခြား ဘယ်မိန်းကလေး





ကိုမှ မချစ်နိုင်ဘူး စိတ်လည်း မဝင်စားဘူး"

ထိုစကားကို ရင်ထဲကလာသည့် ခံစားချက်အပြည့်နှင့် စောမညှ ဆိုလိုက်ခြင်း ဖြစ်သည်။ ယမင်းမြတ်ကတော့ သူ့စကားကို မယုံဟန်ဖြင့် မျက်ခုံးလေးပင့်ပြီး လှပစွာရယ်သည်။

"စောက ပုံပြောကောင်းသားပဲ"

"ကိုယ် တကယ်ပြောနေတာ ယမင်းမြတ်"

"ကဲ… ဒါဆို မြတ်ယုံအောင် သက်သေပြ၊ ဘယ်မှာလဲ စော့ရဲ့ချစ်သူ…"

"မြတ်က လက်တွေ့သမားနော်။ ကိုယ်တိုင်မြင်မှယုံမယ်၊ စော ချစ်သူ တကယ်ရှိတယ်ဆိုရင် မြတ်ကိုပြ၊ မြတ်နဲ့မိတ်ဆက်ပေး…၊ အဲဒီလိုမှမဟုတ်ဘဲ စောက မြတ်ကို လိမ်နေတယ်ဆိုရင် စောက မြတ်ကို ချစ်နေတာပဲ"

"ခစ်… ခစ်"

ပြဿနာက ရှင်းလေရှုပ်လေ။

ယမင်းမြတ်၏ အမူးလွန်နေသည့် မျက်နှာလေးကို စူးစိုက်ကြည့်လိုက်သည်။ ယမင်းမြတ်လှတာကို သူသိသည်။ လှတိုင်းချောတိုင်း အချစ်ဆိုတာ ဖြစ်လာတာ မဟုတ်။ ဒါကို ယမင်းမြတ်ကို သိစေချင်သည်။ နားလည်စေချင်သည်။ အချစ်၏သဘောကို စောမညှကိုယ်တိုင် လည်း သိလွန်းလို့တော့ မဟုတ်။ သေချာတာက ယမင်းမြတ် သိပ်လှပေမယ့် စောမညှရင်ထဲ မည်သို့မျှမခံစားရခြင်း ဖြစ်သည်။

ဆောင်းနှင့်ကြတော့ ထိုသို့မဟုတ်ပြန်။ ဆောင်းမျက်နှာလေးကို မြင်လိုက်တာနှင့် စောမညှရင်ခုန်သံတွေ မြန်လာသလို စောမညှ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး ပူနွေးရှိန်းမြမှုတွေနှင့် ရင်ဖိုလိုက်မောလျက်။ ဆောင်းမျက်နှာလေးကိုပဲ တစ်ချိန်လုံး လိုက်ကြည့်ချင်နေသည်။ ဆောင်းအသံလေးကို အမြဲကြားချင်နေသည်။ ဆောင်းလှုပ်ရှားမှုတိုင်း သူ့ရင်တွေလှုပ်ရှားနေသည်။

ဆောင်း ဘာလုပ်လုပ် ချစ်နေသည်။

ဆောင်းနှင့်ပတ်သက်တိုင်း စောမညှ ရင်ခုန်နေသည်။ စိတ်တွေလှုပ်ရှားနေသည်။ ချစ်နေသည်။ မြတ်နိုးနေသည်။ ဆောင်းဆိုတာ စောမညှနှလုံးသားကို သက်ဝင်လှုပ်ရှားမှုတွေနှင့် ရင်ခုန်ပျော်ရွှင်မှုတွေကို ပေးနိုင်သော သူ့ဘဝ၏တစ်ဦးတည်းသော ချစ်စရာမိန်းကလေး ဖြစ်သည်။ ဆောင်းအပေါ်မှာထားရှိသော ချစ်ခြင်းမေတ္တာတွေကို တခြားမိန်းကလေးအပေါ်မှာ မထားနိုင်၊ မချစ်နိုင်တာကို သူသိသည်။

"ဘယ်လိုလဲ စော၊ မြတ်ကို စောချစ်သူနဲ့ မိတ်ဆက်မပေးနိုင်တော့ဘူး မဟုတ်လား"

ယမင်းမြတ်က စကားကိုအနိုင်ပြောပြီး စောမညှ မျက်နှာကိုကြည့်ပြီး တစ်ခစ်ခစ် ရယ်သည်။ စောမညှကလည်း ခပ်တွေတွေဆိုတော့ ယမင်းမြတ်ကိုကြည့်ပြီး သူကိုယ်တိုင် ခပ်သဲ့သဲ့ ရယ်ဖြစ်သွားသည်။

"လူ့ဘဝဆိုတာ ဒါပဲလေ"

"ရတာမလို၊ လိုတာမရ..."

ယမင်းမြတ်က စောမညှအချစ်ကို လိုချင်သည်။ စောမညှက ယမင်းမြတ်အချစ်ကို အလိုမရှိ။ သူလိုချင်နေတာ ဆောင်းအချစ်၊ ဆောင်းမေတ္တာ။

ဆောင်းကကြတော့ စောမညှအချစ်ကို မလိုချင်။ သူမအချစ်ကို





လည်း ပြန်မပေးနိုင်။ စောမညှက သူမကိုချစ်နေတာကိုပင် ခါးခါးသီးသီး မုန်းနေသူ။

"ဟေး.... တော်ပြီကွာ၊ တော်ပြီ... ကိုယ်ဆက်မသောက်နိုင်တော့ဘူးကွ၊ တကယ်ပြောနေတာ"

အသံက အားလျော့နေသော လေသံ။ လူကိုကြည့်လိုက်တော့ ခပ်ယိုင်ယိုင်။ ဒါပေမယ့် ဆောင်းက သူ့ကိုယ်သူ ဟန်မပျက်အောင် မနည်းကြိုးစားနေပေမယ့် လှပသောမျက်နှာလေးက ပန်းနီရောင်လို နီရဲလျက်။ စကားပြောတာ လှုပ်ရှားတာအားလုံး ဆောင်းအခြေအနေ ဘယ်လောက်ဆိုးလဲဆိုတာ ပြောစရာမလိုအောင် ဖော်ပြလျက်။ ဆောင်းနားမှာ သူနဲ့ရွယ်တူ ကောင်လေးသုံးယောက်က ဆောင်းနား ဝိုင်းဝိုင်းလည် ပြုံးရယ်နေကြတာ ကြည့်ပြီး စောမညှ ဆောင်းထံ လျှောက်လာခဲ့သည်။

"ဟော့... စော ဘယ်သွားမလို့လဲ"

"ဟိုမှာလေ... ကိုယ့်ချစ်သူ"

"ဟင်... ဘာပြောတယ်"

စောမညှစကားကို ယမင်းမြတ် နားမလည်။ အူကြောင်ကြောင်ဖြစ်သွားတာကိုကြည့်ပြီး စောမညှ တိုးစွာ ရယ်လိုက်သည်။ သူ့အဖြစ်ကလည်း ရယ်ချင်စရာ။ စောမညှ ဆောင်းထံ လျှောက်သွားပြီး ဆောင်းနားမှာ ရပ်လိုက်သည့်အချိန်အထိ ဆောင်းက သူ့ကို မမြင်သေး။ သူ ဆောင်းရှေ့တည့်တည့်မှာရပ်ပြီး ဆောင်းအမည်ကို ခေါ်လိုက်သည်။

"ဆောင်း"

"ဟင်... ဩော်... ခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းက အခုမှ စောမည့ကို မြင်သွားပြီး နေရာက ထသည်။

"အားလုံးပဲ ကိုယ်ပြန်လိုက်ဦးမယ်"

"သူ့ဆီကို ဖုန်းဆက်နော်"

"ဆက်မယ်... ဆက်မယ်...အားလုံးကို ဆက်မယ်"

ဆောင်းနားမှာဝိုင်းနေသည့် မိန်းမချောလေးတွေကို နှုတ်ဆက်ပြီးတော့ ဆောင်းက စောမည့ထံ လျှောက်လာသည်။

"ပြန်ကြမယ် ဆောင်း"

"အိုကေ"

ဆောင်းအသံက အားပျော့ပျော့ ဖြစ်နေသည်။ ခင်ယိုင်ယိုင်ခြေလှမ်းတွေနှင့် စောမည့နောက် လိုက်လာသည့် ဆောင်းကို ပြုတ်မကျအောင် ဟန်မပျက်အသာလေးတွဲ လျှောက်လာသူက စောမည့။

"မင်း ဘာဖြစ်လို့ ဒီလောက်သောက်လာတာလဲ ဆောင်း"

"သူတို့က အတင်းတိုက်တာဗျာ..."

"သူတို့တိုက်လည်း သောက်စရာလားကွ"

"သူတို့က ဖျော်ရည်လို့ ပြောတာကိုး၊ ဆောင်းလည်း ဘယ်သိမှာလဲ... ရှီးရှီးအအေးထင်ပြီး သောက်လိုက်တာပေါ့ဗျာ။ ဒီလိုပွဲမျိုး ဆောင်းမှ မရောက်ဘူးတာ"

အပြစ်က ဆောင်းအပြစ် မဟုတ်။

ဒီလိုပွဲဆိုတာ ဆောင်းနဲ့ အစိမ်းသက်သက်။ ဆောင်းကို ခေါ်လာမိသည့် စောမည့မှာသာ ဆောင်းအနား မနေနိုင်တာက အပြစ်ဖြစ်သည်။ ဆောင်းနားမှာ သူ မရှိတော့ ဆောင်းကို ထိန်းသိမ်းမယ့်သူ မည်သူမျှ မရှိ၍ ဆောင်း အညာမိလာခြင်း ဖြစ်သည်။





"စော... မြတ်ကိုစောင့်ပါဦး"

ယမင်းမြတ်အသံနှင့် သူတို့ရှိရာ လျှောက်လာနေသည့် ယမင်းမြတ်ကို တစ်ချက်လှမ်းကြည့်ပြီး မမြင်ဟန်ဆောင် ကျောခိုင်းလိုက်သည်။ ဘယ်အထိ လိုက်လာဦးမည်မသိ။ ပြဿနာမဖြစ်ချင်လို့ အလိုက်တသိ ရှောင်ထွက်လာတာကို သဘောမပေါက်။ စောမည့နောက်ကိုလိုက်ဖို့ ကြိုးစားနေတာကြည့်ပြီး စောမည့ အာရုံနောက်လာသည်။

ယမင်းမြတ်ဘက်က သူ့ကိုချစ်ကြောင်း မေတ္တာရှိကြောင်းတွေ ရင်ဖွင့်ပေါက်ကွဲပြီးပြီးဆိုတော့ သူ့ဘက်က ယမင်းမြတ်ကို လက်မခံနိုင်သည့် အကြောင်းပြချက်တစ်ခု ပေးရမည်။ ပေးလည်း ပေးခဲ့သည်။ ယမင်းမြတ်ကို သူမချစ်။ သူ့မှာချစ်သူရှိကြောင်း ပြောပေမယ့် သူမက လက်မခံ။

"စောရေ"

"ဟိုမှာ... ခင်ဗျားကို ခေါ်နေတယ်"

"အသာနေစမ်းပါ"

"မကြားချင်ယောင် ဟန်ဆောင်နေလို့ ဖြစ်မလားဗျာ၊ ဟိုက လိုက်လာနေပြီ"

အရေးထဲ ဆောင်းကတစ်မျိုး။ သူ မသိမသာလှမ်းကြည့်လိုက်တော့ ဆောင်းပြောသလို ယမင်းမြတ်က စောမည့တို့နောက်က လိုက်လာနေတာ မြင်လိုက်ရသည်။ ရုတ်တရက် သူ့ခေါင်းထဲ အကြံတစ်ခု လက်ခနဲ ပေါ်လာသည်။ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်တော့ အနည်းငယ် မှောင်ရိပ်ကျလျက် လူရှင်းသောနေရာဖြစ်နေ၍ စောမည့က ဆောင်းကိုယ်လေးကို သူ့ဘက်တစ်အားဆွဲလှည့်ပြီး မျက်နှာချင်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com



အနေအထား ရင်ချင်းအပ်ပစ်လိုက်သည်။

"ဟာ… ဘာလဲ…"

"ရှူး… ဒီအတိုင်းငြိမ်ငြိမ်နေ၊ ဟိုမှာ ယမင်းမြတ်လာနေပြီ"

"သူလာတာနဲ့ဘာဆိုင်လဲ၊ ဆောင်းကိုလွှတ်"

"လွှတ်မယ်… အခုမဟုတ်ဘူး"

"စော"

ယမင်းမြတ်အသံကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် စောမည က သူ့မျက်နှာကို ဆောင်းမျက်နှာလှလှလေးထက်သို့ ငုံမိုးဖိအပ်ပစ်လိုက်သည်။

"ဟာ…"

"အို…"

"စော… ရှင်… ရှင်"

ယမင်းမြတ်မှာ သူမ မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် ဘာစကားမှ မပြောနိုင်သလို နေရာမှာ နှုတ်ဆိတ်ကြောင်နေပြီး ရပ်ကြည့်နေမိသလို… စောမညမှာလည်း ယမင်းမြတ်ရှေ့မှာ ယောကျ်ားချင်းချစ်နေသယောင် ဟန်ဆောင်သရုပ်ပြရာမှ စိတ်လွတ်သွားကာ ဆောင်း နှုတ်ခမ်းနုနုထွေးထွေးလေးထက်သို့ သူ့နှုတ်ခမ်းနှင့် ဖိအုပ်မိပြီးနောက်မှာ သတိလက်လွတ်သွားကာ ဆောင်းနှုတ်ခမ်းလေးထက်မှ သူ့နှုတ်ခမ်းကို ခွာမရအောင် ပူးကပ်တုတ်နှောင်မိလျက်သား ဖြစ်သွားသည်။

ဆောင်းမှာ ရုတ်တရက်ဖြစ်၍ အံ့ဩမှင်သက်မိနေရာမှ အသိဝင်လာသည်နှင့်တစ်ပြိုင်နက် သူမကိုယ်လေးကို တင်းကျပ်စွာပွေ့ဖက်ပြီး အနမ်းတွေ ရွာနေသူ စောမည ကိုယ်လုံးကြီးကို အတင်းရုန်းကန်





ဖယ်ရှားပစ်သည်။ သို့သော် စောမညက ဆောင်းကိုယ်လေးကို မလွှတ်။ သူ့တို့ရောက်နေသည့် ခပ်မှောင်မှောင်သစ်ရိပ်အောက် ဆွဲခေါ်ကာ ဆောင်းကိုယ်လေးကို သစ်ပင်မှာ မှီကပ်စေလိုက်သည်။

"ခင်ဗျားနော်… ဘယ်လိုဖြစ်နေတာလဲ"

"လွှတ်"

"မလွှတ်ဘူး"

"ချစ်တယ်"

"ဟာ…"

စောမညရင်ခွင်ထဲ ဆောင်းကိုယ်လေး ထွေးခနဲ ပြန်ရောက်သွားသည်။ ဆောင်းက သူ့မျက်နှာလေးပေါ် အပ်ကျလာသည့် စောမည မျက်နှာကို ရှောင်ဖယ်လိုက်ပေမယ့် မလွှတ်။ စောမညက ဆောင်း မျက်နှာလှလှလေးကိုပင် မော့ပြီး လှပသောမျက်နှာလေးထက် အချစ်အနမ်းတွေ စိတ်ကြိုက် ရွာချပစ်လိုက်သည်။ ဒါကဟန်ဆောင်တာ မဟုတ်သလို ဘယ်သူဘာထင်ထင် ဂရုမစိုက်။

တစ်ချိန်လုံး မျိုသိပ်ထားရသော သူ့အချစ်စိတ်တွေကို မထိန်းချုပ်ဘဲ အားမွေး၍ ဖွင့်ချပစ်လိုက်သည်။ စောမည အချစ်စိတ်မွှန်နေ၍ အရာအားလုံးကို မေ့သွားပေမယ့် ယမင်းမြတ်ကတော့ စောမညကို ခမေ့။ ဆောင်းကို မိန်းကလေးမှန်း မသိ။ သူ့အတွင်းရေးမှူး ကောင်လေးနှင့် စောမညတို့ ယောကျ်ားချင်း ချစ်နေကြပုံကို သူမ ခုန်းနှင့် ရိုက်ယူထားလိုက်သည်။

ဒါကို စောမညက မသိ။

သူသတိရ၍ ဆောင်းကိုယ်လေးကို သူ့ရင်ခွင်ထဲက ပြန်လွှတ်

www.burmeseclassic.com



လိုက်ချိန်မှာ ဆောင်းထံမှ အရှိန်ပြင်းလှသော လက်သီးတစ်ချက်က သူ့မျက်နှာကို တည့်တည့် ထိုးလိုက်သည်။

"ကဲကွာ…"

"ခွပ်"

"အာ… ဟော…"

စောမညမျက်နှာကို ဆောင်း လက်သီးလာထိ၍ နာကျင်ချိန်မရ။ ဆောင်းကိုယ်လေး ယိုင်ခနဲဖြစ်သွားပြီး စောမညရင်ခွင်ထဲ လဲပြိုလာတာ အချိန်မီဖမ်းယူထိန်းပွေ့ရင်း ဆောင်းကိုယ်လေးကို ကားရပ်ထားရာသို့ ခေါ်လာခဲ့သည်။

"ခင်ဗျားကြီး…. အလကားလူ"

"အခွင့်အရေးသမား…"

"သွား… ခင်ဗျားနဲ့မလိုက်ဘူး"

"ဖယ်ဗျာ…"

"လွှတ်"

"ဆောင်း ငြိမ်ငြိမ်နေကွာ"

"မနေဘူးဗျာ… မနေဘူး"

ဆောင်းက မကျေမနပ် စောမညကိုယ်ကြီးကို လက်လှမ်းမိသသမျှ ထုရိုက်ရင်း စောမည အကူအညီနှင့် ကားပေါ် ရောက်လာသည်။ သူကလည်း တော်တော်မူးနေ၍ ခေါင်းပင် သိပ်မထောင်နိုင်။ ကားကို နေရာက မောင်းထွက်ခဲ့ပေမယ့် စောမညရင်ထဲ ဆောင်းကို ချစ်စိတ်ဖြင့် ရင်တစ်ခုလုံး လှုပ်ရှားနေသလို အရက်သောက်ထားသည့် အရှိန်ကြောင့်လည်း သွေးတွေက နှောနေသည်။





"ခင်ဗျားကို ဆောင်းမကျေ… နပ်… ဘူး"

"ဆောင်း"

ဆောင်းက ခေါ်မရတော့။ ခေါင်းလေး တစ်ဖက်စောင်းပြီး သူ့အရှိန်နှင့်သူ နှစ်ခြိုက်စွာ အိပ်ပျော်သွားပြီး ဖြစ်သည်။ ကားမောင်းရင်း စောမည အတွေးတွေ ပွံ့လွင့်နေသည်။ ဆောင်းကို ဒီလိုပုံနှင့် သူ့မ အိမ်ကို ပြန်ပို့၍မဖြစ်။ ဆောင်းအဖေသိရင် ပြဿနာဖြစ်မှာ သူသိသည်။ ပြီးတော့ သူကိုယ်တိုင် ဆောင်းကို မခွဲနိုင်အောင် ချစ်နေသည်။ ချိုမြိန် သော ဆောင်းအတွေ့ ဆောင်းကိုယ်ငွေ့လေးကို သူ ခွဲလမ်းနေမိပြီ။ သူဘာမှ စဉ်းစားမနေတော့။ ကားကို တစ်နေရာသို့ ဦးတည်လိုက်သည်။ ထိုနေရာက စောမည သီးသန့်အနားယူသည့် အိမ်ကြီးဆီသို့ ဖြစ်သည်။

ကိုယ့်ကို အပြစ်တင်ချင်လည်းတင်တော့ ဆောင်းရယ် မင်းကို ကိုယ်မခွဲနိုင်ဘူး။

ကားကိုရပ်ပြီး နှစ်ခြိုက်စွာ အိပ်ပျော်နေသော ဆောင်းမျက်နှာလေးကို သူစိုက်ကြည့်လိုက်သည်။ ဆောင်းကိုချစ်သည့် ရင်ခုန်သံနှင့်အတူ စောမည ဆုံးဖြတ်ချက်တွေ ပိုခိုင်မာသွားတော့ ကားကို နေရာက မောင်းထွက်ခဲ့သည်။

ဆောင်းကို စောမည အိမ်ရောက်သည့်အထိ မနိုး။ ဆောင်းကိုယ်လေးကို ညင်သာစွာ ပွေ့ယူချီမပြီး အိပ်ရာထက် အသာအယာ ချပေးလိုက်သလို သူကိုယ်တိုင်လည်း ဆောင်းနားမှာ လှဲချလိုက်သည်။ သူ့ရင်ခွင်ထဲမှာ ချစ်စရာအကောင်းဆုံး လှနတ်သမီးရောက်နေသလို ဆောင်းမျက်နှာလှလှလေးကို မြတ်နိုးစွာ စူးစိုက်ကြည့်ရင်း စောမည



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်လည်း ဘယ်အချိန် အိပ်ပျော်သွားမှန်း မသိ။ အိပ်မက်ထဲမှာ ဆောင်းက စောမညအတွက် ချစ်စရာအကောင်းဆုံး မင်္ဂလာသတို့သမီးလေးဖြစ်နေ၍ သူ့ရင်တွေ တသိမ့်သိမ့် ကြည်နူးချမ်းမြေ့သွားသည်။



## အခန်း (၁၆)

နွေးထွေးသောနေရောင်ခြည်က ပြတင်းတံခါးမှတစ်ဆင့် ကျယ်လွင့်ပြန့်ပြောသော အိပ်ခန်းအတွင်းသို့ ဆင်းသက်ဖြာကျလာ၏။ အိစက်နွေးထွေးသော အိပ်ရာမှာ မလှုပ်မယှက် အိပ်ပျော်နေသော အလှနတ်သမီးကို ကျေးငှက်သံတီတီတာတာ အော်မြည်နေသော်လည်း သူမနှင့် မသက်ဆိုင်သည့်အလား၊ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေရာမှ တစ်ချက်အလှည့်မှာ ပထမဆုံး သူမ အာရုံထဲ ဝင်ရောက်လာသည့် သင်းပျံ့နေသော စံပယ်ရနံ့ ဖြစ်သည်။

ကိုယ့်ကိုယ်ကိုယ် ဘယ်ရောက်နေမှန်းမသိသော ဆောင်းက သူမအင်မတန်သဘောကျသည့် စံပယ်ရနံ့မွှေးမွှေးကို ရှူရှိုက်ရင်း အိပ်ရာကနိုးလာ၏။ ပထမဆုံး ဆောင်းတွေးမိသည့် အတွေးက ဘယ်သူကများ ဆောင်း အိပ်ခန်းထဲ ဒီစံပယ်ပန်းတွေ လာထားသွားတာလဲဆိုသည့် အတွေး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဖေလား…

မဖြစ်နိုင်။

မိထွေးဖြစ်သူ ဒေါ်ခင်မျိုးမေဆိုလျှင် မဖြစ်နိုင်။ ဒါဆို ဆောင်း အိပ်ခန်းထဲကို ပန်းလာထားသွားသူမှာ မည်သူဖြစ်မည်နည်း။ စိတ်အလုပ်ပေးသော မေးခွန်းနှင့်အတူ မှေးမှိတ်ထားသော မျက်ဝန်းတို့ ဖြည်းဖြည်းချင်းအလွင့်မှာ ဆောင်း မြင်တွေ့လိုက်ရသည့် မြင်ကွင်းက အိပ်ရာက ဝုန်းခနဲ ထလိုက်မိလျက်သားဖြစ်သွားကာ သူမ မေ့လျော့နေမိသော အကြောင်းအရာတွေ သူ့ခေါင်းထဲ အပြေးအလွှား ဝင်ရောက်လာသည်။

မနေ့ညက…

ဆောင်းခေါင်းထဲ မိုက်ခနဲဖြစ်သွားသည်။

ဆောင်းမှတ်မိလာပါပြီ။ မနေ့ညက ဆောင်းနှင့်စောမည ညစ်ခံပွဲတစ်ခုကို သွားသည်။ နောက်တော့ လူချင်းကွဲသွားသည်။ ဆောင်းနားကို မိန်းမလှလေးတစ်စုရောက်လာပြီး ဆောင်းနှင့်သူတို့ကိုယ်သူတို့ မိတ်ဆက်စကားပြောရင်း ခင်မင်ရင်းနှီးသွားသည်။ အားလုံးက ဆောင်းကို လူချောလေးဟု ထင်နေကြကာ ဆောင်း ပြန်သတိရလာသည်။ ဟန်နီဆိုသည့် မိန်းကလေးကလည်း ပျားရည်ရောင် အသားအရေနှင့် မိန်းမချောလေးလည်း ပါသည်။

နောက်တော့ ဆောင်းကို ဖျော်ရည်တွေ တစ်ခွက်ပြီးတစ်ခွက် တိုက် ကြသည်။ ဆောင်းက တောင်းပန်လည်း မရ။ ကြိုက်တော့ အားနာတာနှင့် သူတို့တိုက်သမျှ သောက်ရင်း ဆောင်းကိုယ့်ကိုကိုယ် မထိန်းနိုင်အောင် မူးလာသည်။ ဘာတွေပြောပြီး ဘာတွေ





သဘောကျမှန်း မသိ။ မကြာခဏ ဆောင်းရယ်သလို ဆောင်းနားက မိန်းမလှလေးတွေက ရယ်ကြသည်။ ဆောင်းခေါင်းထဲ ချာချာလည်နေချိန်မှာ စောမည‌ရောက်လာပြီး ဆောင်းကို ခေါ်သွားသည်။

နောက် ယမင်းမြတ် လိုက်လာသည်။

စောမည‌နှင့်ဆောင်း ဘာတွေဖြစ်ပြီး ဘာတွေဖြစ်မှန်းမသိ ဆောင်း မှတ်မိလိုက်တာက စောမည‌ဆိုသည့်လူ ဆောင်းနှုတ်ခမ်းကို မညှာမတာ နမ်းနေတာပဲဖြစ်သည်။ နောက်တခြား ဘာဆိုဘာမှ မမှတ်မိတော့။ ဆောင်းအိပ်ရာက နိုးလာချိန်မှာ အိပ်ရာတစ်ခုတည်းပေါ် ဆောင်းဘေးမှာ နှစ်ခြိုက်စွာ အိပ်ပျော်နေသူက စောမည‌ဆိုသည့်လူ။

ဒါဆို ညက အဲဒီလူနဲ့ ဆောင်း…

ဆောင်း ဆက်မတွေးရဲတော့ဘဲ သူတစ်ကိုယ်လုံး ထူပူသွားချိန်မှာ စောမည‌ အိပ်ရာက နိုးလာသည်။

“ဆောင်း”

“ခင်ဗျား… လူယုတ်မာ”

“ကဲကွာ… ကဲ… ကဲ”

“ဟာ… ဟိတ် မလုပ်နဲ့လေ”

ဆောင်းက စောမည‌စကားကို ဘာတစ်ခုမှမကြား။ အိပ်ရာတစ်ခုတည်း သူမနှင့်အတူ ရောက်နေသည့် စောမည‌ကို ဘယ်လိုမှ ခွင့်လွှတ်လို့ မရသည့်အဆုံး အိပ်ရာထက်မှာ လဲလျောင်းနေဆဲဖြစ်သည့် စောမည‌ကို ဆောင်းရဲ့ပြင်းထန်သည့် လက်သီးချက်နဲ့ စောမည‌ မျက်နှာကို ထိုးသည်။

စောမည‌က ဆောင်းလက်သီးဆုပ်လေးတွေကို အမိအရ ဖမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆွဲရင်း ပါးစပ်က သူ့ကို လက်သီးနှင့်မထိုးဖို့ ဆောင်းကို တားသည်။ ဆောင်းက ပြောမရ၊ တားမရ။ ဒေါသဖြစ်ဖြစ်နှင့် စောမညကို ရန်ပြုဖို့သာ စဉ်းစားနေ၍ သူမအပေါ် ကျရောက်လာမည့် အန္တရာယ်ကို မမြင်။

"ဆောင်း ကိုယ်ပြောဦးမယ်"

"မပြောနဲ့ မကြားချင်ဘူး"

"ခင်ဗျားလောက် အောက်တန်းကျ ယုတ်မာတဲ့သူ မရှိဘူးသိလား"

"ကဲ… ကဲ"

"ခွပ်"

"ကြည့်စမ်း… မင်းသိပ်ဆိုးလာပြီ"

"လာခဲ့"

"လွှတ်"

"ဟာ…"

"ခင်ဗျားကြီး"

အိပ်ရာပေါ်မှာ နှစ်ယောက်တည်း အပြန်အလှန် လုံးထွေးရင်း ဆောင်းကိုယ်လေးကို စောမညက အသာလေးဖမ်းချုပ်ပြီး သူ့ရင်ခွင်ထဲ လှုပ်မရအောင် တင်းကျပ်စွာ ဖက်ထားလိုက်မှ ဆောင်း ငြိမ်သွားကာ စောမည ရင်ခွင်အောက်က သူမကိုယ်လေးကို အတင်းရုန်းထွက်ဖို့ ကြိုးစားပေမယ့် စောမညက ဆောင်းကိုယ်လေးကို မလွှတ်။

"ကဲ… မင်း အခု ရုန်းလို့ရသေးလားပြော၊ ဒီမှာကြည့်စမ်း ဆောင်း လက်ချက်နဲ့ ကိုယ်နှုတ်ခမ်းပေါက်သွားပြီ"





"ခင်ဗျားကို သေအောင်ကို သတ်ပစ်ရဦးမှာ"

"နေပါဦး၊ ဆောင်းက ဘာဖြစ်လို့ ကိုယ့်ကို သတ်ပစ်ချင်နေရတာလဲ"

စောမညစကားကြောင့် ဆောင်းမျက်နှာလေး ပန်းသီးတစ်လုံးလို နီရဲသွားပြီး သူမကိုယ်လေးကို စောမညရင်ခွင်ထဲက ကျိတ်ရုံးလိုက်သည်။ စောမညက မလွှတ်။

"ခင်ဗျား ဆောင်းကို ဘာလို့ ဒီကိုခေါ်လာတာလဲပြော"

"ညက အရက်မူးနေလို့"

"ယောကျ်ားဖြစ်ပြီး ယောကျ်ားစကားပြောပါ၊ ခင်ဗျားဘာသာ ဘယ်လောက်မူးမူး ဆောင်းကို ဘာလို့အိမ်ပြန်မပို့ပေးတာလဲ"

"ဆောင်းကလည်း မူးနေတာ"

"ဘာပြောတယ်"

"ဆောင်းကိုဆောင်းသာ သေချာပြန်စဉ်းစားကြည့်လေ၊ ညက ဆောင်း ဘာတွေဖြစ်ခဲ့လဲ"

သေချာတာတော့ ဆောင်းလည်း ဘာမှမမှတ်မိ။ ညက ဘာဖြစ်လို့ဖြစ်ခဲ့မှန်းမသိပေမယ့် အခုဖြစ်နေတာကိုတော့ ဆောင်း သိသည်။ ဆောင်းကိုယ်လေးကို သူ့ကိုယ်ကြီးအောက်မှာ မညှာမတာ ဖက်ထားသောကြောင့် ဆောင်း အနေရခက်ရှက်ပြီး စောမညကို သတ်ပစ်ချင်နေတာဖြစ်သည်။

"ဆောင်း"

"ဖယ်စမ်းဗျာ ဆောင်းကိုလွှတ်"

"ဒီတစ်ခါပဲနော်၊ နောက်တစ်ခါ ကိုယ့်ကို ထိုးလားကိုက်လား



www.burmeseclassic.com

www.burmeseclassic.com



လုပ်လာရင် ပေးလွှတ်တော့မှာ မဟုတ်ဘူး''

''ဟာ… ခင်ဗျား''

ဆောင်းကိုယ်လေးကို ဖျတ်ခနဲ ငုံ့နမ်းခဲ့လိုက်၍ ဆောင်း ဘာပြောရမှန်းမသိ ဖြစ်သွားချိန်မှာ စောမညက ဘာမှမဖြစ်သည့်ပုံစံနှင့် ဆောင်းကိုယ်လေးကို ညင်သာစွာ ဖြေလွှတ်ပြီး အိပ်ရာပေါ်မှ ဆင်းသွားပြီဖြစ်သည်။

ဆောင်းမှာသာ စောမညကို ဒေါသကလည်းဖြစ်၊ ရှက်လည်းရှက်နှင့် စိတ်ထဲကျိတ်မနိုင် ခဲမရဒေါသတွေဖြစ်ကာ အိပ်ရာပေါ်က ဝုန်းခနဲ ခုန်ဆင်းလိုက်သည်။ ဒေါသဖြစ်ပေမယ့် စောမညစကားကြောင့် သူ့ကိုယ်ကြီးကို အရင်လို စိတ်လိုက်မာန်ပါ သွားမထိရဲ။ ဆောင်းလက်သီးထက် အဆပေါင်းများစွာ ပြင်းထန်စွာ တုံ့ပြန်တတ်သည့် စောမည၏ လက်တုံ့ပြန်မှုကို ဆောင်း ကြောက်သည်ထက် မုန်းသည်။ မနှစ်မြို့။

ဆောင်း ဘာမှမပြောဘဲ ပါးစပ်ပိတ်ထားသည်။ အိပ်ခန်းတံခါးကို ဝုန်းခနဲ ဆွဲဖွင့်သည်။ သို့သော် ပိတ်ထားသည့် အိပ်ခန်းတံခါးက ဆောင်းထင်သလို ပွင့်မလာဘဲ အခိုင်အမာ မလှုပ်မယှက်။ အသေပိတ်သော့ခပ်ထား၍ ဆောင်း အံ့သြသွားကာ စောမညဘက်ကို မျက်ခုံးလေးတွန့်ပြီး မကျေမနပ် လှမ်းကြည့်သည်။

''အခန်းတံခါးကို ဘာလို့ပိတ်ထားတာလဲ… အခုဖွင့်''

''ဆောင်း ထွက်ပြေးသွားမှာစိုးလို့''

''ကိုယ် ဆောင်းကိုချစ်တာ ဆောင်း သိပါတယ်။ ညထဲက ဝေလဆီကို ဖုန်းဆက်ပြီးပြီး။ ဆောင်းကို ကိုယ် ခိုးသွားပြီလို့''





''ဘာ…''

''ဟင်…''

''အခုချိန်ဆို ဆောင်းအဖေလည်း ဆောင်း ကိုယ်နဲ့အတူရှိနေတယ်ဆိုတာ သိလောက်ပြီ ထင်တယ်''

ဆောင်းမျက်လုံးထဲ ပြာသွားသလို၊ ဆောင်းခေါင်းထဲလည်း မိုက်ခနဲ ဖြစ်သွားသည်။ ဒီလူ ဘာတွေ လျှောက်လုပ်နေတာလဲ။ စောမည ဘာပြောပြော ဆောင်း လက်မခံ။ သူဖြစ်ချင်တိုင်း ဖြစ်ခွင့်ရအောင် သူက ဘာမို့လို့လဲ။ ဆောင်းဆိုတာ သူ့ချစ်သူလည်း မဟုတ်။

ဆောင်းက…

''အခန်းတံခါးကို အခုဖွင့်၊ ပြောမရရင် ခင်ဗျားနဲ့ ဆောင်း ပြဿနာတက်သွားမယ် နားလည်လား''

ဆောင်းမျက်နှာက ဒေါသဖြင့် ခက်ထန် တင်းမာနေသည်။ စောမည ဆောင်းအတွက်နဲ့ ဆန့်ကျင်ဘက် ဆောင်းမျက်နှာလှလှလေးကို စူးစိုက်ကြည့်နေပုံက နူးညံ့သိမ်မွေ့ခြင်းတွေနှင့် ရွှန်းလဲ့တောက်ပနေ၏။

''ဆောင်းက လူသတ်ရဲလို့လား''

''သတ်ရဲတာပေါ့ဗျာ၊ သတ်ရဲတယ်''

''ဒါဆို ကိုယ့်ကို အခုသတ်လိုက်တော့''

''ခင်ဗျား ရှေ့တိုးမလာနဲ့နော်''

လူသတ်ရဲသည်ဆိုသော ဆောင်းက သူမနား တိုးကပ်လာသည့် စောမညကိုကြည့်ပြီး သူမ ခြေအစုံကို နောက်ဆုတ်လိုက်၍ စောမည စိတ်ထဲက ဆောင်းကို ချစ်မြတ်နိုးစွာ ကျိတ်ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်းပဲ လူသတ်ရဲတယ်ဆို၊ ဘာဖြစ်လို့ ကိုယ့်ရှေ့တိုးလာတာကို ဆောင်းက နောက်ဆုတ်နေရတာလဲ"

"ကိုယ်ဆောင်းကို ချစ်တယ်"

"မပြောနဲ့ မကြားချင်ဘူး"

"ကိုယ့်ကို လက်ထပ်ပါဆောင်းရယ်၊ ကိုယ် မင်းနဲ့မခွဲနိုင်ဘူး"

စောမညစကားကြောင့် ဆောင်းမျက်နှာ ဖျတ်ခနဲ ပူနွေးသွားသည်။

"ကိုယ့်ကို ပြန်ချစ်ပါဆောင်းရယ်၊ ဆောင်းက ကိုယ့်ကိုချစ်တယ်ဆိုရင်..."

"တော်ဗျာ"

"စိတ်ကူးတွေယဉ်မနေနဲ့၊ ခင်ဗျားကို အခုလည်း မချစ်ဘူး နောင်လည်း မချစ်ဘူး"

"ကိုယ်ကတော့ ဆောင်းကို ချစ်တယ်"

သူတို့နှစ်ယောက် စကားပြော အဆင်မပြေဖြစ်နေချိန်မှာ စောမည ဖုန်းက အသံမြည်လာသည်။

"ဟဲလို"

"ဟုတ်ပါတယ်.... ပြောပါ"

တစ်ဖက်က ဘာတွေပြောနေမှန်း မသိ။ သူ ငြိမ်ပြီးနားထောင်နေတာကို အခွင့်ကောင်းယူပြီး အခန်းထဲက ထွက်ပြေးမည့်အပေါက်ကို ရှာနေမိသည်။ ပိတ်ထားသည့် အခန်းတံခါးမှတစ်ပါး တခြား ပြေးစရာ နေရာမတွေ့။ ဆောင်း စိတ်ညစ်သွားချိန်မှာ သူ့က ဖုန်းပြောပြီးသွား၍ ဆောင်းကို တစ်ချက်လှမ်းကြည့်သည်။





"ကိုယ် ခဏအပြင်သွားရမယ် ဆောင်းက ခဏနေဦးနော်"

"ဆောင်း အိမ်ပြန်မယ်"

"ပြန်ရမယ်၊ အခုတော့ မဟုတ်ဘူး"

"ခင်ဗျားတစ်ယောက်တည်း ဘယ်မှ မသွားရဘူး။ ခင်ဗျား သွားချင်ရင် ဆောင်းကိုပါ ခေါ်သွား"

မိုက်ရူးရဲဆန်သည့် ဆောင်းက တစ်ယောက်တည်း အိပ်ခန်းတံခါးပေါက်ပိတ်ရပ်ပြီး စိန်ခေါ်တာကိုကြည့်ပြီး စောမည နှုတ်ခမ်းကို ကိုက်လိုက်သည်။

"ကိုယ်တကယ်မသွားဘဲ ဆောင်းနဲ့ပဲ နေရမလား"

"ခင်ဗျား ဘာစကားပြောတာလဲ"

သူ့စကားကြောင့် ဆောင်း အခန်းတံခါးပေါက်အနားက ခွာသွားတာကိုကြည့်ပြီး စောမည ရယ်လိုက်သည်။

"ဖြစ်နိုင်ရင် ကိုယ်ဆောင်းအနားမှာပဲ နေချင်တယ်လို့ ပြောတာပါ၊ နောက်တစ်ခုပြောချင်တာက ဒီနေ့တစ်ရက်ပဲ ဆောင်းကို ကိုယ်နဲ့အတူခေါ်မသွားတာ... နောက်ရက်ကစပြီး ကိုယ်ဘယ်သွားသွား ဆောင်း အမြဲအတူလိုက်ရမယ်"

"ဆောင်းပြောတာ အဲဒီလို မဟုတ်ဘူး"

"ကိုယ်ပြောတာကတော့ အဲဒီလိုပဲ"

"ကိုယ်ပြန်လာမယ်"

"ဦးစောမည"

ဆောင်းလှမ်းခေါ်လိုက်ပေမယ့် သူလှည့်မကြည့်။ အခန်းတံခါးကို ပြန်ပိတ်သွား၍ ဆောင်းတစ်ယောက်တည်း အခန်းကျယ်ကြီးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့သည်။ ခေါင်းတွေလည်း ထူပူနေသည်။ ကိုယ့်ကိုကိုယ် ဘာဖြစ်လို့ ဖြစ်နေမှန်းမသိ အခုဖြစ်နေတာတွေ အိပ်မက်မဟုတ်တော့လည်း ခက်သည်။ စောမညဆိုသည့်လူကို ယုံမိတာ ဆောင်းအမှားဟု နောင်တဖြစ်လာသည်။

နောက်အမှားတစ်ခုက ဆောင်းဖျော့ရည်ထင်ပြီး သောက်ခဲ့မိသည့် အရက်တွေ။ အခုကြတော့ ဆောင်း ဘာမှမလုပ်တတ်တော့ တစ်ယောက်တည်း ထိုင်ပြီး ငိုင်နေလို့လည်း မထူး။ အိပ်ရာကထပြီး စောမည ရန်ဖြစ်စကားများနေရတာနှင့် အခုထိ မျက်နှာ မသစ်ရသေးဘူး။ စိတ်ပျက်လက်ပျက်နှင့် ရေချိုးခန်းထဲ ဝင်လိုက်တော့ အသစ်စက်စက် အသုံးအဆောင်ပစ္စည်းတွေက သူ့နေရာနှင့်သူ စီစီရီရီ လှလှပပထားသည်ကို တွေ့ရသည်။ စိတ်ဆင်းရဲရဲနှင့် သွားတိုက်မျက်နှာသစ် သန့်ရှင်းပြီး ခေါင်းကနေလောင်း၍ ရေချိုးလိုက်သည်။ အချိန်တွေ ဘယ်လောက်ကြာသွားမှန်းမသိ အပြင်က တံခါးခေါက်သံကြားမှ သူ့တစ်ကိုယ်လုံး အေးစက်နေတာ ပြန်သတိရလာသည်။

"ဒေါက်.... ဒေါက်"

"ဆောင်း"

"ဒီမှာ ဆောင်းအတွက် ကိုယ်အဝတ်အစားတွေ ဝယ်လာတယ်... လဲလိုက်ဦး... အပြင်က ထိုင်စောင့်နေမယ်"

"မစောင့်နဲ့ ခင်ဗျားဝယ်ပေးတဲ့ ပစ္စည်းတွေ ဘာတစ်ခုမှ မလဲဘူး"

ဆောင်းစိတ်ထဲက ပြောနေပေမယ့် လူက ချမ်းလှပြီးဖြစ်၍ အနားရှိ အမွေးပွ သဘက်ကြီးကို ကိုယ်မှာဆွဲပတ်ပြီး ရေချိုးခန်း





အပြင်ဘက်ကို အသာချောင်းကြည့်သည်။ ဘယ်သူမှမရှိတာ သေချာမှ ရေချိုးခန်းထဲက ထွက်ခဲ့သည်။

ညကအဝတ်တွေ ပြန်ဝတ်ထားပေမယ့် ရေချိုးလိုက်၍ စိတ်လန်းသွားကာ အားအင်တွေပြန်ပြည့်လာသလို ထင်မိသည်။ တစ်ဖြိုင်တည်း ဆောင်းခေါင်းထဲ အကြံအစည်အသစ်တွေ ရောက်လာသည်။ ဆောင်းပဲ ဒီလိုလွယ်လွယ်နဲ့ အလျှော့ပေးရင် သိပ်မှားသွားမှာပေါ့။ ဦးစောမည၏ အိပ်ရာပေါ်မှာ တင်ထားသည့် အသစ်စက်စက်အဝတ်ထုပ်တွေကို ဘာတစ်ခုမှ ထိကိုင်ခြင်းမပြုဘဲ ခေါင်ရင်းစားပွဲပေါ်က ပန်းအိုးကို သွားဆွဲယူလိုက်သည်။ အလေးချိန် သိပ်မများပေမယ့် လူတစ်ယောက် မူးနောက်သွားအောင်တော့ တတ်နိုင်မည်ထင်သည်။ တခြားလက်နက်လည်း ရှာမတွေ့။ အသက်အောင့်ပြီး အိပ်ခန်းတံခါးဖွင့်လာမည့်အချိန်ကို စောင့်သည်။ သိပ်ကြာကြာ မစောင့်လိုက်ရ။ ချောက်ခနဲအသံနှင့် အိပ်ခန်းတံခါးဖွင့်သံကို ကြားလိုက်ရ၍ လက်ထဲက ပန်းအိုးကို အထက်သို့ တအား ကိုင်မြှောက်လိုက်သည်။

ဒီတစ်ခါတော့ ခင်ဗျားကြီး ကံဆိုးတဲ့အလှည့်ပဲ ဦးစောမည။

ဆောင်းဆိုတာ ခင်ဗျားထင်သလို ချစ်စရာကောင်းပြီး စိတ်ကူးယဉ်နေချင်စရာ မိန်းကလေးမဟုတ်ဘဲ ခင်ဗျားကို ဘယ်လို အန္တရာယ်ပေးနိုင်တဲ့သူဆိုတာ လက်တွေ့ကျကျခင်ဗျား သိစေရမယ်။

"ကျွိ"

"ကဲကွာ"

"ချွမ်း"

"ဒုန်း"



www.burmeseclassic.com

www.burmeseclassic.com



''အမယ်လေး... သေပါပြီဗျာ''

''ခလွမ်... ခလွမ်''

အသံတွေ ဆက်တိုက်ထွက်လာပြီ တိတ်ဆိတ်ခြင်းကို ရက်စက်စွာ ဖြိုခွင်းသွားသည်။

''ဟော့... ဘာဖြစ်တာလဲ''

''ဟင်''

''ဒါ... ဒါ ဦးစောမညအသံပဲ''

ဆောင်းလက်ထဲကပန်းအိုးနှင့် စိတ်ရှိလက်ရှိ ခေါင်းကိုထုချခံလိုက်ရသူက ဆောင်းထင်သလို စောမည မဟုတ်။ ဆောင်းမျက်စိရှေ့မှာ မရှုမလှပုံစံနှင့် သူ့ခေါင်းကိုလက်နဲ့ အုပ်လိုက်ပြီး အော်နေသူက ဆောင်းတစ်ခါမှ မမြင်ဖူးသည့် လူတစ်ယောက်။ သူ့ခေါင်းပေါ်မှာ ဆောင်းလက်ချက်ကြောင့် ပန်းအိုး အကွဲစနှင့် ထုံးတွေဖုံးနေသလို အခန်းထဲမှာလည်း စားစရာထည့်ယူလာသည့် လင်ဗန်းကတခြား ကော်ဖီကရားနှင့် ကော်ဖီခွက် ပေါင်မုန့်မီးကင်၊ ကြက်ဥကြော်တွေက တခြားဆီ ပြန့်ကျဲလျက်။

စောမညက ဆောင်းကိုတစ်လှည့်၊ မောင်ပုဆိုသည့် အိမ်အကူချာတိတ်ကို တစ်လှည့်ကြည့်ပြီး အခြေအနေကို ချက်ချင်း သဘောပေါက်လိုက်သည်။

''ဆရာရယ်၊ ကျွန်တော့်ခေါင်း ကွဲပြီထင်တယ်၊ ကြည့်ပါဦးဗျာ''

''ဘာမှ မဖြစ်ပါဘူးကွာ၊ မင်းကလည်း ယောကျ်ားဖြစ်ပြီး ဒီလောက်လေးတောင် မခံနိုင်ဘူးလား''





''လက်ဆက တော်တော်ပြင်းတာဗျာ၊ မယုံရင် ဆရာကိုယ်တိုင် အရိုက်ခံကြည့်ပါလား''

''ဒီကောင်ကွာ အရေးထဲ ဘာတွေလျှောက်ပြောနေမှန်းမသိဘူး''

''သွား... သွား မင်းပစ္စည်းတွေ မင်းဘာသာ သိမ်းပြီးသွားတော့''

''ဟုတ်ကဲ့''

မောင်ပုဆိုသည့် ချာတိတ်က စောမညကို ကြောက်၍ ဘာမှ ထပ်မပြောသော်လည်း လက်ထဲမှာ အခုချိန်ထိ ပန်းအိုးကွဲစကြီးကိုင်ပြီး ရပ်နေသည့်ဆောင်းကိုတော့ ကြောက်ရွံ့သည့်ပုံစံနှင့် တစ်ချက် လှမ်းကြည့်ပြီး ပြန့်ကျဲနေသည့်ပစ္စည်းတွေကို ခပ်မြန်မြန် ကောက်သိမ်းသည်။ စောမညက မောင်ပု ပစ္စည်းတွေသိမ်းနေချိန်မှာ ခေါင်းကရေစို ဆံပင်ထိုးထိုးထောင်ထောင်နှင့် ဆောင်းမျက်နှာလှလှလေးကို စူးစိုက်ကြည့်လိုက်သည်။

အသစ်စက်စက် သိမ်းပိုက်ထားသည့် စောမည အိမ်ရှင်မလေး လက်ချက်က တော်တော်ပြင်းပါလား ဆိုသည့်အတွေးနှင့် မောင်ပုက ဝင်မခံရင် ဆောင်းလက်ချက်နဲ့ စောမညခေါင်း အာလူးသီးထွက်နေမှာ ပြန်တွေးပြီး ဆောင်းကို အသည်းယားနေမိသည်။ အခွင့်အရေးကို အလစ်ချောင်းနေသည့် ဆောင်းက ပွင့်နေသည့် တံခါးကြားက လှစ်ခနဲ ထွက်ပြေးသည်။

''ဟိတ်... ဒါကဘာယ်လဲ''

''ဆောင်း''

''လွှတ်''



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကြီး ဆောင်းကိုလွှတ်နော်"

"လွှတ်ဆို"

ဆောင်းအကြံကို ကြိုသိထားသည့် စောမညက ဆောင်းလှစ်ခနဲ ပြေးထွက်တာနှင့် သူမ ပြေးနေသည့် ရှေ့က ပိတ်ထားလိုက်၍ ဆောင်းမှာ လိုရာမရောက်ဘဲ စောမညရင်ခွင်ထဲ တွေးခနဲပြန်ရောက်သွား၍ စောမညကိုယ်ကြီးကို ဒေါသနှင့်ရန်းကန်ထုရိုက်ချိန်မှာ မောင်ပုက သူတို့ကိုတစ်ချက်ကြည့်ပြီး နေရာက ခပ်မြန်မြန်လစ်ပြေးပြီး သူ့ဆရာ အခန်းတံခါးကို ပိတ်ပေးသွားသည်။

"ဆောင်း"

"ဒီလောက်ဖြစ်နေတာ ကဲ… ကဲ"

"ဟိတ်… မလုပ်နဲ့ဆို"

နှစ်ယောက်အတူ လုံးထွေးရင်း ခုတင်ပေါ် လဲပြိုသွားသည့် စောမညက ဆောင်း လက်သီးဆုတ်လေးတွေကို ဖမ်းယူဆုတ်ကိုင်ပြီး ရင်ခွင်မှာ သိမ်းထားသည်။

"ကိုယ့်ကို သိပ်မုန်းနေလား"

"မုန်းတယ်"

ရေချိုးပြီးစအသွင်နှင့် ရှင်းသန့်နေသည့် စောမညမျက်နှာကို ဆောင်း မကြည့်ပေမယ့် ရေစိုဆံပင် ထိုးထိုးထောင်ထောင်နဲ့ ခပ်ဖွာဖွာ ကောင်လေးစိတ်ပေါက်နေသည့် ကောင်မလေးကို စောမည သိပ်ချစ်နေမိတာ သူလည်း မတတ်နိုင်။

"ညထဲက သိမ်းပိုက်လိုက်ရမှာ"

"ဘာ…"





"အခုစပြီး မင်းက ကိုယ့်ဇနီး ဖြစ်ပြီလို့ပြောတာ"

"သေလိုက်"

"အင်း… သေမယ်၊ တစ်ယောက်တည်း မဟုတ်ဘူးနော်၊ ဟော့ဒီက အမေကြီးနဲ့ သားတွေသမီးတွေ အများကြီးမွေးပြီးမှ…"

"အရှက်မရှိတဲ့လူ"

"ချစ်ရင် ဘယ်သူမှမရှက်တော့ဘူးတဲ့… ဒီတော့…"

"ခင်ဗျားကြီးနော်"

"နောက်ဆို ကိုလို့ခေါ်"

"အို"

ပြိုဆင်းလာသည့် ချစ်ခြင်းတွေက အကန့်အသတ် မရှိ။ အဆုံးအစမဲ့ တစ်ယောက်နှလုံးသားကို တစ်ယောက်သိမ်းပိုက်ရယူလိုက်ကြခြင်းမှာ အချစ်ဖြစ်သည်။ သို့သော် တစ်ခါဆက်လက် သိမ်းပိုက်ခဲ့ရလိုက်ရသောအချစ်မှာ နာကြည်းခြင်းတို့ အစားထိုးဝင်ရောက်လာပြီး နောက်မှာ ဆောင်းတစ်ယောက် သူ့ဘဝအတွက် ကျိတ်မနိုင်ခဲမရ အမျက်ဒေါသကြီးစွာ စောမညရင်ခွင်မှ ရုန်းထွက်ပေမယ့် ရှုံးပွဲချ၍ တစ်ယောက်တည်း အော်ငိုဖြစ်သည်။

"အချစ်ကို မုန်းသည်"

ထိုထက်ပို၍ ဆောင်းအမုန်းဆုံးက စောမညဆိုသည့်လူ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

''အခု ဘယ်လိုလုပ်မှာလဲ''

''မသိဘူး၊ ဆောင်းကို ဘာမှမပြောနဲ့''

တရှိုက်ရှိုက်ငိုနေသော ဆောင်းကိုကြည့်ပြီး ဝေလ စိတ်ညစ်နေသည်။ ပြဿနာက သေးသေးလေး မဟုတ်။ ကာယကံရှင် ဆောင်းကလွဲပြီး တခြား ဘယ်သူမှ ဖြေရှင်းလို့မရသည့် ပြဿနာထဲ ထုံးစံအတိုင်း ဝေလ ကန့်လန့်ပါလာသည်။ စောမည ဆောင်းကို ခိုးပြေးသွားသည့်အတွက် အားလုံး သက်ပြင်းကိုယ်စီ ချလိုက်ကြသည်။

အစကတည်းက ဆောင်းကို စောမည‌နှင့် သဘောတူပြီးသားဆိုတော့ စောမည ဆောင်းကို ခိုးယူသွားသည့်အပေါ်မှာ ဘာမှ အပြင်းအထန် မခံစားရ။ ဆောင်းဘဝလေးအတွက် ရင်အေးစိတ်ချသွားရတာပဲရှိသည်။ ဆောင်းဘဝလေး လုံခြုံသွားပြီ။ ဆောင်းကို တကယ့်ချစ်မြတ်နိုးသူလက်ထဲ ဆောင်းကို စိတ်ချလက်ချ ထားနိုင်ပြီဆိုပြီး စိတ်ချမ်းသာနေတုန်း ဆောင်းက သူ့သဘောနှင့်သူ စောမည‌အလစ်မှာ စောမည အိမ်က ထွက်ပြေးလာသည်။





တခြားနေရာကိုပြေးခြင်း မဟုတ်။

ဝေလထံ ရောက်လာခြင်း ဖြစ်သည်။ ရောက်ထဲက တရှိုက်ရှိုက်ငိုနေတာလို့ ဘာမှ မေးလို့မရ။ ဆောင်းပျောက်လို့ ခေါင်းမီးတောက်နေမည့် စောမည‌ကို ကိုယ်ချင်းစာမိပြီး ဝေလကပဲ ဆောင်းကို အသိမပေးဘဲ တိတ်တိတ် ဖုန်းဆက်ပြီး ဆောင်း သူ့ဆီရောက်နေကြောင်း အသိပေးရသည်။ စောမည‌က ဆောင်းထံ ချက်ချင်းလိုက်လာမည်ဆိုတာကိုတော့ ဝေလ မနည်းတားထားရသည်။ ဆောင်းစိတ်က ပြောလို့ရတာမဟုတ်။

စောမည‌ရောက်လာမှ တခြားတစ်နေရာကို ဘယ်သူမှမသိအောင် ထပ်ထွက်သွားလျှင် ပွဲကပြီးပြီ။ ဘယ်သူမှ လိုက်ရှာလို့ ရမှာမဟုတ်။ အခြေအနေကြည့်ပြီး ကျွန်တော် ဖုန်းထပ်ဆက်လိုက်မယ်ဟုပြောမှ ငြိမ်သွားသည်။ မငြိမ်တာက ဝေလဆိုသည့်လူ။ ဆောင်းကိုကြည့်ပြီး ဘာဆက်ပြောရမှန်းမသိ။ ဒီကြားထဲ ဆောင်းက သူ့ကို ဘာမှမပြောနဲ့ ဆိုတော့ ပိုဆိုးသည်။ မပြောလို့ကလည်း မဖြစ်။

''မဟုတ်သေးဘူးနော် ဆောင်း၊ အခုကိစ္စက ကလေးကစားသလိုမျိုး လုပ်လို့ရတာမဟုတ်ဘူး ... မင်းနားလည်အောင် ငါဘယ်လိုပြောရမလဲ မသိဘူး''

''မသိရင်မပြောနဲ့ သိလည်း မပြောနဲ့၊ ပါးစပ်ပိတ်ထား''

ပြောရင်း ဆောင်းငိုတော့ ဝေလ ပိုစိတ်ညစ်သွားသည်။ ဘယ်တုန်းကမှ မျက်ရည်မကျသည့်ဆောင်း အခုတော့ ငိုရလွန်းလို့ မျက်လုံးလေးတွေ နီရဲမို့မောက်နေတာကြည့်ပြီး ဆောင်းကို သနားလည်း သနားရယ်လည်း ရယ်ချင်မိသည်။ ဆောင်းဆိုတာ တကယ်တော့ မိန်းကလေးစစ်စစ်ဘဝနှင့် သူမအာဝကို စခဲ့ရင် ပြဿနာက ဒီလောက်ကြီးထွား



www.burmeseclassic.com

www.burmeseclassic.com



စရာမရှိ။

အချိန်တန်လျှင် မိန်းကလေးတို့သဘာဝ၊ ချစ်သူရည်းစား ရမည်။ အိမ်ထောင်ကျမည်။ သားသမီးတွေနှင့် မိသားစုဘဝ ပျော်ရွှင်စွာ ရင်ဆိုင်ဖြတ်သန်းရမည်။ အားလုံး ရိုးရိုးလေးဖြစ်ပေမယ့် ဆောင်းဘဝက ဤမျှ မရိုးရှင်းခဲ့။ ဆောင်းကို ယောကျ်ားလေးတစ်ယောက်လို ပြုမှုပြောဆိုခဲ့။ ပုံသွင်းနေရာပေးခဲ့၍ ဆောင်းကိုယ်တိုင် သူ့မိန်းမသားဘဝကို မေ့ထားလေသူ။ အိမ်ထောင်ရေးဆိုတဲ့ကိစ္စဆိုတာ ဆောင်းနှင့် မသက်ဆိုင်။ ချစ်သူရည်းစားဆိုတာကို ရန်သူလို သဘောထားခဲ့သည်။ ဆောင်းကြမှ ဆောင်းအချစ်ကိုမရရင် မနေနိုင်သူနှင့် လာဆုံသည်။

စောမညက ဆောင်းကို ဘယ်လောက်ချစ်လဲဆိုတာ ဆောင်း မသိ။ စိတ်မဝင်စားပေမယ့် ဆောင်းပတ်ဝန်းကျင် ဆောင်းအသိုင်းအဝိုင်းက အားလုံး သိသည်။ အခုတော့ ဆောင်း အလွန်မုန်းသောဘဝကို ဆောင်း ရင်ဆိုင်ခဲ့ရသည်။ စောမညက ဆောင်းကို အိမ်သူသက်ထားဇနီးမယားအဖြစ် သူ့သဘောနှင့်သူ သိမ်းပိုက်ယူခြင်းအပေါ်မှာ ဆောင်း မကျေနပ်။

နာကြည်းခါးသီးမှုအထက်ထက်နှင့် သူ့ဘဝအစစ်အမှန် မိန်းမသားတစ်ယောက်ဘဝကို လက်မခံနိုင်ဖြစ်နေ၍ ဆောင်း နားဝင်လက်ခံလာအောင် ဝေလ ဘယ်လိုနားချဖြောင့်ဖျရမှန်း မသိပဲ အခက်တွေ့နေသည်။ ဆောင်းဆိုတာ အစကတည်းက ဝေလကို နိုင်ဘက်ဖြစ်သည်။ ဘယ်တုန်းကမှလည်း ဝေလစကားကို နားထောင်ခဲ့သူမဟုတ်တော့ အခုကိစ္စမှာ ပိုဆိုးသည်။

"မင်းမှားနေပြီနော် ဆောင်း၊ တော်ကြာ မင်းပဲ ဒုက္ခရောက်မှာ၊





မင်းနဲ့ စောမညကိစ္စဆိုတာလည်း ငါတို့အားလုံးသိပြီးပြီ…"

"ဘာသိတာလဲ"

"ဟ… မင်းကို စောမည ခိုးပြေးသွားတဲ့အကြောင်း သူ ကိုယ်တိုင် ဖုန်းဆက်လို့ ဦးလေးကို ငါပဲသွားပြောရတာပေါ့။ မင်းမိတ္တူ ပါးစပ် သေနတ်ပစ်တာ မင်းတို့အကြောင်း တစ်ရပ်ကွက်လုံး မသိချင်မှ အဆုံး နားလည်လား"

"မင်းဘာပြောပြော ပတ်ဝန်းကျင်အမြင်မှာ မင်းက စောမည မိန်းမ…"

"တော်… ဝေလ၊ မင်းဘာမှဆက်မပြောနဲ့တော့ ဆောင်း ဘာသာဖြစ်ချင်ရာဖြစ်၊ မင်းအပူ မပါဘူး"

ဝေလနှုတ်ဖျားက မိန်းမဆိုသည့်စကားက ဆောင်းအသည်းကို ဆတ်ဆတ်နာကျင်သွားစေကြောင်း ဝေလသိပေမယ့် ပြောမှသိမည့် ဆောင်းကို သူဆက်ပြောဖြစ်အောင် ပြောလိုက်သည်။

"အေး… ငါအပူ မပါဘူးဆိုတာ မှန်တယ်၊ ဒါပေမဲ့ ယူရမယ့် လူက မင်းပဲ ဆောင်း"

"ဆောင်းယူတော့ ဘာဖြစ်လဲ၊ မင်း မယူရရင် ပြီးတာပဲ"

"အေး… ငါကလည်း မယူမှာစိုးလို့ ပြောနေတာ"

ဝေလပြောသည့် ဆောင်းယူမည်ဆိုသည့် စကားအဓိပ္ပာယ် အမျိုးမျိုး။ ဆောင်းပြောသည့်စကားကို နားမလည်မှန်း ဝေလ သိသည်။

"မင်း တော်တော်ခက်တဲ့ ကောင်ပဲ ဆောင်း၊ အရိပ်သုံးပါးလည်း ဘာမှ နားမလည်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်း စိတ်ညစ်ပါတယ်ဆိုမှ အရေးထဲဘာတွေ နားလည်နိုင်းနေမှန်းမသိဘူး"

"မင်းအဖေကို မသနားဘူးလား ဆောင်း"

"အဖေကို ဘာဖြစ်လို့ သနားရမှာလဲ"

"အဲဒါပြောတာပေါ့၊ ဦးလေးက သမီးရှင်နော် မင်းကြောင့်လူကြားထဲ မျက်နှာမဖော်ရဲအောင် မလုပ်နဲ့"

"ဘာသမီးရှင်လည်း မင်း ဆောင်းကို ရန်မစနဲ့နော် ဝေလ"

သမီးရှင်ဆိုသည့် စကားအပေါ်မှာလည်း ဆောင်းက ရူးရူးရှားရှားနှင့် ဒေါသကကြီးနေ၍ ဝေလ ဆောင်းဒေါသကို ဂရုမစိုက်ဘဲ ဆက်ပြောလိုက်သည်။

"ရန်စနေတာမဟုတ်ဘူး ဆောင်း၊ အမှန်တရားတွေကို ပြောနေတာ၊ နောက်ဆုံးတော့ မိန်းမဟာမိန်းမပဲဆိုတာ အခု မင်းသိပြီမဟုတ်လား"

"အဲဒါ စောမညဆိုတဲ့ လူယုတ်မာလုပ်လို့"

"သူက ယုတ်မာတာ မဟုတ်ဘူး၊ မင်းကို ချစ်တာ"

"မင်း လဲသေလိုက် ဝေလ၊ ဆောင်းဘက်ကလိုလိုနဲ့ ဟိုလူယုတ်မာဘက်ကချည်း ရှေ့နေလိုက်နေတာ ဟိုက မင်းယောက်ဖမို့လို့လား"

"ဟုတ်တယ်"

"ဟင်"

"အခု ငါ့နှမကို ပေးလိုက်ရပြီဆိုတော့ သူက ငါ့ယောက်ဖပဲ"

"တော်ပြီ... တော်ပြီ မင်းလည်း အလကားပဲ ဆောင်း





သွားတော့မယ်"

"ဟိတ်ကောင်... ဆောင်း ဘယ်သွားမှာလဲ"

"နေဦး"

ဝေလ ဘာပြောပြော ဆောင်းက ဂရုမစိုက်။ လှည့်လည်းမကြည့်။ ခြေဦးတည့်ရာဒေါသနှင့် လျှောက်သွား၍ ဆောင်းအမည်ကိုခေါ်ရင်း ဆောင်းအနောက်က ဝေလ အပြေးလိုက်ပါလာသည်။

"ဆောင်း"

"မင်း ဆောင်းနောက် မလိုက်နဲ့နော်"

"မလိုက်လို့ဖြစ်မလား၊ မင်းတစ်ခုခုဖြစ်ရင် ငါ့ကိုဦးလေးနဲ့ကိုစောမညက သတ်မှာ"

"အေး... သူတို့က မင်းကိုနောက်မှသတ်မှာ အခုဆောင်းကမင်းကို အရင် ဟော့ဒီလို... ဟော့ဒီလို..."

"ကဲ... ကဲ"

"ဟော့ကောင်ဆောင်း...မလုပ်နဲ့လေ"

ဆောင်းက ဝေလ ပြောစကားကို ဘယ်တုန်းကမှ နားထောင်တာမဟုတ်ဘူး။ သူ မဟုတ်သည့်အတိုင်း အခုလည်း ဝေလကို အမြင်ကပ်စိတ်နှင့် ဒေါသဖြစ်နေ၍ ဝေလမျက်နှာကို လက်သီးနှင့် ဖွတ်ထိုးသည်။ ဝေလမှာ ဆောင်းကိုပြန်လုပ်၍ မဖြစ်၊ ဆောင်းလက်သီးဒဏ်ကိုလည်းမခံနိုင်နှင့် နောက်ဆုတ်လိုက်သည်။ ဘေးကို ကွေ့ရှောင်လိုက်နေချိန်မှာ ဆောင်းလက်သီးကို ကြားထဲက အမိအရ ဖမ်းဆွဲချုပ်ကိုင်ခံလိုက်ရသည်။

"ဆောင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်… ခင်ဗျားကြီး၊ ဒီကိုဘာလာလုပ်တာလဲ"

"ဆောင်းလက်ကိုလွှတ်"

"ကိုစောမည"

ဆောင်းက ရုန်းပေမယ့် စောမညက မလွှတ်။

ဝေလက စောမညကို မြင်လိုက်ရ၍ ဝမ်းသာသွားသည်။ ဆောင်း ဗိုလ်ကျသမျှ ဘယ်သူမှမနိုင်ပေမဲ့ ဆောင်းကိုနိုင်သည့်သူမှာ စောမည တစ်ယောက်တည်းရှိသည်။

"အိမ်ပြန်ကြမယ် ဆောင်း"

"ဘယ်အိမ်လဲ၊ ဆောင်းလက်ကိုလွှတ်"

"ဟိုမှာ ဆောင်းဖေဖေ ကြည့်နေတယ်၊ ဆောင်းမိတွေးလည်း ပါတယ်နော်၊ ပြောမရရင် ကိုယ်က ဆောင်းကိုပွေ့ချီပြီး ကားပေါ်တင်မှာ"

အဖေဆိုတာနှင့် ဆောင်း လူပ်ရှားမှုတွေ အားလုံးရပ်သွားကာ စောမညကားနားမှာ ရပ်နေသည့် ဖခင်ဖြစ်သူကို လှမ်းကြည့်မိလျက်သား ဖြစ်သွားသည်။ ဆောင်းနှင့်အဖေ အကြည့်ချင်းအဆုံမှာ အဖေက ဆောင်းနားလျှောက်လာပြီး ဆောင်းမျက်နှာကို စေ့စေ့ကြည့်သည်။

"မင်း ဘာတွေလျှောက်လုပ်နေတာလဲ ဆောင်း"

"ဆောင်း ဒီလူမျက်နှာကို မကြည့်ချင်ဘူးအဖေ"

"အခုမှဖြစ်မလား၊ သူက မင်းအိမ်ထောင်ဘက်ဖြစ်နေပြီ"

အဖေက ဆောင်းမကြိုက်သည့် စကားတစ်ခုမှ မပြော။ မင်းဟာ မိန်းမ။ သူက မင်းယောကျ်ားဆိုသည့် စကားတွေအစား ဆောင်းကို သားယောကျ်ားလေးတစ်ယောက်ပြောသည့် စကားအသုံးအနှုန်းဖြင့်





ပြော၍ အဖေကို ဆောင်း ကျေးဇူးတင်စွာ ကြည့်လိုက်သည်။

အဖေကို ဆောင်းချစ်တာ အဲဒါတွေပါ။

ဘယ်တော့မှ ဆောင်းစိတ်ဆင်းရဲမည့်စကားမပြော၊ ဆောင်းစိတ် ထိခိုက်မည့်စကားကို မဆိုတတ်သည့်အဖေ။ ဆောင်းဘဝကို အဖေသာ နားအလည်ဆုံးဆိုတာ ဆောင်း ဘယ်တော့မှမမေ့။

"အခု ဆောင်း ဘာလုပ်ရမှာလဲ အဖေ"

"အိမ်ထောင်ကျဖို့ ကံပါလာတော့ ဆက်လက်ပြီး လုပ်ဆောင်ရမယ်။ လူကြီးဆုံရာနဲ့ တရားရုံးတက်ပြီး လက်မှတ်ထိုးရုံရှိတော့တာပေါ့"

"ဆောင်း အိမ်ထောင်မပြုချင်ဘူး"

ဆောင်းစကားကြောင့် ဦးရန်ရှင်းဘက်က ခဏတိတ်သွားသည်။ ဆောင်းသဘောထား ဆောင်းအကြောင်းကို ဖခင်ဖြစ်သူမှလွဲ၍ တခြား ဘယ်သူမှမသိ။ နားလည်း မလည် ဆောင်းကို နားလည်သည့် ဦးရန်ရှင်းက ဆောင်းကိုကြည့်ပြီး သက်ပြင်းချလိုက်သည်။

"မင်းတို့ ကိစ္စ တစ်ရပ်ကွက်လုံးသိပြီးပြီ။ အခုမင်းက အိမ်ထောင် မပြုချင်ဘူးဆိုတော့ ဘာလုပ်ချင်တာလဲ"

"ဆောင်း"

"ကျွန်တော့်ဘက်က ဆောင်းကို လက်ထပ်မှကို ဖြစ်တော့မှာ ဦးလေး"

"အခု ကျွန်တော့်မှာ ဆောင်းရှိတယ်ဆိုတာ အားလုံး သိကုန်ပြီ"

"ဆောင်းတို့သားအဖ ပြောနေတဲ့စကားထဲ ခင်ဗျား 'ဘာမှ' ဝင်မပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... အိမ်ကို အရင်သွားကြမယ်။ မောင်စောမည ပြီးမှ မင်းနဲ့ ဆောင်း ဖြစ်ချင်တာတွေ ဦးလေး စဉ်းစားမယ်"

"ဒီလူ့ကားနဲ့ ဆောင်း မလိုက်ဘူး"

"ဆောင်း"

ဦးရန်ရှင်းလှမ်းခေါ်ပေမယ့် ဆောင်းက လှည့်မကြည့်။ ဝေလမှာ ဆောင်းလုပ်နေပုံကို အသည်းယားလျက် နေရာကနေ ဆောင်းကို ကောက်ယူပွေ့ချီပြီး သူနဲ့ဆောင်းနှစ်ယောက်တည်း နေခဲ့သည့် မင်္ဂလာ ဦးအိမ်ရှိရာကို အပြေးခေါ်သွားချင်စိတ်ပေါက်နေသည်။

"ကိုစောမည်တို့ သွားနှင့်ပါ။ ကျွန်တော် ဆောင်းနှင့်အတူ လာခဲ့ပါမယ်"

ဝေလ ဝင်ပြောလိုက်မှ စောမည်က ဆောင်းမျက်နှာလေးကို တစ်ချက်စိုက်ကြည့်ပြီး ဦးရန်ရှင်းနှင့်အတူ ကားပေါ်တက်ပြီး နေရာက မောင်းထွက်ခဲ့သည်။ ရင်ထဲမှာတော့ ဆောင်း သူ့ကို တကယ် မုန်းသွား ပြီးလားဆိုသည့်အတွေးနှင့် စောမည ရင်တွေပူနေသည်။ ဆောင်းက သူ့ကိုတစ်ချက်မှ အရေးမစိုက်။ ခပ်မိုက်မိုက်ပုံစံနှင့် ရင်ကော့ခေါင်း မော့ပြီး ထွက်သွား၍ ဆောင်းနောက်ကို ဝေလ အပြေးလိုက်သွား သည်။

စောမည်တို့ကား အိမ်ကိုရောက်ပြီး နာရီဝက်ကြာသည့်အထိ ဆောင်းနှင့်ဝေလကို မမြင်ရသေး၍ စောမည်မှာ လမ်းဘက်ကို မကြာ ခဏ မျှော်ကြည့်ရင်း ဆောင်းရှိရာ ပြေးသွားချင်စိတ်ကို မနည်းထိန်း နေရသည်။ ဦးရန်ရှင်းက ပါးစပ်က ဘာမှထုတ်မပြောသော်လည်း အခု သမက်ဖြစ်နေပုံကို သိသည်။





ခက်နေတာ ဆောင်းဖြစ်သည်။

ဆောင်းကို အကွက်ကြမ်းကြမ်းဖြင့် ကိုင်၍မရ။ **ငယ်ငယ်** ကတည်းက သူ့စိတ်သူ့သဘောနှင့် ကြီးလာသူကို အခုမှ **ဟိုဟာ** လုပ်ပါ၊ ဒါလုပ်ပါ ပြောလို့လည်း လက်ခံမည်သူ မဟုတ်။ **အခြေအနေ** နှင့် အချိန်အခါကို ကြည့်ပြောယုံအပြင် မရှိ။

"ဟော့... ဟိုမှာ ဆောင်းတို့လာပါပြီတော်"

ဒေါ်ခင်မျိုးမေထံမှ ထွက်လာသောအသံဖြစ်သည်။ အိမ်ရှေ့မှာ ထွက်ပြီး ဆောင်းအလာကို စောင့်မျှော်နေသည့် စောမည်ကို ဖြတ်ကျော် ပြီး ခပ်တည်တည်မျက်နှာနှင့် အိမ်ထဲဝင်သွားသည့် ဆောင်းနောက်မှာ ဝေလနှင့် စောမည ပါလာသည်။

"ဆောင်း လမ်းမှာ စဉ်းစားခဲ့ပြီးပြီ အဖေ"

"ပြော၊ မင်းဘာတွေစဉ်းစားခဲ့တာလဲ"

အားလုံးအကြည့်တွေက ဆောင်းထံ စုပြုံရောက်သွားသည်။ ဆောင်း လမ်းမှာ ဘာတွေစဉ်းစားပြီး ဘာတွေ ဆုံးဖြတ်လာလဲဆိုတာ အားလုံး ရင်ထိတ်နေကြသည်။ ဆောင်းလို ဥကျကျကောင်ကိုမှ စောမည်လိုလူက အရူးအမူးအသည်းအသန် ချစ်နေသည်။

ဆောင်းဆိုသည့် သတ္တဝါကလည်း ဒါကို တန်ဖိုးထားရကောင်း မှန်းမသိ။ အချစ်တွေ အနှစ်တွေကို လုံးဝ စိတ်မဝင်စား။ စောမည်လို သူဌေးတစ်ယောက်၏ ချစ်သူဇနီးမယားအဖြစ်သာ ဆောင်းနေရာမှာ တခြားတစ်ယောက်ဖြစ်ခဲ့မည်ဆိုလျှင် စောမည်ကို အသက်မျှချစ်မည်။ တန်ဖိုးထားမည်ဆိုသည်ကိုက ပြောနေစရာပင်မလို။ အခုတော့ ဆောင်း ဆိုသည့် သွေးဆိုးသတ္တဝါက စောမည်ကို ရန်သူတစ်ယောက်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ထားသူ။

“အဖေဖြစ်ချင်တဲ့အတိုင်း ဆောင်း ဒီလူနဲ့ ရုံးတက်ပြီး လက်မှတ်ထိုးမယ်။ ပြီးရင် ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးပါ”

ဆောင်းပြောသည့် ပထမစကားက သူမအဖေကို ရည်ညွှန်းပြောတာဖြစ်ပြီး ဒုတိယစကားက စောမညကိုပြောခြင်းပင် ဖြစ်ကြောင်း အားလုံး သိသည်။ ဆောင်းက သူ့အစီအစဉ်နှင့်သူ ဟုတ်နေသည်။

“ဆောင်းပြောတာကို ကျွန်တော် သဘောမတူဘူး အဖေ”

“ဘာအဖေလဲ၊ ခင်ဗျားကြီး ဆောင်းအဖေကို အဖေလို့ လိုက်ခေါ်စရာမလိုဘူး”

ဆောင်းထံမှ ဒေါသဖြစ်နေသောအသံကြောင့် ခေါင်းထောင်သွားပေမယ့် စောမညက ဆောင်းစကားကို အရေးမလုပ်ဘဲ သူပြောချင်တာဆက်ပြောသည်။

“ကျွန်တော် ဆောင်းကို ကွာရှင်းမပေးနိုင်ဘူးအဖေ။ နောက်တစ်ခုက ဆောင်း ကျွန်တော်ကို လက်ထပ်သည်ဖြစ်စေ၊ လက်မထပ်သည်ဖြစ်စေ၊ ကျွန်တော့်အနေနှင့် ဆောင်းရှိတဲ့နေရာမှာ လိုက်နေဖို့ ဆုံးဖြတ်ပြီးပါပြီ”

“ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ဆောင်းကို မခွဲနိုင်လို့ပါ”

“ခင်ဗျား ဘာလုပ်တာလဲ၊ ဘာကိစ္စ ဆောင်းနေတဲ့နေရာမှာ ခင်ဗျား လိုက်နေရမှာလဲ”

“အဖေ… တော်ပြီ… တော်ပြီ ဒီလူနဲ့ဆောင်းဆက် စကားမပြောနိုင်ဘူး။ ဒီမှာ… ခင်ဗျားသွားတော့ နောက် ဘယ်တော့မှ ဆောင်းအိမ်ကိုမလာနဲ့”





ဒေါသတွေနှင့် ဆူဝေပေါက်ကွဲနေသည့် ဆောင်းကို ဦးရန်ရှင်းက ငြိမ်ကြည့်နေသလို စောမညကလည်း နေရာကမရွှေ့ဘဲ ငြိမ်နေ၍ ဝေလနှင့် ဒေါ်ခင်မျိုးမေတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ သူတို့သာဆို ဆောင်း စိတ်ဆိုးဒေါသဖြစ်တိုင်း နေစရာ မရှိ။ ဆောင်း ဒေါသနှင့် ဝေးအောင်နေကြပေမယ့် စောမညနှင့် ဦးရန်ရှင်းကြတော့ ဆောင်းဒေါသကိုထည့်၍ပင် မတွက်သလို ဖြစ်နေသည်။

“စိတ်ကိုလျှော့စမ်း ဆောင်း၊ အခုကိစ္စက ကလေးကစားသလို လုပ်လို့ရတာမျိုး မဟုတ်ဘူး”

တည်ငြိမ်လေးနက်သော ဆောင်းဖခင်အသံကြောင့် ဒေါသနှင့် မခံမရပ်ဖြစ်လျက်နှင့် ဆောင်း ပါးစပ်ပိတ်သွားသည်။ ပထမဆုံး အဖေပြောချင်တာက မင်းတို့နှစ်ယောက် ရုံးတက်ပြီးလက်မှတ်ထိုး လက်ထပ်လိုက်ကြပါ။ ကျန်တာနောက်မှ ဆက်စဉ်းစားမယ်။

“အဖေပြောတာ ဘယ်လိုလဲ ဆောင်း။ လူတွေကြားထဲမှာ မင်း အဖေကို အရှက်ရတာ မမြင်ချင်ဘူးဆိုရင် အဖေ့စကားကို မင်းနားထောင်”

“အဖေ”

ဆောင်းအသံက မကြည်မသာ ခပ်အစ်အစ် ထွက်လာသည်။

“မင်းဘာမှ မပြောနဲ့ဆောင်း”

“အဖေကြောင့် ဆောင်းသွားပြီ။ ခင်ဗျားနဲ့ဆောင်း တွေ့မယ်သိအား”

“ဆောင်း”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သနှင့် ဂုန်းဒိုင်းကဲ့ပြီး အိမ်ပေါ်က ဆောင်း ပြေးဆင်းသွား၍ စောမညက ဆောင်းနောက်ကို ပြေးလိုက်ဖို့ပြင်သည်။

"နေ···· နေ မောင်စောမည၊ သူ့ကို လွှတ်ထားလိုက်၊ အချိန်တန် အိမ်ပြန်လာလိမ့်မယ်၊ မင်း စီစဉ်စရာရှိတာတွေ ကြည့်စီစဉ်လိုက်"

"ဟုတ်ကဲ့ အဖေ"

"ကျွန်တော် ပြန်လိုက်ပါဦးမယ်"

"ကောင်းပြီ"

"ဝေလ···· ကိုယ်ပြန်လိုက်ဦးမယ်"

"ဟုတ်ကဲ့··· ကိုစောမည"

စောမညပြန်သွားမှ ဝေလလည်း ဦးရန်ရှင်းတို့ကို နှုတ်ဆက်ပြီး သူ့အိမ်ကို ပြန်ခဲ့သည်။

"တော်ပါသေးရဲ့"

စောမညနဲ့လက်ထပ်ဖို့ကိစ္စကို ဆောင်း သဘောတူလို့။ ထိုည တစ်ညလုံး ဆောင်းအိပ်မပျော်သလို စောမညလည်း အိပ်မပျော်။ ဝေလနှင့် ဦးရန်ရှင်းတို့မှာလည်း ရှေ့ဆက်ပြီး ဘာဖြစ်လာဦးမည် မသိသော ဆောင်းအိမ်ထောင်ရေးအကြောင်း တွေးကာရင်လေး၊ စိတ်လေးမှုကိုယ်စီနှင့် မိုးလင်းကျမှ အိပ်ပျော်သွားကြသည်။



## အခန်း (၁၈)

ဦးရန်ရှင်းအပါအဝင်၊ ဝေလနှင့် ဒေါ်ခင်မျိုးမေအဆုံး အားလုံး အင်တာနက်မှာ ထင်ထင်ရှားရှားမြင်နေရသော စောမညနှင့် ဆောင်းတို့ ပုံတွေကိုကြည့်ပြီး ဘာစကားမှ မပြောနိုင်ဖြစ်နေသည်။ ဆောင်းမှာလည်း သူမနှင့် စောမည ပါတီပွဲညက လူအလစ်မှာ အနမ်းပွဲကြီး ကျင်းပနေပုံကို ထင်ထင်ရှားရှား ကွက်ကွက်ကွင်းကွင်းကြီး မြင်တွေ့လိုက်ရ၍ စောမညကို ဒေါသလည်းထွက် ပို၍လည်း မုန်းမိသည်။

အစတုန်းက ဝိုးတဝါး။ သိပ်ပြီး မသဲကွဲ။ နောက်တော့မှ ပြတ်ပြတ်သားသား ထင်ရှားမြင်နေရသော ပုံရိပ်တွေကို အင်တာနက်ပေါ် တင်လိုက်သည့်တရားခံက တခြားသူ မဟုတ်။ ယမင်းမြတ်ဖြစ်နေ၍ စောမညစိတ်ထဲ ကျိတ်ပြီး ကျေးဇူးတင်နေသည်။

"အဖေတို့လည်း သေချာစဉ်းစားကြည့်ပါဦး၊ ဒီပုံနဲ့စာ မှားတင်သားတာ ယောက်ျားချင်း ချစ်နေသည့် သူ့ခွေးနှင့် သူ၏အတွင်းရေးမှူး ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



''ယမင်းမြတ်က ကျွန်တော့်ကို ယောကျ်ားချင်း စိတ်ဝင်စားတဲ့ သူတွေထဲက တစ်ယောက်လို့ထင်နေတာ အခု ဆောင်းကို တကယ့် ယောကျ်ားလေးထင်ပြီး ကျွန်တော်ကို သိက္ခာချ အရှက်ခွဲဖို့ တင်လိုက် တယ်ဆိုတာ ရှင်းနေတယ်။ အဖြစ်မှန်က သူထင်သလို မဟုတ်ဘူးဆို တာ ဆောင်းရဲ့ပုံအစစ်နဲ့ ကျွန်တော်တို့နှစ်ယောက်ရဲ့ မင်္ဂလာပွဲကို ပြန်တင်မှ ကျွန်တော့်ဂုဏ်သိက္ခာကို ပြန်ဆယ်နိုင်မှာပါ''

''ကျွန်တော်ချစ်နေတာ ယောကျ်ားလေးမဟုတ်ဘူး။ မိန်းကလေး အစစ်၊ ပြီးတော့ သူက ကျွန်တော့်ချစ်သူ၊ ကျွန်တော့်ဇနီးဆိုတာ အင်တာနက်မှာ ပြန်တင်ပါရစေ''

''ဆောင်း သဘောမတူဘူး''

စောမည‌ပြောတာ အားလုံး ငြိမ်နားထောင်နေချိန်မှာ ဆောင်းက သဘောမတူပါဘူးလို့ ပြောလာ၍ အကြည့်တွေက ဆောင်းထံ ရောက် သွားသည်။

''ဆောင်းက ဘာကို သဘောမကျတာလဲ''

''ခင်ဗျားပြောသလို ဆောင်း မလုပ်နိုင်ဘူးလို့ပြောတာ''

မိန်းကလေးလို ဝတ်ရမှာကို ဆောင်းလက်မခံနိုင်သလို စောမည နှင့် ခမ်းနားကြီးကျယ်စွာ လက်ထပ်ပြီး အင်တာနက်ပေါ်အထိ အတင်ခံရမှာကို ဆောင်း အလိုမရှိ။ ဒါကို ဦးရန်ရှင်းလည်း သိသလို၊ ဝေလလည်း နားလည်သည်။ ဒါက ဆောင်းဘက်ကအပိုင်း၊ ဆောင်း သဘောထားဖြစ်ပေမယ့် စောမည‌ဘက်မှာကြတော့ ကြောက်စရာ၊ ရွံမုန်းစရာ၊ လူအထင်သေးစရာ၊ အတင်းစကားအဖြစ် ပြောနေကြသည် မှာ အနေခက်သည်။





''ကိုယ့်ကို ဆောင်း ဘယ်လိုဖြစ်စေချင်လို့လဲ။ ယမင်းမြတ် ပြောသလို ဖြစ်စေချင်လို့လား''

''ဆောင်းမသိဘူး''

စောမည‌အမေးကို ဆောင်း ခေါင်းခါလိုက်၍ ဦးရန်ရှင်း မျက်နှာ တင်းသွားသည်။

''စကားကို အလွယ်မပြောနဲ့ဆောင်း၊ အခုကိစ္စက မောင်စောမည တစ်ယောက်တည်းနဲ့လည်း ဆိုင်တာ မဟုတ်ဘူး၊ မင်းနဲ့လည်း သက် ဆိုင်တယ် နားလည်လား''

အဖေ့စကားကြောင့် ဆောင်း ငြိမ်သွားသည်။

''မင်းဘယ်သူဆိုတာ လူတိုင်းသိတယ် ဆောင်း။ အင်တာနက် မှာ မင်းတို့နှစ်ယောက်ပုံတင်ပြီး မဟုတ်မမှန် သတင်းလွှင့်တဲ့လူက လွှင့်လိုက်ပြီ။ မင်းအကြောင်း လူတွေပါးစပ်ဖျားမှာ ဘယ်လိုပြောနေ မလဲဆိုတာ မင်းစဉ်းစားမိရဲ့လား ဆောင်း''

အဖေပြောတာမှန်နေ၍ ဆောင်း ငြိမ်သွားသည်။ လူတိုင်းမှာ ဖုန်း ရှိသည်။ ဖုန်းရှိလျှင် အင်တာနက် ကြည့်လို့ရသည်။ စောမည ဆိုတာ ဆောင်းတို့လို မဟုတ်။ နာမည်ကြီး သူဌေး။ စောမည‌လို သူဌေးနှင့် ဆောင်းကို ယောကျ်ားချင်း ကြိုက်နေကြအဖြစ်မျိုး အထင် မခံနိုင်သည့် အဖေ့သဘောကို ဆောင်း နားလည်သည်။

''မင်းတို့ကိစ္စကို ငါဘယ်တုန်းကမှ ဝင်မပါခဲ့ဘူးဆောင်း၊ အခု တော့ ဝင်ပါရတော့မယ်။ ဘာဖြစ်လို့လဲဆိုတော့ မိသားစုအားလုံးရဲ့ ဂုဏ်သိက္ခာအတွက်ပဲ။ မောင်စောမည‌က သူ့ဂုဏ်သိက္ခာအတွက် အရေး ကြီးသလို အဖေအတွက်လည်း ဆောင်းရဲ့ ဂုဏ်သိက္ခာဆိုတာ အသေးပဲ''



www.burmeseclassic.com

www.burmeseclassic.com



"မင်းစိစဥ်စရာရှိတာ စီစဥ်ပါ။ မောင်စောမညှ မိသားစုအားလုံး ဂုဏ်သိက္ခာအတွက် ဒီတစ်ခါ အဖေကိုယ်တိုင် မင်းတို့ရှေ့က မားမား ရပ်နေပေးမယ်။ ဆောင်းကို မင်းဖြစ်စေချင်တဲ့အတိုင်း ဖြစ်စေရမယ် မဟုတ်လား"

"ကျေးဇူးတင်ပါတယ် အဖေ"

"မင်းက ငါ့သားဖြစ်သွားပြီပဲ"

ဆောင်းက သမက်နှင့် ယောက္ခမ အဆင်ပြေနေတာကို ဆက် မကြည့်နိုင်သလို အိပ်ပေါ်ကနေ ပြေးဆင်းသွားသည်။

"ဘာလဲကွ ဒီလူပြောသမျှ အကုန်လိုက်ဖြစ်နေရမှာလား၊ မကျေ နပ်ဘူးကွာ၊ လုံးဝ မကျေနပ်ဘူး"

"မင်းမကျေနပ်လည်း မရတော့ဘူးဆောင်း"

"ဝေလ"

"အေး··· မင်းနောက်ကို ငါလိုက်လာတာ၊ ကံတရားက ဘယ် လောက်ဆန်းကြယ်လဲဆောင်း၊ ထင်မှတ်မထားတာတွေပဲ ဖြစ်လာ တတ်တာပဲကွ၊ အခုကြည့် အခု မင်းဘဝမှာရော ငါ့ဘဝမှာလည်း စိတ်ကူးယဥ်မကြည့်ဘူးတာတွေ လက်တွေ့ဖြစ်လာပြီ"

"မင်းမကျေနပ်ပေမယ့် မင်းအတွက် ငါကျေနပ်တယ် ဆောင်း။ ဒီလိုပဲ မင်းအဖေလည်း မင်းအတွက် ကျေနပ်နေမှာ ငါသိတယ်"

ထိုစကားက ဝေလရင်ထဲက လှိုက်လှဲစွာ ထွက်ပေါ်လာသော စကား ဖြစ်သည်။ ဆောင်းအတွက် အမြဲစိတ်ပူနေခဲ့ရသည့် အချိန်နာရီ နေ့ရက်တွေ လတွေ အခုတော့ စောမညှလက်ထဲမှာ ဆောင်းဘဝ လုပ ခမ်းနားမှုတွေနဲ့ လင်းလက်တောက်ပစွာ ပျော်ရွှင်ခွင့်ရတော့မည်။





"မင်းလိုကောင်ကို သိပ်ချစ်ပေးတဲ့ စောမညှကို ငါ[redacted] တယ် ဆောင်း"

"ဒီလောက်ကျေးဇူးတင်ချင်ရင် သူ့ညီမကို မင်းယူလိုက်ပါလား"

"ဖူးစာပါရင် ယူသင့်ရင် ယူရမှာပေါ့လေ။ ဒါမျိုးက ပြင်းလို့ ရတာမှ မဟုတ်ဘဲ"

"မင်းတို့ယောက်ျားတွေအားလုံး နှာဘူးတွေချည်းပဲ။ ယောက်ျား တွေကို အဲဒါတွေ ကြည့်မရတာ"

"မဆိုင်တာမပြောနဲ့နော် ဆောင်း၊ မင်းပြောတဲ့ယောက်ျားနှာဘူး ထဲမှာ ငါမပါဘူး"

"ဟွန်း··· ပြောပုံက ယုံချင်စရာ မိန်းမလှလှတွေမြင်တိုင်း မျက်လုံးကျွတ်ကျမတတ်ကြည့်တဲ့ ယောက်ျားတွေအကြောင်း မသိတာ မှတ်လို့"

"အေး··· နောက်ဆို ယောက်ျားသဘ္ဘဝဆိုတာ ဘယ်လို သဘ္ဘဝလဲဆိုတာ မင်း ပိုသိလာလိမ့်မယ်"

"မင်းဘာစကားပြောတာလဲ"

"ဗမာစကား"

"ကဲကွာ··· အဲဒါ ဗမာစကားပြောဦး"

"ဟိတ်ကောင်"

"ဟာ"

"ကျွီး"

ဝေလက ဆောင်းကို စိတ်ဆိုးပြီး လမ်းဘက်ကိုပြေးထွက်သွား သည်။ တစ်ဖက်က ပြေးဝင်လာသည့်ကားနှင့် ဝင်တိုက်မလိုဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကားအရှိန်မှီ ဘရိတ်အုပ်နိုင်၍ ဝေလကို ဘာတစ်မှထိခိုက်မိခြင်း မရှိသော်လည်း ကားမောင်းသူ မိန်းမလှထံမှ ဒေါသသံထွက်လာသည်။

"ရှင်တို့ ဘယ်လိုလူတွေလဲ ကားတစ်စီးလုံးလာနေတာ မမြင်ဘူးလား"

"ဆောရီးဗျာ… ကျွန်တော်တို့ မမြင်လိုက်လို့"

"ဟင်… ခင်ဗျာ… ဟိုတစ်ခါက ကျွန်တော်တို့ကားနဲ့ ဝင်တိုးမိတဲ့ တစ်ယောက် မဟုတ်လား"

"ဩော်… ရှင်တို့ကိုး"

ဝသန်က ဝေလကို မှတ်မိသွားသလို၊ ဝေလကလည်း သိပ်လှသည့် ဝသန်ကို ချက်ချင်းမှတ်မိသွားသည်။

"ဟုတ်ပါတယ်ဗျာ… ကျွန်တော် ဝေလပါ၊ သူက ဆောင်း"

ဝေလက သူ့ဆွေမျိုးပြန်တွေ့နေသည့်ပုံနှင့် သူ့ကို သူမိတ်ဆက်နေရုံမပြီး။ ဆောင်းဘက်ကိုလှည့်ပြီး ဆောင်းတို့ပါ လက်ညှိုးထိုးမိတ်ဆက်နေ၍ ဆောင်းမျက်နှာ မကြည်ပေါက်နှင့် ဝသန်နှင့် ဝေလကို ကြည့်လိုက်သည်။

"ရှင်က ဆောင်းနော်"

"ဟုတ်တယ်"

ဝသန်က ဆောင်းမျက်နှာလေးကို စေ့စေ့စပ်စပ် သေချာစူးစိုက်ကြည့်ပြီး ဆောင်းတစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံး ပြန်ကြည့်သည်။ အရင်တုန်းက ဝေလနှင့်အတူ တွေ့ခဲ့သော ဆောင်းကို ဝသန်ကိုယ်တိုင် တကယ့် ယောကျ်ားလေးတစ်ယောက်ဟု ထင်ခဲ့သည်။ အခုလို အစ်ကိုဖြစ်သူ စောမည၁နှင့်ပတ်သက်လာသည့် ဆောင်းဆိုသည့် ယောကျ်ား





စိတ်ပေါက်နေသည့် လှပသောဆောင်းအဖြစ် အကြည့်တစ်မျိုးနှင့် ပြန်မြင်လိုက်တော့ ဆောင်းပုံစံလေးကို ဝသန် ချစ်သွားသည်။

အစ်ကိုဖြစ်သူ စောမည သတင်းတွေ အင်တာနက်ထဲမှာ ပြန့်နေသည်။ အစ်ကိုနှင့်အတူ တွေ့ရသည့်ဆောင်းဆိုတာ အခု ဝသန့်မျက်စိရှေ့မှာ ရောက်နေသည့် ဆောင်းမှန်းသိ၍ ဝသန့်မျက်နှာလေး ပြုံးသွားသည်။

"အစ်ကိုကြီးစောမည့ကို သိလား"

"ဟင်…"

"ဟာ…"

ဝေလနှင့်ဆောင်းတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ ဘယ်လိုလုပ်ပြီး ဒီမိန်းမလှလေးက စောမည့ကို သိတာလဲဆိုသည့်အကြည့်။ ဒါကို ဝသန်က သိသည်၊ နားလည်သည်။ ကားပေါ်ကဆင်းပြီး ဆောင်းနှင့်ဝေလရှေ့မှာ ရပ်လိုက်သည်။

"တို့က ဝသန်ပါ၊ အစ်ကို စောမည့ရဲ့ ညီမ"

"ဘာ… ဒါဆို… ခင်ဗျားက ဆောင်းရဲ့… ဟို… ခင်းယောင်း… ယောင်း… အဲလေ… ယောက်ဖပေါ့"

"ဟုတ်ပါတယ်"

"ဟိတ်ကောင် ဆောင်း၊ အဲဒါမင်းရဲ့…. ဟိုခင်းကွ"

"သိတယ်၊ မင်းပါးစပ်ပိတ်ထား"

"မင်းကွာ"

ဝေလက ဝသန်ရှေ့မှာ ဆောင်းဟောက်တာ ခံလိုက်ရ၍ မျက်နှာမအီမလည် ဖြစ်သွားပေမယ့် ပါးစပ်ကတော့ အပြုံးမပျက်။ ဆောင်းက



www.burmeseclassic.com

www.burmeseclassic.com



ဝသန်ထင်တာထက် ပိုချောတယ်။

“အပိုတွေပြောမနေပါနဲ့ လာရင်းကိစ္စကိုပဲပြောပါ”

“ဟိတ်ကောင်… ဆောင်း”

ကြားထဲက ဝေလမှာ ဝသန့်ကို အားနာနေသည်။

“ဒီလိုပဲဗျာ ဆောင်းက စကားပြောမတတ်ဘူး”

“ဝသန် နားလည်ပါတယ်၊ ဆောင်းကိုလည်း စိတ်မဆိုးပါဘူး”

“စိတ်ဆိုးလို့ရောရမလား၊ ဆောင်းဆိုတာ ဒီအတိုင်း၊ ဒီပုံစံပဲ”

ဆောင်းမျက်နှာက ခပ်တင်းတင်း။

စောမည ညီမဆိုပြီး အပြောကို မလျှော့သလို မျက်နှာကိုလည်း မလျှော့။ ဝသန်က ဆောင်းမျက်နှာလေးကို သဘောကျသလို ကြည့်ပြီးပြုံးနေ၍ ဝေလလည်း ဝသန်မျက်နှာလေးကို ပြုံးကြည့်နေလိုက်သည်။

“ဆောင်း ဒီပုံစံကိုလည်း ဝသန် ချစ်ပါတယ်။ ဝသန့်ကိုလည်း ပြန်ချစ်ရမယ်နော်”

“ဆောင်းက တွေ့တဲ့လူတိုင်း ပြန်ချစ်တာ မဟုတ်ဘူး”

“ဝသန်က တခြားသူမှ မဟုတ်ဘဲ၊ ဆောင်းနဲ့အမျိုး ဆောင်းရဲ့ယောင်း…”

“ဆောင်းရဲ့ ယောက်ဖပါဗျာ”

ဝေလက ကြားထဲက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

“အင်း… ဟုတ်တယ်… ဟုတ်တယ်၊ ဆောင်းရဲ့ယောက်ဖဒါပဲနော်… ကိုကြီးစောမညကိုချစ်သလို ဝသန့်ကိုလည်း ချစ်ရမယ်”

“ဘယ်သူက ဝသန့်အစ်ကိုကို ချစ်လို့လဲ၊ တစ်ဘဝလုံး မချစ်ဘူး”





စောမညအကြောင်းကြားတာနှင့် ဆောင်းမျက်နှာပျက်သွားတာကြည့်ပြီး ဆောင်း ဒေါသကို ဝသန် နားလည်သွားသည်။ ဆောင်းလိုလူကို ချစ်မိမှတော့ ဝသန်အစ်ကိုလည်း ဒီလောက်တော့ ခံစားရမှာပေါ့ဟု တွေးပြီး ဝသန် ခစ်ခနဲ ရယ်လိုက်သည်။

“ဆောင်းကို ဘာရယ်တာလဲ”

“ဆောင်းကို မရယ်ပါဘူး၊ ဝသန့်အစ်ကိုအကြောင်း စဉ်းစားမိလို့ ရယ်တာ”

“ဝသန့်အစ်ကိုက အလကားလူ”

“ခစ်… ခစ်”

“ဆောင်းတစ်ယောက်ပဲ ကိုကို့ကို ဒီလိုပြောမယ့်သူရှိတာ သိလား၊ ကောင်းတယ်”

ဝသန်က ဆောင်းအကြိုက် လိုက်ပြောရင်း တစ်ခစ်ခစ် ရယ်နေ၍ ဆောင်းမျက်နှာပြန်ကြည်လာသည်။ ဝသန်ကို ဆောင်းဘက်က လူအဖြစ် သဘောကျသွားသည်။

“ဝသန် ဘယ်သွားမလို့လဲ”

“ဆောင်းဆီလာတာ”

“ဆောင်းဆီ… ဟုတ်လား”

“ဟုတ်တယ်”

အံ့ဩသည့်အမူအယာနှင့် ဆောင်းက ဝသန့်မျက်နှာလေးကို ကြည့်သည်။ ဝသန်က သူ့ယောင်းမ ဆောင်းစတိုင်နှင့် ဆောင်းအလှကို ကြည့်ပြီး ချစ်လည်း ချစ်သည်။ အသည်းလည်း ယားသည်။ အကြောင်း မသိရင် ဆောင်းဆိုတာ တကယ့် ကောင်ချောလေးပါ။ ဘယ်သူမှ



www.burmeseclassic.com

ဆောင်းကို မိန်းမချော မိန်းမလှလေးမှန်း သိကြမှာမဟုတ်။ ဖူးစာဆုံချင်တော့ ကိုကိုစောမညက ဆောင်းဆိုတာ သိပ်လှသည့် မိန်းမချောလေးမှန်း သိခွင့်ရခဲ့သလို ဆောင်းက တစ်ချိန်က ကိုကို့ချစ်သူ မယောမန်နှင့် လာတူနေတာ ဝသန် သတိထားမိသည်။

တစ်ခုကျွာတာက ဆောင်းက ငယ်သည်။ ပိုလှသည်။ ပိုပြီးချစ်စရာ ကောင်းသည်။ ဆောင်းကိုကြည့်ရတာ ဖြူစင်နေပြီး ဘာတစ်ခုမှ မလိမ်းမခြယ်ဘဲ တစ်အားလှနေသည်။ ဆောင်းမျက်ဝန်းအကြည့်တွေနှင့် တစ်ခါဆုံရလျှင် ထိုအကြည့်ကို တစ်သက်မမေ့နိုင်အောင် ဆောင်းမှာ ညှို့စိတ်အပြည့် ရှိသည်။

"ကိုကိုက ဝသန့်ဆီကို ဖုန်းဆက်ပြီး ဆောင်းဆီလာဖို့ ခေါ်လိုက်တာ"

"သြော်"

"အခု ဆောင်းအိမ်ကိုသွားကြမလား"

"ဝသန်သွားချင်ရင် ဝေလ လိုက်ပို့လိမ့်မယ်၊ ဆောင်းက တခြားသွားစရာရှိလို့ မလိုက်တော့ဘူး"

အိမ်မှာ အဖေနှင့် စောမည ကျန်ခဲ့၍ ဆောင်း ထိုလူ့မျက်နှာကို ထပ်မကြည့်ချင်တာနှင့် အပြတ်ပြောလိုက်ခြင်း ဖြစ်သည်။

"ဝသန်လာတာ ဆောင်းနဲ့တွေ့ဖို့ပဲ၊ ဆောင်းမလိုက်ရင် ဝသန်လည်း မသွားတော့ပါဘူး။ ဆောင်းသွားမယ့်နေရာကို ဝသန် လိုက်ပို့မယ်"

"မင်းက ဘယ်သွားမလို့လဲ ဆောင်း"

ခရေးထဲ ဝေလကတစ်မျိုး။ ဘယ်ဖြစ်ဖြစ် အိမ်မှာ မနေချင်လို့





ခြေဦးတည့်ရာလျှောက်သွားနေပါတယ်ဆိုမှ ဘာတွေလာမေးနေမှန်းမသိ။

"မင်းကွာ ငါက အကောင်းမေးနေတာကို ဆောင်းဆိုတဲ့သတ္တဝါက ဒီလိုပဲ ဝသန်သူနဲ့ ပေါင်းရင် သတိထား၊ သူက ဒါသိပ်ကောင်းတာမဟုတ်ဘူး"

"ဝေလ"

ဝေလက သူ့ခေါင်းကို လက်ညှိုးနှင့် ထောက်ပြလိုက်တာကြည့်ပြီး ဆောင်း ဒေါသဖြစ်သွားကာ ဝေလအမည်ကို အကျယ်ကြီးအော်တော့ ဝသန်က တခစ်ခစ် ရယ်သည်။

"ကျွန်တော် သွားလိုက်ဦးမယ် ဝသန်၊ နောက်မှပြန်ဆုံကြမယ်"

"ဟုတ်ကဲ့ ကိုဝေလ"

ဝေလက ဆောင်းကို ဝသန်နှင့်ထားပြီး နေရာက လစ်ပြေးသွားသည်။

"ဆောင်း ဘယ်သွားမှာလဲ ပြောလေ၊ ဝသန် လိုက်ပို့မယ်"

"ဘယ်မှ မသွားပါဘူး၊ အိမ်မှာမနေချင်လို့ ထွက်လာတာ"

"ကိုကိုကြောင့်လား"

ဝသန်ကိုတော့ ဆောင်း အမှန်အတိုင်း ဝန်ခံလိုက်သည်။ ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်နှိုက်ပြီး ဆောင်းက လမ်းပေါ်ကခဲကို အသာလေးပစ်ကန်လိုက်ပေမယ့် ဆောင်းပုံစံက လှနေသည်။ ကိုကို စောမညနှင့်ဆောင်းတို့မှ မွေးလာမည့်ကလေးက အဘယ်မျှချောမည်။ ချစ်စရာကောင်းမည်ဆိုတာ ပြောနေစရာ မလို။

ကိုကိုစောမညက ကလေးချစ်တတ်သူဖြစ်သလို ဝသန်ကလည်း

www.burmeseclassic.com



ဆောင်းမွေးလာမည့် ကလေးတူမလေးတွေကို အခုကတည်းကကြိုပြီး မြင်နေမိသည်။

"ဝသန်တို့ တစ်နေရာသွားပြီး မုန့်စားရင်း စကားပြောကြရအောင်"

"ဆောင်း မလိုက်ချင်ဘူး"

"ဘာလို့လဲ ကိုကို့ကိုမုန်းတာနဲ့ ဝသန်ကိုပါ မချစ်ချင်တော့ဘူးလား"

"မဟုတ်ပါဘူး"

"ဝသန့်ကိုချစ်ရင် ဝသန်ပြောတာ သဘောတူရမှာပေါ့ လာပါ၊ ဝသန့်ကိုချစ်ရင် ဝသန်နဲ့လိုက်ခဲ့။ ဝသန်နဲ့မလိုက်ရင် ဝသန့်ကို မချစ်လို့ပဲ"

"မဟုတ်ပါဘူး"

"ဘာမဟုတ်တာလဲ··· ထပါဆို··· ဆောင်းမပါဘဲ ဝသန် ဘယ်မှ မသွားဘူး။ လာ··· ကားပေါ်တက်"

ဆောင်း ဘယ်လိုမှ ငြင်းမရ။ ဝသန်က ဆောင်း လက်မောင်းတစ်ဖက်ကို ချစ်ခင်ရင်းနှီးစွာ သူ့မကားပေါ် အတင်းတက်ခိုင်းနေ၍ ဆောင်းမှ ရှန်းရခက်၊ ငြင်းရခက် ဖြစ်နေသည်။

"ဆောင်းကို လွှတ်ပါ"

"မလွှတ်ဘူး"

ဝသန်က ဇွတ်တရွတ်။

လူတွေက ဝသန်နှင့် ဆောင်းကို ဝိုင်းကြည့်နေ၍ ဆောင်းမျက်နှာ နီရဲလာသည်။





"လူတွေက ဆောင်းကို တစ်မျိုးထင်နေဦးမယ်"

"ထင်တော့ ဘာဖြစ်လဲ ဝသန် ဂရုမစိုက်ပါဘူး။ ဝသန် ဆောင်းကို ဘယ်လောက်ချစ်လဲဆိုတာ လက်တွေ့သက်သေပြမယ်"

"ရှက်"

"အာ··· ဘာလို့လူကြားထဲမှာ ဆောင်းပါးကို လာနမ်းရတာလဲ"

"ခစ်··· ခစ်"

"ဆောင်း ရှက်သွားတာ သိပ်လှတာပဲ။ ဒါကြောင့် ကိုကို့က ဆောင်းမှ ဆောင်းဖြစ်နေတာနေမှာ"

ဆောင်းက လူကြားထဲ သူစိမ်းမိန်းကလေးက သူ့ပါးကို လာနမ်း၍ ရှက်သွားပေမယ့် ဝသန်က ဆောင်းလို ရှက်ပုံမရ။ ဆောင်း ရှက်သွားတာကိုကြည့်ပြီး သဘောကျစွာ ရယ်၍ပင် နေလိုက်သေးသည်။ ဒီကြားထဲ သူ့အစ်ကိုအကြောင်းပြောလာတော့ ဆောင်း တစ်ကိုယ်လုံး ဖြန်းခနဲ ပူထူသွားသည်။

"အဲဒီလူအကြောင်းပြောရင် ဝသန့်နောက်ကို ဆောင်းမလိုက်ဘူး"

"ဆောရီး··· ဆောင်းမကြိုက်တာနောက် မပြောတော့ဘူးဟုတ်လား"

ဝသန်ကြောင့် ဆောင်းမလိုက်ချင်ဘဲ ဝသန့်ကားပေါ် ပါလာသည်။ ဘယ်ဘဝက ရေးရေစက်မှန်း မသိ။ တစ်ချိန်လုံး ဝသန်က ဆောင်းမျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး ဆောင်းကိုချစ်ကြောင်း ခဏခဏ ပြောနေ၍ ကြာတော့ ဆောင်း အနေရခက်လာသည်။ အအေးဆိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



အအေးကောင်းကောင်း မသောက်ရ။

"ဝသန်တော့ သိပ်ကံကောင်းတာပဲ ဆောင်း ဘယ်သွားသွား ဝသန် လိုက်မယ်နော် လိုက်ရမလား"

"ဆောင်း ဘယ်မှမသွားပါဘူး"

"ဆောင်းသွားတဲ့အခါ လိုက်မှာပေါ့၊ ဒီကအပြန် ဆောင်းအိမ်ကို ဝသန်လိုက်ပြီး ဆောင်းနဲ့အတူ ညအိပ်မယ်နော်"

"အာ... ဒါတော့မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"ဆောင်းအိမ်မှာ ဝသန် နေတတ်မှာ မဟုတ်ဘူး"

"နေတတ်ပါတယ်၊ ဝသန်နားမှာ ဆောင်းရှိနေတာပဲ ရတယ်"

ဝသန့်စကားကြောင့် ဆောင်း စိတ်ရှုပ်သွားသည်။ မောင်နှမ နှစ်ယောက် ရုပ်ချင်းတူသလို၊ အကျင့်စရိုက်ချင်းလည်း တူပဲတူနိုင်လွန်းတယ်။ အစ်ကိုဖြစ်သူ စောမညကြောင့် ဆောင်း စိတ်ညစ်နေပါသည်ဆိုမှ စောမည၏ညီမက ဆောင်းမှဆောင်းဖြစ်နေတာကို စိတ်ရှုပ်လာသည်။

ကိုယ့်အိမ်မှာ ကိုယ့်ဘာသာကိုယ် ဘယ်လိုနေနေ ပြဿနာမရှိ။ ဝသန်တို့လို သူဌေးမတွေ ဆောင်းအိမ်မှာ လိုက်နေဖို့ကြတော့ ပြဿနာတွေ တသီကြီးရှိသည်။ ဝသန်ပုံစံနှင့် အိမ်မှာထားလို့ကတော့ ဒေါ်ခင်မျိုးမေ မိန်းမနှင့်မဖြစ်။ ဆောင်းကို အကြောင်းပြပြီး ဒေါ်ခင်မျိုးမေဘက်က ဆောင်းမသိအောင် ဟိုဟာဒီဟာ တောင်းဆိုတာမျိုး လုံးဝအဖြစ်မခံနိုင်။ ပြီးတော့ ဆောင်းအိပ်ခန်းက ကျဉ်းသည်။ နှစ်ယောက်အိပ် မဟုတ်။ နှစ်ယောက်အိပ်ဖြစ်သည်ထားဦး အခုမှသိ၊





အခုမှတွေ့သည့်ဝသန်နှင့် အတူအိပ်ဖို့ဆိုတာမဖြစ်။ တစ်ယောက်အကြောင်း တစ်ယောက်သိတာလည်း မဟုတ်။

"မဖြစ်ပါဘူး"

"ဘာမဖြစ်တာလဲ ဆောင်း"

"ဆောင်းအိမ်မှာ ဝသန်လိုက်အိပ်မယ်ဆိုတာ မဖြစ်ဘူးလို့ပြောတာ"

"ဆောင်းအိမ်မှာ ဝသန်လိုက်မအိပ်ရဘူးဆိုရင် ဝသန်အိမ်မှာ ဆောင်း လိုက်အိပ်"

"ဆောရီး... မဝသန်အိမ်ကို ဆောင်းလိုက်မှာ မဟုတ်ဘူး"

ဆောင်းပြတ်သားစွာဖြင့် ငြင်းလိုက်တော့ ဝသန်က ဆောင်းမျက်နှာကို စိုက်ကြည့်သည်။

"ဝသန်ချစ်သလို ဆောင်းက ဝသန့်ကိုမချစ်ပါဘူး ဝသန်သိပါတယ်"

သူ့ဘာသာ ဘာထင်ထင်ဟု သဘောထားပြီး ဝသန်ကို ဆောင်းက ဘာမှ ပြန်မဖြေရှင်း။

"ဆောင်း ပြန်တော့မယ်၊ နောက်မှ ဝသန်နဲ့ပြန်ဆုံမယ်"

"ဝသန်လိုက်ပို့မယ်"

"မပို့နဲ့"

"ဆောင်းသွားပြီ"

ဝသန်ကိုနှုတ်ဆက်ပြီး ဆောင်း ထွက်ခဲ့သည်။ ရင်ထဲမှာတော့ ပ်တွေးသောအကြောင်းအရာတွေနှင့် မွန်းကျပ်လျက်။ ညမိုးချုပ်မှ မ်ပြန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်လှမ်းတက်လိုက်တော့ ဧည့်ခန်းထဲမှာ ဘယ်သူမှမတွေ့ဘူး။ အဖေနဲ့ ဒေါ်ခင်မျိုးမေ အိမ်ခန်းထဲမှာလား။ အိမ်နောက်ဘက်မှာလား။ တွေးပြီး ဘာမှစဉ်းစားမနေဘဲ အိပ်ခန်းထဲဝင်ပြီး အဝတ်လဲလိုက်သည်။ အေးမြသောရေနှင့် ထိလိုက်မှ လူက လန်းဆန်းသွားသည်။ ညဝတ်ကိုလဲပြီး အိမ်ရှေ့ကိုပြန်ရောက်လာတော့ အိမ်တံခါးကပိတ်နေသည်။

"အဖေ"

ဖခင်ဖြစ်သူကို လှမ်းခေါ်ရင်း ထမင်းစားခန်းဘက် လျှောက်လာသည်။ အတွင်းခန်းထဲမှ ထွက်လာသည့်လူကြောင့် ဆောင်း လန့်သွားသည်။

"ခင်ဗျား... ဒီမှာ ဘာလုပ်နေတာလဲ"

"ဆောင်းကို စောင့်နေတာ"

"ခင်ဗျား အခုချက်ချင်း ဆောင်းအိမ်ကပြန်"

"အဖေက ကိုယ့်ကို ဒီအိမ်မှာ စောင့်နေရမယ်ဆိုလို့"

"ဘာပြောတယ်"

"ဆောင်းအဖေနဲ့ ဒေါ်ခင်မျိုးမေက ဝေလတို့မိသားစုနဲ့ ရွာအလှူကို လိုက်သွားတယ်"

"ဟင်..."

ပိတ်ထားသည့် အိမ်တံခါးကို ဆောင်း လှမ်းကြည့်လိုက်တော့ ကိုစောမည်ဖြစ်နေသည့်အတွက် ဆောင်းရှေ့ကနေ သူ့ကိုယ်ကြီးနဲ့ ပိတ်ရပ်လိုက်သည်။

"ဆောင်း"





"ဆောင်းအိမ်က ခင်ဗျားကြီး အခုချက်ချင်းထွက်သွား"

"ကိုယ်က ဘယ်ကိုသွားရမှာလဲ"

"သွားချင်တဲ့ဆီ သွားဗျာ"

"ကိုယ်သွားချင်တဲ့ နေရာက တစ်နေရာပဲရှိတယ်"

"ကဲကွာ"

"ခွပ်"

"ကျေနပ်ပြီလား"

"တစ်သက်လုံး မကျေနပ်ဘူး"

စောမည်မျက်နှာကို လက်သီးနဲ့ထိုးပေမယ့် စောမည်က မမှု။ ရွှန်းလဲ့နေသည့်မျက်လုံးတွေနှင့် ဆောင်းမျက်နှာကို စူးစိုက်ကြည့်နေတာကို ဆောင်း မုန်းသည်။ သတ်ပစ်ချင်သည်။

"ဆောင်းကျေနပ်တဲ့အထိ ကိုယ်က တောင်းပန်မယ်ဆိုရင်ရော"

"ခင်ဗျားမျက်နှာကို ဆောင်း မမြင်ချင်ဘူး"

"ကိုယ်ကတော့ ဆောင်းနားမှာပဲ နေချင်တယ်။ အခုဆိုရင် ဆောင်းဟာ ကိုယ်ရဲ့ဇနီး..."

"ခင်ဗျားကြီး ဘာစကားတွေ လာပြောနေတာလဲ"

"အမှန်တရားတွေပြောနေတာ ဆောင်း"

"ဒီလောက်မုန်းချင်နေတဲ့လူ... ကဲ... ကဲ"

"ဒုန်း"

"ခွမ်း..."

"ဆောင်းမလုပ်နဲ့"

ဆောင်းမကြားချင်သည့် အမုန်းဆုံးစကားတွေ ပြောနေသည့်



www.burmeseclassic.com

www.burmeseclassic.com



လှကိုဆောင်း သည်းမခံနိုင်တော့သည့်အဆုံး နီးရာပစ္စည်းတွေနှင့် စောမညကို ပစ်ပေါက်နေ၍ စောမညမှာ သူထံ ပျံ့ဝဲရောက်လာသည့် ပစ္စည်းတွေကိုရှောင်ရင်း ဆောင်းနား ရောက်အောင်သွားသည်။ ဆောင်းကလည်း သူ့နားတိုးကပ်လာသည့် စောမညကိုမြင်၍ ပိုဒေါသဖြစ်ကာ ရှိသမျှပစ္စည်းတွေနဲ့ ပစ်ပေါက်သည်။ အနားရောက်လာသည့် စောမညကို လက်သီးနှင့် ထိုးသည်။ စောမညကလည်း မရ။ သူ့ကို အမျိုးမျိုး ရန်ရှာနေသည့် ဆောင်းကိုယ်လေးကို ဖျတ်ခနဲ ဆွဲယူဖမ်းချုပ်ပြီး သူ့ရင်ခွင်ထဲ သိမ်းကျုံးဆွဲယူလိုက်သည်။

"လွှတ်"

"ဆောင်းအသားကို မထိနဲ့"

"လူယုတ်မာ"

ဆောင်းကလည်း လုံးဝအလျှော့မပေး။

မီသည့်နေရာကို ထုသည်။ ရိုက်သည်။ နာကျင်အောင်ပြောသည်။ ဆောင်းကိုယ်လေးကို စောမညရင်ခွင်ထဲက မလွှတ်လွှတ်အောင် သူမကိုယ်လေးကို တွန်း၍ ရုန်းသည်၊ ကန်သည်။ စောမညက ဆောင်းရုန်းလေ ပိုပြီးဖက်ထားလေ။ ဆောင်းကိုယ်လေးကို သူ့ရင်ခွင်ထဲ နစ်နေအောင် ပွေ့ဖက်ပြီး ရင်ချင်းအပ်ထားသည်။

"ကိုယ့်ကို ဆောင်းကြိုက်သလိုပြောပါ၊ ကိုယ်ကျေနပ်တယ် ဘာဖြစ်လို့လဲဆိုတော့ ဆောင်းကိုချစ်လို့..."

"ဆောင်းကို ကိုယ်သိပ်ချစ်တယ် ဆောင်းရယ်"

"ဆောင်းနဲ့ခွဲပြီး ကိုယ်မနေနိုင်ဘူး"

"ခင်ဗျားကြီးကို ဆောင်းမုန်းတယ်"





"ဆောင်းကို လွှတ်ဆို"

"အိုး"

ဆောင်း၏နှုတ်ခမ်းလွှာလေးကို စောမညက သူ့နှုတ်ခမ်းအစုံဖြင့် ခပ်ကြမ်းကြမ်းထိကပ် ရှိုက်နမ်းပစ်လိုက်၍ ဆောင်း ဘာစကားမှ ဆိုခွင့်မရဖြစ်သွားသည်။ အင်အားကြီးမားသော စောမညအချစ်တွေအောက်မှာ ဆောင်းတစ်ကိုယ်လုံး နစ်မြုပ်သွားကာ အသက်ရှူမှားမတတ်ဖြစ်သွားသည်။ ဆောင်းကိုယ်လေး လေထဲမြောက်ပါသွားတာ ဆောင်းသိသည်။ အိပ်ရာနှင့် ကျောပြင်အထိမှာ ဆောင်းအိပ်ခန်းမီးလေးကို စောမညဲ ဖျတ်ခနဲ လှမ်းပိတ်လိုက်၍ တစ်ခန်းလုံး အမှောင်အတိကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ဆောင်း အိပ်ရာကနိုးတော့ စောမညာ မရှိတော့။ အိပ်ခန်းထဲသို့ ထိုးဖောက် ဝင်ရောက်လာသည့် နေရောင်ခြည်ရဲ့အောက်မှာ ညက အကြောင်းတွေကို ဆောင်း ပြန်မတွေးချင်ဘဲ ဦးခေါင်းထဲ ရောက်လာ၍ ဆောင်း မျက်နှာလှလှလေးက နှင်းဆီခင်း ဖြစ်သွားသည်။ စောမညာနှင့် လည်း မျက်နှာချင်း မဆိုင်ချင်။ ကိုယ့်အိမ်ကနေ တခြား ဘယ်ကို ထွက်သွားရမှန်းလည်း မသိ။

အစကတည်းက အဖေက စောမညာတို့ဘက်ကဖြစ်မှန်း ဆောင်း ရိပ်မိခဲ့ဖို့ ကောင်းသည်။ အခုတော့ ဆောင်းအိမ်မှာ ဒီလူနဲ့ ဆောင်း နှစ်ယောက်တည်း ရှေ့ဆက် ဘယ်လိုစခန်းသွားရမှန်းမသိ ဖြစ်နေတုန်း အိမ်ရှေ့က ကားဟွန်းသံကြောင့် ဆောင်းအတွေးက ထိုနေရာမှာ ရပ်တန့် သွားကာ ခြံရှေ့ကို လှမ်းကြည့်လိုက်တော့ ဆောင်းတစ်ခါမှ မမြင်ဘူး သည့် ကားတစ်စီးရပ်ထားတာ မြင်လိုက်ရ၍ ဆောင်း မျက်ခုံးတွန့်သွား သည်။

"တိ"





နောက်ထပ်ကားဟွန်းသံ ထပ်ထွက်လာတော့ ခြံထဲကို ဆင်းသွား သည့် စောမညာကို တွေ့လိုက်သည်။

"ဘယ်သူ့ကားလဲ"

စောမညာ မိတ်ဆွေကားလား။

ဆောင်းကြည့်နေတုန်း ကားပေါ်မှ အမျိုးသမီးကြီးတစ်ယောက် ဆင်းလာသည်။ အစတုန်းက ဘယ်သူမှန်းမသိ။ နောက်သေချာကြည့်မှ စောမညာကုမ္ပဏီမှာ ဆောင်းနှင့် ဝင်တိုက်မိသည့် အန်တီလှလှ ဖြစ်နေ၍ ဆောင်း အံ့သြသွားသည်။

ဘယ်လိုလုပ်ပြီး ဒီအန်တီက ဒီနေရာကို ရောက်လာရတာလဲ။ စောမညာ ဆွေမျိုးဆိုရင်တော့ ထိုအန်တီရှေ့မှာ ဆောင်းနှင့်အတူ အပြတ် စာရင်းရှင်းရမည်ဆိုသည့်အတွေးနှင့် အိပ်ရာက ဝုန်းခနဲ ခုန်ဆင်းပြီး ရေချိုးခန်းထဲ ပြေးဆင်းကာ ဦးခေါင်းကစပြီး ရေတွေ တစ်အား လောင်း ချပြီး ချိုးပစ်လိုက်သည်။ ကိုယ့်ကိုကိုယ် ဆပ်ပြာနှင့် အသာလေး တိုက်ချွတ်ဆေးကြောနေမိပေမယ့် ဆောင်းဆိုတာ အရင်က ဆောင်း မဟုတ်တော့ပါလားဟုတွေးပြီး ဆောင်းရင်ထဲ လှိုက်ခနဲ ဝမ်းနည်းသွား သည်။

အားလုံး တရားခံက စောမညာ ဆိုသည့်လူ။ ရေချိုးခန်းထဲက ထွက်ပြီး ဆောင်း အဝတ်လဲနေသည့်အချိန် အိမ်ထဲကို စောမညာနှင့် ဒေဲ့သည်အန်တီ ရောက်လာ၏။

"ဆောင်းကို တွေ့ချင်လို့တဲ့။ အိမ်ရှေ့မှာ ဧည့်သည်ရောက်နေ တယ်"

"ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်မသိဘူး၊ အန်တီသီရိနဲ့ သိတယ်လို့တော့ ပြောတယ် ဒေါ်ဆိုဖီတဲ့"

စောမညကို ဆောင်း ရန်မတွေ့နိုင်သေး။

ဆောင်းကိုတွေ့ချင်သည်ဆိုတော့ ဒေါ်ဆိုဖီဆိုသည့် အန်တီလှလှကို ဆောင်း စိတ်ဝင်စားသွားသည်။ ဘာကိစ္စ သူက ဆောင်းကို တွေ့ချင်ရတာလဲ။

"ကြည့်ပါဦးကွာ၊ ခေါင်းကဆံပင် ရေစိုနေတာတွေကို ခြောက်အောင် မလုပ်ဘူး"

"ဖယ်… ဆောင်းကို မထိနဲ့"

ဆောင်းက သူမဦးခေါင်းက ဆံပင်လေးတွေကို ထိကိုင်ဖို့ ကြိုးစားလာသည့် စောမညလက်ကို သူမလက်နှင့် ဖျတ်ခနဲ ပုတ်ထုတ်လိုက်သည်။ စောမညက ဆောင်းမျက်နှာကို ချစ်မြတ်နိုးစွာ ရှုးစိုက်ကြည့်ပြီး နှုတ်ခမ်းကို ကိုက်ထားသည်။

"ကိုယ့်မိန်းမဆံပင်ကို ထိတာ မထိရဘူးလား"

"ခင်ဗျားပါးစပ်ကြီးကို ပိတ်ထား"

"ဆောင်းကို သိပ်ချစ်တယ်"

"သေလိုက်"

"အဟွန်း… ဟွန်း… ဟွန်း"

စောမည ကိုယ်ကြီးကို တွန်းလိုက်ပြီး အခန်းထဲမှ လှည့်ထွက်တော့မည့် ဆောင်းကိုယ်လေးကို စောမညက သူမ ခါးက သိမ်းပွေ့ပြီး သူ့ရင်ခွင်ထဲ အင်းခနဲ ရောက်သွားသည်။

"ခင်ဗျား ဘာလုပ်တာလဲ"





"ရှူး"

"အို"

အေးစက်နေသော ဆောင်း ပါးလေးတစ်ဖက် နွေးခနဲဖြစ်သွားကာ ဆောင်းနှုတ်ခမ်းလေးကိုပါ အနမ်းခံလိုက်ရသည်။

"ရပြီ… လာ…"

"ဆောင်းလက်ကိုလွှတ်"

စောမညက ဆောင်းကို သူ့စိတ်ကြိုက်နမ်းပြီးမှ ဆောင်းလက်ကို ဆွဲကာ အခန်းထဲကအထွက် ဆောင်းက စောမညလက်မှ သူမလက်ကလေးကို ဖွတ်ရုန်းသည်။ အင်အားခြင်းမမျှ၍ ရုန်းဖယ်မရဘဲ စောမည ဆွဲခေါ်ရာ ဧည့်ခန်းထဲ ရောက်သွားသည်။ ဒေါ်ဆိုဖီဆိုသည့် အန်တီက ဆောင်းကိုမြင်တာနှင့် ထိုင်နေရာက ဝုန်းခနဲ ထရပ်လိုက်ပုံက အလန့်တကြား ဖြစ်သည်။

"သမီး"

"ဟင်…"

ဆောင်းမျက်နှာကို စေ့စေ့ကြည့်ပြီး ခေါ်လိုက်သည့် ဒေါ်ဆိုဖီ အသံကြောင့် ဆောင်းတစ်ကိုယ်လုံး အေးခနဲဖြစ်သွားသည်။

"မေမေ့သမီးလေး ဆောင်း"

"သမီး"

ဒေါ်ဆိုဖီက စောမညနားမှာ ကြောင်ပြီးရပ်နေသည့် ဆောင်းရှိရာကို ပြေးလာပြီး ဆောင်းကိုယ်လေးကို တအားဖက်ပြီး ငိုချလိုက်၍ ဆောင်း အံ့သြသွားသည်။

"သမီး…"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ သမီးလေးရယ်"

"အန်တီ လူမှားနေပြီ"

သမီးလို မိုးမွန်နေအောင် အခေါ်ခံရ၍ ဆောင်းရင်ထဲ ဖြစ်နေသည့် ခံပြင်းဒေါသစိတ်ကို မျိုသိပ်ရင်း ပုံမှန်လေးဖြစ်အောင် ကြိုးစားပြီး ဆောင်း ပြောလိုက်တော့ မျက်ရည်တွေနှင့် ဒေါ်ဆိုဖီက ဆောင်းမျက်နှာကို စေ့စပ်သေချာစွာကြည့်ပြီး ခေါင်းကို ယမ်းသည်။

"မေမေ လူမမှားပါဘူး သမီးရယ်၊ သမီးအဖေ ဦးရန်ရှင်းနဲ့ သမီးဓာတ်ပုံကို မေမေ ကြည့်ပြီးပါပြီ..."

"ဆောင်းကို သမီးလို့ မခေါ်ပါနဲ့"

"ဟင်..."

သည်းခံနိုင်စွမ်းကုန်သွားသလို ဆောင်းလေသံက မာမာနှင့် ပြောလိုက်၍ ဒေါ်ဆိုဖီ ငိုသံတိတ်သွားကာ ဆောင်းမျက်နှာကို ကြင်နာစွာ ကြည့်လိုက်သည်။

"စိတ်ကို အေးအေးထားပါ အန်တီ၊ ရုတ်တရက်ဆိုတော့ အန်တီ ပြောတာတွေကို ဆောင်း နားလည်မှာ မဟုတ်ဘူး"

စောမည့က ဆောင်းနှင့် ဆောင်းအမေ ဒေါ်ဆိုဖီတို့ကြား ဝင်ပြောလိုက်ခြင်း ဖြစ်သည်။ ဆောင်း အကြောင်းမသိသည့် ဒေါ်ဆိုဖီက ဆောင်းကို စောမည့ရှေ့မှာ သမီးဆိုသည့် စကားနှုတ်ဖျားက မချပြောနေတာ အရေးမကြီး။ ဆောင်း အမြင်မကြည်။ ပိုဒေါသထွက်စရာ ဖြစ်နေတာကို စောမည့ နားလည်နေသည့်အတွက် ဆောင်းနှင့် ဆောင်းအမေဆိုသည့် ဒေါ်ဆိုဖီမျက်နှာကို တစ်လှည့်စီကြည့်လိုက်သည်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တစ်ယောက်၏





ခံစားချက်ကိုယ်စီဖြင့် အရောင်တစ်မျိုး ဖြစ်နေ၏။

"သားက ဘယ်သူများလဲကွယ်"

"ကျွန်တော်က ဆောင်းခင်ပွန်းပါ"

"ခင်ဗျားကြီး မဟုတ်တာ မပြောနဲ့နော်"

"ဟုတ်တာ ပြောနေတာဆောင်း"

"နေကြပါဦးကွယ်၊ အန်တီပြောတာကို သားတို့ အရင် နားထောင်ကြပါဦး"

ရှင်းမရအောင် ရှုပ်နေသည့် စောမည့တို့နှစ်ယောက်ကြား ရောက်လာသည့် ဒေါ်ဆိုဖီကြောင့် ဆောင်းငြိမ်သွားသလို စောမည့ကလည်း ဒေါ်ဆိုဖီပြောမည့်စကားကို စိတ်ဝင်စားသွားသည်။

"သမီး"

"ဆောင်းလို့ပဲ ခေါ်ပါ"

"ဟုတ်ပါပြီ သမီးဆောင်းရယ်၊ မေမေပြောတာကို နားထောင်ပေးပါဦး"

"ဟုတ်ကဲ့ ပြောပါအန်တီ"

စောမည့ ဝင်ပြောခြင်း ဖြစ်သည်။

ဆောင်းက ဘာတစ်ခုမှ မပြော။ တစ်ချိန်လုံး အမေ မရှိဘဲနေလာခဲ့ပြီးမှ မိုးပေါ်ကကျလာသလို သူ့ရှေ့ရောက်လာသည့် အမေဆိုသူကို ခပ်ကြောင်ကြောင် ပြန်ကြည့်နေမိသည်။ ဆောင်းသိထားတာက ဆောင်းမှာ အမေ မရှိ။ ဆောင်းအမေဆိုတာ သေဆုံးခဲ့ပြီ။ အဖေက ဆောင်းကို ဒီလိုပြောထားခဲ့ပြီးမှ သိပ်ချော၊ သိပ်လှ သင်္ချမ်းသာသောအန်တီက ဆောင်းအမေပါဟု ဆိုနေသည်။

www.burmeseclassic.com



"အဖြစ်က ဒီလိုပါကွယ်"

ဒေါ်ဆိုဖီက ဆူမနှင့် ဦးရန်ရှင်းအကြောင်း ဆောင်းတို့ကိုပြောပြသည်။ အဖြစ်က ရိုးရိုးရှင်းရှင်းလေး ဖြစ်သည်။ အဖေနှင့်အမေ အသည်းနှင့်အောင် ချစ်ကြသည့် ချစ်သူတွေအဖြစ် မိဘသဘောမတူသည့်ကြားက ခိုးပြေးပြီး လက်ထပ်ကြသည်။ အဖေက ဆင်းရဲသည်။ ရုပ်ချောပေမယ့် ပိုက်ဆံ မရှိ။ အမေ့ဘက်က အဖေနှင့်ရအောင် ခွဲပြီး သူတို့သမီးကို ပြန်ခေါ်သွားသည်။ အမေမှာ ဆောင်းကိုယ်ဝန်ပါသွားသည်။ ဆောင်းကိုလိုချင်ရင် အဖေက အမေ့ကို ကွာရှင်းပေးရမည်။ ဆောင်းနှင့်အမေကြားမှာ အဖေက ဆောင်းကို ရွေးသည်။ နောက်တော့ အမေ တခြားလူတစ်ယောက်နှင့် လက်ထပ်သည်။ အဖေ့ဆီမှာ ဆောင်း ကျန်ရစ်ခဲ့သည်။

အဖြေက ဒါပဲဖြစ်သည်။

အဖေက အမေ့ကို စိတ်နာသည်။ အမေက သူ့ကြောင့် ဆေးရုံခုတင်ထက်မှာ ပက်လက်မျောနေသည့် ဦးရန်ရှင်းကို ခွင့်လွှတ်ခဲ့သည်။ ထိုအချိန်အထိ အမေသိထားတာက သူရင်သွေးလေး ဆောင်းမွေးပြီး ပြီးချင်း ဆုံးသွားသည်ဆိုတာ ဖြစ်သည်။

လူ့လောကမှာ ဆောင်းရှိမှန်း မသိ။

အဖေနှင့်အတူ ဆောင်းရှိနေမှန်း သိခွင့်ရသည့်အချိန်မှာ ဆောင်းတို့သားအဖ အမေ့ဘဝထဲက ထာဝရ ပျောက်ဆုံးသွားပြီဖြစ်သည်။ နောက်အိမ်ထောင်နှင့် သားသမီးမရသည့် ဒေါ်ဆိုဖီက ဆောင်းအကြောင်း အမြဲစုံစမ်းရင်း မမျှော်လင့်ဘဲ ဦးသိဒ္ဓိဆီမှာ အလုပ်လုပ်နေသည့် ဆောင်းကိုယ်ရေးရာဇဝင်ထဲက ဦးရန်ရှင်းဆိုသည့် ဆောင်းအဖေ





ရဲ့အမည်နှင့် မှတ်ပုံတင်ကြောင့် ဆောင်းရှိရာစုံစမ်းပြီး ရောက်လာခြင်းဖြစ်သည်။

အဖြစ်က ဒါပဲဖြစ်သည်။

မေမေ့ဘဝက သိပ်ကံဆိုးပါတယ်ကွယ်။ ကိုယ့်သမီးတစ်ယောက်လုံး လူ့လောကကြီးမှာရှိနေမှန်း သိရတာနဲ့ မမြင်ရ၊ မတွေ့ရဘူး။ မိခင်မေတ္တာကို ပေးအပ်ခွင့်မရတဲ့ဘဝနဲ့ တစ်ချိန်လုံး သမီးကိုပဲ တမ်းတရင်းအချိန်တွေ ကုန်ခဲ့ရတဲ့အမေပါ။

"မေမေလေ… မေ… မေ"

"ဟာ… အန်တီ"

"ဦးစောမည…၊ လုပ်ပါဦး၊ အန်တီ သတိမေ့သွားပြီ"

"အန်တီ… အန်တီ"

ဆောင်း ဘယ်လိုခေါ်ခေါ် ဒေါ်ဆိုဖီက လုံးဝ သတိမရတော့ဘူး။ စောမည အကူအညီနှင့် ချက်ချင်း ဆေးရုံတင်လိုက်ရသည်။ ထိုအခါကြမှ ဒေါ်ဆိုဖီခံစားနေရသည့် နှလုံးရောဂါအခြေအနေကို သိကြရသည်။

"လူနာကို စိတ်ချမ်းသာအောင်ထားပါ"

"နောက်တစ်ခါ စိတ်ထိခိုက်တာမျိုးဖြစ်ရင် အသက်ပါ ဆုံးရှုံးနိုင်ပါတယ်"

ဦးရန်ရှင်းကို ဆောင်း ဖုန်းလှမ်းဆက်ပြီး သူသိချင်တာတွေ မေးသည်။ ဦးရန်ရှင်းအဖြေက ဒေါ်ဆိုဖီစကားတွေနှင့် တစ်ထပ်တည်းဖြစ်၍ ဆောင်းလက်ထဲက ဖုန်းလေး လွတ်ကျသွားသည်။

"ဆောင်း"

တစ်ချိန်လုံးဆောင်းမျက်နှာလေးကို ကြည့်နေသည့် စောမည



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းကိုယ်လေး ပျော့ခွေသွားတာနှင့် ဆောင်းကိုယ်လေးကို သူ့ရင်ခွင်ထဲ သိမ်းပွေ့ဆွဲယူလိုက်ပေမယ့် ဆောင်းက သူ့ရင်ခွင်ထဲမှာ သတိလစ်နေပြီဖြစ်သည်။

ကိုယ့်ရဲ့ဆောင်းရယ်…

စိတ်ထိခိုက်ပြီး ရှော့(ခ်) ဖြစ်သွားသည့် ဆောင်းမျက်နှာလေးကို သူတစ်ချိန်လုံး စိုက်ကြည့်ပြီး သက်ပြင်းချလိုက်သည်။ ရိုးရှင်းသော ဆောင်းဘဝလေးမှာ ထင်မှတ်မထားတာတွေ တစ်ခုပြီးတစ်ခုဖြစ်လာတော့ ဆောင်း၏နူးနယ်သော နှလုံးသားက ခံနိုင်ရည်မရှိဖြစ်သွားသည်။

"မောင်စောမည"

"ဗျာ… အန်ကယ်"

"ဆောင်း… သတိရပြီလား"

"မရသေးဘူး… အန်ကယ်"

စောမည့်နားရောက်လာသူက ဒေါ်ဆိုဖီ့ခင်ပွန်း ဦးသီဟ။ ယောကျ်ားပီသသော ရုပ်ရည်ရှိပေမယ့် ဦးရန်ရှင်းလို လူချောတစ်ယောက်တော့ မဟုတ်ပါ။ သို့သော် ဒေါ်ဆိုဖီကို ချစ်သည့်နေရာမှာတော့ ဦးရန်ရှင်းနှင့် ထပ်တူကြသူဟု စောမည ယုံကြည်သည်။

"သမီးလေးက သူ့အမေကို အမေလို့ မခေါ်ဘူးလို့ ဆိုဖီက အန်ကယ့်ကို ပြောတယ်"

"ဟုတ်တယ် အန်ကယ်၊ ဆောင်းဘက်က အခြေအနေနဲ့ ဆောင်းခံစားချက်ကလည်း ရှိသေးတော့ ကျွန်တော်တို့ ဆောင်းကို ဘာမှပြောလို့မရဘူး"

"ဟုတ်ပါတယ် အန်ကယ် နားလည်ပါတယ်။ သမီးကိုယ်တိုင်





ဘယ်လောက်စိတ်ထိခိုက်သွားလဲဆိုတာ အန်ကယ့်အမြင်ပဲ။ ဒီကိစ္စသူ့အမေ မသိပါစေနဲ့ မောင်စောမည့်ရယ်"

"စိတ်ချပါအန်ကယ်၊ အန်တီအခြေအနေကို ကျွန်တော် နားလည်ပါတယ်၊ တစ်ခုတော့အန်ကယ်ကို ကျွန်တော် ပြောစရာရှိတယ်"

"ဘာများလဲ မောင်စောမည"

"ဆောင်းကို သမီးလို့ မခေါ်ရဘူးလို့ပြောတယ်"

"သူ့အမေကိုလည်း သမီးလို့မခေါ်ရဘူးလို့ပြောတယ်"

ဦးသီဟအသံက စိတ်မကောင်းသံ။

"ဆောင်းကို သူ့အဖေက ယောကျ်ားလေးတစ်ယောက်လို တစ်သက်လုံးပုံစံပေး ဆက်ဆံလာခဲ့တာဆိုတော့ အခုချိန်ထိ ဆောင်းက သူ့ကိုယ်သူ ယောကျ်ားတစ်ယောက်လို ခံယူထားတုန်းပဲ။ သူ့ကို မိန်းကလေးတစ်ယောက်လို ပြောဆိုဆက်ဆံတာ လုံးဝလက်မခံဘူး"

"ကလေးအပြစ်တော့ မဟုတ်ပါဘူး၊ ကံတရားကိုက ဒီလိုဖြစ်ဖို့ ဖန်တီးခဲ့တာကိုး…"

"မင်းတို့အန်တီကို အန်ကယ် သွားကြည့်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

ဦးသီဟ ထွက်သွားပြီး သိပ်မကြာ။ ဆောင်း ပြန်သတိရလာသည်။

"ဆောင်း ဘယ်ရောက်နေတာလဲ"

"ဆောင်းအခန်းမှာလေ၊ ဆောင်း သတိမေ့သွားလို့"

ဆောင်း ဘာမှမပြောပဲ ငြိမ်သွားသည်။

"ဟိုအန်တီရော"



www.burmeseclassic.com

www.burmeseclassic.com



“ဆောင်းမေမေကို ဟိုအန်တီလို့ မခေါ်နဲ့လေ၊ ကိုယ့်အမေပဲ မေမေလို့ ခေါ်မှပေါ့”

“ခင်ဗျား ဆရာမလုပ်ပါနဲ့”

သူ့ကို ရန်တွေ့စကားဆိုလာ၍ စောမည ချစ်စနိုးပြုံးလိုက် သည်။ ဆောင်း နေပြန်ကောင်းလာတာကြည့်ပြီး သူပျော်သွားသည်။ ဆေးရုံ ခုတင်ပေါ်က ဆင်းလိုက်သည့် ဆောင်းနောက်ကို စောမည လိုက်လာ သည်။

“ဘယ်သွားမလို့လဲ ဆောင်း”

“ကိုယ့်ကို သိပ်အသည်းယားအောင် မလုပ်နဲ့နော် ဆောင်း၊ လူကြားထဲ ဖက်နမ်းမိရင် တာဝန်မယူဘူး”

“ဆောင်းနောက်ကို လိုက်မလာနဲ့ ခင်ဗျားကို ဆောင်း မုန်း တယ်”

“ကိုယ်ကတော့ ဆောင်းကို ချစ်တယ်”

“အလကားလူ”

တခြားလူတွေမကြားအောင် တိုးတိုးတိတ်တိတ် ရန်ကျိတ်ဖြစ် ရင်း ဆောင်းနှင့်စောမည ဒေါ်ဆိုဖီအခန်းကို ရောက်လာသည်။

ဆောင်းကိုမြင်တော့ ဒေါ်ဆိုဖီက ဖေနှင့် ခွတ်အတင်း ထထိုင်ဖို့ ကြိုးစားသည်။

“မထနဲ့လေ ဆိုဖီ”

“ဆိုဖီ ဘာမှမဖြစ်ပါဘူး ကိုသီဟ၊ ဆိုဖီသမီးလေးမျက်နှာကို ဆိုဖီဝအောင် ကြည့်ပါရစေ”

“မေမေ့နားလာပါဦး သမီးရယ်”





“သွားလေဆောင်း”

မိခင်ဖြစ်သူကို မျက်တောင်မခပ် စူးစိုက်ကြည့်ပြီးနေရာက မရွေ့ သော ဆောင်းကိုယ်လေးကို စောမည်က အလိုက်တသိ ဒေါ်ဆိုဖီရှိရာ တွန်းပို့သည်။ ဆောင်းက မသွား။ စောမည်က ဆောင်းလက်လေးကို ဆွဲပြီး ဒေါ်ဆိုဖီထံခေါ်သွားမှ စောမည်နှင့်အတူ ဒေါ်ဆိုဖီနား ဆောင်း ရောက်သွားသည်။

“ကိုယ်အပြင်မှာရှိနေမယ် ဆိုဖီ”

ဦးသီဟက ဆောင်းနှင့်ဒေါ်ဆိုဖီတို့ကို တစ်လှည့်စီကြည့်ပြီး အလိုက်တသိ အခန်းထဲက ထွက်သွားသည်။

“ကိုယ်လည်းအပြင်က စောင့်နေမယ်နော် ဆောင်း”

စောမည်က ဆောင်းတို့သားအမိ နှစ်ယောက်တည်းထားပြီး ဦးသီဟ နောက်လိုက်သွားသည်။ သားအမိနှစ်ယောက်တည်း ကျန်ခဲ့ တော့မှ ဒေါ်ဆိုဖီက ဆောင်းလက်လေးကို ဆွဲယူပြီး ဆောင်းမျက်နှာကို ကြည့်ကာ မျက်ရည်ကျသည်။

“မငိုနဲ့လေ၊ ဆရာဝန်က စိတ်ဆင်းရဲမခံရဘူးလို့ ပြောထား တယ် မဟုတ်လား”

“မေမေ့ဘဝမှာ ဒါထက်ပိုပြီး စိတ်ဆင်းရဲစရာမရှိတော့ပါဘူး သမီးရယ်၊ သမီးကို မေမေပြန်တွေ့ခွင့်ရလို့ သေပျော်ပါပြီ”

ပြောပြီး ဖျက်ခနဲငိုချလိုက်သည့် မိခင်ကြောင့် ဆောင်း နှလုံးသား တွေ အရည်ပျော်သွားသည်။

“မေမေ”

“သမီး...”



www.burmeseclassic.com

www.burmeseclassic.com



"မေမေ... သမီးလေးရယ်"

ဒေါ်ဆိုဖီက ဆောင်းကိုယ်လေးကို ပွေ့ဖက်ပြီး ငိုချလိုက်၍ ဆောင်း လန့်သွားသည်။

"လက်မှာ ဆေးထိုးအပ်တွေနဲ့ သတိထားဦးလေ မေမေ၊ တော်ကြာ အပ်တွေ ကျိုးကုန်မယ်"

"မေမေ သိပါတယ် သမီးရယ်၊ အပ်တွေ မကျိုးပါဘူး မေမေ့ကို သမီး မမုန်းတော့ဘူးပေါ့နော်"

"အစကတည်းက ဆောင်းဘယ်သူ့ကိုမှ မမုန်းခဲ့ပါဘူး မေမေရယ်၊ အဖေ့ကိုချစ်သလို အမေ့ကိုလည်း ချစ်ပါတယ်"

"သမီးရယ်"

မေမေနှင့်အတူ ဆောင်းပါ ရောငိုမိသည်။ ကံတရားဆိုတာ ဒါလား။ သာမာန်လူသားတွေလိုက် မမီနိုင်သည့် အကြောင်းအရာ အဖြစ်အပျက်တွေကြောင့် ထာဝရ ပျောက်ဆုံးသွားသည့် မိခင်က ဆောင်းမျက်စိရှေ့ ဘွားခနဲ မိုးပေါ်ကကျသလို ရောက်လာသည်။

"အခုချိန်ကစပြီး မေမေ့သမီးလေးနဲ့မေမေ မခွဲပဲ အတူတူ နေပါရစေကွယ်၊ မေမေ့နဲ့ အတူနေမယ် မဟုတ်လားဟင်"

"မေမေ နေကောင်းအောင်နေပါ"

"မေမေ့အနားမှာ သမီးလေးအတူရှိနေရင် မေမေနေကောင်းနေမှာပါကွယ်"

"မေမေ"

ဆောင်းရင်ထဲက မိခင်ဖြစ်သူကို ချစ်စိတ်ဖြင့် ကြင်နာမြတ်နိုးစွာ မေမေကိုယ်လေးကို ထွေးဖက်ထားလိုက်သည်။ နောက်ဆုံးတော့ မိခင်





မေတ္တာက အတိုင်းအဆမရှိ။ ဒါကို ဆောင်း နားလည်လက်ခံလိုက်ရပါပြီ။

ဒေါ်ဆိုဖီဆေးရုံက ဆင်းတော့ ဆောင်းက မိခင်ဆန္ဒအတိုင်း ဒေါ်ဆိုဖီအိမ်ကို လိုက်သွားသည်။ ဦးရန်ရှင်းက ဘာမှမပြော။

"မင်းအမေကို စိတ်ချမ်းသာအောင်ထား"

ဆောင်းကို စကားတစ်ခွန်းပဲမှာသည်။ ဦးရန်ရှင်းကလည်း သူ့အိမ်ထောင်နဲ့သူ။ ဒေါ်ဆိုဖီကလည်း သူ့ဘဝနှင့်သူ အားလုံး ကိုယ့်လမ်းကိုယ်လျှောက်နေကြသူများဖြစ်ပေမယ့် ကိုယ့်လမ်းကိုယ်လျှောက်ခွင့် မရသေးသူက စောမည။

ဆောင်းနှင့်သူ မင်္ဂလာကိစ္စကို ဒေါ်ဆိုဖီနှင့် အကြီးအကျယ် ပြန်ဆွေးနွေးရ။ ညှိနှိုင်းတိုင်ပင်ရနှင့် အလုပ်ရှုပ်နေသည်။ ဦးရန်ရှင်း အကူအညီနှင့် ဆောင်းကို သူတရားရုံးမှာ တရားဝင်လက်ထပ်ခွင့်ရခဲ့ပေမယ့် အခုချိန်ထိ မင်္ဂလာပွဲ မကျင်းပရသေး။ ဒေါ်ဆိုဖီက သူ့သမီး ဆောင်း မင်္ဂလာပွဲကို အကြီးအကျယ် အခမ်းနားဆုံး ဖြစ်စေချင်သည်။ ငွေကိုရေလိုသွန်ချသည်။ စောမည က လက်မခံ။

"ဆောင်းအတွက် ကျွန်တော်ဘက်က ဘယ်လောင်ကုန်ကုန်ပါ၊ အန်တီ့စိတ်ကြိုက် ဖြစ်စေရပါမယ်။ အန်တီ့သမီးအတွက် အန်တီပေးချင်တာတွေကို ဆောင်းကို သီးသန့်လက်ဖွဲ့လိုက်ပါ"

လူကြီးမိဘတွေနှင့် ညှိနှိုင်းမှုအဆင်ပြေစွာ ပြီးဆုံးသွားသည်။ ဆောင်းနှင့်ကြမှ စောမည ဘာတစ်ခုမှ ညှိမရ။ ဆွေးနွေးလို့လည်း လက်မခံ။

"မေမေ စိတ်ချမ်းသာအောင် မင်္ဂလာပွဲကျင်းပတာကို လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ လွန်လှပြီ။ မင်္ဂလာဆောင်ပြီးရင် မေမေနဲ့ပဲနေမှာ၊ ခင်ဗျားလည်း ခင်ဗျားဘာသာ ကြိုက်သလိုနေ”

“ဆောင်းနေတဲ့နေရာ ကိုယ်လိုက်နေရမှာပေါ့ ကိုယ်ကြိုက်တာက ဆောင်းပဲ၊ ဆောင်းမရှိဘဲ ကိုယ်မနေတတ်ဘူး”

“မေမေ့အိမ်အထိ ခင်ဗျားလိုက်ပြီး ပြဿနာမရှာနဲ့နော်၊ ပြောမရရင် ခင်ဗျားအခုကတည်းက ဆောင်းနဲ့ ကွာရှင်းလို့ရတယ်”

“သားသမီးမြေးမြစ်တွေရပြီးမှ…”

“ဘာပြောတယ်”

“ဆောင်းနဲ့ သားသမီးတွေ မြေးတွေရတဲ့အထိ နေမှာလို့ပြောတာ…”

“စိတ်ကူးယဉ်မနေနဲ့”

“လက်တွေ့သက်သေပြမှာပါ… လာ”

“ခင်ဗျားကြီး ဘာလုပ်တာလဲ”

“အောက်ထပ်မှာ လူကြီးတွေ စကားပြောနေတယ်၊ ငြိမ်ငြိမ်နေ”

“ဟာ…”

ဆောင်းအသံလေး ခပ်အုပ်အုပ်ထွက်လာပြီး စောမညရင်ခွင်ထဲ ငြိမ်သွားသည်။ လွမ်းသမျှ အတိုးချအနမ်းတွေက ဆောင်းနှင့်သူ့ကြားမှာ အချစ်ပေါင်းကူးတံတားအဖြစ် ပြောင်းလဲသွားသည်။



# အခန်း (၂၀)

“လှလိုက်တာ ဆောင်းရယ်…”

“ကြည့်ပါဦးကွယ်”

“မေမေဘဝမှာ ဆောင်းလေးကို ဒီလိုမိန်းကလေးပီပီသသ လှလှပပသတို့သမီးလေး ဖြစ်ခွင့်မှရပါ့မလားလို့ တစ်ချိန်လုံးတွေးပြီး စိတ်ပူလိုက်ရတာကွယ် အခုတော့ မေမေဖြစ်ချင်တဲ့ ဆန္ဒပြည့်သွားပြီ”

မိခင်ဖြစ်သူ နှုတ်ဖျားက ဆောင်းအလှအကြောင်း ဆောင်းဘဝအကြောင်း တစ်ဖွဖွ ချီးကျူးစကားဆိုရင် နှတ်သမီးတစ်မျှ လှပနေသော အလှနတ်သမီးကို ကြည့်၍ ပီတိစိတ်တွေနှင့် ရင်တစ်ခုလုံးလှိုင်းထန်အောင် ခံစားနေရသူက ဝေလ။

လနဲ့နေ။

မြနဲ့ရွှေ။

အဆင့်အတန်းတူညီကြသူခြင်း တွေ့ဆုံပေါင်းဖက်ကြသည့် ချစ်စရာမင်္ဂလာပွဲလေးကိုကြည့်ပြီး ဝေလစိတ်ထဲက စောမညကို ချီးကျူးအားကျစိတ်နှင့်အတူ အထင်ကြီးလေးစားမှုအပြည့်နှင့် ဦးညွှတ် လေးမြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်စစ်၊ အချစ်မှန်တို့ ချစ်ခရီးက အမြဲသာယာလှပနေတတ်သော သဘာဝပဲ မဟုတ်လား။ ဆောင်းကို အသည်းနှင့်အောင် ချစ်ပေမယ့် သူ့အချစ်ကို ဆောင်းသိအောင် ဘယ်တုန်းကမှ ဖော်ထုတ်မပြခဲ့ပါ။ ဝေလ ဖြစ်စေချင်သည့် ဆောင်းဘဝက သူလိုလူတစ်ယောက်ရဲ့ အိမ်ထောင်ဘက်ဖြစ်လာဖို့မဟုတ်။ မင်းသားတစ်ပါးလို ကြီးကျယ်ခမ်းနားမှုတွေ အထည်အဝါခန့်ညားသည့် ဂုဏ်ဒြပ်တွေ ပိုင်ဆိုင်သည့် စောမညလိုလူတစ်ယောက်ရဲ့ အိမ်သူသက်ထားဇနီးမယားဘဝ ဖြစ်စေချင်ခဲ့သည်။

အခု သူ့ဆန္ဒပြည့်ပါပြီ။

စောမညက ဆောင်းကိုချစ်သည့် မြတ်နိုးသည့်နေရာမှာ ဘယ်သူမှ လိုက်မီသူမရှိ။ ကံကောင်းခြင်းတို့ စုဝေးလာသည့် ဆောင်းထံ အလွန်ချမ်းသာကြွယ်ဝ၍ လှပသော မိခင်ဖြစ်သူ ရောက်လာသည်။ ဆောင်းဘဝမှာ နောက်ထပ်လိုအပ်တာ ဘာမှမရှိတော့။ ဝေလ ချစ်မြတ်နိုးသူအတွက် စိတ်ချသွားပါပြီ။

"ဘယ်လဲသား"

"ကျွန်တော် အပြင်ခဏသွားမလို့အမေ"

ဒေါ်ထွေးက သားဖြစ်သူမျက်နှာကို ကြည့်ပြီးသက်ပြင်းချလိုက်ကာ ဘာမှထပ်မပြောတော့။ သားဖြစ်သူရင်ထဲက ခံစားချက်ကို ဒေါ်ထွေးသိထား၍ သားအတွက် စိတ်မကောင်းပေမယ့် သမီးလေးလို ချစ်ရသည့် ဆောင်းအတွက် ပျော်မိသည်။

သူစိမ်းတစ်ယောက်ဖြစ်သည့် ဒေါ်ထွေးရင်ထဲမှာ ဤမျှခံစားရလျှင် ကာယကံရှင်မိဘနှစ်ပါးဖြစ်သည့် ဆောင်းအဖေနှင့် ဆောင်းအမေ





ဆိုလျှင် ပြောစရာစကားရှိမည် မထင်။ ဒေါ်ထွေး ဦးရန်ရှင်းမျက်နှာကို လှမ်းကြည့်လိုက်တော့ တည်ကြည်ခန့်ညားမှုတွေနှင့် အခုချိန်ထိ ယောကျ်ားပီသစွာ ချောမောနေသည့် ဦးရန်ရှင်းမျက်နှာမှာ ဆောင်း၏ မင်္ဂလာပွဲအတွက် ကြည်နူးပီတိကို လှမ်းမြင်နေရသည်။

ဒေါ်ဆိုဖီက တစ်ချိန်လုံး ဆောင်းကိုလိုက်ကြည့်ပြီး မျက်နှာတစ်ခုလုံးပြုံး၍ တွေဝေနေသည်။ မင်္ဂလာပွဲမှာ သမီးနှင့်အမေ အလှချင်းပြိုင်နေပုံကလည်း အားလုံးအတွက် စိတ်ဝင်စားစရာဖြစ်နေသည်။ သတို့သမီးဆောင်းက စောမညဆွဲခေါ်ရာလိုက်ပါလာရင်း လူတွေအများကြီးကြားမှာ သူ့ကိုယ်သူ ဘာဖြစ်လို့ဖြစ်မှန်းမသိ။ ဘာလုပ်၍ ဘာလုပ်မိမှန်းမသိဖြစ်နေ၏။

"မျက်နှာလေးကို ပြုံးထားလေဆောင်း၊ ဘာဖြစ်လို့နှုတ်ခမ်းကြီးကို စူထားရတာလဲ ပြုံးလေ။ တော်ကြာ သတို့သားကို သတို့သမီးက စိတ်ကောက်နေတယ် ထင်နေဦးမယ်"

"လာ... ကိုယ့်လက်ကိုတွဲပြီး ဒီဘက်ကိုလျှောက်ခဲ့"

"ဟိုမှာ ဆောင်းမေမေ ခေါ်နေတယ် ပြုံးပြီး ဧည့်သည်တွေကို နှုတ်ဆက်လိုက်ဦး"

ဆောင်းက ခါတိုင်းလို စောမညကို ရန်မစွာနိုင်။ လူကြားထဲမှာ ကျဉ်းကျဉ်းကျပ်ကျပ် ဝတ်စားထားရသည့် အဝတ်တွေဝတ်ပြီး ဆောင်းမသိသည့် လူစိမ်းတွေကို တစ်ယောက်ပြီးတစ်ယောက် နှုတ်ဆက်ရတာကြာတော့ စိတ်ရှုပ်လာသည်။ မျက်နှာမှာ လိမ်းထားရသည့်မိတ်ကပ်၊ မျက်တောင်တု၊ ဆံထုံးတွေကို စိတ်ရှိလက်ရှိ ဆွဲဖြုတ်ပစ်ချင်စိတ်နှင့် သူတစ်ကိုယ်လုံး ချွေးပြန်လာသည်။

www.burmeseclassic.com



"ဦးစောမည"

"ပြောလေ… ဆောင်း"

"ဒီနေရာက ဆောင်းသွားမှဖြစ်တော့မယ်"

"ဘာဖြစ်လို့လဲ ဆောင်း"

"ဟင်… ဆောင်းတစ်ကိုယ်လုံးလည်း အေးစက်ပြီး ချွေးတွေတအားထွက်နေပါလား"

"ဦးစောမည"

"ဟာ… ဆောင်း… ဆောင်း"

ဆောင်းက စောမညရင်ခွင်ထဲ လဲပြိုသွား၍ အားလုံးလှုပ်လှုပ်ရှားရှား ဖြစ်ကုန်သည်။

"သမီး… ဆောင်း"

"လုပ်ပါဦး… ဆိုဖီရဲ့သမီးလေ ဘာဖြစ်သွားမှန်းမသိဘူး"

ဒေါ်ဆိုဖီက အလန့်တကြား ထအော်သည်။

"သမီး ဘာမှမဖြစ်ဘူး ဆိုဖီ၊ ခေါင်းမူးသွားတာ စိတ်ကိုအေးအေးထား… ရော့… ဒီမှာ အအေးသောက်ထားလိုက်"

ဦးသီဟက ဒေါ်ဆိုဖီအား အပြေးရောက်လာပြီး သူ အသင့်ဆောင်ထားသည့် ဆေးကို ဒေါ်ဆိုဖီကို တိုက်သည်။

"ဧည့်သည်တွေလည်း သိပ်မကျန်တော့ဘူး မောင်စောမည၊ ဆောင်းကို မင်းပဲ အိမ်ပြန်ခေါ်သွားလိုက်ပါ"

"ဟုတ်ကဲ့အဖေ"

ဦးရန်ရှင်းက အခြေအနေကိုကြည့်ပြီး ဝင်ဆုံးဖြတ်ခြင်း ဖြစ်သည်။ စောမညက ဆောင်းကိုယ်လေးကိုပွေ့ပြီး သူ့ကားပေါ်တင်ပြီး နေရာက





မောင်းထွက်ကာနီး သူ့နားကို အပြေးရောက်လာသူက ဝေလ။

"ကိုစောမည"

"ဆောင်းမူးလဲသွားလို့ ဝေလ"

"ကျွန်တော် သိတယ် ကိုစောမည၊ အိမ်ရောက်တာနဲ့ ဆောင်းကိုယ်ပေါ်ကဟာတွေ ဖြုတ်ပြီး အဝတ်လဲပေးလိုက်ရင် ဆောင်းပြန်ကောင်းသွားမှာပါ။ သူက ဒီလိုမျိုး ကျဉ်းကျဉ်းကျပ်ကျပ် တစ်ခါမှမနေဘူးဗျ အဲဒါ လာသတိပေးတာ"

"သွားတော့… သွားတော့"

"သင့်ခ်ယူး… ဝေလ ကိုယ်သွားပြီ"

အလွန်လှပသော သတို့သမီးကို အင်မတန်ခန့်ညားချောမောသော သတို့သားက ခေါ်ယူပြီး အသစ်စက်စက်ကားလှလှကြီးနှင့် မင်္ဂလာအိမ်ဂေဟာရှိရာသို့ ခေါ်ဆောင်သွားသည်။ ဝေလပြောမှ စောမည သတိရသွားသည်။ ဆောင်းဘဝမှာ ဤမျှစိတ်ကျဉ်းကျပ်စရာကောင်းတာ စိတ်လှုပ်ရှားစရာကောင်းတာမျိုး တစ်ကြိမ်မျှ မကြုံဖူး။ အခုလို အဖြစ်မျိုး ရုတ်တရက် ရင်ဆိုင်လိုက်ရချိန်မှာ ဆောင်း ခံနိုင်ရည်မရှိဖြစ်ပြီး ရှော့(ခ်)ဖြစ်သွားတာ သူ နားလည်လိုက်သည်။

အိမ်ရောက်တာနှင့် အလွန်လှပသော သတို့သမီးကို မင်္ဂလာဦးအိပ်ရာပေါ် ပွေ့တင်ပြီး ဆောင်း ဦးခေါင်းက ဆံပင်တုကို မဖြုတ်တတ်ဖြုတ်တတ်နှင့် ကြိုးစားဖြုတ်သည်။ ပြီးတော့ ဆောင်းကိုယ်ပေါ်က အလွန်လှပသည့် သတို့သမီးဝတ်စုံနှင့် လက်ဝတ်ရတနာတွေကို မဖြုတ်တတ် ဖြုတ်တတ် လျှောက်လုပ်နေတုန်း ဆောင်း သတိပြန်ရလာသည်။

"အင်း… ဟင်… ဟင်း…"



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်း သတိရပြီနော်"

"ဦးစောမည"

"ဆောင်း ဘယ်ရောက်နေတာလဲ"

"ကိုယ်တို့အိမ်ကိုလေ၊ ဆောင်းမူးလဲသွားလို့ ဆောင်းကိုကိုယ်ခေါ်လာတာ"

"မေမေတို့ရော"

"သူတို့အိမ်သူတို့ ပြန်သွားကြပြီ"

အခုမှ ဆောင်းက သူမရောက်နေသည့် မင်္ဂလာဦးအပြင်အဆင်တွေနှင့် အိပ်ခန်းတစ်ခုလုံး မျက်လုံးဝေ့ကြည့်ပြီး သူမနားက စောမညကို ပြန်ကြည့်သည်။ စောမညက ဆောင်းမျက်နှာလှလှကို ရွှန်းလဲ့လဲ့ ရူးစိုက်ကြည့်နေတာနှင့် အကြည့်ခြင်းဆုံတော့ ဆောင်းမျက်နှာလေး ပန်းရင့်ရောင် ဖြစ်သွားသည်။

"ဒါတွေကလည်း ရှုပ်လိုက်တာ"

"ကိုယ်ဖြုတ်ပေးမယ်"

"ရတယ်၊ ဆောင်းဘာသာ ဖြုတ်မယ်"

စောမညလက်ကို ပုတ်ထုတ်ပြီး လည်ပင်းက ဆွဲကြိုးတွေကို ဖြုတ်ကြည့်တော့မရ။ စောမညက ဆောင်းလုပ်ပုံကို လက်ပိုက်ပြီး မရယ်မပြုံး ခပ်တည်တည် ကြည့်နေသည်။

"ဖြုတ်လို့ရလား"

"မရဘူး"

"ကိုယ်ဖြုတ်ပေးမယ်"

ဒီတစ်ခါတော့ ဆောင်းမငြင်းနိုင်ခဲ့တော့။ ဒီလိုဆွဲကြိုးတွေ ဆောင်း





မဝတ်ဘူး၍ မဖြုတ်တတ်။ စောမညက ဆောင်းလည်တိုင်ဖွေးဖွေး အိအိပေါ်က စိန်ကြိုးတွေကို တစ်ကုံးပြီးတစ်ကုံး ဖြုတ်ပေးရင်း နောက်ဆုံးကြိုးအဖြုတ်မှာ ဆောင်းလည်တိုင်နုကို စိတ်မထိန်းနိုင်ဘဲ အသာငုံ့နမ်းလိုက်သည်။

"ဘာလုပ်တာလဲဗျာ"

"ကိုယ်ဘာလုပ်လို့လဲ"

"တော်ပြီဗျာ... ဆောင်းနားက ခင်ဗျားသွားတော့"

"တကယ်သွားရမှာလား"

"သွားဗျာ၊ ဘယ်တော့မှ ဆောင်းနား ပြန်မလာနဲ့"

"ဒါတော့မဖြစ်ဘူး၊ ဆောင်းနားမှာ နေရမှဖြစ်မှာ"

"ခင်ဗျားမသွားရင် ဆောင်းသွားမယ်"

"မရတော့ဘူး၊ ကိုယ့်ရင်ခွင်ထဲမှာပဲ ဆောင်းနေ"

"ဆောင်းကိုလွှတ်ဆို.."

"အို"

တွန်းထုတ်ရုန်းကန်ရင်း စောမညရင်ခွင်ထဲ ဆောင်းကိုယ်လေး လဲပြိုသွားတာကို အခွင့်ကောင်းယူပြီး စောမညက ဆောင်းခါးလေးမှ သိမ်ပွေ့ကာ အိပ်ရာပေါ် လှဲချဖစ်လိုက်သည်။ ဆောင်းက စောမညကိုယ်ကြီးကို ထုရိုက်တော့ သူက ဆောင်းကိုချစ်မြတ်နိုးစွာ ဆောင်းမျက်နှာလှလှလေးကို အပေါ်က ငုံ့မိုးရူးစိုက်ကြည့်သည်။

"ကိုယ့်ကို ဘယ်အချိန်မှ ကြည်ဖြူမှာလဲ ဆောင်း"

"ဘယ်တော့မှ မကြည်ဖြူဘူး"

"ဒါဆို ဇွတ်အတင်း ဓားပြတိုက်ရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သေလိုက်"

"အင်း... သေမယ်၊ အခုတော့ မဟုတ်သေးဘူး"

"ဆောင်းကို ချစ်တယ်"

"ဟာဗျာ... ဆောင်းကိုလွှတ်"

"မလွှတ်ဘူး"

"ခင်ဗျားကြီးနော်... ဟာ"

ဆောင်းကိုယ်လေးပေါ်ပြိုဆင်းလာသည့် ချစ်အနမ်းတွေက လှိုင်းထန်နေသော ရင်အစုံကို အပြင်းအထန်နှင့် လျှင်မြန်စွာ သိမ်းပိုက်လိုက်သည်အတွက် ဆောင်းမျက်လုံးထဲ အမှောင်ထုသာ ဖုံးလွှမ်းသွားသည်။ ဆောင်း ဘယ်လိုထုထု၊ ရိုက်ရိုက်။ ဆောင်းဘဝကို ပိုင်ဆိုင်သူ၏ ရင်ခွင်ထဲမှာ ဆောင်းဆိုတာ ချစ်စရာအကောင်းဆုံး ပန်းလေးတစ်ပွင့် ဖြစ်သွားသည်။

"ဆောင်း"

စောမညက ဆောင်းနှုတ်ခမ်းလေးကို ဖွဖွရှိုက်နမ်းပြီး ခေါ်လိုက်ပေမယ့် ဆောင်းက မထူး။

"ကိုယ့်ကို စိတ်ဆိုးနေလားဟင်"

"ဖယ်ပါ၊ ဆောင်းအသားကို မထိနဲ့"

"ခက်ပါလား"

"ကဲ... ပြော၊ ဆောင်းနဲ့ကိုယ်က ဘာလဲ"

"မသိဘူး"

"ညာနေတဲ့ ကောင်မလေးကို ဒဏ်ခတ်မှထင်တယ်"

"တီ... တီ"





"မေမေတို့ လိုက်လာပြီထင်တယ်"

ပြတင်းပေါက်လိုက်ကာတွေကို ဖယ်ကြည့်လိုက်တော့ ဆောင်းမေမေကားနှင့် တခြားကားနှစ်စီးကိုတွေ့လိုက်ရ၍ စောမည အောက်ထပ်ကို ဆင်းခဲ့သည်။

"ကိုယ်သွားဧည့်ခံထားလိုက်မယ်၊ ဆောင်းအဝတ်လဲပြီးရင် ဆင်းလာခဲ့"

သတို့သားဝတ်စုံနှင့် စောမည အောက်ထပ်ကို ဆင်းသွားသည်။ သိပ်မကြာလိုက် အောက်ထပ်ဧည့်သည်တွေဆီက စကားပြောသံ ရယ်မောသံတွေ အပေါ်ထပ်အထိလွင့်လာသည်။ စောမည ထွက်သွားကတည်းက အခန်းတံခါးပိတ်ပြီး ရေချိုး၊ အဝတ်လဲ လုပ်နေသည့် ဆောင်း အိပ်ခန်းတံခါးကို လာခေါက်သံကြားရသည်။

"ဒေါက်... ဒေါက်"

"သမီး... ဆောင်း၊ မေမေပါ"

"လာပြီ မေမေ"

မိခင်အသံကြောင့် အိပ်ခန်းတံခါးကို ဆောင်း ဖွင့်ပေးလိုက်သည်။

"ရေချိုးလိုက်တာလား သမီး"

"ဟုတ်"

"ခေါင်းကရေတွေစင်အောင်သုတ်ဦး၊ မေမေ လုပ်ပေးမယ်"

"ရတယ် မေမေ"

"လာစမ်းပါကွယ်၊ မှန်တင်ခုံမှာထိုင်"

မေမေ့အလိုကျ မှန်တင်ခုံရှေ့မှာ ဆောင်း ဝင်ထိုင်ပေးလိုက်သည်။ ဆောင်းစိတ် ဆောင်းသဘောနှင့်သာဆို အခုမင်္ဂလာဆောင် ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



စရာမရှိ။ မေမေ့ကျန်းမာရေးကို ငဲ့နေရတာနှင့် ဆောင်း မလုပ်ချင်တာတွေ စိတ်ဒုက္ခခံပြီး လုပ်ပေးဖြစ်တာ မေမေ့ကို ဆောင်းချစ်လွန်းလို့ပါ။

"မေမေ"

"ဘာလဲ သမီး"

"ဘာမှမဟုတ်ပါဘူး၊ မေမေဆိုတာကို ခေါ်ချင်လို့ခေါ်ကြည့်တာပါ"

"သမီးရယ်"

ဒေါ်ဆိုဖီစိတ်ထိခိုက်သွားပြီး ဆောင်းကိုယ်လေးကို ရင်ခွင်ထဲဆွဲသွင်းကာ တင်းကျပ်စွာ ဖက်ထားလိုက်သည်။ ဆောင်းကလည်း မိခင်ရင်ခွင်ထဲတိုးဝင်ပြီး ကလေးတစ်ယောက်လို ဒေါ်ဆိုဖီကိုယ်လေးကို ပြန်ဖက်ထားသည်။

"မေမေ့ကြောင့် မေမေ့သမီးလေး မောင်စောမည်နဲ့ အခုလို လက်ထပ်ခဲ့တာ မေမေ သိပါတယ်ကွယ်၊ သမီးမုန်းတဲ့အလုပ်ကို အမေကို ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ လုပ်ခဲ့ရပေမယ့် သမီးစိတ်ထိခိုက်ပြီး မင်္ဂလာပွဲမှာ သတိလစ်သွားတာ မြင်တော့ မေမေကိုယ် မေမေ ခွင့်မလွှတ်နိုင်အောင်ဖြစ်မိတယ်"

"ဆောင်း ဘာမှမဖြစ်ပါဘူး မေမေသာ နေကောင်းအောင်နေပါ"

"လိမ္မာလိုက်တဲ့ မေမေ့သမီးလေးရယ်၊ ဘာဖြစ်လို့များ ကံကြမ္မာက မေမေတို့သားအမိကို ဒီလောက်အကြာကြီး ခွဲထားတာလဲ မသိပါဘူးကွယ်"

"ပြီးခဲ့တာတွေ မေ့လိုက်ပါ၊ မေမေ့နားမှာ ဆောင်းရှိနေပြီပဲ၊





ဘာလို့ ဝမ်းနည်းစရာတွေ ပြန်တွေးနေမှာလဲ"

စိတ်ထိခိုက်သွားသည့် မိခင်ကို ဆောင်းပြန်နှစ်သိမ့်လိုက်တော့ မျက်ရည်တွေနှင့် ဒေါ်ဆိုဖီက သမီးမျက်နှာလှလှလေးကို ကြည့်ပြီး ဝမ်းသာဝမ်းနည်းဖြစ်နေသည့်ကြားက ပြုံးလိုက်သည်။

"မေမေသမီးပြောတာ မှန်ပါတယ်"

"အခုချိန်ကစပြီး မေမေသမီး၊ မေ့မေ့မြေးတွေနဲ့ပဲ ဘဝကိုပျော်အောင်နေတော့မယ်"

"သားအမိနှစ်ယောက် ဘာတွေပြောနေကြတာလဲ"

"ကိုသီဟ"

အခန်းဝမှာ ပေါ်လာသူက ဒေါ်ဆိုဖီခင်ပွန်း ဦးသီဟဖြစ်နေ၍ ဆောင်းစိတ်ထဲ ဖခင်ဖြစ်သူ ဦးရန်ရှင်းကို သတိရစိတ်နှင့် လှိုက်ခနဲ ဝမ်းနည်းသွားသည်။ တကယ်ဆို ဦးသီဟနေရာမှာ ဆောင်းအဖေဖြစ်နေရမှာ မဟုတ်လား။

"ပြန်ကြစို့ဆိုဖီ၊ ကလေးတွေ ပင်ပန်းနေပြီ"

"မေမေတို့ ပြန်ဦးမယ်နော် သမီး၊ နောက်မှလာမယ်"

"ဟုတ်ကဲ့"

ဦးသီဟက ဆောင်းကို ခပ်ပြုံးပြုံး လှမ်းကြည့်ရုံကလွဲပြီး ဘာမှမပြော။ ဆောင်းက မေမေ့ကို ကားနားအထိ လိုက်ပို့ပြီး ကားထွက်သွားသည်အထိ နေရာမှာငေးကြည့်ရင်း ရပ်ကျန်ခဲ့သည်။ ဆောင်းတို့မင်္ဂလာလက်ဖွဲ့ထုပ်တွေကို လာပို့သွားသည့်ကားနှစ်စီးလည်း ပြန်သွားသည်။

အခုတော့ အိမ်ကြီးတစ်အိမ်လုံးမှာ ဆောင်းနဲ့ စောမည နှစ်ယောက်။ မိုးကောင်းကင်ကြီးကို ဆောင်း မော့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လင်သော မိုးကောင်းကင်က ပြာလဲ့စွာ ဆောင်းကို ပြန်ငုံကြည့်နေ၏။ တစ်ယောက်တည်း စိတ်လွတ်ကိုယ်လွတ်နေခဲ့သည့် ဘဝက အတိတ်ခရီးလမ်းက ဆောင်းနှင့်အတူ ကျန်ခဲ့သည်။ အခုဆောင်းက တစ်ယောက်တည်း မဟုတ်တော့။

ဆောင်းနားမှာ စောမညဆိုသည့်လူက ဆောင်းချစ်ချစ်မုန်းမုန်း ဆောင်းနှင့်အမြဲရှိနေမည်သူ ဖြစ်လာသည်။ တွေးရင်းဝမ်းနည်းလာကာ ပါးပြင်ပေါ်မျက်ရည်ပေါက်ကြီးတွေ စီးကျလာသည်။

ဆောင်းဘဝမှာ ပြေးစရာ မြေမရှိ။

ရှိသည့်တိုင်အောင် အားလုံးနှင့်ဝေးရာသို့ ဆောင်း ထွက်ပြေးချင်တိုင်း ထွက်ပြေးလို့မရတော့တာ ဆောင်းသိသည်။ ဆောင်းပျောက်သွားလျှင် အားလုံးစိတ်ပူကြမည်။ စိုးရိမ်သောက ဖြစ်ကြမည်။ စိတ်ဆင်းရဲကြမည်။ မေမေ့ကျန်းမာရေး ထိခိုက်မည်။

အရင်လို ဝေလရှိရာကို ပြေးသွားလို့လည်း မဖြစ်။ ဆောင်းကို ဝေလကိုယ်တိုင် စောမညထံဖွတ်အတင်း ပြန်ပို့လိမ့်မည်။ တသွင်သွင်စီးကျလာသည့် ဆောင်းမျက်ရည်တွေက ဆောင်းပါးနှစ်ဖက်မှာ ရွှဲနစ်သွားသည်။

"ဆောင်း"

အချိန်တွေ ဘယ်လောက်ကြာသွားသည်မသိ။ သင်းပျံ့နေသော ကိုယ်ရနံ့နှင့်အတူ ရေချိုးပြီးစအသွင်နှင့် ဆောင်းနားရောက်လာသည့် စောမညကို ဆောင်းမြင်လိုက်ရသည်။

"ဆောင်းငိုနေတယ်"

"ဘာဖြစ်လို့လဲဆောင်း၊ ကိုယ့်ကို ပြောပါဦး"





ဆောင်းမျက်ရည်တွေကို တွေ့လိုက်ရ၍ အံ့ဩထိတ်လန့်သွားသည့် စောမညက ဆောင်းကိုယ်လေးကို သူ့ဘက်ဆွဲလှည့်ရင်း ဆောင်းပါးပြင်ပေါ်က မျက်ရည်တွေကို သူ့လက်နှစ်ဖက်နှင့် ညင်သာစွာသုတ်ပေးရင် ဆောင်းမျက်နှာလေးကို ချစ်မြတ်နိုးစွာငုံကြည့်လိုက်သည်။

"ဆောင်း"

ဆောင်းအမည်လေးကို သူခေါ်လိုက်မှ ဆောင်းက ကလေးပေါက်စလေးတစ်ယောက်လို အီးခနဲ ကျိတ်ငိုချလိုက်၍ ဆောင်းစိတ်ထိခိုက်ပြီး ကျိတ်ဝမ်းနည်းနေတာကို သူသဘောပေါက် နားလည်လိုက်သည်။

"ကိုယ့်ရဲ့ဆောင်းလေးရယ်..."

ဆောင်းကိုယ်လေးကို သူ့ရင်ခွင်ထဲတင်းကျပ်စွာ ဆွဲယူပွေ့ဖက်ရင်း တသိမ့်သိမ့်ရှိုက်ငိုနေသည့် ဆောင်းအတွက် သူစိတ်ဆင်းရဲသွားသည်။

"ကိုယ့်ကို ခွင့်လွှတ်ပါဆောင်းရယ်၊ တကယ်ဆို ဆောင်းကို ချစ်တဲ့စိတ်နဲ့ ကိုယ့်ဘက်က ဆောင်းအပေါ်မှာ တစ်ကိုယ်ကောင်းဆန်ခဲ့မိတာ ကိုယ်ဝန်ခံပါတယ်"

"ကိုယ်ကြောင့် ဆောင်း သိပ်စိတ်ထိခိုက်နေလားဟင်"

စောမည အမေးကို ဆောင်းမဖြေပါ။ သူ့ရင်ခွင်ထဲက ရုန်းထွက်ပြီး တခြားဘက်ကိုလှည့်ကာ ကျောခိုင်းထိုင်နေ၍ စောမညကိုယ်တိုင်လည်း ဆောင်း စိတ်ဆင်းရဲနေတာကြည့်ပြီး နှလုံးသားတွေ နာကျင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း သူ့ကိုထုရိုက်ရန်တွေ့တာကို ခံနိုင်ပေမယ့် အခုလို သူ့ကို ဘာမှမပြောပဲ တစ်ယောက်တည်း ကျိတ်ငိုနေသည့်အပေါ်မှာတော့ စောမညနှလုံးသားက ခံနိုင်ရည်မရှိပါ။ သူ့မှာ အပြစ်ရှိတာကိုလည်း ဝန်ခံသည်။ သူ့ကြောင့် ရိုးသားသန့်စင်သည့် ဆောင်းဘဝမှာ အပြောင်းလွဲတွေ တစ်ခုပြီးတစ်ခုဖြစ်ခဲ့သည်။

"ကိုယ့်ကို စကားမပြောတော့ဘူးလား ဆောင်း"

"ဆောင်းတစ်ယောက်တည်း နေချင်တယ်"

"ဆောင်းရယ်"

သူ ဆောင်းကိုဆက်ပြီး မနှောင့်ယှက်ချင်တော့၍ ဆောင်းနားက အလိုက်တသိ ထွက်လာခဲ့ရပေမယ့် သူ့စိတ်ထဲမှာတော့ ဆောင်းထံမှာ ကျန်ရစ်ခဲ့သည်။ အချိန်တွေ တရွေ့ရွေ့ကုန်သွားသည်။ ဆောင်းထံမှ ဘာသံမှ မကြားရသလို စောမညရှိသည့် အိမ်ထဲကိုလည်း ဆောင်း ရောက်မလာပါ။ အမှောင်ထုကြီးစိုးလာသည့် ပတ်ဝန်းကျင်ကိုကြည့်ပြီး စောမညဘယ်လိုမှ ဆက်ငြိမ်မထားနိုင်သည့်အဆုံး ဆောင်းရှိရာ သူ ရောက်သွားသည်။

"ဆောင်းရယ်"

ဆောင်းက ခြံထဲရှိ နှစ်ယောက်ထိုင်သစ်သားခုံလေးမှာ လက်နှစ်ဖက်ကို ဦးခေါင်းအောက်ထားလျက် ကွေးကွေးလေးနှစ်မြိုက်စွာ အိပ်ပျော်နေတာ တွေ့လိုက်ရသည်။ မျက်ရည်စတို့ မပြယ်တပြယ် ဆောင်းမျက်နှာလေးကို စူးစိုက်ကြည့်ရင်း ဆောင်းကိုချစ်သည့်စိတ်က စောမညရင်ထဲမှာ ပြည့်သိပ်ဖြစ်ထွန်းလာသည်။

သိပ်ချစ်တယ်ဆောင်းရယ်။ ကိုယ့်ဘဝမှာ ဆောင်းမရှိလို့မဖြစ်





ဘူးဆိုတာ ဆောင်းသိရင် ကိုယ့်အမှားတွေကို ဆောင်း နားလည်ခွင့်လွှတ်လာနိုင်မယ်လို့ ကိုယ်ယုံကြည်စိတ်နဲ့ မျှော်လင့်နေပါရစေ။

ဆောင်းကိုယ်လေးကို သူညင်သာစွာ ပွေ့ယူချီမလိုက်သည်နှင့် ဆောင်းမျက်ဝန်းအစုံက ဖျတ်ခနဲပွင့်လာကာ စောမညရင်ခွင်ထဲ ပွေ့လျက်ရောက်ရှိနေသော သူမအဖြစ်ကို ချက်ချင်းရိပ်မိသွားကာ ပါးလေးတွေ နီခနဲဖြစ်သွားသည်။

"ခင်ဗျား ဘာလုပ်တာလဲ ဆောင်းကို အခုအောက်ချပေး"

"အိမ်ထဲရောက်တော့ ချပေးမယ်"

"မလိုပါဘူး၊ ဆောင်းဘာသာ လမ်းလျှောက်သွားမယ်"

"ကိုယ့်အတွက်တော့လိုတယ် ဒီအတိုင်းပဲ ဆောင်းကို ခေါ်သွားမယ်"

"ခင်ဗျား ဆောင်းပြောတာ မရဘူးလား"

စောမညက ဆောင်းပြောတာကို ဂရုမစိုက်။ သူ့သဘောနှင့် သူဆောင်းကိုယ်လေးကို ကလေးတစ်ယောက်လို ပွေ့ချီ၍ဆက်လျှောက် မြဲလျှောက်နေ၍ စောမညရင်ခွင်ထဲက ဆောင်းက သူ့မကိုယ်လေးကို တအား ဆောင့်ရုန်းပစ်လိုက်သည်။

"ဟိတ်... မလုပ်နဲ့"

"လုပ်မယ်... ကဲ"

"ဟာ..."

"အမယ်လေးဗျာ"

ဆောင်းက စောမညလက်က လွတ်သည်နှင့်တစ်ပြိုင်နက် သူမ ရှိသမျှအားနှင့် စောမညရင်ဘတ်ကြီးကို တအားဆောင့်အငွင်း အ[illegible]



www.burmeseclassic.com

မထိန်းနိုင်ဘဲ စောမည မြက်ခင်းပေါ်သို့ ပစ်အလဲမှာ ဆောင်းကိုယ်လေးကို သူ့အားကြီးနှင့် လှမ်းဆွဲလိုက်၍ နှစ်ယောက်အတူ မြက်ခင်းပေါ် လုံးထွေးပစ်ကြသွားသည်။

"ဆောင်းကိုလွှတ်"

"အခုမှ မရတော့ဘူး"

"ကြည့်စမ်း... ဒီလူ"

"ဒီလူမဟုတ်ဘူး... ဆောင်းယောကျ်ား"

"ဟိတ်လူ... ခင်ဗျားနော်"

"အို"

ဝင်းလက်စွာ တောက်ပနေသည့် ကြယ်စင်အလင်းတန်းထဲမှာ စောမည မျက်နှာတွေချည်း ဖြစ်သွားသည်။ ရှန်းဖယ်ကြည့်ပေမယ့် မရ။ ညရင်ခွင်ထဲမှာ ဆောင်း နစ်မြုပ်သွားသလို ရှေ့ဆက်ရမည့် အနာဂတ်ခရီးမှာ အချစ်များစွာဖြင့် နွေးထွေးနေမည့် ညများစွာက ဆောင်းတို့ချစ်သူနှစ်ဦးကို ရင်ခုန်ကြည်နူးစွာ ကြိုဆိုလိုက်ကြသည်။

**ချစ်သူတိုင်းပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။**

**ချစ်မေတ္တာဖြင့်**

မြပုလဲသွယ်